www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၇၀၂၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၇၂၉၀၇၀၇

◆

ပုံနှိပ်ခြင်း

ထုတ်ဝေခြင်း ။ (၂၀၀၇၊ စက်တင်ဘာလ)
အုပ်ရေ ။ (၅၀၀)

◆

မျက်နှာဖုံး ။ နီပိုဦး
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

◆

နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

◆

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

တန်ဖိုး ။ ၁၅၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမိုးထိုက်၏ မိတ်ဆက်အမှာစာ

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် ဆရာဝန်တစ်ဦးပင် ဖြစ်လင့်ကစား အသက် ၄၀ အရွယ်မှစ၍ ဆေးကုသခြင်းအလုပ်ကို စွန့်လွှတ်၍ ကျွန်ုပ် ဝါသနာ ပြင်းပြသောလုပ်ငန်းတွင်သာ အာရုံနှစ်၍ လုပ်ကိုင်ခဲ့လေသည်။

ကျွန်ုပ်သည် အသက် ၄၀ အထိသာ အစိုးရဆေးရုံများတွင် ဝန်ထမ်း ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ကာ ကျွန်ုပ်စိတ်ဝင်စားသော ဝိညာဉ်လောက၊ နာမ်လောကဆိုင်ရာ လေ့လာမှုသုတေသန လုပ်ငန်းများတွင် အာရုံနှစ်၍လှုပ်ရှားခဲ့လေသည်။

ကျွန်ုပ်သည်ဝန်ထမ်းဘဝတွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင် ခရီး သွားရောက်ခဲ့ရသေးရာ အင်္ဂလန်နိုင်ငံရှိ 'ဗြိတိသျှ မနောသုတေသန' အသင်း ကြီးသို့ ဝင်ထွက်သွားလာခဲ့ပြီး ထိုအသင်းကြီးတွင် တစ်ဦးတည်းသော မြန်မာနိုင်ငံ သား အသင်းဝင်တစ်ဦးအဖြစ် အသင်းဝင်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဝန်ထမ်းအဖြစ်မှ နုတ် ထွက်ပြီးချိန်တွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျွန်ုပ် လေ့လာတွေ့ရှိသမျှသော ဝိညာဉ် နာနာဘာဝ၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ ဥစ္စာစောင့်၊ လူဝင်စား၊ စသောအစရှိသည့် နာမ်လောကဆိုင်ရာ ကိစ္စရပ်များကို လေ့လာသုတေသနပြုခဲ့ပေသည်။ ကျွန်ုပ် လေ့လာတွေ့ရှိခဲ့သော အမှုတွဲများအနက် သက်သေသက္ကာယခိုင်လုံသော

www.burmeseclassic.com

ဖြစ်ရပ်များကို လန်ဒန်ရှိ မနော်သုတေသနအသင်းကြီးသို့ အထောက်အထား အချက်အလက်များနှင့်အတူ ရေးသားပေးပို့ခဲ့လေသည်။

ကျွန်ုပ်တွေ့ရှိချက်များအား အသင်းကြီးမှ အခါအားလျော်စွာ ထုတ်ဝေသော စာစောင်၊ စာအုပ်များတွင် ဖော်ပြခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိ ဝိညာဉ်သုတေသနပညာရှင်များကြားတွင် ကျွန်ုပ် အမည်မှာ အတန်အသင့် ထင်ရှားလျက်ရှိပေပြီ။

BURMESE CLASSIC

၁၉၉၈ ခုနှစ်တွင် ကျွန်ုပ်သည် အမှုတွဲတစ်ခုအတွက် မန္တလေးမြို့သို့ သွားရောက်ခဲ့ရာ ကျွန်ုပ်၏လုပ်ငန်းများကို စိတ်ပါဝင်စားစွာ ကူညီလုပ်ကိုင်ပေးခဲ့သည့် လူငယ်လေးတစ်ဦးနှင့် ရင်းနှီးသိကျွမ်းခဲ့ရလေသည်။ ထိုလူငယ်သည် စာပေရေးသားရန် ကြိုးစားလေ့လာနေသော စာပေဝါသနာရှင်တစ်ဦးဖြစ်ရုံမက မနောသုတေသနလုပ်ငန်းများကိုလည်း စိတ်ဝင်စားလှပေသည်။ လူငယ်က ကျွန်ုပ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဆောင်းပါးအချို့ကို ဖတ်ရှုခဲ့ဖူးပြီးဖြစ်သဖြင့် ကျွန်ုပ်မှာ အံ့သြရသေးသည်။

လူငယ်သည် ကျွန်ုပ် သွားရောက်လိုသည့်နေရာများကို သူ၏မော်တော်ဆိုင်ကယ်လေးဖြင့် လိုက်လံပို့ဆောင်ပေးရုံမက၊ ကျွန်ုပ် တွေ့ဆုံလိုသောလူများကို ဆက်သွယ်ပေးခြင်း၊ စုံစမ်းပေးခြင်းများပြုလုပ်ခဲ့ရာ ကျွန်ုပ်မှာ များစွာကျေးဇူးတင်မိပေ၏။

နောက်ပိုင်းတွင်လည်း လူငယ်နှင့် ကျွန်ုပ်သည် အဆက်အသွယ် မပြတ်ခဲ့ပေ။ သူရန်ကုန်မြို့သို့ ရောက်လာသည့်အခါတိုင်းလည်း ကျွန်ုပ်ထံ ဝင်ရောက်လည်ပတ်လေ့ရှိ၏။ ကျွန်ုပ် သုတေသနပြုခဲ့သောအမှုတွဲများကို လေ့လာဖတ်ရှု၏။ ဖြစ်ရပ်များကိုလည်း သေချာမေးမြန်း၍ မှတ်စုတွင် မှတ်သားထားပေ၏။

၂၀၀၃ ခုနှစ်၏ မိုးရာသီနေ့တစ်နေ့တွင် ထိုသူငယ် ကျွန်ုပ်ထံသို့ ရောက်လာပြန်ရာ ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်အတွက် အံ့သြစရာ၊ အားရစရာ လုပ်ရပ်များကို ထိုသူငယ်က ယူဆောင်လာခဲ့ပေသည်။

"ကျွန်တော် စာရေးဝါသနာပါတာကို ဆရာကြီးလည်း အသိပဲ။ အခု ကျွန်တော် ဝတ္ထုတချို့ရေးထားပါတယ် ဆရာကြီး။ ကျွန်တော်ရေးတဲ့ ဝတ္ထုတွေက တော့ တခြားမဟုတ်ပါဘူး။ ဆရာကြီးကိုယ်တိုင် လေ့လာသုတေသန ပြုလာခဲ့တဲ့ ဖြစ်ရပ်တွေကို ဝတ္ထုပုံစံနဲ့ရသပါအောင် ပြန်ရေးထားတာပါ။ ဆရာကြီး ဖတ်ကြည့်ပြီး ထေဝန်ချက်ပေးပါဦး။ ဆရာကြီး ကျေနပ်တယ်ဆိုရင် လူအများ ဖတ်ရှုနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အဖြစ် ထုတ်ဝေချင်ပါတယ်။ စာအုပ်ထုတ်ဖို့လည်း ဆရာကြီးဆီက ခွင့်ပြုချက်ရလိုပါတယ်''

လူငယ်က သူရေးသားပြီးစီးထားသည့် စာမူများကို ကျွန်ုပ်အား ပေးအပ်ခဲ့ပေ၏။

ကျွန်ုပ်သည် ဝတ္ထုအဖြစ် ရေးသားထားသော ၎င်းစာမူများအား ဖတ်ရှုကြည့်ရာ ဖြစ်ရပ်များကို ကိုယ်တိုင်သုတေသန ပြုခဲ့သော ကျွန်ုပ်ကိုယ်တိုင်ပင် ဇာတ်ကြောင်းကို သိပြီးဖြစ်ပါလျက် ရင်ခုန်ထိတ်လန့်ခြင်း၊ အံ့ဩစေ့နှလုံးခြင်းများကို ခံစားရပေ၏။ ယင်းသို့ခံစားရသည်မှာ အခြားကြောင့်မဟုတ်။ ၎င်း၏ ဇာတ်လမ်းဖွဲ့စည်းပုံ၊ ရေးသားမှုကျွမ်းကျင်ပုံများကြောင့်ပင် ဖြစ်ပေတော့သည်။

ဆောင်းလုလင်က အချို့ဝတ္ထုများတွင် ကျွန်ုပ်အား ဇာတ်ကောင်အဖြစ် ထည့်သွင်းထားပြီး အချို့ဝတ္ထုများ၌ ကျွန်ုပ်ကိုယ်တိုင် လေ့လာသုတေသန ပြုခဲ့သည့်အတိုင်း ရေးသားထားသည်။ အချို့ဝတ္ထုများတွင်ကား ဖြစ်ရပ်ကို ဝတ္ထုသဖွယ် သရုပ်ဖော်ရေးသားထားပေ၏။ မည်သို့ဆိုစေ ကျွန်ုပ်၏ အတွေ့အကြုံများကို ရသပါသောဝတ္ထုသဖွယ် တန်ဆာဆင်ရေးသားထားသည့်အတွက် ကျွန်ုပ်မှာကျေနပ်ဝမ်းမြောက်မိပေသည်။

ကျွန်ုပ်သည် မြန်မာစာဖတ်ပရိသတ်များ သိရှိရန်အလို့ငှာ ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များကို စာပေဖြင့် ရေးသားတင်ပြရန် စိတ်ကူးမှာ မဆွဲကတည်းကပင် ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်မှာ မအားလပ်ခြင်း၊ မြန်မာစာရေးသားရာတွင် ကျွမ်းကျင်မှုမရှိခြင်း (ကြွားဝါခြင်းမဟုတ်၊ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခြင်းကိုသာ ကျွမ်းကျင်ပါသည်။) တို့ကြောင့် ကျွန်ုပ်၏ ဆန္ဒများ နှောင့်နှေးခဲ့ရပေ၏။

ယခု ကျွန်ုပ် ခင်မင်သောလူငယ်က **'ဆောင်းလုလင်'**ဆိုသော ထလောင်အမည်ဖြင့် ကျွန်ုပ်၏အတွေ့အကြုံများကို ရသပါသော ဝတ္ထုသဖွယ် စီကုံးရေးသားပေးသည့်အခါ ကျွန်ုပ်၏အာသာဆန္ဒကို ဖြည့်စွမ်းပေးရာရောက်သဖြင့် ကျွန်ုပ်မှာ များစွာကျေးဇူးတင်ရပေ၏။

**ဆောင်းလုလင်** က အချို့ ဖြစ်ရပ်များကို နေရာဒေသ၊ ကာယကံရှင်တို့၏အမည်နာမများ ပြောင်းလဲရေးသားထားပေရာ ဤသည်မှာလည်း ဖြစ်သင့်သောအချက်တစ်ရပ်ပင် ဖြစ်ပေ၏။ အချို့ဝတ္ထု၌ကား ဖတ်ရှု၍ ပိုအဆင်ပြေစေရန် စိတ်ကူးယဉ်ဇာတ်ကောင်များ ဖြည့်စွက်ထားသည်ကို တွေ့ရသည်။ ဤသည်မှာလည်း ရသဝတ္ထုအဖြစ် တင်ပြသည်မို့ ဖတ်ရှုသူများအဖို့ အရသာပို၍ ပြည့်ဝစေမည်ဟု ယူဆပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုယ်တိုင်သာ ဤဖြစ်ရပ်များကို စာဖြင့် ရေးသားတင်ပြရလျှင် အချက်အလက်များပါသော ဆောင်းပါးရှည်ကြီးသဖွယ်သာ ဖြစ်နေမည်ဖြစ်ပြီး၊ ငြီးငွေ့ဖွယ်ကောင်းမည်အမှန်ဖြစ်ကြောင်း ဝန်ခံရပေသည်။ ဆောင်းလုလင်က စာဖတ်ပရိသတ်များကို ကျွန်ုပ်တင်ပြလိုသော အကြောင်းအရာများအား ကျွန်ုပ်ကိုယ်စား ရသဝတ္ထုအနေနှင့် တင်ပြပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။ သို့ပါ၍ ဆောင်းလုလင်ဆိုသောသူငယ် နောက်တစ်ခေါက် ရောက်လာ၍ ကျွန်ုပ်၏ သဘောထားကိုမေးမြန်းသည့်အခါ ကျွန်ုပ်က ၎င်း၏ စာပေရေးသားခြင်း အတတ်ပညာကို ဒီတက်တစ်ကား ဝတ္ထုများအဖြစ် ပုံနှိပ်ထုတ်ဝေလိုပါက ထုတ်ဝေနိုင်ပါကြောင်း ကျေနပ်စွာဖြင့် ခွင့်ပြုချက်ပေးလိုက်ရပါသတည်း။

ဒေါက်တာစိုးထိုက်
မနောဝိညာဉ်သုတေသီ
M.B., B.S.
M. Med. Sc
M.P.H (London)

www.burmeseclassic.com

www.burmeseclassic.com

# ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၂ခုနှစ်၊ စက်တင်ဘာလ၏ နေ့တစ်နေ့ဖြစ်သည်။

အပြာရောင်ဗီမ်ခံကားလေးတစ်စီးသည် အမေရိကန်ပြည်နယ်၊ အမှတ် ၃ အဝေးပြေးလမ်းမကြီးပေါ်တွင် လျင်မြန်စွာ ပြေးလွှားလျက်ရှိလေသည်။

အအေးလွန်ကဲသော ဆောင်းရာသီကာလဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး ဆီးနှင်းခဲများဖုံးလွှမ်းကာ ကြည့်လေရာရာတွင် နှင်းဆိုင်နှင်းခဲဖြူဖြူဖွေးဖွေးများသာ မြင်နေရသည်။

လမ်းဘေးဝဲယာမှ တောင်ကြောအားလုံးမှာ ဆီးနှင်းများ ဖုံးလွှမ်းထား၍ မြေသားထုတောင်များအသွင် မမြင်ရဘဲ နှင်းတောင်တန်းကြီးအသွင် ဖွေးဖွေးလှုပ်မျှ မြင်တွေ့နေရလေသည်။

ဤနေရာဒေသသည် အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း နယူးဟမ်းရှိုင်းယားပြည်နယ်တွင်ရှိ၍ တောင်စွယ် တောင်တန်းများဝိုင်းရံနေသော ဒေသတစ်ခု ဖြစ်ပေသည်။

တောင်တန်းများကို White Mountains တောင်တန်းဖြူကြီးများဟု မှည့်ခေါ်ထားသည်မှာလည်း ယခုလိုဆောင်းသမယရှုခင်းနှင့် အံဝင်လှပေသည်။

ကားပြာလေးသည် အမှတ် ၃ အဝေးပြေးလမ်းမကြီးပေါ်၌ တစ်စီးတည်း အထီးကျန်စွာ ပြေးလွှားနေပေ၏။

ဆောင်းကာလမို့ နေဝင်ချိန်စောသည့်အားလျော်စွာ အမှောင်ထုသည် လျင်မြန်စွာ ဖုံးလွှမ်းလျက်ရှိလေသည်။

ကားပြာလေးအတွင်း၌ပါလာသော ဇနီးမောင်နှံမှာ မြန်မာလူမျိုးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလေသည်။ ယောကျ်ားဖြစ်သူသည် အသက် ၃၈ နှစ်အရွယ်ရှိ **ဒေါက်တာ မျိုးနောင်** ဆိုသူဖြစ်၏။ ဒေါက်တာ မျိုးနောင်သည် နယူးဟမ်ရှိုင်းယားပြည်နယ် ပို့စ်မောက်မြို့ကလေးရှိ ပုဂ္ဂလိကဆေးရုံတစ်ခုတွင် လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဇနီးဖြစ်သူ **မိမိရီ** မှာ အသက်၂၂ နှစ်အရွယ်သာရှိသေးပြီး ခင်ပွန်း ဖြစ်သူ၏အလုပ်ရှိရာ အမေရိကန်နိုင်ငံသို့ လိုက်ပါလာသည်မှာ မကြာသေးချေ။ တစ်နှစ်ခန့်မျှသာရှိသေး၏။

ယခုအပတ် စနေ၊ တနင်္ဂနွေနားရက်တွင် ဒေါက်တာမျိုးနောင်က သူ၏ဇနီးချောလေးအား ကမ္ဘာကျော် **နိုက်ရာဂရာ** ရေတံခွန်ကြီးဆီသို့ လိုက်ပို့ ရင်း အပျော်ခရီးထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

ယခုခရီးစဉ်မှာ နိုင်ရာဂရာရေတံခွန်မှအပြန် ပို့စ်မော(က်)မြို့ဆီသို့ ဦးတည် သွားရောက်နေသောခရီးစဉ် ဖြစ်လေသည်။

"ဆရာ ... ဖြည်းဖြည်းမောင်းပါ ဆရာ၊ လမ်းမှာ နှင်းတွေနဲ့ ပိတ် နေတာ။ မတော်တဆ အန္တရာယ်နဲ့ တွေ့နေပါ့မယ်"

မိမိရီက ကားကိုအမြန်မောင်းနှင်နေသည့် ခင်ပွန်းသည် ဒေါက်တာ မျိုးနောင်အား သတိပေးလိုက်လေသည်။

ဒေါက်တာမျိုးနောင်က မိမိရီကို လှည့်ကြည့်ရင်း –

"ဆောရီး ... ရီလေး၊ ကိုကြီး လောကြီးသွားတယ်။ ဒါပေမဲ့ မစိုး ရိမ်ပါနဲ့။ လမ်းက ယာဉ်တွေရှင်းနေတာပဲ။ ဒီမှာက အသွားလမ်းနဲ့ အပြန်လမ်း အပြိုင်ဖောက်ထားတာဆိုတော့ ရှေ့က လာမယ့်ကားကို စိုးရိမ်စရာ မလိုပါဘူး"

"ဒါတော့ ဒါပေါ့ ဆရာရယ်၊ ရီလေး ရင်တုန်လို့ပါ"

မိမိရီက ကားအပြင်ဘက်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ မိမိရီ သည် တစ်ဖက်မှ ယှဉ်လျက်ရှိသော လမ်းမကြီးကို လှမ်းကြည့်လိုက်ရာ ဆီးနှင်း များဖြူဖွေးနေသော လမ်းမရှည်ကြီးကို မြွေဖြူကြီးတစ်ကောင်သဖွယ် လှမ်းမြင် လိုက်ရလေသည်။

"ဟုတ်သားပဲ၊ ရီလေးမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ လန့်မှာပေါ့"

"အို ... ဆရာကလည်း... "

ဒေါက်တာမျိုးနောင်က မိမိရီ၏ဝမ်းဗိုက်ဆီ ငဲ့စောင်းကြည့်လိုက်ရင်း အားအရွှန်းကို သိသိသာသာ လျှော့ချလိုက်လေသည်။

မိမိရီသည် ရှက်သွားကာ ဝတ်ထားသော အနွေးထည်ကို ဆွဲစေ့လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမျိုးနောင်က မိမိရီ အမူအရာကိုကြည့်၍ ရယ်မောလိုက်၏။ အင်မတန်မှ မြန်မာအမျိုးသမီးပီသသော မိန်းကလေးပေပဲ။ တကယ်တော့ မိမိရီ ကိုယ်ဝန်မှာ သုံးလသာရှိသေး၍ ပေါ်ပေါ်ထင်ထင် မရှိသေးချေ။ ကိုယ်ဝန် အကြောင်းပြောလိုက်၍ ကိုယ်ခ်င်ပွန်းဆရာဝန်ကိုပင် ရှက်နေပေသေးသည်။

ဒေါက်တာမျိုးနောင်နှင့် မိမိရီတို့ လက်ထပ်ခဲ့သည်မှာ တစ်နှစ်ကျော် ကျော်မျှပင် ရှိပေသေး၏။ လင်မယားနှစ်ယောက်မှာ အသက်အရွယ်ချင်းလည်း ကွာခြားလှပေသည်။ ဒေါက်တာမျိုးနောင်က အသက် ၁၆ နှစ်တိတိ ပို၍ကြီး ပေသည်။

ဒေါက်တာမျိုးနောင်သည် မြန်မာနိုင်ငံဆေးကျောင်းမှ ဆရာဝန်ဘွဲ့ရပြီး သည်နှင့် အမေရိကန်နိုင်ငံတွင် ဘွဲ့လွန်ဆေးပညာရပ်တစ်ခုကို ကိုယ့်စရိတ်ဖြင့် ကိုယ်တက်ရောက်ခဲ့လေသည်။

အမေရိကန်တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် အမိနိုင်ငံသို့ မပြန်ဖြစ်သေး ဘဲ ပို့စ်မောက်မြို့ကလေးရှိ ပုဂ္ဂလိကဆေးရုံတစ်ခုတွင် အလုပ်ဝင်နေခဲ့ခြင်း ဖြစ် သည်။

ငယ်စဉ်ကတည်းက စာကြိုးစားဖို့တစ်ခုသာ အာရုံရှိခဲ့သော ဒေါက်တာ မျိုးနောင်သည် မြန်မာနိုင်ငံတွင် ဆေးကျောင်းတက်စဉ်ကရော၊ အမေရိကန် ဆေးတက္ကသိုလ်ကြီးတွင် ဘွဲ့လွန်တက်စဉ်မှာရော ရည်းစားသနာမရှိခဲ့ချေ။

မိဘများက အသက် ၃၇ နှစ်ရှိနေပြီဖြစ်သည့် သားလိမ္မာကို သူတစ်ပါး နိုင်ငံမှာ စိတ်မချဖြစ်ကာ မြန်မာနိုင်ငံသို့ ခေတ္တပြန်ခေါ်၍ သူတို့သဘောတူသော မိန်းကလေးနှင့် ပေးစားခဲ့ခြင်း ဖြစ်ပါသည်။

မိမိရီသည် ရန်ကုန်မှ ဒေါက်တာမျိုးနောင်တို့အိမ်နှင့် အိမ်နီးချင်း မိသားစု မှ ဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ဒေါက်တာမျိုးနောင် မြန်မာပြည်မှ ထွက်လာစဉ်က မိမိရီသည် ဂါဝန်ဝတ်ကလေးမလေးတစ်ဦးမျှသာ ရှိသေးသည်။ မိဘများက ခေတ္တပြန်လာခိုင်းကာ မိမိရီနှင့် ပေးစားမည်ဆိုမှ သူထွက်သွားစဉ်က ကလေးမလေးကို လှပချောမောသော မိန်းမပျိုတစ်ဦးအဖြစ် ပြန်လည်ဆုံဆည်းခဲ့ရ ခြင်း ဖြစ်လေသည်။

ဒေါက်တာမျိုးနောင်သည် မိဘများစကားကို မပယ်ရှားဘဲ မိမိရီကို လက်ထပ်ယူခဲ့ပါသည်။ သူနေထိုင်ရာ အမေရိကန်နိုင်ငံသို့ ခေါ်လာခဲ့သည်။

မိမိရီအနေနှင့်လည်း မိဘစကားနားထောင်သည့် မြန်မာမိန်းကလေး တစ်ယောက်ပီပီ ဒေါက်တာမျိုးနောင် နောက်သို့ သျှောင်နောက်ဆံထုံးပါလာ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်းကွာလှ၍ ဦးလေးအရွယ်ရှိသော ခင်ပွန်းသည်ကို မိမိရီက ဆရာ' ဟုပင် ခေါ်လေသည်။ ဒေါက်တာမျိုးနောင်က 'ကိုကြီး' ဟု ခေါ်ပါဆိုသော် ငြား ပြောလို့မရခဲ့ပေ။

"ဆရာက ရီလေးထက် အသက်လည်း ကြီးတယ်၊ ဂုဏ်လည်း ကြီးပါတယ်၊ ပညာဉာဏ်ရည်လည်း မြင့်ပါတယ်ဆရာ။ ဆရာ့ကို ကိုကြီးလို့ ရီလေး ပါးစပ်ကခေါ်လို့ မထွက်ပါဘူး။ ဆရာလို့ပဲ ခေါ်ပါရစေ။ ဆရာဆိုတဲ့ အခေါ်အဝေါ်က လေးစားမှုလည်း ပါပါတယ် ဆရာ"

ရိုးသားစွာ ပြောခဲ့ရှာလေသည်။

မိမိရီအဖို့ မြန်မာနိုင်ငံလူမှုရေးနှင့် လုံးလုံးခြားနားလှသော အမေရိကန် ဟီ အနောက်တိုင်းနိုင်ငံတစ်ခုတွင် နေထိုင်ရသည်မှာ အံဝင်ခွင်ကျမရှိလှပေ။ အမေရိကန်သို့ရောက်သည်မှာ တစ်နှစ်ကျော်ရှိနေသော်လည်း အသားတကျ မရှိသေးချေ။

မိမိရီ၏ အားနည်းချက်မှာ အင်္ဂလိပ်စကားကို ရေလည်စွာ မပြောတတ် ခြင်းပင်ဖြစ်သည်။ မိမိရီမှာ မြန်မာနိုင်ငံတွင် နေစဉ်ကပင် ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ချေ။ ကိုယ်တိုင်က ပညာရေးအားနည်းရသည့်ကြားထဲ တိုးတက် သည့် နိုင်ငံကြီးမှာရောက်နေသည့် ထူးချွန်သောဆရာဝန်တစ်ဦးကိုမှ ခင်ပွန်း တော်စပ်ရသည့်အခါ မိမိရီမှာ ပို၍လိပ်ပြာငယ်ခဲ့ရရှာလေသည်။

ဒေါက်တာမျိုးနောင်ကတော့ ပညာတတ်တစ်ဦးပီပီ မိမိရီ၏ စိတ်ဓာတ် ကို နားလည်ရှာပေသည်။ ဇနီးသည်ကို အင်္ဂလိပ်စာနှင့်စကား အချိန်အားရတိုင်း သင်ပေးကာ စိတ်ဓာတ်မြှင့်တင်ပေးရှာသည်။

သို့သော် ရန်ကုန်တွင် ဆွေမျိုးအသိုင်းအဝိုင်းများစွာနှင့် နေလာခဲ့သော မိမိရီသည် အမေရိကန်လို လူမှုရေးစိတ်ဓာတ်ခေါင်းပါးသော နိုင်ငံ၌ အထီးကျန် ဖြစ်နေရရှာလေသည်။ ခင်ပွန်းသည် အလုပ်သွားလျှင် တိုက်ခန်း၌ တစ်ယောက် တည်းကျန်ခဲ့ကာ အားငယ်၍နေတတ်သည်။

ယခုလို ကိုယ်ဝန်ရှိစအခါဆိုတော့ ပိုဆိုးပေသည်။ ထို့ကြောင့် ဒေါက် တာမျိုးနောင်သည် ကိုယ်ဝန်သည်ဇနီး စိတ်အပြောင်းအလဲဖြစ်စေရန် ယခု အားလပ်ရက်တွင် နိုင်ရာဂရာရေတံခွန်ကြီးရှိရာသို့ ခရီးထွက်ခဲ့ခြင်း ဖြစ် သည်။

ဒေါက်တာမျိုးနောင် မောင်းနှင်လာသော ကားလေးသည် တစ်နာရီ ခွဲ ခန့်ဖြင့် မောင်းနှင်လာရာ နယူးယောက်ရှိုင်းယားပြည်နယ်၊ နိုင်ငံတော် ဥယျာဉ်ကြီးပိုင်းအတွင်းသို့ ရောက်ရှိလာလေသည်။ ဤနေရာမှာ သစ်တော



www.burmeseclassic.com

www.burmeseclassic.com



ကြီးပိုင်းဖြစ်၍ အဆောက်အအုံ၊ လူနေအိမ်ခြေမရှိဘဲ သစ်တောအတိပြီးသော နေရာလည်း ဖြစ်ပေသည်။ အဝေးပြေးလမ်းမကြီးနှစ်သွယ်ကို သစ်တောအတွင်းမှ ဖြတ်၍ဖောက်လုပ်ထားခြင်း ဖြစ်လေသည်။

မိမိရိက ကားအတွင်း၌ တိတ်ဆိတ်စွာ လိုက်ပါလာရင်းမှ ဝါးခနဲ တစ်ချက်သမ်းလိုက်သည်။

သူမက လက်မှနာရီကို ကြည့်လိုက်ရာ ၉ နာရီ ၁၅ မိနစ် ကျော်ကျော်ရှိပြီဖြစ်တာကို သိလိုက်ရသည်။

ဒေါက်တာမျိုးနောင်သည်လည်း သူ့လက်မှနာရီကို မြှောက်ကြည့်လိုက်လေသည်။

"ကိုးနာရီကျော်ပြီ၊ ရီလေး အိပ်ချင်နေပြီလား၊ မိုန်းပြီးလိုက်လာခဲ့လေ"

"ဟုတ်ကဲ့ သရာ"

မိမိရီသည် ထိုင်ခုံတွင် ခပ်လျှောလျှောပြင်ထိုင်လိုက်ကာ ငိုက်မြည်းရင်း လိုက်ပါဖို့ ပြင်လိုက်သည်။

ထိုစဉ်မှာပင် သူတို့ကားလေး၏ ရှေ့တည့်တည့် ကောင်းကင်ပေါ်မှ လင်းလက်သောအရာကြီးတစ်ခုကို မြင်တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ထိုလင်းလက်သောအရာဝတ္ထုသည် သူတို့ကားလေးရှိရာဘက်သို့ ဦးတည်ပျံသန်းလာနေခြင်းဖြစ်ရာ တဖြည်းဖြည်းကြီး၍ ထင်ရှားလာလေသည်။

ထိုအရာသည် အပြားပိုင်းသဏ္ဌာန်တစ်ခုဖြစ်သော်လည်း ပြားချပ်၍တော့ မနေပေ။ စလော်င်းဖုံးနှစ်ခုကို အပြန်အလှန်ထပ်ထားပုံမျိုးဖြင့် အလယ်၌ ဖောင်းမို့နေပေသည်။

ဒေါက်တာမျိုးနောင်က လေယာဉ်ပျံဟု ထင်လိုက်မိသေးသော်လည်း ပုံသဏ္ဌာန်အရ လေယာဉ်ပျံတစ်စီး မဖြစ်နိုင်ကြောင်းကိုလည်း ချက်ချင်းသိလိုက်သည်။

ပျံသန်းနေသော ထိုအရာ၏အတွင်းပိုင်းတွင် မီးများ ထိန်ညီးအောင် ထွန်းညှိထားလေသည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် ထိုအရာသည် ဂြိုဟ်တု တစ်လုံး မဟုတ်နိုင်၊ သက်ရှိသတ္တဝါတို့ စီးနင်းလာသည့် ယာဉ်ပျံတစ်စီးသာ ဖြစ်ရပေမည်။

"ပန်းကန်ပြားပျံ"

ဒေါက်တာမျိုးနောင်၏စိတ်ထဲ၌ အသိတစ်ခု ရုတ်တရက် ဝင်လာသည်။

ထိုယာဉ်ပျံသည် UFO ခေါ် အမျိုးအမည်မသိ ယာဉ်ပျံလေလား



www.burmeseclassic.com

www.burmeseclassic.com



ခန်းကန်ပြားပုံဟုခေါ်ကြသော အခြားဂြိုဟ်ကမ္ဘာမှ ဂြိုဟ်သားများ စီးနင်းလာသော အာကာသယာဉ်တစ်စီးလေလား။

"ဟင် … ဆရာ၊ ဟိုဟာကြီးက ဘာကြီးလဲ"

ဒေါက်တာမျိုးနောင်နည်းတူ မိမိရီသည်လည်း ထိုအရာကို မြင်လိုက်ရာ အထိတ်တလန့် မေးလိုက်လေ၏။

ဒေါက်တာမျိုးနောင်စိတ်ထဲ၌ ကိုယ်ဝန်ရှိစ ဇနီးဖြစ်သူ စိုးရိမ်ထိတ်လန့်သွားမည်ကို မှုပန်သွားကာ လှီးလွှဲ၍ပြောလိုက်လေသည်။

"ကင်းထောက်ရဟတ်ယာဉ် ထင်ပါရဲ့။ ဂြိုဟ်တုတစ်လုံး လမ်းလွဲလာတာလည်း ဖြစ်ရင်ဖြစ်မယ်။ ဒါတွေက ဒီဒေသမှာ မဆန်းပါဘူး ရီလေးရယ်။ ရီလေး အိပ်ချင်ရင် မှိန်းနေလေ"

ဒေါက်တာမျိုးနောင်စကားကို မိမိရီ ယုံကြည်သွားဟန်ဖြင့် မျက်လုံးကိုမှိတ်၍ မှိန်းနေလိုက်လေသည်။

ဒေါက်တာမျိုးနောင်စိတ်ထဲမှာတော့ စနိုးစနောင့် ဖြစ်နေမိ၏။ အဖြစ်အပျက်က မိမိရီကိုပြောလိုက်သလို ဤဒေသတွင် ကြုံနေကျအဖြစ်မျိုး မဟုတ်ပါချေ။

ဒေါက်တာမျိုးနောင်က သူ့ကားရှေ့မှ ယာဉ်ပုံကို တစ်ကြိမ်ပြန်၍ ကြည့်လိုက်ပြန်သည်။

ယာဉ်ပုံသည် အစဦးက ကားဆီသို့ တည့်တည့်ပျံသန်း လာနေခြင်းဖြစ်သည်။ ဆန့်ကျင်ဘက်အရပ်မှ မော်တော်ကားဆီသို့ ရွေ့လျားလာခဲ့ခြင်းဖြစ်သည်။

မော်တော်ကားနှင့် ယာဉ်ပုံတို့ဆုံမိသည်တွင် ယာဉ်ပုံသည် သူ့လားရာအတိုင်း ရှေ့ဆက်မသွားတော့ဘဲ ကားပေါ်တည့်တည့်၌ ရပ်တန့်နေသည်ကို တွေ့ရလေ၏။

အမှန်တော့ ရပ်တန့်နေခြင်းလည်း မဟုတ်ပါချေ။ ကားသည် ရွေ့လျားနေသရာ ကားရွေ့လျားသည့်နှုန်းအတိုင်း အထက်မှယာဉ်ပုံသည်လည်း ကားနောက်သို့ လိုက်ပါနေခြင်းသာ ဖြစ်လေသည်။

ဒေါက်တာမျိုးနောင် အံ့သြမိသည်မှာ ကောင်းကင်မှ ယာဉ်ပုံတစ်စီး၏ သွားရာကို ပြောင်းလဲရာတွင် ကွေ့ဝိုက်၍လည်းကောင်း၊ အရှိန်လျှော့၍လည်းကောင်း ပြောင်းလဲရန်မလိုဘဲ၊ ချက်ချင်း တုံ့ခနဲ ရပ်တန့်ကာ နောက်ပြန် ပြန်၍ မောင်းနှင်နိုင်သည်ကို အံ့သြမိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမျိုးနောင်က ထိုယာဉ်ပျံကို ကမ္ဘာမြေပေါ်မှ လူသားတို့ တီထွင်ထားသောယာဉ်တစ်ခု မဟုတ်နိုင်ကြောင်း အကဲဖြတ်လိုက်မိလေသည်။

ယာဉ်ဆီမှ မည်သည့်အသံမှုလည်း ထွက်ပေါ်မလာပါချေ။

ယာဉ်ပျံသည် ကားနှင့်တည့်တည့်အရပ်သို့ရောက်ခါမှ ကားနှင့်အတူ ပြိုင်၍ ပြန်လည်လိုက်ပါလာခြင်းမှာ ရိုးသားသောအပြုအမူတစ်ခု မဖြစ်နိုင်ပေ။ မိမိတို့ကားကိုလိုက်၍ ထောက်လှမ်းနေခြင်းလား၊ အန္တရာယ်တစ်စုံတစ်ခု ပြုလို၍ ပင်လား။

ဒေါက်တာမျိုးနောင်က ချစ်ဇနီးအတွက် စိုးရိမ်ကာ ဘေးသို့လှည့် ကြည့်လိုက်လေသည်။

မိမိရီသည် စိတ်ချလက်ချ မှိန်းနေသည်မှာ အိပ်ပျော်နေသယောင်ပင် ရှိနေ၏။ ဒေါက်တာမျိုးနောင်က သက်ပြင်းကို ချလိုက်လေသည်။

ထို့နောက် ကောင်းကင်ကို တစ်ဖန်မော့ကြည့်လိုက်ရာ အထက်မှယာဉ် ပျံသည် အောက်သို့ တဖြည်းဖြည်းနိမ့်ဆင်းလာသည်ကို တွေ့ရလေ၏။ နိမ့်ဆင်း လာသည်နှင့်အမျှ ယာဉ်ပျံ၏အသွင်သဏ္ဌာန်ကို ပီပီပြင်ပြင်မြင်လာရလေသည်။

ယာဉ်ပျံသည် ဝိုင်းစက်သောပုံသဏ္ဌာန်ရှိကာ အချပ်လိုက်ရွေ့မျောနေ သော ပန်းကန်ပြားတစ်ချပ်နှယ်ဖြစ်ပေ၏။ ဘေးဘက်၌ ပြတင်းပေါက်များ တန်းစီ ရှိနေပြီး၊ ထိုပြတင်းပေါက်များမှ ဖြူဖွေးသော အလင်းရောင်များ ထွက်နေခြင်း ဖြစ်လေသည်။

တစ်စ,တစ်စနိမ့်လာသည်နှင့်အမျှ ပန်းကန်ပြားပျံ၏ ပုံသဏ္ဌာန်မှာ ပိုမို သဲကွဲလာလေသည်။ ပြတင်းပေါက်များမှာ နှစ်ထပ်ဖြစ်သည်။ အပေါ်ဘက်တွင် တစ်ထပ်တန်းစီ၍ ရှိနေသကဲ့သို့ အောက်ဘက်တွင်လည်း အရွယ်တူပြတင်းပေါက် များ တန်းစီနေပေသည်။ ပြတင်းပေါက်များကို မှန်များကာရံထားဟန်တူသည်။ သို့ကြောင့်သာ အလင်းရောင်များ ပြင်ပသို့ ဖိတ်လျှံကျနေခြင်းဖြစ်ပေမည်။

ဒေါက်တာမျိုးနောင်သည် ကားကိုအရှိန်မြှင့်၍ မောင်းလိုက်လေသည်။ တစ်နာရီလျှင် မိုင် ၈၀ နှုန်းဖြင့် မောင်းပစ်လိုက်သည်။ သူ၏စိတ်ကူးမှာ အထက် မှ ယာဉ်ပျံသည် သူ၏ကားကို မျက်ခြည်ပြတ်သွားစေရန် ဖြစ်လေသည်။

သို့သော် သူ့ကားမြန်သည်နှင့်အမျှ အထက်မှ ယာဉ်ပျံသည်လည်း ကားသွားနှုန်းအတိုင်း မြန်လာသည်ကို တွေ့ရပြန်သည်။ အမြန်နှုန်းချင်း တူညီ သည်မို့သာ ယာဉ်ပျံသည် ကားအထက်၌ အမြဲရှိနေခြင်းဖြစ်ပေ၏။ ကားကို သည့်ထက်အရှိန်တိုး၍ မောင်းလျှင် မိုင် ၁၂၀ နှုန်းအထိ မောင်းနိုင်သော်လည်း မိမိရီ နိုးသွားမည်စိုး၍ ဒေါက်တာမျိုးနောင်က တိုးမမောင်းတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စိတ်ကူးပြောင်းသွားကာ ကားအရှိန်ကို လျှော့ချလိုက်ပြန်သည်။ တစ်နာရီ ၂၅ မိုင်နှုန်းလောက်အထိ လျှော့ကာ ခပ်ဖြည်းဖြည်း မောင်းကြည့်ပြန်၏။

ထိုအခါတွင်လည်း အထက်မှယာဉ်ပုံသည် ရှေ့သို့ ကျော်တက်မသွားဘဲ၊ ကားအထက်ကောင်းကင်၌ ရှိမြဲရှိနေသည်ကို တွေ့လိုက်ရပြန်သည်။ ယာဉ်ပုံသည်လည်း ကားအရှိန်လျှော့သည့်နှုန်းအတိုင်း လျှော့ချမောင်းနှင်သည်ကို သိသာလှပေသည်။

ဒေါက်တာမျိုးနောင်က သက်ပြင်းကိုချကာ ယာဉ်ပုံပေါ်သို့ တစ်ကြိမ်မော့ကြည့်လိုက်ပြန်၏။ ယခုတစ်ကြိမ်တွင်တော့ ယာဉ်ပုံ၏ပြတင်းပေါက်၌ မတ်တတ်ရပ်နေသော ခန္ဓာကိုယ်နှစ်ခုကို တွေ့လိုက်ရလေသည်။ ပြတင်းပေါက်၌ လူ၏ခန္ဓာကိုယ် ခါးအထက်ပိုင်းအထိပေါ်နေကာ ထိုသူသည် ပိန်ပိန်သွယ်သွယ်၊ ခပ်မတ်မတ်ဖြင့် ခံတံချောင်းကို ထောင်ထားသကဲ့သို့ ရှိလေသည်။

အထက်ပြတင်းပေါက်တွင်တစ်ယောက်၊ အောက်ပြတင်းပေါက်တွင် တစ်ယောက် မတ်တတ်ရပ်နေကြခြင်း ဖြစ်လေသည်။ ထိုအနေအထားကို ကြည့်ခြင်းအားဖြင့် ယာဉ်အတွင်းပိုင်းသည် အထပ် ၂ ထပ်ရှိပုံရပေသည်။ ပြတင်းပေါက်များကို အထက်ထပ်တွင်ရော၊ အောက်ထပ်တွင်ပါဖောက်ထားကာ လူနှစ်ယောက်သည် တစ်ယောက်က အပေါ်ထပ်တွင်ရပ်၍၊ တစ်ယောက်က အောက်ထပ်တွင် ရပ်နေခြင်းဖြစ်ပေမည်။

ထိုလူနှစ်ယောက်သည် ကားထဲမှ သူ့ကိုလှမ်းကြည့်နေသည်ဟု ဒေါက်တာမျိုးနောင် ခံစားရပေ၏။

ဒေါက်တာမျိုးနောင်သည် ပန်းကန်ပြားပုံပေါ်မှ သက်ရှိသတ္တဝါများသည် မိမိတို့ကို ပစ်မှတ်ထား၍ တစ်ခုခုကြံစည်၍ လုပ်ကိုင်တော့မည်ဟု သိနေလေ၏။ စိုးရိမ်ထိတ်လန့်၍လည်း လာလေသည်။

ထိုခဏမှာပင် ကားထဲ၌ တတီတီမြည်သံများ ထွက်လာလေသည်။ 'တီ... တီ... ' ဟု သံရှည်ဆွဲမြည်သံများမှာ ကားခေါင်မိုးဆီမှ ထွက်လာခြင်းဖြစ်ပြီး၊ တဖြည်းဖြည်း အသံစိပ်လာကာ အသံမှာလည်း ပို၍ကျယ်လာလေ၏။

ဒေါက်တာမျိုးနောင် တစ်ချက်သိမ်းဝေလိုက်၏။ ရုတ်တရက် အိပ်ချင်စိတ်များပေါ်လာကာ ငိုက်မြည်းသွားလေသည်။

တတီတီမြည်သံများလည်း ဆက်တိုက်ထွက်ပေါ်ဆဲရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြည်သံများကြောင့် အိပ်ပျော်နေသော မိမိရီ လန့်နိုးသွားကာ ဒေါက်တာမျိုးနောင်ကို မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

"ဆရာ ... ဘာဖြစ်"

မိမိရီ၏စကားကို အဆုံးအထိ မကြားလိုက်ရပေ။

ဒေါက်တာမျိုးနောင်သည် အိပ်ပျော်သွားလေသလား၊ သတိလစ်သွားလေသလား၊ သူကိုယ်တိုင်ပင် မဝေခွဲနိုင်ဘဲ ပစ္စက္ခ ကာလမှ မျောလွင့်သွားလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးနောင် သတိပြန်ရလာချိန်တွင် သူသည် ကားအတွင်း၌ပင် ရှိနေ၏။ ကားလေးမှာလည်း တစ်နာရီမိုင် ၅၀ နှုန်းဖြင့် အရှိန်မှန်ပြေးလျက်ရှိကာ သူသည်လည်း ကားစတီယာရင်ကိုကိုင်ကာ မောင်းနှင်လျက်သား ရှိနေပေသည်။

ဒေါက်တာမျိုးနောင်က ပတ်ဝန်းကျင်ကိုလှမ်း၍ ကြည့်လိုက်လေသည်။ ထိုအခါ သူတို့ကားလေးသည် ကွန်းကော့မြို့ကလေး၏ အဝင်သို့ပင် ရောက်ရှိနေသည်ကို တွေ့ရလေ၏။

ဒေါက်တာမျိုးနောင်သည် ပန်းကန်ပြားပျံဟု ထင်ရသော အရာကြီးကို မြင်လိုက်ရသည်မှာ သစ်တောကြိုးဝိုင်းဧရိယာအတွင်း၌ ဖြစ်သည်။

ယခုရောက်နေသည့် မက်ဆာချူးဆက်ပြည်နယ်အတွင်း၌ ရှိသော ကွန်းကော့မြို့မှာ သစ်တောကြိုးဝိုင်းဧရိယာနှင့် ၅၂ မိုင်မျှကွာလှမ်းလေသည်။ ထိုမျှကွာလှမ်းသော အကွာအဝေးကို သူသည် အိပ်ပျော်လျက်မှ ကားမောင်းလာခဲ့လေသလော။

ဒေါက်တာမျိုးနောင်က ရုတ်တရက် ဘယ်လက်ကို မြှောက်ကာ လက်ပတ်နာရီကို ကြည့်လိုက်လေသည်။

"ဟင်"

ဒေါက်တာမျိုးနောင်က အံ့ဩစွာ ရေရွတ်လိုက်၏။

သူ၏ဘယ်လက်တွင် အမြဲပတ်ထားနေကျဖြစ်သော [illegible]လက်စ်နာရီမှာ လက်၌ မရှိပါလေတော့။ ဒေါက်တာမျိုးနောင်သည် ဇဝေဇဝါဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ပတ်နေကျမဟုတ်ဘဲ ညာလက်၌ မှားပတ်မိလေသလောဟု တွေးကာ ညာလက်ကို မြှောက်ကြည့်ပြန်သည်။ ညာလက်တွင်လည်း နာရီမရှိချေ။

သူသည် ပန်းကန်ပြားပျံနှင့် မတွေ့မီကလေးတွင် နာရီကြည့်ခဲ့သေးတာကို အမှတ်ရလိုက်လေသည်။ မိမိရီ အိပ်မပျော်မီ မိမိရီရော၊ သူရော နှစ်ယောက်စလုံး နာရီကြည့်ခဲ့ရာ ၉ နာရီ ၁၅ မိနစ်ကျော်ကျော်ရှိနေတာကို အမှတ်ရလိုက်သည်။ အခု သူ့နာရီ ဘယ်ရောက်သွားပါလိမ့်။

ဒေါက်တာမျိုးနောင်က ကောင်းကင်မှယာဉ်ပျံကြီးကို သတိရကာ အထက်သို့ မော်ကြည့်လိုက်သေးသည်။ ထက်ကောင်းကင်၌ ဘာအရာဝတ္ထုမှ မရှိနေပါလေတော့။ နှင်းများ မှုန်မှိုင်းနေသည့်ကြားထဲတွင် ကြယ်ကလေးတချို့ လင်းလက်နေသည်ကိုသာ တွေ့ရလေသည်။

ထိုစဉ် သူ့ဘေးမှ မိမိရီသည် ကိုယ်ကိုလူးလွန့်လိုက်ကာ အိပ်ပျော်ရာမှ နိုးလာလေသည်။

"အိပ်ပျော်သွားလိုက်တာ၊ ဘယ်ကိုရောက်နေပြီလဲ ဆရာ"

"ရီလေး ... ဘယ်နှစ်နာရီထိုးနေပလဲ၊ ကြည့်လိုက်စမ်းပါ"

ဒေါက်တာမျိုးနောင်က မိမိရီ မေးသည်ကိုပြန်မဖြေဘဲ နာရီကို ကြည့်ခိုင်းလိုက်သည်။

မိမိရီက သူမလက်ကို မြှောက်ကာ ကြည့်လိုက်၏။

"ဟင် ... ဆရာ၊ ရီလေး နာရီရပ်နေတယ်"

"ဘာ ... ရပ်နေတယ်"

"ဟုတ်တယ် ဆရာ၊ ကြည့်စမ်းပါဦး။ ၉ နာရီ ၁၅ မိနစ် ကျော်ကျော်မှာ ရပ်နေတာ ဆရာ။ ရီလေးတို့ လမ်းမှာ နာရီကြည့်တုန်းကလည်း ဒီအချိန်ပဲ။ ရီလေး မအိပ်ခင်ကလေး၊ နာရီက အဲဒီကတည်းက ရပ်သွားတာပေါ့"

ဒေါက်တာမျိုးနောင်သည် ကား အဆက်မပြတ်မောင်းနေလျက်တန်းလန်းမှ သူ့နာရီပျောက်ဆုံးသွားခြင်း၊ မိမိရီနာရီ ရပ်နေခြင်းများအတွက် စဉ်းစားမရအောင် ဖြစ်သွားလေသည်။ တစ်ဆက်တည်းမှာပင် ၉ နာရီ ၁၅ မိနစ်စွန်းသော ထိုအချိန်သည် ပန်းကန်ပြားပျံကို စတင်တွေ့လိုက်ရသောအချိန်ဆိုတာကိုပါ မှတ်မိလာလေသည်။

"ကွန်းကော့မြို့ကိုတောင် ရောက်လာပြီ ရီလေးရဲ့။ ရီလေး ဆာသလား။ မိုးလင်းပေါက်ဖွင့်တဲ့ဆိုင်တွေ့ရင် ကော်ဖီလေး ဘာလေး သောက်ကြတာပေါ့"

"ရီလေး မဆာပါဘူးဆရာ"

"အင်း ... ခါတ်ဆီတော့ ဖြည့်ဦးမှ ရီလေးရေ"

www.burmeseclassic.com



မြို့အဝင်၌ ညလုံးပေါက်ရောင်းသော ဓာတ်ဆီဆိုင်တစ်ခုကို မြင်လိုက်ရ၍ ဒေါက်တာမျိုးနောင်က ဆိုင်ရှေ့တွင် ကားကို ညင်သာစွာ ရပ်လိုက်လေသည်။ ရေတံခွန်မှအပြန်တွင် ဓာတ်ဆီဖြည့်ထားခဲ့ရာ မိုင် ၁၀၀ ကျော်ဝေးသော ခရီးစဉ်အတွက် ဓာတ်ဆီ ထပ်ဖြည့်ဖို့ လိုအပ်ပေတော့မည်။

ဒေါက်တာမျိုးနောင်က ဓာတ်ဆီလက်ကျန်ပြသော ဆီဂိတ်အဝိုင်းလေးကို လှမ်းကြည့်လိုက်သည်။ ဆီဂိတ်တွင် ဓာတ်ဆီ အတော်များများ ကျန်နေသေးကြောင်း လက်တံကလေးက ပြနေ၍ အံ့ဩသွားရလေ၏။ ဆီဂိတ် အပြမမှန်လို့ပဲလို့ ယူဆလိုက်သည်။

ဒေါက်တာမျိုးနောင်က ကားမှန်တံခါးကို အောက်သို့ နှိမ့်ချကာ –

"ဆီသုံးဂါလံလောက် ထည့်ပေးပါ"

အိပ်ငိုက်နေသော ဆီပန့်ကိုင်သည့်လူငယ်ကို လှမ်းအော်ပြောလိုက်သည်။

တစ်ဆက်တည်းပင် ဆိုင်ထဲမှနာရီကို လှမ်းကြည့်လိုက်၏။

၁၁ နာရီ ၁၅ မိနစ်။

သစ်တောကြိုးဝိုင်းမှ ဤနေရာအထိ မိုင်ငါးဆယ်ကျော် ခရီးကို သူတို့သည် ၂ နာရီကြာအောင် မောင်းခဲ့ရပါကလား။ ဒေါက်တာမျိုးနောင် ပုံမှန်မောင်းလာသော မိုင် ၅၀ နှုန်းနှင့်ဆိုလျှင် တစ်နာရီသာ ကြာရပေမည်။

"ဟာ ... နောင်ကြီး၊ နောင်ကြီးကားက ဆီ ၃ ဂါလံ ထည့်စရာ မလိုပါဘူး။ တစ်ဂါလံပဲ ထည့်လို့ဆံ့မယ်။ ဆီတွေမှ အများကြီး ကျန်နေသေးတာပဲ"

ဆီပန့်ကိုင်လူငယ်က ပြောလိုက်ခြင်းဖြစ်သည်။

"တစ်ဂါလံပဲ ထည့်လိုက်မယ်နော်"

လူငယ်က ဆီ ၁ ဂါလံထည့်ကာ ပန့်ကို ပိတ်လိုက်သည်။

"ကျေးဇူးပဲ"

ဒေါက်တာမျိုးနောင်သည် ဆီတစ်ဂါလံဖိုး ရှင်းပေးပြီး ကားကိုမောင်းထွက်ခဲ့၏။

သူ့ဦးနှောက်ထဲမှာတော့ တွေးစရာတွေ တစ်ပုံတစ်ခေါင်း ပါလာခဲ့တော့သည်။

နိုင်ရာဂရာရေတံခွန်မှ ကွန်းကော့မြို့အထိ အပြန်ခရီးတွင် ဆီ ၁ ဂါလံသာလျှင် အဘယ်ကြောင့် လျော့ရသနည်း။ အမှန်က ၃ ဂါလံကျော် ကုန်ရမည့် ခရီးစဉ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြိုးဝိုင်းမှ ကွန်းကော့မြို့ကလေးသို့ မိုင် ၅၀ ခရီးကိုလည်း ၂ နာရီကြာအောင် အဘယ်ကြောင့် မောင်းလာရသနည်း။

သူသည် ကားမောင်းရင်း အိပ်ပျော်သွားကာ အိပ်ပျော်ရင်းမှပင် ကား မောင်းနေခဲ့ခြင်း ဖြစ်သလော။

ကားပေါ်မှာပင် သူ၏နာရီပျောက်ဆုံးသွားခြင်း၊ အချိန်များ ကမောက် ကမဖြစ်ခြင်း၊ ဆီလျော့နည်းမှုမရှိခြင်းများကို ပေါင်းရုံးကာ သူတို့သည် သဘာဝ လမ်းကြောင်းမှ သွေဖည်သောဖြစ်ရပ်တစ်ခုကို ကြုံဆုံခဲ့ရကြောင်း ဆင်ခြင်မိလေ သည်။

ဒေါက်တာမျိုးနောင်သည် သူတွေးမိသောအတွေးများကို မိမိရီအား ပြန်ပြောမပြခဲ့ပါ။ ကိုယ်ဝန်သည်ဇနီး စိတ် အနှောင့်အယှက် ဖြစ်သွားမှာကို စိုး ၍ ဖြစ်သည်။

အမှန်တော့ ကားတစ်စီးထဲ အတူစီးလာသော ဇနီးမောင်နှံ နှစ်ယောက် ၏အတွေ့အကြုံများမှာ အတူတူသာ ဖြစ်ရပေမည်။ ဒေါက်တာမျိုးနောင်ကမှ တလွဲတချော် ဖြစ်ရခြင်းများကို စဉ်းစားမိသေးသည်။ မိမိရီကတော့ ဤအဖြစ် များကို ရိပ်မိပုံပင် မရခဲ့ချေ။ ထိုအချက်မှာ မိမိရီသည် ကားပေါ်မှာ အိပ်ပျော်ရင်း လိုက်ပါလာခြင်းကြောင့်လော။

၉ နာရီ ၁၅ မိနစ်မှ ၁၁ နာရီ ၁၅ မိနစ်ကြားကာလဝယ် သူတို့ ဘာ တွေဖြစ်ခဲ့ကြပါလိမ့်။

(ပန်းကန်ပြားပျံနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံချိန်မှ စ၍ ကား၏ ရွေ့လျား မှုကို ပန်းကန်ပြားပျံပေါ်မှ ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။ ဒေါက်တာမျိုးနောင် သည် ကားရွေ့လျားနေခြင်းကို မိမိကိုယ်တိုင်မောင်းနှင်၍ ရွေ့လျားနေခြင်းဟု ထင်ခဲ့သည်။ အမှန်မှာ ကားဦးတည်ရာအတိုင်း လိုက်ပါနေသည့် ပန်းကန်ပြားပျံ ပေါ်မှ ကားကို သံလိုက်စက်ကွင်းဖြင့် ဆွဲယူချီမ,ထားရာ၊ ကားသည် မြေပြင်မှ ကြွတက်ကာ ရွေ့လျားနေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဓာတ်ဆီ မကုန်ခြင်း ဖြစ်သည်ကို ပန်းကန်ပြားပျံဖြစ်ရပ်များ ရှင်းလင်းပြီးနောက်ပိုင်းမှ ဒေါက်တာမျိုးနောင် သိခွင့်ရခဲ့ပေသည်။)

●

www.burmeseclassic.com

www.burmeseclassic.com

ပို့စ်မောက်မြို့ရှိ နေအိမ်ကို ပြန်လည်ရောက်ရှိချိန်မှာ နံနက်လင်းအားကြီး ၄ နာရီအချိန်ခန့် ဖြစ်ပေသည်။

ဒေါက်တာမျိုးနောင်က ကားကိုခြံထဲတွင် ရပ်လိုက်ပြီး ဂိုထောင်အတွင်း မသွင်းသေးဘဲ မိမိရီကို ဖေးမ,တွဲခေါ်ကာ အိမ်ထဲသို့ အရင်ပို့ပေးလိုက်သည်။

အိမ်ထဲအရောက်တွင် ဒေါက်တာမျိုးနောင်က မိမိရီ၏ အင်္ကျီကို လှန်လှောကာ ကိုယ်ဝန်ကို စစ်ဆေးကြည့်လေသည်။ မိမိရီသည် အံ့သြစွာ စိုက်ကြည့်နေလေ၏။

ဒေါက်တာမျိုးနောင်အနေဖြင့် မိမိရီကိုယ်ဝန်ကို ဘာကြောင့် ထိုသို့စစ်ဆေးမိသည်ကို မသိပေ။ စိတ်တွင်းမှ စိုးရိမ်စိတ်ကြောင့် စစ်ဆေးကြည့်မိခြင်းဖြစ်လေသည်။

"ဘာဖြစ်လို့လဲ ဆရာ"

ထူးခြားသောအမူအရာကြောင့် မိမိရီက မေးလိုက်လေသည်။

"ဘာမှမဖြစ်ပါဘူးကွယ်။ ခရီးရှည်က ပြန်လာတော့ ကိုယ်ဝန်တစ်ခုခု ထိခိုက်မှာစိုးလို့ပါ။ ရီလေးကော ... နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်ဆရာ၊ ရီလေး ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့် ရီလေး နားတော့လေ၊ တစ်ရေး ကောင်းကောင်း အိပ်လို့ရပါသေးတယ်"

"ဆရာလည်း နားလိုက်တော့လေ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကားကို ဂိုထောင်ထဲ သွင်းပြီးရင် နားပါ့မယ်။ ကဲ . . . ရီလေး အခန်းထဲဝင်တော့"'

ဒေါက်တာမျိုးနောင်က မိမိရီကို အိပ်ခန်းထဲအထိလိုက်ပို့ပေးပြီး ပြန်ထွက်ခဲ့သည်။

သူသည် အပြင်မှကားကို ဂိုထောင်ထဲသွင်းရန်ကိစ္စကို မလုပ်သေးဘဲ ရေချိုးခန်းထဲသို့ အရင်ဝင်လိုက်လေသည်။

ရေချိုးခန်းထဲအရောက်တွင် ဘောင်းဘီကိုချွတ်ကာ သူ၏ မမြင်အပ်သောအရာကို ငုံ့ကြည့်လိုက်လေသည်။ ဒေါက်တာ မျိုးနောင်သည် ထိုသို့ အကြောင်းသုံးမိသည်ကို ထိုစဉ်က စဉ်းစားမရခဲ့ပေ။ သူ့စိတ်ထဲ၌ သူ၏လိင်အင်္ဂါ ဆုံးရှုံးသွားကြ၍ စိတ်စနောင့်စနင်း ဖြစ်နေသည်ကိုသာ ခံစားရသည်။ သူ၏လိင်အင်္ဂါမှ အစိတ်တစ်ခု ပျောက်နေသည်ဟုထင်ကာ စစ်ဆေးကြည့်မိခြင်းဖြစ်သည်။ သို့သော် ဘာမှ မတွေ့ရပါ။

မည်သို့ဆိုစေ ရေချိုးပိုက်ကိုဖွင့်၍ ဆပ်ပြာဖြင့် သေချာဆေးကြောလိုက်မှ ဒေါက်တာမျိုးနောင် စိတ်သက်သာရာရသွားလေသည်။

ထို့နောက်မှ ဒေါက်တာမျိုးနောင်က ခြံဝင်းအတွင်းမှ ကားကို ဂိုထောင်အတွင်းသွင်း၍ သိမ်းဆည်းလိုက်လေ၏။

သူသည် အိမ်ထဲသို့ပြန်ဝင်လာပြီး အိပ်စက်ရန် အပေါ်အင်္ကျီကို ချွတ်လိုက်လေသည်။ ထိုအခါ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရပြန်သည်။

သူ၏အပေါ်ဝတ်ဂျာကင်အင်္ကျီညာဘက်အိတ်မှာ သိသိသာသာ လေးလံနေသည်ကို သတိထားမိလိုက်သည်။

ဒေါက်တာမျိုးနောင်က ဂျာကင်၏ညာဘက်အိတ်ဇစ်ကို ဖွင့်ကာ အတွင်းမှ လေးလံနေသောအရာဝတ္ထုကို ဆွဲထုတ်လိုက်လေသည်။

ထိုအခါ သူ၏လက်ထဲတွင် ကြက်ဥအရွယ်ခန့် ဖန်တုံးလေးတစ်တုံး ပါလာသည်ကို တွေ့ရလေ၏။

သူက ဖန်တုံးလေးကိုကြည့်ကာ အံ့အားသင့်သွားလေသည်။ ဖန်တုံးသည် သူ့အင်္ကျီအိတ်ထဲသို့ ဘယ်လိုလုပ်ရောက်နေပါလိမ့်။ ထိုပစ္စည်းသည် ဘယ်အချိန်က ဘယ်လို သူ့အိတ်ထဲ ရောက်နေသည်ကို ဒေါက်တာမျိုးနောင် စဉ်းစားလို့မရ ဖြစ်နေသည်။

နိုင်ငံရာဂရာရေတံခွန်ကြီးတွင် အမှတ်တရပစ္စည်းတချို့ ဝယ်ခဲ့တာကို အမှတ်ရသည်။ သို့သော် သူတို့ဝယ်ခဲ့သည်မှာ ရေတံခွန်ကြီးနှင့် ပတ်သက်သော ပို့စကတ်နှင့် ဓာတ်ပုံများသာ ဖြစ်သည်။ မိမိရီက မြန်မာနိုင်ငံမှ ဆွေမျိုးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများကိုပို့ပေးရန် ပို့စကတ်အများအပြား ဝယ်ယူခဲ့လေသည်။ ယခုနည်းမျိုးကိုတော့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် မမြင်ခဲ့ဘူးဟု ထင်သည်။

ဒေါက်တာမျိုးနောင်က ကြက်ဥအရွယ်ခန့်ရှိဖန်တုံးလေးကို သေချာကြည့်လိုက်လေသည်။ ဖန်တုံးမှာ တစ်ဖက်နှင့်တစ်ဖက် တိုးလျှိုပေါက်မြင်နေရပြီး ဖန်တုံးမဟုတ်ဘဲ သလင်းကျောက်တုံးတစ်တုံးလည်း ဖြစ်နိုင်ပေသည်။ ဖန်တုံး၏ အောက်ခြေကို အပြားလိုက်ပြုလုပ်ထား၍ စာရွက်ဖိသော ဖန်တုံးတစ်တုံးလည်း ဖြစ်နိုင်လေ၏။ အပေါ်ပိုင်းမှာ လိပ်ကျောကုန်းလို ခပ်ခုံးခုံးဖြစ်ပြီး ကြက်ဥတစ်လုံးညီ လုံးဝန်းပေသည်။

သို့သော် ဖန်တုံး၏အပေါ်ပိုင်းသည် ပြောင်ချောမဟုတ်ဘဲ အကွက်များဖော်ထားသည်ကို တွေ့ရလေ၏။ စိန်တို့၊ ပတ္တမြားတို့လို ကျောက်မျက်ရတနာများတွင် အကွက်သွေးသလို အကွက်ကလေးများ မြောက်မြားစွာ ပြုလုပ်ထားသည်ကို တွေ့ရပေ၏။ လက်သန်း၏လက်သည်းခွံအရွယ်ခန့် ဆန္ဒင်းမကင်းပုံအရွယ်တူ အကွက်ကလေးများက ဖန်တုံးအပေါ်ယံတစ်ပြင်လုံးတွင် ဖုံးလွှမ်းနေလေသည်။

ဒေါက်တာမျိုးနောင်က ရေတံခွန်မှအပြန်လမ်းတွင် မည်သည့်နေရာတွင်မှ မဆင်းသက်ခဲ့ပါဘဲနှင့် သူ၏အင်္ကျီအိတ်ထဲသို့ ထူးထူးဆန်းဆန်း ရောက်နေသောဖန်တုံးလေးကိုကြည့်ရင်း စဉ်းစားမရအောင် ဖြစ်နေလေသည်။

သို့သော် ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော ဒေါက်တာမျိုးနောင်သည် ဖန်တုံးလေးကို အိပ်ခန်းထဲမှ စာကြည့်မီးအိမ်တင်သော စားပွဲခုံလေးပေါ် တင်လိုက်ကာ အနားယူရန် ပြင်ဆင်လိုက်သည်။

သူက ညဝတ်အဝတ်အစားများလဲလှယ်ပြီး ခုတင်ပေါ်တွင် မိမိရိဆော၌လဲလျောင်းလိုက်ရာ ပင်ပန်းလာသည်နှင့်အမျှ ခဏအတွင်းမှာပင် အိပ်မောကျသွားလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်များနှင့်ပတ်သက်၍ ထူးခြားသောအဖြစ်များ ထပ်၍ပေါ်ပေါက်မလာခဲ့ပါချေ။ ဒေါက်တာမျိုးနောင်ကတော့ ကာလအတန်ကြာသည်ထိ ထိုအဖြစ်များကို မကြာခဏ သတိရနေမိလေသည်။

ဒေါက်တာမျိုးနောင်အဖို့မှ ပန်းကန်ပြားပျံကိုတွေ့ရသည့် အချိန်နှင့်တစ်ဆက်တည်း သူ၏နာရီပျောက်ဆုံးသွားခြင်း၊ မိမိရှိနာရီရပ်နေခြင်း၊ ကား၌ဓာတ်ဆီမကုန်ခြင်း၊ ဘယ်ကရောက် လာမှန်းမသိသော ဖန်တုံးကဲ့သို့အရာတစ်ခုသူ့အိတ်ထဲသို့ ရောက်နေခြင်း စသည့် ထူးခြားမှုများကြောင့် ထိုညကခရီးစဉ်ကို မမေ့နိုင်ဖြစ်နေရခြင်း ဖြစ်ပေသည်။

ထို့ပြင် ပန်းကန်ပြားပျံကို မော့ကြည့်လိုက်စဉ်က ပန်းကန်ပြားပျံ၏ပြတင်းပေါက်တွင် မတ်တတ်ရပ်လျက် သူ့ကိုကြည့်နေသည့် လူနှင့်အသွင်တူသော သက်ရှိသတ္တဝါနှစ်ဦးကိုလည်း သတိရမိသေးသည်။

သူတို့သည် မိုင်ငါးဆယ်ခရီးကို ၂ နာရီကြာ ကားမောင်းလာရခြင်းကိုလည်းကောင်း၊ ထို ၂ နာရီကာလကို ဘယ်လိုပဲ ပြန်စဉ်းစား ... စဉ်းစား အမှတ်မရတော့ခြင်းကိုလည်းကောင်း ဒေါက်တာမျိုးနောင်စိတ်ထဲ၌ မရှင်းမရှိ ဖြစ်နေမိလေသည်။ သူသည် ထို ၂ နာရီခရီးကို အိပ်ပျော်နေလျက်မှ ကားမောင်းလာခဲ့ခြင်း ဖြစ်သလော။

အမှန်သာ ထိုသို့ဖြစ်ပါက အလွန်ပင်ကြောက်လန့်စရာ ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမျိုးနောင်သည် အလုပ်တာဝန်အရ အမှတ် ၃ အဝေးပြေးလမ်းမကြီးကို မကြာခဏ ဖြတ်သန်းသွားနေရခြင်းကြောင့် ဆောင်းတစ်ညက ထူးဆန်းသောအဖြစ်များကို ထိုလမ်းပေါ်ဖြတ်သွားတိုင်း သတိရမိပေသည်။

မည်သို့ဆိုစေ ရေတံခွန်အပြန်လမ်းခရီးမှ ထူးခြားသော အဖြစ်များကို ဒေါက်တာမျိုးနောင်က မိမိရှိအား ပြန်ပြောမပြခဲ့ပါ။ မွေးဖွားခါနီးလည်း ဖြစ်သည်။ မသိလက်စနှင့် မဲသိဘဲနေတာကောင်းသည်ဟု တွေးကာ အသိမပေးခဲ့သောပေ။

ယခုတော့ အချိန်ကာလကြာလာသည်နှင့်အမျှ ဒေါက်တာမျိုးနောင်ကိုယ်တိုင်ပင် ထိုအဖြစ်များကို မေ့လျော့လုနီးပါး ဖြစ်နေခဲ့ပါလေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါထူးဆန်းသောအဖြစ်များ ဖြစ်ပျက်ပြီး ၆ လ ကြာသော အချိန်တွင်ဖြစ်သည်။

မိမိရီသည် ခန့်မှန်းထားသောရက်ပိုင်းတွင်ပင် ကလေးကို မွေးဖွားခဲ့လေသည်။

ကလေးမှာ ယောကျ်ားလေးဖြစ်ပြီး ၁၉၈၃ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွင် မွေးဖွားခဲ့လေသည်။ တိုက်ဆိုင်စွာပင် ထိုရက်သည် မြန်မာနိုင်ငံတွင် သင်္ကြန်အကြိုနေ့ ဖြစ်နေပါ၏။ မြန်မာလူမျိုးများဖြစ်သော်လည်း ဒေါက်တာမျိုးနောင်နှင့် မိမိရီသည် မြန်မာနိုင်ငံနှင့် အလှမ်းကွာလှသော အမေရိကန်နိုင်ငံတွင်ရောက်နေ၍ သင်္ကြန်အရသာ၊ သင်္ကြန်အနံ့အသက်များကို မခံစားခဲ့ရချေ။

သူတို့မွေးသော ရင်သွေးလေးမှာ မြန်မာသင်္ကြန်အကြိုနေ့နှင့် တိုက်ဆိုင်နေသည့်အတွက် ဒေါက်တာမျိုးနောင်က သားကလေးအား 'ဖိုးသင်္ကြန်' ဟု ယာယီအားဖြင့် အမည်မှည့်ခေါ်ခဲ့လေသည်။

မိမိရီက ကလေး၏မွေးနေ့ မွေးချိန်များကို မိဘများထံ စာရေးအကြောင်းကြားလိုက်လေသည်။ သုံးလခန့်အကြာတွင် မိမိရီမိဘများ ကိုးကွယ်သော ဘုန်းကြီးဖွဲ့ပေးသည့် ဇာတာနှင့်အတူ သားလေးအတွက် ဘုန်းကြီးရွေးပေးသော နာမည်ကိုပါ စာတိုက်မှ ပေးပို့လိုက်လေသည်။

သားကလေးကို 'ဝင်းမင်းနောင်' ဟု အမည်ရွေးပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါက်တာမျိုးနောင်တို့သည် ဘုန်းကြီးပေးသော ဝင်းမင်းနောင် ဆိုသည့်အမည်ကို ရုံးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများတွင်သာ ရေးဖြည့်ထားခဲ့ပြီး သားကလေးကို ဖိုးသကြန်ဟုသာ အစဉ်အမြဲခေါ်ခဲ့လေ၏။

သားကလေးဖိုးသကြန်သည် မွေးစကပင် ၁၁ ပေါင်ရှိကာ ကျန်းမာသန်စွမ်းသော ကလေးငယ်လေး ဖြစ်ပေသည်။ မျက်နှာလေးမှာ အစဉ်ပြုံးချိုနေပြီး အရွယ်နှင့်မလိုက်အောင် အဖေနှင့်အမေကိုလည်း မှတ်မိလေသည်။

ဒေါက်တာမျိုးနောင်သည် အသက်ကြီးမှရလာသော သားကလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ရှာလေသည်။ အိမ်တွင် ဒေါက်တာမျိုးနောင်ရှိနေချိန်များ၌ 'သားကလေး' 'ဖိုးသကြန်' စသည်ဖြင့်ခေါ်၍ ချော့မြှူနေသံများကို ကြားရတတ်ပေသည်။

သားကလေးဖိုးသကြန်၌ ထူးခြားသောအမှတ်အသား ဟူ၍ မျက်နှာပေါ်တွင် ပါမလာခဲ့ပေ။ မျက်နှာကလေးမှာ ကြည်လင်ရှင်းလင်းနေပေ၏။ သားကလေးအတွက် ထူးခြားသောအမှတ်အသားကို ရှာဖွေကြည့်ရာ လည်ကုပ်အထက်တွင် မြန်မာဗျည်း အက္ခရာ 'ဗ' (ဗထက်ခြိုက်)နှင့် သဏ္ဍာန်တူသော အနီရောင် အစက်ကလေးတစ်ခုကိုသာ ရှာတွေ့လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

ထိုအမှတ်အသားလေးသည် မြန်မာအက္ခရာ 'ဗ'ပုံစံကို တိတိကျကျ ရေးသားထားသည်နှယ် တူလှပေသည်။ အရောင်မှာ အနီရောင်ဖြစ်ကာ အနီရောင် မင်ဖြင့် အသားပေါ်တွင် ရေးထားသကဲ့သို့ ရှိနေလေသည်။

သားကလေး၏ အမှတ်အသားနှင့် ပတ်သက်၍ အများနှင့်မတူ ထူးခြားမှုကို ထိုမျှလောက်ပဲ မှတ်သားထားခဲ့လေသည်။

သို့သော် တစ်နေ့သ၌ သားကိုနို့တိုက်နေသော မိမိရီ နောက်ကျောမှ ရပ်၍ သားကိုစီးမိုးကြည့်ရင်း ချော့မြူနေစဉ်တွင် ဒေါက်တာမျိုးနောင်သည် မိမိရီ၏ လည်ကုပ်မှထူးခြားမှုကို သတိပြုမိလိုက်လေ၏။

"ဟင် ... ရီလေးမှာလည်း လည်ကုပ်မှာ အမှတ်ကြီးနဲ့ပါလား။ ဟာ ... သားလေးလည်ကုပ်က အမှတ်နဲ့ တထေရာတည်းပါလား။ ဗထက်မြိုက်ပုံ အနီရောင်ကြီး။ ရီလေး ... ရီလေးမှာလည်း သားလို အမှတ်အသားပါတာပဲနော်"

မိမိရီက ဒေါက်တာမျိုးနောင်အား အံ့ဩစွာ မော်၍ကြည့်လိုက်သည်။

"ရီလေးလည်ကုပ်မှာ ဘာအမှတ်အသားမှ မရှိပါဘူး ဆရာ"

"လည်ကုပ်မှာဆိုတော့ ရီလေး မမြင်ရလို့ ဖြစ်မှာပေါ့။ ကြည့်ပါဦး ဗထက်မြိုက်ပုံက သားလေးလည်ကုပ်ကအတိုင်းပဲ။ အရောင်ကလည်း အနီရောင် သားအမိနှစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် တူပဲတူလွန်းတယ် ရီလေးရယ်"

"ဆရာ ... လည်ကုပ်ကအမှတ်ကို ရီလေး မမြင်နိုင်ဘူးဆိုပေမဲ့ အမှတ်ပါရင် ရီလေး သိရမှာပေါ့ဆရာ။ မေမေတို့ ပြောမှာပေါ့။ ရီလေးမှာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အမှတ် အရင်က မရှိပါဘူး။ ဆရာရော အရင်က သတိထားမိလို့လား ပြန်စဉ်းစားပါဦး''

မိမိရီ အပြောကြောင့် ဒေါက်တာမျိုးနောင်သည် မိမိရီ လည်ကုတ်မှ အမှတ်ကို မာတ်မီးဖြင့်ထိုးကာ အသေအချာ စစ်ဆေးကြည့်ခဲ့လေသည်။ အနီရောင် အမှတ်ကလေးသည် လည်ကုပ်တွင် မင်နီဖြင့် အသေအချာ ရေးသားထားသည့်သဖွယ် စွဲထင်နေပေ၏။ အမှတ်နေရာတွင် အရေပြားဖောင်းကြွနေခြင်း မရှိပါ။ မွေးရာပါအမှတ်ဟုပင် ထင်ရလေသည်။

''နောက်ကျောဘက်ကဆိုတော့ ရီလေးမှာ အရင်က ဒီအမှတ်ရှိမရှိ ကိုကြီးလည်း သတိမထားမိဘူး ရီလေး။ မွေးရာပါ အမှတ်ဆိုရင်လည်း ထူးတော့ ဆော်တော်ထူးတာပဲ။ အမေရော သားရော နှစ်ယောက်စလုံးမှာ နေရာတစ်ခုတည်း ပုံစံတူအမှတ်တစ်ခုစီ ရှိနေဟာ ဖြစ်တောင့်ဖြစ်ခဲပဲလေ''

''ဟုတ်လား ဆရာ၊ သားအမှတ်နဲ့ ရီလေးလည်ကုပ်က အမှတ် ဆော်တော်တူသလား။ ဒါဖြင့် ဒီတစ်ခေါက်မြန်မာပြည် စာရေးရင် မေမေတို့ကို ရီလေးမှာ အဲဒီအမှတ် မွေးကတည်းက ပါတာ ဟုတ်,မဟုတ် စာရေးပြီး မေးကြည့်ဦးမှပဲ''

•

www.burmeseclassic.com

www.burmeseclassic.com

ဗထက်မြိုက်အကွရာအမှတ်အသားနှင့် ပတ်သက်၍ ထူးခြားမှုသည် ထိုမျှနှင့် ပြီးဆုံးမသွားခဲ့ချေ။

တစ်နေ့တွင် ဒေါက်တာမျိုးနောင် ရေချိုးပြီး ရေချိုးခန်းမှ ထွက်လာခဲ့သည်။ အခန်းထဲမှ ကိုယ်လုံးပေါ်မှန်ရှေ့တွင် မျက်နှာသုတ်ပဝါနှင့် တစ်ကိုယ်လုံးရှိ ရေများကို ပွတ်သုတ်လျက်ရှိစဉ် မိမိရီသည် ကလေးကိုချီလျက် အခန်းထဲသို့ ဝင်လာလေသည်။

မိမိရီက ဒေါက်တာမျိုးမနောင်နောက်တွင် ဝင်ရပ်လိုက်လေသည်။

"အို ... ကြည့်စမ်း"

မိမိရီနှုတ်မှ အာမေဋိတ်သံတစ်ခု ထွက်ပေါ်လာလေ၏။

"ဘာလဲ ရီလေး"

"ကြည့်စမ်းပါဦး ဆရာ၊ ဆရာ့လည်ကုပ်မှာ သားလေးလို ဗထက်မြိုက် အကွရာကြီးနဲ့ပါလား"

"ဘာ"

'ဟုတ်တယ် ဆရာ၊ ရီလေး သေချာကြည့်ပါရစေ၊ ခုံမှာ ထိုင်လိုက်ပါလား ဆရာ"

ဒေါက်တာမျိုးနောင်က သူ့ထက် အရပ်မြင့်နေ၍ လည်ဂုတ်မှ အမှတ်ကို သေချာမြင်နိုင်စေရန် ထိုင်ခိုင်းလိုက်ခြင်း ဖြစ်လေသည်။

ဒေါက်တာမျိုးနောင်က မှန်တင်ခုံရှေ့မှ ခုံလေးတွင် ထိုင်လိုက်လေသည်။

မိမိရီသည် ကလေးကို ပုခက်ပေါ် သွားတင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့နော် ဆရာ"

မိမိရီက ဒေါက်တာမျိုးနောင်၏လည်ကုပ်မှ သူမြင်လိုက်သော အမှတ်ကို သေချာစွာ စစ်ဆေးကြည့်လေသည်။ လက်နှင့် သေချာပွတ်သပ်ကြည့်သည်။

"ဟုတ်တယ်ဆရာ၊ ဒါအမှတ်ပဲ၊ အရောင်ကလည်း အနီရောင်ပဲ၊ ဆရာ့မှာ အရင်က ဒီအမှတ်မရှိဘူး မဟုတ်လား"

"သေချာသလား ရီလေးရယ်၊ ဒီအမှတ်မျိုး ကိုကြီးမှာ တစ်သက်လုံး မရှိခဲ့ပါဘူး။ ရီလေးမှာလည်း အရင်ကမရှိဘဲ ခုမှ ဒီလို အမှတ်မျိုး ပေါ်လာတယ် ဆိုတော့ အထူးအဆန်းတွေ ဖြစ်ကုန်ပြီ ရီလေး"

"နေဦးဆရာ၊ ဆရာ မြင်ရအောင် ရီလေး ပြမယ်"

မိမိရီက သူမ သနပ်ခါး လိမ်းရာတွင် ကြည့်သည့် မှန်ကို သွားယူကာ နောက်ကျောဘက်မှ ထောင်ပြလိုက်သည်။ မှန်ထဲမှ ပုံရိပ်သည် ကိုယ်လုံးပေါ် မှန်ကြီးတွင် ပြန်၍ထင်ဟပ်ကာ သူ့လည်ကုပ်မှ ဗ–အက္ခရာအမှတ်အသားလေးကို ဒေါက်တာမျိုးနောင် ထင်ထင်ရှားရှား မြင်တွေ့လိုက်ရလေတော့၏။

"ဟုတ်သားပဲ၊ အရောင်ကလည်း အနီရောင်ပဲ။ ရီလေး လည်ကုပ်က အမှတ်ကလည်း ဒီအရွယ် ဒီအရောင်ပဲ ရီလေး"

"ဒါတွေ ဘာလို့ ဖြစ်လာရတာပါလိမ့်။ သားလေးကတော့ မွေးရာပါ အမှတ်ဆိုတာ သေချာတယ်။ ဆရာနဲ့ ရီလေးက ခုမှပေါ်လာကြတာ၊ သိလား ဆရာ"

"ရီလေးမိဘတွေကို စာရေးပြီး မေးမနေနဲ့တော့ ရီလေး။ ရီလေးမှာလည်း မွေးရာပါမဟုတ်ဘဲ ပေါ်လာတာဆိုတာ ကိုကြီး ယုံပြီ"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီလို ဘာလို့ဖြစ်တယ်လို့ဆရာ ထင်လဲဟင်"

"မသိနိုင်ဘူး ရီလေး၊ ကိုကြီး ဆေးစာအုပ်တွေ ပြန်ဖတ်ကြည့်ပါ မယ်။ ဘာမှ စိတ်အနှောင့်အယှက်မဖြစ်နဲ့နော် ရီလေး"

"ဟုတ်ကဲ့ပါ ဆရာ"

●

www.burmeseclassic.com

www.burmeseclassic.com

သားလေး၏ ဗထက်ခြိုက်ပုံအမှတ်မှာ မွေးရာပါဖြစ်၍ ဘာသံသယမှ ဖြစ်စရာမလို၊ ရှင်းလင်းပေသည်။

ပဟေဠိဖြစ်ရသည်မှာ မိခင်နှင့်ဖခင်တို့တွင် မွေးရာပါ အမှတ်အဖြစ် ပါမလာခဲ့ပါဘဲ ယခုမှ သားနှင့်အတူ တစ်နေရာတည်းတွင် ပုံစံတူအမှတ်အသားများ ဘာကြောင့်ပေါ်လာခဲ့ရပါသလဲ။

ဒေါက်တာမျိုးနောင် ဦးနှောက်ခြောက်ခဲ့ရလေ၏။

ဗထက်ခြိုက်ပုံအမှတ်အသားများနှင့် ပတ်သက်၍မူ ပန်းကန်ပြားပျံနှင့် ဆက်စပ်လိမ့်မည်ဟု ထိုစဉ်က ဒေါက်တာမျိုးနောင် မစဉ်းစားခဲ့မိချေ။

●

www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်ပြားပုံနှင့် နောက်တစ်ကြိမ်ကြုံဆုံရခြင်းမှာ ပထမအကြိမ်နှင့် အချိန်ကာလချင်းတစ်နှစ်တိတိ ကွာခြားပါလေသည်။

ဒေါက်တာမျိုးနောင်သည် ဆေးရုံမှ လက်ထောက် ဆရာဝန်တစ်ဦးပင် ဖြစ်သော်လည်း အနီးအပါးမှ မြို့ကလေးများသို့ ခရီးတိုအဖြစ် မကြာခဏ သွား ရောက်ရလေ့ ရှိပါသည်။

ဒေါက်တာမျိုးနောင် တာဝန်ထမ်းဆောင်သော ဆေးရုံသည် နာမည် ကြီးဆေးရုံတစ်ခု ဖြစ်လေရာ တက်ရောက်ကုသသောလူနာများရှိသလို၊ ကျန်းမာ ရေးအတွက် အမြဲဆက်သွယ်၍ ဆေးစစ်ဆေးနေသူများ၊ ဆွေးနွေးအကြံဉာဏ် တောင်းခံသူများလည်း ရှိကြလေသည်။ ထိုသို့ ဆေးရုံနှင့် အမြဲအဆက်အသွယ် ပြုသူများမှာ သူဌေးသူကြွယ်များ ဖြစ်ကြလေသည်။

ဒေါက်တာမျိုးနောင်တို့လို ဆရာဝန်များသည် မိမိဖောက်သည်များအား အိမ်တိုင်ရာရောက် ဆေးစစ်ပေးခြင်း၊ ဆေးရုံမှဆင်းသွားသော လူနာများအား Follow-Up ခေါ် နောက်တစ်ကြိမ် ပြန်လည်စစ်ဆေးပေးခြင်းများ ပြုလုပ်ရလေ သည်။

ယင်းသို့ဖြင့် ဒေါက်တာမျိုးနောင်သည် အနီးအပါးမြို့ကလေးများသို့ မကြာခဏ သွားရောက်ခဲ့ရလေသည်။

ထိုအခေါက်က ကိုးလ်ဘရွတ်မြို့ရှိ မိလျံနာသူဌေးတစ်ယောက်အား အချိန်မှန်ဆေးစစ်ဆေးမှုပြုလုပ်ရန် သွားရောက်ခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးလ်ဘာရှုတ်မြို့သည် ပို့စ်မောက်မြို့မှ မိုင် ၁၇၀ ဝေးလေသည်။ ထိုမြို့ကလေးမှာ နိုင်ရာဂရာရေတံခွန်မှ အပြန်လမ်းတွင်ရှိသော ရှေးဟောင်းမြို့ကလေး ဖြစ်လေသည်။ ရေတံခွန်မှ ပြန်လာစဉ်ကလည်း ဤကိုးလ်ဘာရှုတ်မြို့ကလေးကို ဖြတ်ကျော်ဖူးလေ၏။

ကိုးလ်ဘာရှုတ်မှ ဒေါက်တာမျိုးနောင် ပြန်လာချိန်သည် ညနေခင်းအချိန်ဖြစ်၍ လွန်ခဲ့သောတစ်နှစ်က ရေတံခွန်အပန်းဖြေခရီးမှ ပြန်လာသောခရီးစဉ်ကို ဒေါက်တာမျိုးနောင် အမှတ်ရမိသေးသည်။ ရာသီမှာလည်း ယခင်အခေါက်ကကဲ့သို့ အအေးကဲသော ဆောင်းရာသီပင် ဖြစ်လေသည်။

ယခုတစ်ခေါက်တော့မူ အလုပ်ကိစ္စနှင့်ဖြစ်၍ ကားထဲ၌ ဒေါက်တာမျိုးနောင်တစ်ယောက်တည်း ဖျင်းရိတိတ်ဆိတ်စွာ ပြန်လာခဲ့ရလေသည်။

သူ့ကားလေးသည် အမှတ် (၃) အဝေးပြေးလမ်းမကြီးထဲသို့ ဝင်လိုက်လေသည်။

မကြာမီ နိုင်ငံတော်သစ်တောကြီးပိုင်းအတွင်းသို့ ရောက်ရှိသွားလေ၏။

ယခင်နှစ်က ပန်းကန်ပြားပျံကိုတွေ့ခဲ့သည့်နေရာ အရောက်တွင် ဒေါက်တာမျိုးနောင်က မှတ်မှတ်ရရ နာရီကိုကြည့်လိုက်လေသည်။ နာရီက ၈ နာရီ ၄၅ မိနစ်ကို ညွှန်ပြနေ၏။ ဒေါက်တာမျိုးနောင်သည် ယခင်အခေါက်က ကားထဲမှာထိုင်နေရင်း နာရီပျောက်သွားသည်ကိုလည်းကောင်း၊ မိမိရီ နာရီရပ်သွားသည်ကိုလည်းကောင်း သတိရကာ အချိန်ကို သေချာမှတ်သားထားလိုက်လေ၏။

ထိုစဉ်တွင် သူ့ကားနှင့် ရှေ့တည့်တည့်ကောင်းကင်ထက်မှ လင်းလက်သောအရာတစ်ခု ဦးတည်၍ပျံသန်းလာနေသည်ကို မြင်လိုက်သည့်အခါ အံ့ဩသွားလေသည်။

ဒေါက်တာမျိုးနောင်က ပန်းကန်ပြားပျံအကြောင်း တွေးနေစဉ်မို့ အမြင်မှားကာ မြင်မိလေခြင်းလားဟုတွေးကာ မျက်လုံးများကိုပွတ်သပ်၍ ရှေ့မှ ကောင်းကင်ဆီ တစ်ဖန် ကြည့်လိုက်ပြန်သည်။ သူ့အမြင်မမှားပါ၊ သူ့ကားရှိရာသို့ တကယ်ပင် ယာဉ်ပျံတစ်စီး ဦးတည်လာရောက်လျက် ရှိလေ၏။

ထိုယာဉ်ပျံသည် ယခင်အခေါက်က မြင်ခဲ့ရသော ယာဉ်ပျံအမျိုးအစားအတိုင်းပင် ဖြစ်လေသည်။ ပုံစံတူခြင်းသာမကဘဲ ယခင်အခေါက်က တွေ့ခဲ့ရသော ပန်းကန်ပြားပျံကြီးပင် ဖြစ်ကောင်းဖြစ်နိုင်ပါသေးသည်။

ဒေါက်တာမျိုးနောင်က ဒီတစ်ခါတော့ သတိလက်လွှတ် မဖြစ်စေရန် အထူးပင် သတိထားနေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com




ပန်းကန်ပြားပျံသည် သူ့ကားအပေါ်တည့်တည့်အရောက်တွင် ယခင်အခေါက်ကကဲ့သို့ပင် ငှင်း၏ဦးတည်ရာသို့ ဆက်ပျံသန်းမသွားဘဲ လားရာကို ပြန်တုံ့ကာ ဒေါက်တာမျိုးနောင်၏ကားနောက်သို့ ကောင်းကင်ထက်မှ လိုက်ပါလာလေသည်။

ယာဉ်ပျံသည် ကားရှိရာသို့ တဖြည်းဖြည်း နိမ့်ဆင်းလာခဲ့ရာ ယာဉ်၏ ပြတင်းပေါက်တွင် မတ်တတ်ရပ်နေသောလူတစ်ယောက်ကို ထင်ထင်ရှားရှား မြင် ရသည်ထိ နီးကပ်လာလေ၏။

ဒေါက်တာမျိုးနောင်သည် ယာဉ်ပေါ်မှ မတ်တတ်ရပ်နေသောသူကို မြင်လိုက်သည့်အခါ သိပေါင်းကျွမ်းပေါင်း တစ်ယောက်ကို တွေ့လိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။ အမှန်တော့ ယာဉ်ပေါ်မှလူကို ပီပီပြင်ပြင် သဲသဲကွဲကွဲ မြင်ရခြင်း မဟုတ်ပေ။ ထိုသူကို ယခင်ကတွေ့ကြုံဆက်ဆံခဲ့ဖူးသယောင် ထင်မြင်မိခြင်းမှာ ဘာကြောင့်ဟု ဒေါက်တာမျိုးနောင် မဝေခွဲတတ်ခဲ့ချေ။

ယာဉ်ပေါ်မှာ မတ်တတ်ရပ်နေသောသူသည် လူတစ်ယောက်လည်း ဟုတ်ချင်မှ ဟုတ်ပေမည်။ သူ့အသွင်မှာ ခန္ဓာကိုယ်ရှိ ကောက်ကြောင်းများ မပေါ်လွင်ဘဲ စီးကရက်တစ်လိပ် ထောင်ထားသကဲ့သို့ ရှည်မျောမျော၊ ဒေါင်လိုက်ကြီး ဖြစ်နေသည်။



ရုရှားနိုင်ငံတွင် ထင်ရှားစွာ တွေ့မြင်လိုက်ရသည့် ပန်းကန်ပြားပျံကြီး

www.burmeseclassic.com



ထိုစဉ် 'တီ ... တီ ... တီ ... တီ' ဆိုသည့် သံရှည်ဆွဲ၍ မြည်သံများ ကားအမိုးပေါ်မှ ထွက်ပေါ်လာလေ၏။ ယမန်နှစ်ကလည်း ကားပေါ်တွင် သတိလက်လွတ်မဖြစ်မီ ထိုသို့ တတီတီ အသံများ ကြားခဲ့ရခြင်းကို ပြန်လည်မှတ်မိလာလေသည်။

ဒေါက်တာမျိုးနောင် စဉ်းစားနေဆဲမှာပင် ပန်းကန်ပြားပျံသည့် လမ်းဘေးတစ်နေရာသို့ ဆင်းသက်လိုက်လေ၏။

ပန်းကန်ပြားပျံ မြေပေါ်တွင် ရပ်နားလိုက်သည်နှင့် တစ်ပြိုင်တည်း ဒေါက်တာမျိုးနောင်၏ကားသည်လည်း နေရာမှာပင် တုံ့ခနဲ ရပ်တန့်သွားသည်ကို တွေ့လိုက်ရလေသည်။

ဒေါက်တာမျိုးနောင်က လီဗာကိုဖိနင်းကာ ကားကိုအရှိန်မြှင့်ရန် ကြိုးစားသော်လည်း ကားက တုပ်တုပ်မှပင် မလှုပ်တော့ပေ။

ဒေါက်တာမျိုးနောင် သိလိုက်ပေပြီ။

ပန်းကန်ပြားပျံပေါ်မှ ဂြိုဟ်သားများသည် သူ့ကိုဖမ်းဆီးတော့မည ဆိုတာကို သိလိုက်လေ၏။ ယခုအချိန်ထိ သတိလက်လွတ်မဖြစ်သေးသည့်အတွက်လည်း ဂြိုဟ်သားများလက်မှ လွတ်မြောက်ရာလမ်းကို ကြံစည်နေမိလေ၏။

သူသည် ဆက်မောင်းမရသော ကားပေါ်၌ပင် ထိုင်နေကာ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေခဲ့လေသည်။

ယခုအခါတွင် ဒေါက်တာမျိုးနောင်သည် ယခင်နှစ်က သူတို့လင်မယား သတိလက်လွတ်ဖြစ်နေစဉ် ဂြိုဟ်သားများက ပန်းကန်ပြားပျံပေါ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခပ်ရေးရေး မှတ်မိလာပေပြီ။

သူတွေးနေစဉ်မှာပင် ပန်းကန်ပြားပျံပေါ်မှ ဂြိုဟ်သား ၆ ဦးဆင်းလာကာ သူ့ကားဆီသို့ ရောက်လာကြလေ၏။ ဂြိုဟ်သားများသည် လမ်းလျှောက်လာခြင်းမဟုတ်ဘဲ အလိုလိုရွေ့မျောကာ လျင်မြန်စွာပင် သူ့ကားဘေးသို့ ရောက်လာသည်ကို အံ့ဩစွာပင် မြင်တွေ့လိုက်ရလေသည်။

ဒေါက်တာမျိုးနောင်က ဂြိုဟ်သားများကို ကားပေါ်မှ ကြည့်နေရင်း ရှေ့ဆုံးမှ ဂြိုဟ်သားကို မှတ်မိလိုက်လေပြီ။ ထိုဂြိုဟ်သားသည် ပန်းကန်ပြားပျံ ပြတင်းဝတွင် မတ်တတ်ရပ်နေသူပင် ဖြစ်လေ၏။ ယခင်နှစ်က သူတို့လင်မယားကို ဖမ်းဆီးခေါ်ဆောင်ရာ၌ ဦးဆောင်ခဲ့သူဖြစ်ကြောင်းကိုလည်း အမှတ်ရလိုက်ပေပြီ။

ပို၍သေချာသောအချက်မှာ မနှစ်က သူပျောက်သွားသော ရိုးလက်စ်လက်ပတ်နာရီကို ထိုဂြိုဟ်သား၏လက်တွင် ပတ်လျက်သား တွေ့လိုက်ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သွားကြ ... သွားကြ၊ ကျုပ်ကို ဒုက္ခမပေးနဲ့"

ဒေါက်တာမျိုးနောင်သည် ယမန်နှစ်က ကြုံဆုံခဲ့ရသော အဖြစ်အပျက်များကို အားလုံးမှတ်မိလိုက်ကာ သူ့ကို ဖမ်းဆီးရန်ရောက်လာသော ဂြိုဟ်သားများအား အသံကုန်ဟစ်အော်ဟစ်တားဆီးလိုက်လေသည်။

"စိတ်မရှိပါနဲ့ မိတ်ဆွေကြီး။ ခင်ဗျားကို ကျွန်တော်တို့က ဒုက္ခပေးမှာမဟုတ်ဘဲ စကားစမြည် ပြောရုံလောက်ပါ။ တစ်ခဏလောက် လိုက်ခဲ့ပေးပါ မိတ်ဆွေကြီး ဒေါက်တာမျိုးနောင်"

ရှေ့ဆုံးမှခေါင်းဆောင်ဂြိုဟ်သားသည် ရှင်းလင်းပီသသော အင်္ဂလိပ်စကားဖြင့် ချိုသာစွာပြောကြားလိုက်ခြင်း ဖြစ်လေသည်။ သူ၏အသံ၌ ဒေါက်တာမျိုးနောင်အား ရင်းနှီးချစ်ခင်သော လေသံများ ထင်ဟပ်နေပေသည်။ ဒေါက်တာမျိုးနောင်၏ အမည်ကိုလည်း ဂြိုဟ်သားသည် မှတ်မိနေပါကလား။

မည်သို့ပင်ဆိုစေ အပြောအဆိုချိုသာသော်လည်း ဂြိုဟ်သားများ၏ ဆက်ဆံရေးက ဒေါက်တာမျိုးနောင်အပေါ်တွင် ကြမ်းတမ်းခဲ့ပေသည်။

ခေါင်းဆောင်ဂြိုဟ်သားက ခေါင်းဆတ်၍ပြလိုက်သည်နှင့် ကျန်ဂြိုဟ်သား ၅ ဦးက ကားတံခါးကိုဆွဲဖွင့်ကာ ဒေါက်တာမျိုးနောင်အား ဖမ်းဆီးချုပ်နှောင်လိုက်ကြလေသတည်း။

•

•

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် မနောသုတေသီတစ်ဦး ဖြစ်သည့်အားလျော်စွာ မနောဝိညာဉ်ဆိုင်ရာ အမှုတွဲများကို လေ့လာသုတေသန ပြုခဲ့ပေသည်။ ကျွန်ုပ် လေ့လာခွင့်ရရှိခဲ့သော အမှုတွဲများမှာလည်း များပြားလှပေပြီ။

ကျွန်ုပ်သည် မနောဝိညာဉ်သုတေသီဟု နာမည်ခံထားသော်လည်း အမှန်စင်စစ် ကျွန်ုပ် လေ့လာခွင့်ကြုံခဲ့ရသောအမှုတိုင်းမှာ ဝိညာဉ်နာနာဘာဝနှင့် ပတ်သက်သည့် အမှုများချည်း မဟုတ်ပေ။ ကျွန်ုပ်အား အားကိုးသည့်သူများက ထူးဆန်း၍ အဖြေရှာရန်ခဲယဉ်းသော အမှုမှန်သမျှအား ကျွန်ုပ်အကူအညီပေးရန် အပ်နှံလေ့ရှိကြပေ၏။

အမှုတစ်ခုကို ရေဆုံးရေဖျား လေ့လာလိုက်သည့်အခါ ထိုဖြစ်ရပ်သည် မနောသုတေသနလုပ်ငန်းနှင့် ပတ်သက်မှုမရှိသည်များကိုလည်း တွေ့ကြုံခဲ့ရပေသည်။

ကျွန်ုပ်သည် မနောဝိညာဉ်သုတေသီဟု နာမည်ခံထားသော်ငြား အထက်ပါအတိုင်း ကိုယ်နှင့်မပတ်သက်သော ဘာသာရပ်များကို လေ့လာခွင့်ကြုံနေရခြင်းမှာ အခြားကြောင့်မဟုတ်။ ကျွန်ုပ်သည် သုတေသီတစ်ဦး သက်သက်မဟုတ်ဘဲ ဆရာဝန်တစ်ဦးလည်းဖြစ်နေသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။

ထို့အပြင် Super natural ဟုခေါ်သော သဘာဝလွန် ထူးခြားဆန်းကြယ်ဖြစ်ရပ်မှန်သမျှအား အဖြေရှာရှင်းလင်းရာ၌ ကျွန်ုပ်အား အားကိုးအားထားပြု၍ လာရောက်အကူအညီတောင်းခံကြသောကြောင့်လည်း ဖြစ်ပေလိမ့်မည်။

ယခုဖော်ပြမည့် ဇာတ်ကြောင်းမှာ ပန်းကန်ပြားပျံ၊ စကြဝဠာအတွင်းမှ အခြားဂြိုဟ်များ၊ ဂြိုဟ်သားများနှင့် ပတ်သက်နေသောဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပေသည်။ အဆိုပါဖြစ်ရပ်ကို ကျွန်ုပ်သည် ၂၀၀၄ ခုနှစ်အတွင်းက ကြုံဆုံခဲ့ရခြင်း ဖြစ်ပေသတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

တစ်ရေ့သဲ့ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ဦးသည် ကျွန်ုပ်နေအိမ်သို့ ရောက်ရှိလာခဲ့လေသည်။

*အိမ်ရှေ့မှလူခေါ်ခေါင်းလောင်းကို နှိပ်သံကြားရသဖြင့် ကျွန်ုပ် အိမ်ရှေ့*သို့ထွက်လာခဲ့ရာ ခေတ်ဆန်စွာ ဝတ်ဆင်ထားသော ထိုမိန်းကလေးကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

မိန်းမငယ်မှာ အသက် ၂၀ ဝန်းကျင်ခန့်ဖြစ်ပြီး ယခုခေတ်မော်ဒယ်မိန်းကလေးများသဖွယ် ဝတ်ဆင်ထားပေ၏။ ကျွန်ုပ်သည် မိန်းကလေး၏အသက်အရွယ်နှင့် အပြင်အဆင်ကိုကြည့်ပြီး အံ့သြသွားရလေသည်။ ကျွန်ုပ်၏လုပ်ငန်းသဘောသဘာဝအရ ဒီလိုအသက်အရွယ်မျိုးက ကျွန်ုပ်ထံ လာရောက်ခြင်းမှာ ရှားပါးလှပေသည်။

"ဘာကိစ္စများလဲကွယ့်"

ကျွန်ုပ်က မိန်းကလေးကို ကြည့်ရင်း မေးမြန်းလိုက်လေသည်။

"အန်ကယ်ကြီးက ဒေါက်တာစိုးထိုက်လားရှင့်"

"ဟုတ်ပါတယ်ကွယ်"

"သမီးကို ဝင်ခွင့်ပြုပါ အန်ကယ်။ သမီးကို သမီးတို့ဘဘက အန်ကယ့်ဆီလွှတ်လိုက်လို့ပါ"

ကျွန်ုပ်က မိန်းမငယ်အား အိမ်တံခါး ဖွင့်ပေးလိုက်လေသည်။

"ထိုင်ပါကွယ်"

မိန်းကလေးကို ဧည့်ခန်း၌ထိုင်စေကာ သူမ၏ 'ဘဘ' ဆိုသူမှာ မည်သူဖြစ်ကြောင်း မေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ဘဘက အန်ကယ့်အသိထဲကများလား။ ဘယ်သူများလဲ။ ဘာကိစ္စအတွက် လွှတ်လိုက်တာလဲ သမီး"

"ဘဘကို အန်ကယ် သိမှာမဟုတ်ပါဘူး။ ဘဘကလည်း အန်ကယ်နဲ့ သူနဲ့ မသိဘူးလို့ ပြောလိုက်ပါတယ်။ ဘဘက သူ ကိုယ်တိုင်လာချင်ပေမဲ့ သေဖြတ်နေလို့ အိပ်ရာထဲ လဲနေပါတယ် အန်ကယ်"

"ဪ ... "

"ဪ ... အန်ကယ်၊ သမီးနာမည်က မြစန္ဒီလို့ ခေါ်ပါတယ်။ သမီးဘဘဆိုတာက သမီးနဲ့စေ့စပ်ထားတဲ့ အမျိုးသားရဲ့ ဘကြီးပါ။ အမျိုးသားနဲ့ ဆပ်မှတော်တဲ့ ဘကြီးတစ်ယောက်ပါ အန်ကယ်"

ကျွန်ုပ်သည် မြစန္ဒီ၏စကားကိုနားထောင်ရင်း စဉ်းစားနေမိသည်။

ဘကြီးဆိုသူသည် သူ၏တူဖြစ်သူကို ကျွန်ုပ်ထံ မစေလွှတ်ဘဲ တူနှင့် စေ့စပ်ထားသည့် မိန်းကလေးကိုမှ ဘာကြောင့် ကျွန်ုပ်ထံလွှတ်လိုက်သည်မသိ။

"ဘဘ နာမည်ပြောပြရင် အန်ကယ် သိချင်သိပါလိမ့်မယ်။ ဘဘက တစ်ချိန်တုန်းက ဌာနမှာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ တာဝန်ထမ်းဆောင်ဖူးပါ တယ်ရှင့်၊ နာမည်က ဦးမျိုးမောင်ပါ"

"ဪ ... ဟုတ်ပါပြီ၊ မရင်းနှီးပေမဲ့ ကြားဖူးပါတယ်ကွယ်"

"ဘဘက သူကိုယ်တိုင်မလာနိုင်တာဟာ လေဖြတ်နေလို့ပါဆိုတာ အန်ကယ့်ကို ပြောပြပြီး တောင်းပန်ဖို့ သေချာမှာလိုက်ပါတယ်ရှင့်"

"ကိစ္စမရှိပါဘူး မြစန္ဒီ၊ ကျန်းမာရေးမကောင်းတော့လည်း ဘယ်လာ နိုင်မလဲကွယ်။ အန်ကယ့်ဆီ ဘာအတွက် လွှတ်လိုက်တယ်ဆိုတာသာပြောပါဦး"

"ဘဘက စာရေးပေးလိုက်ပါတယ် အန်ကယ်၊ ဒီမှာပါ"

မြစန္ဒီက သူမ၏ပိုက်ဆံအိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူပြီး ကျွန်ုပ်အား ပေးလိုက်လေသည်။

ကျွန်ုပ်က စာကိုဖောက်၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း ဖတ်ရှုရလေ သတည်း။

ဆရာကြီး ဒေါက်တာစိုးထိုက်ခင်များ -

ကျွန်တော်သည် ဆရာကြီး၏ စာဖတ်ပရိသတ်တစ်ယောက် ဖြစ် ပါသည်။ ဆရာကြီးရေးသားသော မနောဝိညာဉ်ဆိုင်ရာအမှုတွဲများကို နိုင်ငံခြားမဂ္ဂဇင်းများ၌ ဖတ်ရှုဖူး၍ ဆရာကြီးကို လေးစားရင်းစွဲရှိသူ တစ်ယောက် ဖြစ်ပါသည်။

ကျွန်တော့်အမည်မှာ ဦးမျိုးမောင် ဖြစ်ပါသည်။ ယခင်က ဌာနတွင်



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားရေးမှူးချုပ်ရာထူးအထိ အစိုးရတာဝန်ထမ်းဆောင်ဖူးပါသည်။ ယခုအခါ သက်ပြည့်ပင်စင်ယူပြီးနောက် လေဖြတ်သွားပါသဖြင့် ပြင်ပသို့ သွားရောက်နိုင်ခြင်းမရှိပါ။

ဆရာကြီးအား အကူအညီတောင်းရာတွင် တယ်လီဖုန်းဆက်၍ အကျိုးအကြောင်းပြောပြရန် စိတ်ကူးရှိသော်လည်း မလေးစားရာကျမည်စိုး၍ လူကြုံဖြင့် စာရေးအကြောင်းကြားလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ပြဿနာအခက်အခဲတစ်ခု ကြုံတွေ့နေရပါသဖြင့် ဆရာကြီးအား တွေ့ဆုံလိုပါသည်။ ပြဿနာမှာ ဆရာကြီးသုတေသနပြုနေသော ဘာသာရပ်နှင့် သက်ဆိုင်လှသည် မဟုတ်သော်လည်း အိပ်ရာမှမထနိုင်သည့် ကျွန်တော့်အတွက် အခြားအားကိုးလောက်သူ စဉ်းစားမရပါ၍ ဆရာကြီးထံ အကူအညီတောင်းခံရခြင်း ဖြစ်ပါသည်။

ဆရာကြီးအနေဖြင့် အကြံဉာဏ် ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်တော်၏ ဖိတ်ခေါ်ချက်အား လက်ခံမည်ဟုလည်း မျှော်လင့်ပါသည်။

ကျွန်တော့်မှာ လေဖြတ်ထားသော ဝေဒနာသည်တစ်ယောက်ဖြစ်နေ၍ ဆရာကြီးထံသို့ ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်ခြင်းကို နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်ပါသည်။

ကျွန်တော်ကြုံတွေ့နေရသော ပြဿနာနှင့် ပတ်သက်၍ စာဖြင့်ရေးပြလျှင် အလွန်ရှည်လျားမည် ဖြစ်ပါသည်။ လိပ်ပတ်လည်အောင်လည်း မရေးသားတတ်ပါ။ လိုအပ်သော အထောက်အထား၊ စာရွက်စာတမ်းများကိုပါ ဆရာကြီးအား ပြသ၍ရှင်းပြပါမှ ဆရာကြီးအနေနှင့်လည်း ရေလည်လိမ့်မည်ဟု ထင်ပါသည်။

သို့ပါ၍ ကျွန်တော်၏နေအိမ်သို့ ဆရာကြီး အားလပ်သောရက်တွင် လာရောက်ပေးပါရန် တောင်းပန်အပ်ပါသည်။

ကျွန်တော်၏လိပ်စာနှင့်တကွ လာရောက်မည့်ရက်ကို ကြိုတင်အကြောင်းကြားနိုင်ရန် တယ်လီဖုန်းနံပါတ်ပါ ထည့်ပေးလိုက်ပါသည်။

လေးစားလျက်

ဖျိုးမောင်

(ညွှန်ချုပ်(ငြိမ်း)

www.burmeseclassic.com



ဦးမျိုးမောင်၏စာ၌ သူရင်ဆိုင်နေရသော ပြဿနာကို ထည့်ရေးမထား ပါပေ။

ကျွန်ုပ်အနေဖြင့် စာအရေးအသားအရလည်းကောင်း ဦးမျိုးမောင်၏ ရာထူးဂုဏ်သိန်အရလည်းကောင်း၊ လက်ရှိနာမကျန်းဖြစ်နေသော အဘိုးအို တစ်ယောက်၏စိတ်ဆန္ဒအားငဲ့ကွက်၍လည်းကောင်း ဦးမျိုးမောင်၏ ဖိတ်ခေါ်မှုကို ငြင်းပယ်ရန်အကြောင်း မရှိပါပေ။

သို့ဖြင့် ကျွန်ုပ်သည် အထူးအထွေစဉ်းစားမနေဘဲ မနက်ဖြန်ညနေမှာ ပင် လာရောက်မည်ဖြစ်ကြောင်းကို မြစန္ဒီအား တစ်ပါတည်း စကားပြန်ကြား လိုက်လေသည်။

"ကျေးဇူးတင်လိုက်တာ အန်ကယ်၊ ဘဘက အန်ကယ့်ကို သိပ်တွေ့ ချင်နေတာပါ။ အန်ကယ် လာမှလည်း အဝင်း ရဲ့ပြဿနာတွေ ရှင်းတော့မှာပဲ အန်ကယ်"

မြစန္ဒီက အားရဝမ်းသာဖြင့် ကျွန်ုပ်အား နှုတ်ဆက်ပြီး ပြန်သွားလေ တော့သည်။

မြစန္ဒီ ပြောသွားသောစကားအရ ဦးမျိုးမောင် တင်ပြမည့် ပြဿနာထဲ၌ အဝင်းဆိုသူတစ်ဦး ပါဝင်ပုံရပေသည်။ သို့မဟုတ် အဝင်းဆိုသူကပင် ပြဿနာ၏ အဓိကဇာတ်ကောင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

မည်သို့ဆိုစေ ဦးမျိုးမောင်နှင့် တွေ့ဆုံလျှင်ဖြင့် အားလုံးကို ရေလည် ရှင်းလင်းစွာ သိရမည်မှာ ဧကန်ပင်တည်း။

●

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ညနေခင်းတွင် ကျွန်ုပ်သည် ရွှေတောင်ကြားလမ်းရှိ ဦးမျိုးမောင်၏နေအိမ်သို့ ရောက်ရှိသွားလေသည်။ ကျွန်ုပ်လာရောက်မည်ကို ကြိုတင်ပြောကြားထားပြီးဖြစ်၍ ဦးမျိုးမောင်က အသင့်စောင့်ကြိုနေပေ၏။

မြစန္ဒီကိုလည်း ဦးမျိုးမောင် အိမ်၌ တွေ့ရလေသည်။

ကျွန်ုပ်ရောက်ရှိသွားချိန်တွင် မြစန္ဒီက ခြံတံခါးကို ဖွင့်ပေးပြီးနောက် ခြံထဲရှိ ပန်းခြံဘေးဆက်တီခုံ၌ နေရာချပေးလေ၏။

ကျွန်ုပ်ထိုင်မိသည်နှင့် မိန်းမတစ်ယောက်သည် ဘီးတပ်ကုလားထိုင်ကို တွန်းကာ လူနာအဘိုးအိုတစ်ဦးအား ကျွန်ုပ်ရှိရာသို့ ခေါ်ဆောင်လာလေ၏။

ကျွန်ုပ်သည် ဦးမျိုးမောင်အား ထိုင်ရာမှထ၍ အသိအမှတ် ပြုကာ ကြိုဆိုလိုက်လေသည်။

"ထိုင်ပါ ဒေါက်တာ၊ ထိုင်ပါ။ ခုလိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော်က လူမမြင်ဘူးဘဲ စာတွေသာ ဖတ်ဖူးတော့ ဒေါက်တာ့ကို ကျွန်တော်နဲ့ ရွယ်တူလောက်လို့ ထင်နေတာ။ ဒေါက်တာက ငယ်ငယ်ပဲ ရှိသေးတာပဲ"

ဦးမျိုးမောင်သည် လေဖြတ်၍ ထိုင်ရာမှ မထနိုင်သော်လည်း လူမမာတစ်ယောက်နှင့် မတူ။ ရွှင်ရွှင်လန်းလန်းပင် ရှိနေလေသည်။ စကားပြောသည့် လေသံမှာလည်း မာမာထန်ထန် ရှိလှပေ၏။

ကျွန်ုပ်လည်း ဆရာဝန်တစ်ဦးဖြစ်သည့် အားလျော်စွာ ဦးမျိုးမောင်၏ ဝေဒနာအား အခြေအနေမည်သို့ရှိသည်ကို ဦးစွာ မေးမြန်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တအားလုပ်ခဲ့တဲ့ဒဏ်နဲ့ အရက်ကြောင့်ပေါ့ ဒေါက်တာ။ ကျွန်တော်က အစိုးရတာဝန်ကို အသက် ၆၀ ပြည့်တဲ့အထိ ထမ်းဆောင်ခဲ့တယ်လေ။ ၆၀ ပြည့်ပြီး နောက်ထပ် ၅ နှစ် ဆက်ပြီး အကြံပေးအရာရှိလုပ်ခဲ့ရသေးတယ်။ အရာရှိတစ်ယောက်ဆိုတော့ မလွှဲမရှောင်သာ ပွဲလမ်းသဘင်တွေမှာ သောက်ရင်းစားရင်းက အရက်စွဲသွားတာပဲ။ အရက်ကြောင့် လေဖြတ်သွားမှပဲ နာခံဖြစ်တော့တယ် ဒေါက်တာရေ"

ထို့နောက် ဦးမျိုးမောင်က လက်ရှိ သူအသုံးပြုနေသော ဆေးများအမည်ကို ပြောပြနေပေသည်။

ပြီးလျှင် ဦးမျိုးမောင်က ဘီးတပ်ကုလားထိုင်ကိုတွန်း လာပေးသော အမျိုးသမီးကိုပြောလိုက်သည်။

"သမီးရေ ... ဒေါက်တာ့ကိုပြရအောင် နောင်နောင်တို့မိသားစု အယ်လ်ဘမ်တွေ သွားယူလိုက်ပါဦးကွယ်။ ဪ ... ဒေါက်တာကို သမီးနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါကျွန်တော့်သမီးကြီးပါ ဒေါက်တာ။ သားသမီးလေးယောက်ရှိတာ သုံးယောက်က အိမ်ထောင်ခွဲပြီး ထွက်သွားကြပါပြီ။ ဒီသမီးကြီးတစ်ယောက်ပဲ အပျိုကြီးဘဝနဲ့ အဖေကိုပြုစုနေတာပါ။ ကျွန်တော့်ဇနီးကလည်း ဆုံးတာ ကြာပြီ ဒေါက်တာ"

ဦးမျိုးမောင်က သူ့သမီးကြီးနှင့်မိတ်ဆက်ပေးရင်း သူ့ဘဝတစ်စိတ်တစ်ဒေသကို ပြောပြလိုက်သည်။

"သမီးနာမည်က တင်တင်မျိုးမောင်တဲ့"

တင်တင်မျိုးမောင်သည် အိမ်တွင်းအောင်းအပျိုကြီးပီပီ ရှက်တတ်ကြောက်တတ်ပုံရကာ ကျွန်ုပ်အား ပြုံးရုံပြုံးပြလေ၏။

"ကဲ ... ကဲ သမီး၊ အယ်လ်ဘမ်တွေ သွားယူချေ"

တင်တင်မျိုးမောင်ထွက်သွားချိန်တွင် အအေးဗန်းကိုကိုင်၍ မြစန္ဒီ ရောက်လာလေသည်။

"အအေးသုံးဆောင်ပါ အန်ကယ်"

မြစန္ဒီက အအေးဗန်းကို စားပွဲခုံလေးပေါ်ချရင်း ညွှဝတ်ပြုလိုက်သည်။

"ကျွန်တော်တို့မလဲ ကျွန်တော်က လူမမာ၊ သမီးက ရိုးရိုးအေးအေးကြီးနဲ့ဆိုတော့ စန္ဒီလေးတို့ပဲ အားကိုးနေရတယ် ဒေါက်တာ။ သူက ချက်ချက်ချာချာ ပြောတတ်ဆိုတတ်တော့ ဒေါက်တာ့ဆီလည်း သူ့ကိုပဲ လွှတ်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ဒါနဲ့ မြစန္ဒီက ဦးမျိုးမောင်ရဲ့တူမ မဟုတ်ဘူးဆို၊ တူနဲ့စေ့စပ်ထားတာဆိုလား။ မနေ့က အန်ကယ့်ကို ပြောခဲ့သလားလို့"

ကျွန်ုပ်လည်း ကျွန်ုပ်သိချင်သည်ကို စပ်စုတယ်လို့ပဲဆိုဆို မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ဘဘရဲ့တူ ကိုဝင်းမင်းနောင်နဲ့ သမီးနဲ့ စေ့စပ်ထားတာပါ"

"ဩော် ... "

"ဒေါက်တာရေ၊ ဖိုးသကြွန်ကို 'ဒီနေ့ ခေါ်မထားတာက တခြားမဟုတ်ဘူး၊ သူ့အကြောင်းတွေ ဒေါက်တာ့ကို ပြောပြရမှာမို့ အနားမှာ မရှိစေချင်လို့ပါ"

"ဖိုးသကြွန်ဆိုတာက"

"ဖိုးသကြွန်ဆိုတာ ကျွန်တော့်တူ ဝင်းမင်းနောင်ကို အိမ်မှာခေါ်တဲ့ နာမည်ပါ"

"ဒါဖြင့် ဦးမျိုးမောင်တင်ပြမယ့် ကော့စ်က ဝင်းမင်းနောင် ခေါ် ဖိုးသကြွန်နဲ့ ပတ်သက်တဲ့ ကော့စ်ပဲ ထင်တယ်"

"အစစ်ပေါ့ ဒေါက်တာ၊ ပြဿနာက ဖိုးသကြွန့်ပြဿနာပါ"

ကျွန်ုပ်တို့ စကားစမြည်ပြောဆိုနေစဉ်တွင် တင်တင်မျိုးမောင် ပြန်ရောက်လာလေသည်။ သူမလက်ထဲ၌ ဓာတ်ပုံအယ်လ်ဘမ်များ ပါလာလေ၏။

တင်တင်မျိုးမောင်က အယ်လ်ဘမ်များကို ဦးမျိုးမောင်အား ကမ်းပေးလိုက်သည်။

"ကဲ ... သမီးရော၊ စန္ဒီရော၊ လုပ်စရာရှိတာ သွားလုပ်ကြတော့။ ဖေဖေ ဒေါက်တာနဲ့ ဆွေးနွေးလိုက်ဦးမယ်။ လိုမှ ဖေဖေ လှမ်းခေါ်လိုက်မယ်နော်"

တင်တင်မျိုးမောင်နှင့် မြစန္ဒီတို့ အိမ်ထဲဝင်သွားမှပင် ဦးမျိုးမောင်က စကားစလိုက်လေသည်။

"ကလေးတွေကို အနားမှာမရှိစေချင်တာ တခြားကြောင့် မဟုတ်ဘူး ဒေါက်တာ။ ဒီအကြောင်းတွေအားလုံးကို သူတို့ အရိပ်အမြွက်လောက်ပဲ သိကြတာ။ ဂဃနဏသိကြတာ မဟုတ်ဘူး။ အထူးသဖြင့် ဖိုးသကြွန်အကြောင်းတွေကို မြစန္ဒီ မသိစေချင်လို့ ရှောင်နိုင်းလိုက်ရတာပဲ"

●

www.burmeseclassic.com

www.burmeseclassic.com

"ဒီအကြောင်းတွေ ပြောမပြခင် ဓာတ်ပုံလေးတွေကို အရင်ကြည့်ထားပါဦး ဒေါက်တာ"

ဦးမျိုးနောင်က အယ်လ်ဘမ်ထဲ ထည့်မထားသောဓာတ်ပုံအလွတ်တစ်ပုံတို ကျွန်ုပ်အား လှမ်းပေးလိုက်လေ၏။

ကျွန်ုပ်က ယူကြည့်လိုက်ရာ အသက် ၂၀ အရွယ်ခန့် ခေတ်လူငယ်လေးတစ်ဦးပုံကို တွေ့ရလေ၏။ ချောမောလှပ၍ ခင်မင်စရာကောင်းသော ရုပ်ရည်ရှိသူ ဖြစ်ပေသည်။

"အဲဒါ ဖိုးသကြန်ပါပဲ ဒေါက်တာ။ ဖိုးသကြန်က ကျွန်တော့်ရဲ့ တစ်ဦးတည်းသောညီ မောင်မျိုးနောင်ရဲ့သားပါ။ မောင်မျိုးနောင်က ဒေါက်တာ့လို ဆရာဝန်တစ်ယောက်ပါပဲ"

"ဩော် .... ဟုတ်ကဲ့"

"မောင်မျိုးနောင်က ကျွန်တော့်ထက် အသက် ၈ နှစ်တိတိ ငယ်ပါတယ်။ ကျွန်တော်တို့မှာ ဒီညီအစ်ကိုနှစ်ယောက်ပဲ ရှိပါတယ်။ ဒါက မောင်မျိုးနောင်တို့ မိသားစုရဲ့အယ်လ်ဘမ်ပါ ဒေါက်တာ"

ဦးမျိုးမောင်သည် ကျွန်ုပ်အား ဓာတ်ပုံများပြသရာ၌ ဘယ်ပုံပြီး ဘယ်ပုံပြမယ်ဆိုတာကို ကြိုတင်စီစဉ်ထားပုံရပေသည်။

ကျွန်ုပ်က ဦးမျိုးမောင်ပေးသော အယ်လ်ဘမ်ကို လှန်ကြည့်လိုက်ရာ ပထမစာမျက်နှာတွင် ဒေါက်တာမျိုးနောင်ဆိုသူနှင့် သူ၏ဇနီးတို့ တွဲရိုက်ထားသော ပုံကို တွေ့လိုက်ရလေသည်။

"ညီလေးမောင်မျိုးနောင်ရဲ့ မိန်းမနာမည်က မိမိရဲ့တဲ့။ သူတို့နှစ်

www.burmeseclassic.com



ယောက်ဟာ ချစ်ကြိုက်ပြီးမှ ညားကြတာတော့ မဟုတ်ဘူး။ အသက်ချင်းက လည်း အခုနှစ်ဆောင် ကွာတယ်။ မိဘချင်းသဘောတူပြီး ပေးစားခဲ့ကြတာပါ''

''ဒါဖြင့် မိမိရီဟာ ငယ်ငယ်ပဲရှိသေးတာပေါ့''

''ဟုတ်ပါတယ်၊ ခုမှ ၄၃ နှစ်ပဲရှိပါသေးတယ်''

''ဒေါက်တာမျိုးနောင်ကရော''

''ညီလေးမောင်မျိုးနောင်က ဆုံးသွားပါပြီ။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကတည်းက ဆုံးသွားပါပြီ ဒေါက်တာ''

''အို''

ကျွန်ုပ်က ဓာတ်ပုံများကို တစ်ရွက်ချင်းလှန်၍ကြည့်လိုက်ရာ ဒေါက်တာမျိုးနောင်နှင့် မိမိရီ လက်ထပ်စဉ်ကပုံများကို တွေ့ရလေသည်။ နောက်ပိုင်း စာမျက်နှာများမှပုံများမှာ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ရိုက်ထားသောပုံများ ဖြစ်လေသည်။

''ညီလေးက ပညာသိပ်တော်ပါတယ် ဒေါက်တာ။ ဆေးကျောင်းက ဆရာဝန်ဘွဲ့ရပြီးတာနဲ့ အလုပ်မဝင်သေးဘဲ အမေရိကန်နိုင်ငံမှာ ဘွဲ့လွန်သင်တန်းတစ်ခု သွားတက်ခဲ့ပါတယ်။ ကျွန်တော်တို့မိဘများကလည်း တတ်နိုင်တာနဲ့ ကိုယ့်စရိတ်နဲ့ကိုယ်ပဲ နိုင်ငံခြားမှာ ပညာဆက်သင်နိုင်ခဲ့တာပါ''

''ဟုတ်ကဲ့''

''နိုင်ငံခြားထက္ကသိုလ်က ဘွဲ့ရပြီးတော့လည်း ညီလေးဟာ မြန်မာနိုင်ငံကို ပြန်မလာဖြစ်သေးဘဲ အတွေ့အကြုံရအောင်ဆိုပြီး ဟိုမှာပဲ ဆေးရုံတစ်ရုံမှာ အလုပ်ဝင်လုပ်နေခဲ့ပါတယ်။ မိမိရီနဲ့ ပေးစားဖြစ်တာကလည်း ညီလေးဟာ ပညာကိုပဲ မက်မက်မောမော သင်နေတော့ ရည်းစားလည်းမထား၊ အိမ်ထောင်ရေးကိုလည်း စိတ်မဝင်စား ဖြစ်နေခဲ့တယ်။ မိဘများက တခြားနိုင်ငံမှာ တစ်ယောက်တည်း စိတ်မချတာနဲ့ ရင်းနှီးတဲ့မိတ်ဆွေထဲက သင့်တော်တဲ့ မိန်းကလေးနဲ့ အိမ်ထောင်ချပေးမယ်ဆိုပြီး မိမိရီနဲ့ လက်ထပ်ပေးခဲ့တာပါ။ မြန်မာနိုင်ငံ ပြန်ခေါ်ပြီး မိမိရီနဲ့ လက်ထပ်ပေးခဲ့တယ်။ မိမိရီလည်း လက်ထပ်ပြီးတာနဲ့ ညီလေးနဲ့အတူ အမေရိကားကို ပါသွားခဲ့တယ်လေ''

''သူတို့အိမ်ထောင်ရေးကရော အဆင်ပြေသလား ဦးမျိုးမောင်''

မိဘပေးစား၍လက်ထပ်ခဲ့ရှုံမက၊ အသက်ချင်းလည်း ကွာသည်ဆို၍ ကျွန်ုပ်က မေးလိုက်ခြင်းဖြစ်သည်။

''အဆင်ပြေပါတယ်၊ ညီလေးကလည်း ကြင်ကြင်နာနာ ရှိရှာပါတယ်။ မိမိရီလေးကလည်း လင်သားကို သိပ်လေးစားချစ်ခင်တဲ့ မိန်းကလေးပါ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဓာတ်ပုံများကို လှန်လှောကြည့်ရင်း ဦးမျိုးမောင် ပြောပြသမျှကို နားထောင်နေခဲ့လေသည်။ ဦးမျိုးမောင် နှုတ်မှ ဒေါက်တာမျိုးနောင်အား "ညီလေး ... ညီလေး"ဟု နာမ်စားသုံး၍ ပြောကြားနေခြင်းကိုထောက်၍ ညီငယ်ဖြစ်သူအား အတော်ပင် ချစ်ပုံရပေသည်။

ပထမအယ်လ်ဘမ်မှ ဓာတ်ပုံများအားလုံး ကြည့်အပြီးတွင် ဦးမျိုးမောင်က နောက်ထပ်အယ်လ်ဘမ်တစ်ခုကို ကမ်းပေးလိုက်လေ၏။

ဒုတိယအယ်လ်ဘမ်တွင် ဒေါက်တာမျိုးနောင်နှင့်မိမိရီတို့၏ ရင်သွေးလေး ဖိုးသကြန်၏ပုံများ ပါဝင်လာသည်ကို တွေ့ရလေသည်။ သားကလေးနှင့် မိတနှစ်ပါးအတူရိုက်ထားသည့်ပုံ အတော်တော်များများကို အယ်လ်ဘမ်တစ်ခုလုံး အပြည့်နီးပါးမျှ တွေ့ရလေသည်။

တစ်နေရာတွင် ကလေး၏ဦးခေါင်းပိုင်းကိုနောက်ကျောဘက်မှ ရိုက်ထားသည့် ပုံကိုတွေ့လိုက်ရ၍ ကျွန်ုပ်မှာ အံ့သြသွားရလေသည်။

"ဟင် ... ဒီပုံက ကလေးကိုရှေ့က မရိုက်ဘဲ နောက်ကျောချည်း ရိုက်ထားပါလား"

"သေချာသတိထားကြည့်လိုက်ပါ ဒေါက်တာ။ ဖိုးသကြန်လေးရဲ့ လည်တုပ်က မွေးရာပါအမှတ်အသားလေးကို ပေါ်လွင်အောင် တမင်ရိုက်ထားတာပါ"

ကျွန်ုပ်က ဓာတ်ပုံကိုအနီးကပ်၍ ကြည့်လိုက်ရာ ကလေး၏လည်ကုပ်တွင် အနီရောင်အစက်ကလေးကို တွေ့မြင်လိုက်ရလေ၏။

"အနီရောင်အစက်ကလေးပါလား"

"အစက်ကလေး မဟုတ်ဘူး ဒေါက်တာ။ ဓာတ်ပုံထဲမှာ မသဲကွဲလို့ပါ။ စက်ဝိုင်းပုံကလေးပါ။ အလယ်မှာ ဟင်းလင်းဖြစ်နေပါတယ်။ အပေါ်ပိုင်းက စက်ဝိုင်းပုံအပြည့် မဟုတ်ဘဲ အတွင်းဘက်ကို ခွက်ဝင်နေတဲ့ပုံပါ ဒေါက်တာ။ မြန်မာအက္ခရာ ဗထက်ခြိုက်နဲ့ အတော်ကိုတူပါတယ်"

"ဩော် ... ဩော်"

"ဖိုးသကြန်နဲ့ ဒေါက်တာနဲ့ဆိုမှ ဒေါက်တာ့ကို သူ့လည်ကုပ်က အမှတ်တလေးပြရဦးမယ်။ ကျွန်တော် ဒေါက်တာ့ကို တင်ပြမယ့် ပြဿနာထဲမှာ အဲဒီအမှတ်ကလေးကလည်း အဓိကကျတဲ့နေရာက ပါပါတယ် ဒေါက်တာ"

"ဟင် ... ဟုတ်လား"

ဒုတိယအယ်လ်ဘမ်တွင် ကြည့်ရှုစရာဓာတ်ပုံများ ကုန်သွားခဲ့သော်ပြီး

"ကဲ ... ဓာတ်ပုံတွေကြည့်လို့ ကုန်ပြီဆိုရင် ညီလေးတို့မိသားစု အကြောင်းကို ပြောပြပါရစေတော့ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးသကြန်လေး မွေးပြီးတဲ့အထိ ညီလေးတို့မိသားစုဟာ အမေရိကားမှာ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းပဲ နေခဲ့ကြပါတယ် ဒေါက်တာ။ မိမိရီပြန်ပြောပြချက်အရဆိုရင် ညီလေးကို သူ့အလုပ်လုပ်တဲ့ဆေးရုံကလည်း တော်တော် အားကိုးအားထားရှိတယ်လို့ ဆိုပါတယ်"

"ဒေါက်တာမျိုးနောင်ဆုံးတော့ ဖိုးသကြန်လေး ငယ်ငယ်ပဲရှိဦးမှာပေါ့"

"ဆုံးတယ်ဆိုတာက မြန်မာနိုင်ငံကလူတွေ အထင်မှား အမြင်မှား မဖြစ်ရအောင် ဒေါက်တာမျိုးနောင် သေသွားပြီလို့ သတင်းလွှင့်ထားတာပါ ဒေါက်တာ"

"ဗျာ"

"တကယ်တော့ ကျွန်တော့်ညီ ဒေါက်တာမျိုးနောင်ဟာ ပျောက်သွားတာပါ။ ပျောက်ဆုံးသွားတာပါ ဒေါက်တာ"

"အို . . . ဆန်းလှချည်လား။ ဘယ်ပုံဘယ်နည်း ပျောက်ဆုံးသွားရတာလဲ ဦးမျိုးမောင်ရယ်"

"ဟိုနိုင်ငံမှာ သွားနေတာကလည်း လင်မယားနှစ်ယောက်တည်း။ ကျွန်တော့်ညီလေးကသာ ပညာတတ်တစ်ယောက်ဖြစ်ပြီး လည်လည်ဝယ်ဝယ်နဲ့ ဦးဆောင်ခဲ့တာကိုး။ မိမိရီကတော့ သာမန် မိန်းမတစ်ယောက်ပါပဲ။ သာမန် မြန်မာအမျိုးသမီးတစ်ယောက်ပါပဲ။ သူ့ယောကျ်ား ရုတ်တရက် ပျောက်ဆုံးသွားတော့ မိမိရီဟာ ဘာမှမလုပ်တတ် မကိုင်တတ် မဆက်သွယ်တတ်နဲ့ အတော်အခက်အခဲကြုံခဲ့ရပါတယ် ဒေါက်တာ။ သူ့ယောကျ်ား ပျောက်ချင်းမလှ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကို သူ့အနေနဲ့ ဘယ်လိုမှမကြံစည်တတ်၊ မစုံစမ်းတတ်ဘဲနဲ့ မြန်မာပြည်ကို တလေးပိုက်ပြီး ပြန်လာခဲ့ရတာပါပဲ ဒေါက်တာ''

''ဒါဖြင့် ဒေါက်တာမျိုးနောင်ဟာ အခုအချိန်အထိ အသက်ရှင်လျက် ရှိသေးတယ်လို့ ဦးမျိုးမောင် ထင်သလား'

''မထင်ပါဘူး ဒေါက်တာ၊ ညီလေးဟာ ဒီကမ္ဘာပေါ်မှာ မရှိတော့ပါဘူး''

''ဗျာ''

''ညီလေးဟာ ဒီကမ္ဘာမြေပေါ်က တကယ်ကိုပျောက်သွားခဲ့တာပါ။ ညီလေးကို သေသွားပြီလို့ တရားဝင်သတ်မှတ်လိုက်ကြပါပြီ။ သူ အလုပ်လုပ်တဲ့ ဆေးရုံကလည်း တာဝန်ထမ်းဆောင်ချိန်အတွင်း ပျောက်ဆုံးသွားတာမို့ လျော်ကြေးငွေပေးအပ်ခဲ့ပါတယ်။ အသက်အာမခံကုမ္ပဏီကလည်း မြန်မာနိုင်ငံအရောက် လျော်ကြေးငွေ ပို့ပေးခဲ့ပါတယ်''

''ဒါဖြင့် အဲဒီလျော်ကြေးငွေတွေ မိမိရီ ရလိုက်တာပေါ့''

''ဟုတ်ကဲ့''

ကျွန်ုပ်သည် မှုခင်းဆန်လှသော အဖြစ်အပျက်ကို ဆက်စပ်တွေးတောကာ သံသယများ ဝင်လာမိလေသည်။

''ဒေါက်တာမျိုးနောင် ပျောက်ဆုံးသွားတယ်၊ ရှာလို့ မတွေ့ဘူးဆိုတာကို ဒီကလူတွေအနေနဲ့ မိမိရီ ပြောသမျှနဲ့သာ လက်ခံလိုက်ရတာလား ဦးမျိုးမောင်''

''မှန်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း အဲဒီလိုကာလက အမေရိကန်လိုနိုင်ငံမျိုးကို အရေးပေါ်လိုက်သွားဖို့ မလွယ်ပါဘူး''

''ဒါဖြင့် ဒေါက်တာမျိုးနောင် ပျောက်ဆုံးမှုမှာ မိမိရီ ပယောဂပါတယ်လို့များ မထင်မိဘူးလားဗျာ''

ကျွန်ုပ်၏သံသယမေးခွန်းကြောင့် ဦးမျိုးမောင်က ပြုံးလိုက်လေသည်။

''ဒေါက်တာ ဘယ်လိုအတွေးမျိုးနဲ့မေးတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ညီလေး သေဆုံးမှုအတွက် လျော်ကြေးတွေ နင့်နေအောင်ရတယ်ဆိုလို့ မိမိရီအပေါ်မှာ သံသယဝင်တာ မဟုတ်လား ဒေါက်တာ''

''ဆိုပါတော့''

''ကျွန်တော့်ခယ်မဟာ အင်မတန်မှ ရိုးပါတယ်။ ခယ်မဆိုပေမဲ့ [illegible] အရွယ်၊ သမီးအရွယ်လေးပါ။ အိမ်နီးချင်းဖြစ်လို့ ကျွန်တော့်လက်ပေါ်မှာ ကြီးလာတာပါ။ မိမိရီငယ်ငယ်က ကျွန်တော်ပဲ ထိန်းကျောင်းခဲ့ရတာပါ။ [illegible] က ဆွေမျိုးတွေလိုနေလာခဲ့ကြတာပါ ဒေါက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ဦးမျိုးမောင်၊ ကျွန်တော်က ကာယကံရှင်တွေကို မတွေ့ဖူးသေးတော့ အထင်အမြင်နဲ့ မေးလိုက်မိတာပါ"

"ကိစ္စမရှိပါဘူး ဒေါက်တာ၊ ဒေါက်တာ့အနေနဲ့ ဒီလိုမျိုး စဉ်းစားပေးမှသာ ကျွန်တော့်ကို ကူညီရာရောက်မှာပေါ့။ သူတို့ ပြဿနာမှာ စဉ်းစားစရာအချက်တွေ အများကြီးရှိပါသေးတယ် ဒေါက်တာ။ ညီလေး သေဆုံးမှုနဲ့ ပတ်သက်လို့တော့ မိမိရီကို သံသယရှင်းပါ ဒေါက်တာ။ သူ့ခမျာ လင်ယောကျ်ားဆုံးသွားတော့ ကလေးကိုပိုက်ပြီး ခရုဆံကျွတ်ဘဝနဲ့ နိုင်ငံခြားကနေ မျက်နှာငယ်ငယ်ပြန်လာရရှာတာပါ"

"ဪ"

"လျော်ကြေးရတယ်ဆိုတာလည်း ဒီပြန်ရောက်ပြီး အတော်ကြာမှ ရတာပါ။ တိုက ပို့ပေးလိုက်မှသာ လျော်ကြေးရမှန်း သိလိုက်ရတာ။ မုန့်ကောင်းမုန့်တောင် သူ့ခမျာ မသိရှာပါဘူး"

"ဖြစ်ရလေဗျာ"

"ညီလေး အသက်အာမခံထားခဲ့တာ၊ အာမခံငွေကို သူ့ကို လွှဲခဲ့တာတွေလည်း မိမိရီခမျာ မသိရှာပါဘူး။ မြန်မာပြည် ပြန်ရောက်ပြီး အမေရိကန်က အသက်အာမခံကုမ္ပဏီက လျော်ကြေးလှမ်းပို့လိုက်တော့မှ တအံ့တသြနဲ့ သိရရှာတာပါ။ ဒီလောက်ဆိုရင် ညီလေးပျောက်ဆုံးမှု၊ အဲ ... သေဆုံးမှုအတွက် မိမိရီ ပယောဂကင်းတယ်ဆိုတာ လုံလောက်ပါပြီနော်"

"လုံလောက်ပါတယ် ဦးမျိုးမောင်။ ဒါဖြင့် အခုကြုံတွေ့နေရတဲ့ ပြဿနာက ဘယ်လိုပြဿနာမျိုးများလဲ ဦးမျိုးမောင်။ ဒေါက်တာမျိုးနောင် မသေဘဲ တစ်နေရာရာမှာ ရှိနေတယ်လို့ သတင်းရလို့လား"

"မဟုတ်ပါဘူး ဒေါက်တာ၊ ညီလေးဟာလည်း ဒီကမ္ဘာပေါ်ကို ဘယ်တော့မှ ပြန်ရောက်မှာ မဟုတ်တော့ပါဘူး"

"ဟင် ... ဦးမျိုးမောင်ပြောတဲ့ စကားတွေထဲမှာ တစ်ခုကို ကျွန်တော် သတိထားမိပါတယ် ဦးမျိုးမောင်။ ဒေါက်တာမျိုးနောင် သေဆုံးမှုနဲ့ ပတ်သက်ပြီး ပြောတိုင်း ဦးမျိုးမောင်ဟာ ဒေါက်တာမျိုးနောင်ကို သေတယ်လို့ မသုံးခဲ့ဘူး။ ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူးလို့ချည်း ပြောခဲ့တယ်။ အဲဒါဘာသဘောပါလိမ့် ဦးမျိုးမောင်"

"ကျွန်တော် ဆက်ပြောမယ့်စကားတွေကို နားထောင်ကြည့်ရင် ရှင်းပါလိမ့်မယ် ဒေါက်တာ၊ ဒီလိုပါ ... "

•

www.burmeseclassic.com

www.burmeseclassic.com

"မိမိရှိ မြန်မာနိုင်ငံပြန်လာပြီး ဖိုးသကြန်လေးအရွယ် ရောက်လာတဲ့အထိ ထူးထူးခြားခြား မရှိသေးပါဘူး။ ပြဿနာ စလာတာက ဖိုးသကြန် ဆယ်တန်းနှစ်မှာပါ ဒေါက်တာ။ ဖိုးသကြန်ဟာ၊ သူ့အမေအမေရိကားက ပြန်သယ်လာခဲ့တဲ့ အိမ်သုံးပစ္စည်းတွေထဲက စာရွက်ဖိတဲ့ ဖန်တုံးလိုပစ္စည်းလေးတစ်ခုကို ရှာတွေ့သွားခဲ့ပါတယ်။

"သာမန်အားဖြင့်ကြည့်ရင်တော့ ဒီဖန်တုံးလေးဟာ ဘာမှမထူးခြားပါဘူး။ စာရွက်ဖိဖို့စားပွဲပေါ်တင်တဲ့ ဖန်တုံးမျိုးလေးပါပဲ။ တစ်ဖက်နဲ့တစ်ဖက် တိုးလျှိုပေါက်မြင်နေရတဲ့ သလင်းတုံးလိုပစ္စည်းမျိုးလေးပါ။ ဒါပေမဲ့ ရိုးရိုးဖန်တုံးလို ပြောင်ချောတော့ မဟုတ်ဘူး ဒေါက်တာ။ ဖန်သားမျက်နှာပြင်မှာ ဆန္ဒင်းမကောင်းပုံ အကွက်ကလေးတွေ ဖော်ထားပါတယ်"

ဦးမျိုးမောင်က ဖန်တုံး၏အသွင်သဏ္ဍာန်အား မျက်စိထဲတွင် မြင်သာအောင် ပြောပြခဲ့ပေသည်။ ဦးမျိုးမောင်၏ အပြောအရ ဖန်တုံးသည် ကြက်ဥအရွယ်ခန့်ရှိပြီး အောက်ခြေမှာ စားပွဲပေါ်တင်သည့်အခါ လိမ့်မသွားအောင် ပြင်ညီပြုလုပ်ထားသည်ဟု ဆိုသည်။ အထက်ပိုင်းမျက်နှာပြင်ကိုသာ စိန်နှင့်ပတ္တမြားများတွင် အကွက်သွေးသကဲ့သို့ အကွက်ဖော်ထားပြီး အကွက်များမှာလည်း ဆန္ဒင်းမကောင်းပုံ အရွယ်တူ အကွက်များဖြစ်သည်ဟု ဆိုလေသည်။

"ဖိုးသကြန်က နောက်တော့ ဖန်တုံးမှာအကွက် ဘယ်နှစ်ကွက်ရှိသလဲ ဆိုတာသိချင်လို့ ရေကြည့်ခဲ့တယ် ဒေါက်တာ။ တကယ်တော့ ဖွာဆန်ပြီးနေတဲ့ အရွယ်တူ အကွက်သေးသေးလေးတွေကို ရေတွက်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမဲ့ ဒီကလေးက စိတ်ရှည်လက်ရှည်နဲ့မဖြစ်ဖြစ်အောင် ရှာခဲ့တယ်။

www.burmeseclassic.com



"ဘယ်လိုရေတယ်ထင်သလဲ ဒေါက်တာရေ။ သူက အကွက်တစ်ကွက်ချင်းပေါ်မှာ မင်ဖျက်တဲ့ Correction Pen ကော်ရက်ရှင်ပင်နဲ့ မင်ဖြူအစက်ကလေးတွေလိုက်ချလိုက်တယ်။ တစ်ကွက်ချင်းအစက်ချပြီး အစက်ချလိုက်တဲ့ အကွက်တွေကို တစ်ခုချင်း လိုက်ရေတွက်တယ်လေ။ ရှိသမျှအကွက်တွေမှာ မင်ဖြူစက်အားလုံးချပြီးတော့ အကွက်ဘယ်နှစ်ကွက်ရှိတယ်ဆိုတာ ပေါ်လာတာပေါ့။ တော်တော်ပဲ စိတ်ရှည်လက်ရှည်လုပ်တဲ့ ကလေးပါပဲ ဒေါက်တာ"

ကျွန်ုပ်သည် ဖန်တုံးလေးအကြောင်းကို တကူးတက ပြောပြနေသည့် ဦးမျိုးမောင်၏စကားများကို နားထောင်ကာ ဖန်တုံးတစ်ခုသည် ဤပြဿနာထဲ၌ မည်မျှအရေးပါလိမ့်မလဲဟု တွေးနေမိလေ၏။

"ဒီဖန်တုံးလေးအကြောင်းကို အသေးစိတ်ပြောပြနေတော့ ဒေါက်တာက ဖန်တုံးလေးဟာ ဘာများအရေးကြီးလို့လဲလို့ ထင်ကောင်းထင်လိမ့်မယ် ဒေါက်တာ။ ကျွန်တော်ကိုယ်တိုင်လည်း အစပိုင်းက ဒီလိုပဲ တွေးခဲ့မိပါသေးတယ်။ ဖိုးသကြိန်က ဒီဖန်တုံးလေးကို သွားလေရာယူသွားပြီး တကိုင်ကိုင်လုပ်နေတော့ အံ့သြခဲ့ရပါသေးတယ်။ တစ်နေ့တော့ ဖိုးသကြိန်က ကျွန်တော့်အနားမှာ ဘယ်သူမှမရှိတုန်း ဖန်တုံးလေးအကြောင်းကို ပြောပြခဲ့ပါတယ်"

●

www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ ဖန်တုံးလေးအကြောင်းကိုပြောပြသည်မှာ ဖိုးသကြဲန် ဆယ်တန်းစာမေးပွဲဖြေဆိုပြီးခါစအချိန် ဖြစ်သည်။

စာမေးပွဲများပြီး၍ ဖိုးသကြဲန်သည် ရွှေတောင်ကြားလမ်းရှိ ဘကြီးဖြစ်သူ ဦးမျိုးမောင်အိမ်မှာ လာနေသည့်ကာလ ဖြစ်၏။

ဦးမျိုးမောင်၌ သမီးလေးယောက်ရှိရာ သုံးယောက်က အိမ်ထောင်ကျသွား၍ တစ်နယ်တစ်ကျေးသို့ ရောက်ရှိနေကြလေပြီ။ အိမ်၌ မုဆိုးဖို ပင်စင်စားကြီးနှင့် သမီးအပျိုကြီးတို့သာ ရှိတော့သည်။ ဆွေမျိုးနည်းသော ဦးမျိုးမောင်တို့သည် နဂိုကပင် ဖိုးသကြဲန်လေးကို သားအရင်းလိုချစ်ခင်ခဲ့၍ နှစ်အိမ် တစ်အိမ်နေခဲ့ကြလေ၏။ ဖိုးသကြဲန်ငယ်စဉ်ကပင် မိခင်နှင့်တစ်လှည့်၊ ကျောင်းပိတ်ရက်များ၌ ဦးမျိုးမောင်အိမ်တွင် တစ်လှည့် နေလာခဲ့ခြင်းဖြစ်၏။

ဦးမျိုးမောင်၏သမီးလေးယောက်ကလည်း သားချင်းထဲတွင် ယောကျ်ားလေးမပါ၍ တစ်ဦးတည်းသော မောင်ဝမ်းကွဲလေးကို အရင်းကဲ့သို့ ချစ်ခင်ကြလေသည်။

ဖိုးသကြဲန်လေးသည် ငယ်စဉ်ကပင် ဘကြီးအိမ်တွင် အိမ်သားတစ်ဦးသဖွယ် ဝင်ထွက်သွားလာနေထိုင်ခဲ့သူဖြစ်ပေ၏။

ဆယ်တန်းစာမေးပွဲဖြေပြီး၍ ဦးမျိုးမောင်အိမ်၌ လာရောက်နေထိုင်ချိန်-

တစ်နေ့သ၌ ဖိုးသကြဲန်သည် ဦးမျိုးမောင်၏အိပ်ခန်းထဲသို့ ရောက်လာက -

“ဘဘ … ဘဘ၊ ဟောဒီဖန်တုံးလေးဟာ ရိုးရိုးဖန်တုံး မဟုတ်ဘူးချ”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြန်က သူ့လက်ထဲမှ ဖန်တုံးကိုပြသရင်း ပြောလိုက်၏။

"ရိုးရိုးဖန်တုံး မဟုတ်တော့ ဘာတုံးကွယ့်။ စာရွက်ဖိတဲ့ ဖန်တုံးလား။ ဟား ... ဟား ... ဟား ..."

ဦးမျိုးမောင်က ဖိုးသကြန် သူ့ကို အကြောင်းရိုက်၍ ဟာသလုပ်တတ်သည်ကို သိထား၍ သူက ဦးအောင် ရယ်စရာလုပ်လိုက်လေသည်။

ဖိုးသကြန်က ခပ်တည်တည်ပင် အရေးကြီးသည့်အမူအရာဖြင့် ဘေးဘီကို ကြည့်လိုက်လေ၏။ ထို့နောက် အိပ်ခန်းတံခါးကို သွားပိတ်လိုက်ကာ ဦးမျိုးမောင်ဆီ ပြန်လာလေသည်။

"မကြီး သိသွားလို့မဖြစ်ဘူး၊ ဘဘတစ်ယောက်တည်းကိုပဲ ပြောပြမလို့"

ဦးမျိုးမောင်က ထိုအချိန်အထိ ဖိုးသကြန် သူ့ကိုအကြောင်းရိုက်လိမ့်မည်ဟု ထင်ထားဆဲပင်။ မျက်နှာပြုံးပြုံးကြီးဖြင့် ပြောမည့်စကားကို နားထောင်နေလိုက်သည်။

"ဟောဒီဖန်တုံးထဲမှာ လူတွေ၊ အရာဝတ္ထုတွေကို မြင်ရတယ်ဘဘ"

"ဟေ"

"ဖန်တုံးပေါ်က အကွက်ကလေးတွေကို စိုက်ကြည့်ရင် အထဲမှာ ပုံတွေ ပေါ်လာတယ် ဘဘရဲ့"

"ပေါ်မှာပေါ့ကွယ့်။ ဖန်တုံးရှေ့မှာ မင်းက ရပ်နေပြီး ဖန်တုံးကို ကြည့်တော့ မှန်ကြည့်သလို မင်းရုပ်မင်း ဖန်တုံးထဲမှာ မြင်ရမှာပေါ့။ ငါ့ကို အကြောင်းလာရိုက်နေပြန်ပြီ"

"ဟာ ... ဘဘကလည်း အဲဒီလို မဟုတ်ဘူးဗျ။ ဘဘက သားနောက်နေတယ်လို့ ထင်တာကိုး။ ဖန်တုံးထဲမှာ မြင်ရတာ ကိုယ့်ပုံကိုယ် မြင်ရတာ မဟုတ်ဘူး။ တစ်ခါတလေ ရှုခင်းတွေ မြင်ရတယ်။ တစ်ခါတလေကျ လူတွေ လိုလို မြင်ရတယ်ဗျ။ မြင်ရတာတွေကလည်း ရုပ်သေမဟုတ်ဘူး အရှင်တွေ လှုပ်ရှားနေတာတွေ"

ဦးမျိုးမောင်က ဖိုးသကြန်ကို စိုက်ကြည့်လိုက်သည်။ ဖိုးသကြန်သည် အတည်ပေါက်ပြောနေခြင်း ဖြစ်၏။

"မင်းစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ် ငါ့သားရယ်"

"မဟုတ်ဘူး ဘဘ၊ သား တကယ်မြင်ရတာ။ အစပိုင်းတုန်းက သားလည်း စိတ်ထင်လို့ပဲလို့ ထင်မိသေးတယ်။ သား လေ့လာနေတာကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖန်တုံးထဲမှာ ပုံရိပ်တွေ ပေါ်ပေါ်လာတာ တကယ်ပဲဗျ။ မယုံရင် ဘဘကြည့်နေပါ။ အဆင်သင့်ရင် ပေါ်လာလိမ့်မယ် ဘဘ”

“မင်းအရုပ်တွေက အမြဲမြင်ရတာ မဟုတ်ဘူးလားကွယ့်”

“မဟုတ်ဘူး။ သားအထင်တော့ သူတို့က မြင်စေချင်မှ မြင်ရတာမျိုး ထင်တယ်”

“ဟော ... သူတို့ ဘယ်သူတို့လဲကွယ့်”

“ဖန်တုံးထဲက သတ္တဝါတွေလေ၊ လူလည်းဟုတ်ချင်မှ ဟုတ်မယ်။ သူတို့ ပြချင်တဲ့အချိန်မှ ပြတာမျိုးပဲဗျ”

“မင်းဥစ္စာ၊ ဟုတ်မှလည်း လုပ်ပါ ဖိုးသကြံန်ရယ်”

“ဘဘက မယုံသေးဘဲကိုး။ ဒီနေ့တစ်နေ့လုံး ဒီဖန်တုံးကို ဘဘ အခန်းထဲမှာ ထားထားမယ်။ ဘဘ သတိရတိုင်း ကြည့်သာနေ၊ အလျဉ်းသင့်ရင် မြင်ရလိမ့်မယ်”

“မင်း ဘဘကို သက်သက်အလုပ်ရှုပ်အောင် လာနှောက်နေတာ မဟုတ်ပါဘူးနော်”

“ဘဘကလည်းဗျာ”

“ဒါဖြင့် မင်းမြင်ရတာတွေက လူဟုတ်ချင်မှဟုတ်မယ်ဆိုတော့ နာနာဘာဝတွေလားကွ”

“မသိနိုင်ဘူးလေ”

“မင်း ဒီဖန်တုံး ဘယ်ကရသလဲ ငါ့သား”

“ဒက်ဒီ့ပစ္စည်းတွေထဲက ရတာပါ”

“မင်းအဖေပစ္စည်း”

“အမေရိကားက မာမီပြန်သယ်လာတဲ့ ဒက်ဒီ့ပစ္စည်းတွေလေ။ ဆေးဝါး ကိရိယာတွေရော၊ စာရွက်စာတမ်းတွေရောအစုံပဲ။ မာမီက ဒက်ဒီ့ကို သတိရပြီး စိတ်မကောင်းဖြစ်ရမှာစိုးလို့ စတိုခန်းထဲ ထည့်သိမ်းထားတာ။ သား ယူဖွရင်းက ဖန်တုံးလေးတွေ့တာ ဘဘ”

“ဖန်တုံးထဲက အရုပ်တွေမြင်ရတယ်ဆိုတာကကော”

“သားလည်း ဒါလေးကို စာရွက်ဖိတဲ့ဟာလေးထင်ပြီး သား စာကြည့်စားပွဲပေါ်မှာ တင်ထားခဲ့တယ်။ ဆယ်တန်းစာမေးပွဲအတွက် စာကျက်တုန်း စားပွဲပေါ်မှာ ဒီဖန်တုံးလေး အမြဲရှိနေခဲ့တယ်။ ဒီတုန်းက အမှတ်တမဲ့ပါပဲ။ တစ်ညတော့ သား စာကျက်ရင်း အိပ်ငိုက်သွားတယ်ဘဘ။ သားနိုးလာတော့ ဖန်တုံးထဲက အလင်းရောင်တွေ ထွက်နေတာတွေ့ရတယ်။ အလင်းရောင် ထွက်

www.burmeseclassic.com

www.burmeseclassic.com



တာက ဖန်တုံးတစ်တုံးလုံးက မဟုတ်ဘူး။ အကွက်ကလေး တစ်ကွက်ထဲက ထွက်နေတာ၊ အလင်းရောင်တန်းသေးသေးလေး ထွက်နေတာ”

ထိုအလင်းရောင်တန်းလေးသည် ဆန္ဒင်းမကင်းကွက်ကလေးထဲ ထွက်လာစဉ်က သေးသေးမျှင်မျှင်လေး ဖြစ်သော်လည်း တဖြည်းဖြည်းဝေးသွား လေ အလင်းရောင်က ပြန့်ကားသွားလေဖြစ်သည်ကို တွေ့ရလေ၏။ တစ်နေရာ ဆလိုက်မီးမောင်းထိုး ပြလိုက်သည့်သဖွယ် အလင်းရောင်ပြန့်ကားသွားခြင်း ဖြစ် လေ၏။

“သားလည်း အလင်းရောင်ထွက်လာတဲ့ အကွက်ကလေးကို စိုက် ကြည့်နေတာ။ ခဏနေတော့ အဲဒီအကွက်ကလေးထဲမှာ နေရာတစ်နေရာ မြင်လိုက်ရတယ်ဘဘ”

“နေရာတစ်နေရာ”

“ဟုတ်တယ်။ စမ်းချောင်းလိုလို၊ မြစ်လိုလို တစ်ခုခုပဲ။ ရေစီးကြောင်း တစ်ခု၊ ပြီးတော့ ကမ်းနံဘေးမှာ သစ်ပင်တွေ တွေ့ရတယ်”

“မင်း စိတ်ထင်လို့များလား သားရယ်”

“သားလည်း အစတော့ ဒီအတိုင်းထင်သေးတယ်။ စာကျက်လွန်းလို့ မျက်လုံးကြောင်တယ် ထင်မိတာပေါ့။ သား စိတ်ကိုထိန်းပြီး သေချာကြည့်တာ ဘဘ။ ငါးမိနစ်လောက်ကို အဲဒီရှုခင်းကို မြင်လိုက်ရတာ၊ ရှုခင်းက ကြည့်နေရင်း တဖြည်းဖြည်းဝါးပြီး ပျောက်သွားတယ်။ ရှုခင်းကို ရုပ်ပုံအသေအနေနဲ့ မြင်ရတာ မဟုတ်ဘူးနော်၊ ရေတွေစီးနေတာရော၊ သစ်ပင်တွေလေထဲမှာ လှုပ်နေတာတွေပါ မြင်ရတာဘဘရဲ့”

“စာတွေကျက်လွန်းလို့ စိတ်ပျံ့လွင့်တာမျိုး ဖြစ်ပါလိမ့်မယ်သားရယ် ဒါတွေ အာရုံထဲ ထားမနေပါနဲ့တော့”

“ဘဘ၊ သားက ခေတ်လူငယ်ပါ။ တော့်ရုံတန့်ရုံဟာကို လက်တွေ့ မဟုတ်ဘဲ မယုံပါဘူး။ သား မြင်ရတွေ့ရတာ အဲဒီ တစ်ခါတည်းမှ မဟုတ်ဘဲ ဘဘရဲ့”

“ဟေ”

“ခုဆို ဒီဖန်တုံးထဲက အရိပ်အယောင်တွေကို မြင်အောင် ကြည့်တဲ့နည်း တောင် သားတတ်နေပြီ”

“ကဲ ... ပြောပါဦးကွာ”

“ဒုတိယတစ်ခါမြင်ရတာကတော့ နေ့ခင်းကြောင်တောင်ကြီး ဘဘရဲ့ သားရေချိုးပြီးလို့ ရေချိုးခန်းက ထွက်လာတော့ ပထမတစ်ခါတုန်းကလိုပဲ ဖန်တုံးက



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ထွက်နေတာ တွေ့ရပြန်ရော။ ဒီတစ်ခါ အလင်းရောင်ထွက်တာက အခုတစ်ခါ ထွက်တဲ့အကွက်က မဟုတ်ဘူး။ ထိပ်တည့်တည့်အကွက်က ဖြစ်နေသည်။ ထိပ်တည့်တည့်အကွက်က ထွက်တဲ့အလင်းရောင်ဆိုတော့ အရောင်ဟာ မီပေါ်ကို တည့်တည့်ထိုးနေတာပေါ့"

ဖိုးသကြဲန်သည် ဖန်တုံးဆီသို့သွားကာ အလင်းရောင်ထွက်သော အကွက်လေးဆီသို့ အပေါ်တည့်တည့်မှဆီး၍ ငုံ့ကြည့်လိုက်လေသည်။ ထိုအခါ အနှင်းမကင်းကွက်အတွင်းဝယ် တစ်နေရာမှတစ်နေရာသို့ သွားလာလှုပ်ရှားနေသော လူအုပ်ကြီးကို တွေ့လိုက်ရလေသည်။ ထိုသူများမှာ အလွန်ပိန်သောသူများ ဖြစ်လေသည်။ ဖိုးသကြဲန်က မျက်တောင်မခတ် စူးစိုက်၍ကြည့်နေရာ ထိုသူများသည် တစ်နေရာမှတစ်နေရာသို့ ရွေ့လျားနေသော်လည်း လမ်းလျှောက်သွားနေကြခြင်းမဟုတ်။ ခြေထောက်များကိုမလှမ်းဘဲ ရှာန်ကြွသကဲ့သို့ အလိုလိုရွေ့မျောသွားနေကြခြင်း ဖြစ်လေသည်။

"အဲဒါကြောင့် သူတို့ကို လူလည်းဟုတ်ချင်မှ ဟုတ်မယ်လို့ ပြောတာ ဘဘ။ သူတို့ဟာ လမ်းလျှောက်စရာမလိုဘဲ လေထဲမှာရှာန်ပျံသလို သွားနိုင်ကြတယ်"

"ဒါမျိုး ဘယ်နှစ်ခါ မြင်ရပြီလဲ။ ဖန်တုံးပေါ်ကအကွက်တိုင်းမှာ မြင်ရတာလား"

"အကွက်တစ်ကွက်ဟာ နေရာတစ်နေရာ၊ မြင်ကွင်းတစ်ခုတည်းကိုပဲ မြင်နိုင်မယ်လို့ သား ထင်တယ် ဘဘ။ အကွက်တိုင်းကနေတော့ မမြင်ရသေးဘူး။ ဒါပေမဲ့ အရုပ်မြင်ရတဲ့အကွက်ကိုလည်း သားမှတ်မထားမိဘူး။ မှတ်ဖို့ကလည်း ခက်တယ်လေ။ နောက်တော့ ပုံရိပ်မြင်ရတဲ့အကွက်ကို မင်နဲ့တို့ပြီး မှတ်ထားမယ်လို့ စိတ်ကူးတာပဲ"

"နေပါဦးကွယ်၊ ဒါလေးဟာ လူတွေတီထွင်ထားတဲ့ ကစားစရာလေး ဆော မဖြစ်နိုင်ဘူးလားကွယ့်။ မင်းအဖေက မင်း ကစားဖို့ဝယ်ထားတဲ့ ပစ္စည်းလေး ဆော မဖြစ်နိုင်ဘူးလား"

"ဘာလို့ အဲဒီလိုထင်တာလဲ ဘဘ"

"နိုင်ငံခြားမှာ ကစားစရာမျိုးစုံရှိတာပဲ။ ဖလင်သေးသေးလေးတွေ ထည့်ထားပြီး မျက်စိနဲ့ကပ်ပြီး ချောင်းကြည့်ရတဲ့ ဓာတ်ပုံသေတ္တာလေးတွေလည်း ရှိတယ်လေ။ ဒါလေးဟာလည်း အရုပ်တွေ ကြည့်လို့ရအောင် တီထွင်ထားတဲ့ အရာမျိုးဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး ဘဘ၊ ဒါဟာ ကျောက်သားတစ်မျိုးတည်းနဲ့ လုပ်ထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးတစ်တုံးပဲ။ ဘဘပြောသလို လူတွေ ထွင်ထားထဲ့ပစ္စည်းဆိုရင် ခလုတ်တို့ ဘာတို့ပါရမှာပေါ့"

ဖိုးသကြန်စကားကြောင့် ဦးမိုးမောင် ငိုင်သွားလေသည်။ သူ့အနေနှင့် လက်တွေ့လည်း မရှိသေး၍ ဖိုးသကြန် စကားကိုယုံရမှာလည်း ခက်နေ၏။

"ဒီဖန်တုံးကို ကြည့်တဲ့နည်းကို သိနေပြီဆိုတာကကော၊ ဘယ်လိုလဲ ပြောပါဦး"

"ဒီလို ဘဘ၊ ဖန်တုံးက အလင်းရောင်ထွက်တဲ့အချိန်မှာ အရောင်ထွက်တဲ့အကွက်ထဲကို တည့်တည့်ကြည့်ရင် မြင်ရတယ်။ တစ်ခါတော့ သားလည်း ကြည့်ချင်စောနဲ့ ဖန်တုံးကို ကောက်ကိုင်ပြီးကြည့်လိုက်မိတယ်။ ကောက်ကိုင်လိုက်တာနဲ့ အလင်းရောင်လည်း ပျောက်သွားရော၊ ဘာမှလည်း မမြင်ရတော့ဘူး"

"ဒါဖြင့် ကြည့်ချင်ရင် ဖန်တုံးကအလင်းရောင်ထွက်မယ့်အချိန်ကို စောင့်နေရမှာပေါ့"

"မဟုတ်ဘူး၊ သား ကြည့်ပါများလို့ ဘယ်အကွက်က ရုပ်ပုံပေါ်တော့မယ်ဆိုတာ သိနေပြီ ဘဘ။ ဖန်တုံးကို စိုက်ကြည့်နေရင် တစ်ကွက်မဟုတ်တစ်ကွက်ဟာ အရောင်လေးတွေ ပြေးနေတတ်တယ်။ အဲဒီအရောင်ပြေးတဲ့အကွက်ကို မျက်စိနဲ့တည့်တည့် မှာထားရင် အထဲက တစ်ခုမဟုတ်တစ်ခုကို မြင်ရတာပဲ ဘဘ"

"မင်း မြင်ရပေမယ့် ငါမြင်ချင်မှ မြင်ရမယ် ထင်ပါရဲ့ ဖိုးသကြန်ရယ်"

"အို ... ဘဘမှာလည်း မျက်လုံးပါတာပဲ။ ဘာလို့မမြင်ရမှာလဲ"

"ငါက အဘိုးကြီးကိုးကွ၊ မျက်စိ မကောင်းတော့ဘူးလေ"

"ဘဘကလည်းဗျာ။ ကြည့်စေချင်လို့ဟာကို။ ဒီတစ်ည ဖန်တုံးကို ဘဘ အခန်းထဲမှာ ထားပေးခဲ့မယ်။ ဒါပေမဲ့ မမကြီးတော့ မသိစေနဲ့နော်။ ဘယ်သူ့မှလည်း ပြောမပြနဲ့"

"မင်းဟာက မြင် မြင်ရပါစေဦး ဖိုးသကြန်ရယ်။ ဒါနဲ့ မင်းမြင်ခဲ့ဖူးတာတွေက ဘယ်လိုဟာတွေလဲ၊ ပြောပါဦး"

"ရှခင်းတွေ များပါတယ် ဘဘ။ ရှုခင်းတွေကလည်း တစ်ခါနဲ့ တစ်ခါ မတူဘူး။ တစ်ခါက ကွင်းပြင်ကျယ်ကြီးတစ်ခုကို မြင်ရတယ်။ တစ်ခါကတော့ လယ်ယာဥ်ကွင်းကြီးထင်ပါရဲ့။ ကွင်းထဲမှာ ယာဥ်တွေရပ်ထားတာ မြင်ရတယ်။ ဒါပေမဲ့ အဲဒါတွေက လေယာဥ်ပျံတွေတော့ မဟုတ်ဘူး။ ပြားပြားဝိုင်းဝိုင်းကြီးတွေ အဲဒီပေါ်ကို ခုနပြောတဲ့ လမ်းလျှောက်စရာမလိုတဲ့ လူတွေက တက်သွားကြတာ မြင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလူတွေက လမ်းလျှောက်စရာမလိုဘဲ ရှာန်နဲ့ကြွနိုင်တယ်လည်း ဆိုသေး၊ ယာဉ်ပျံစီးစရာလိုသေးသလား ဖိုးသကြဲန်ရယ်"

"ဒါတော့ မသိဘူး။ ခပ်ဝေးဝေး တစ်နေရာရာသွားမလို့ ဖြစ်မှာပေါ့ ဘဘရဲ့"

ဦးမျိုးမောင်သည် ဖိုးသကြဲန် အလေးအနက်ထားပြောနေပုံရသော်လည်း ယုံရခက်ခက် ဖြစ်နေသေး၏။ သူ့ကိုများ အချိန်ဆွဲ၍နောက်ပြောင်နေသလား၊ အရူးလုပ်နေသလားဟု တွေးနေမိသည်။

"ဒါပဲနော် ဘဘ၊ ဘဘ မြင်ရရ၊ မမြင်ရရ၊ ဒီအကြောင်းကို ဘယ်သူ့မှ ပြန်မပြောရဘူး"

"အေးပါကွယ်၊ ဘဘက ဘယ်မှလည်း မသွားနိုင်၊ မလှုပ်ရှားနိုင်ပဲဟာ၊ အားအားယားယား ဘယ်သူ့ကို သွားပြောရဦးမှာလဲကွယ့်"

"ဒါဟာ ဘဘဆိုတာ သားသိချင်လို့ပြီ ဘဘရယ်၊ တခြားလူတွေနဲ့လည်း မတိုင်ပင်ချင်ဘူး။ အသိလည်း မပေးချင်ဘူး။ မာမ့်ကိုတောင် မပြောဘူး။ သား မြင်ရသလို ဘဘရော မြင်ရသလားဆိုတာ ကြည့်ကြည့်စမ်းပါ။ ဒီည ဘဘ ခုတင်ဘေးက ရေတကောင်း တင်တဲ့ ခုံလေးပေါ်မှာ တင်ပေးထားခဲ့မယ်နော် ဘဘ"

"အေးပါကွယ်၊ အေးပါ"

●

www.burmeseclassic.com

www.burmeseclassic.com



[illegible]

“ဒါဖြင့် ဦးမျိုးမောင် ကြည့်တဲ့အခါမှာရော ရုပ်ပုံတွေ မြင်ရပါသလား”

“အစပိုင်းတော့ မမြင်ရဘူး ဒေါက်တာ။ သုံးလေးလလောက်အထိကို မမြင်ရပါဘူး။ ဒါနဲ့ ဖိုးသကြိန်ပြောတဲ့စကားတွေလည်း ကျွန်တော် မယုံတော့ဘူး။ ဒါပေမဲ့ ဖိုးသကြိန်ဟာ လက်မလျှော့ဘူး ဒေါက်တာ။ အကြောင်းသင့်ရင် မြင်ရပါလိမ့်မယ်ဆိုပြီး တစ်ခါတလေ ကျွန်တော့်အခန်းထဲမှာ လာလာထားပေးတယ်။

“ဒီလိုနဲ့ တစ်နေ့မှာ အဲ ... မှတ်မှတ်ရရ အဲဒီနေ့က သီတင်းကျွတ်လပြည့်နေ့ပါ ဒေါက်တာ၊ အောက်တိုဘာလထဲမှာပေါ့။ ဖိုးသကြိန်က ဖန်တုံးကို အဲဒီညက ကျွန်တော့် အိပ်ရာဘေး ရေတကောင်းနဲ့ ဆေးတွေတင်တဲ့ ခုံပုလေးပေါ်မှာ တင်ထားပေးခဲ့တယ်။ ခုံပုလေးက ကျွန်တော့်ခုတင်နဲ့ တစ်ညီတည်းမို့လို့ ကျွန်တော်စောင်းကြည့်လိုက်ရင် ဖန်တုံးလေးကို တည့်တည့်မြင်နေရပါတယ်”

ထိုညက ဦးမျိုးမောင် တစ်ရေးအနိုးတွင် ဖန်တုံးကိုလှမ်းကြည့်လိုက်ရာ ဖန်တုံးဆီမှ အလင်းရောင်တန်းလေး ထွက်ပေါ်နေသည်ကို တွေ့ရလေ၏။

သို့သော် အလင်းရောင်ထွက်သည့်အကွက်မှာ ဦးမျိုးမောင် အိပ်နေသည့်ဖက်မှ မဟုတ်ဘဲ ဆန့်ကျင်ဘက်အကွက်ဆီမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ ဦးမျိုးမောင်အနေနှင့် ခုတင်ပေါ်မှ ထသွားရန် မဖြစ်နိုင်ပါပေ။

“ဒါနဲ့ ကျွန်တော်လည်း ဖန်တုံးလေးကို အိပ်ရာထဲကနေရင်းကပဲ လှမ်းယူလိုက်ပါတယ် ဒေါက်တာ။ ကျွန်တော့်လက်နဲ့ ကိုင်မိပြီး နေရာရွှေ့သွားတာနဲ့ ဖန်တုံးဆီက အလင်းရောင်ဟာ ရုတ်တရက် ပျောက်သွားပါတယ်”

“အဲဒီညက လပြည့်ညဖြစ်တော့ကော လရောင်က အရောင်ဟပ်ပြီး အလင်းတန်းထွက်တာမျိုး မဖြစ်နိုင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ အလင်းတန်းထွက်တာက ပြတင်းပေါက်နဲ့ ဆန့်ကျင်ဘက်ကပါ။ လပြည့်ညပေမဲ့ ကျွန်တော့်အခန်းက ပြတင်းပေါက်တွေကို မှန်အနောက်နဲ့ ကာထားတဲ့အခန်းပါ။ လရောင်ကြောင့် အခန်းထဲမှာ ထူးခြားမှု မရှိပါဘူး ဒေါက်တာ"

"ဒါဖြင့် ဖန်တုံးထဲက ရုပ်ပုံတွေကိုလည်း မမြင်လိုက်ရဘူးပေါ့"

"အဲဒီညက မမြင်လိုက်ရပါဘူး။ ဒါပေမဲ့ ဖိုးသကြံန် စကားတွေကိုတော့ ကျွန်တော်ယုံသွားတယ်။ ဖန်တုံးအကြောင်း သူက ညွှန်းချင်တိုင်း ညွှန်းနေပေမဲ့ ဘာထူးခြားမှုမှ မတွေ့ရလို့ သူ့စကားကို အယုံအကြည် မရှိဖြစ်နေတဲ့အချိန်ကိုး။ အဲဒီညက ဖန်တုံးကအကွက်တစ်ကွက်ဆီက အလင်းတန်း ထွက်လာတာမြင်လိုက်တော့ ဖန်တုံးဟာ သာမန်တော့ မဟုတ်ပါဘူး၊ ထူးခြားတယ်ဆိုတာ သိလိုက်ရပါတယ် ဒေါက်တာ။ ရုပ်ပုံတွေ မမြင်ရတာကတော့ ဖိုးသကြံန်ပြောသလို နေရာရွှေ့လိုက်လို့ ပျောက်သွားတယ်လို့ ယူဆရပါတယ်"

"ဟုတ်ကဲ့။ နောက်ပိုင်းမှာတော့ ဦးမျိုးမောင် ဖန်တုံးထဲက အရိပ်တွေ မြင်ခဲ့ရတယ်ပေါ့။ ဆက်ပြောပါဦး"

"မြင်ရပါတယ်။ ကျွန်တော်လည်း ဖန်တုံးကို စိတ်ဝင်စားနေပြီး နေ့ပိုင်းမှာ စားပွဲပေါ်တင်ပြီး စားပွဲဘေးမှာပဲ ဘီးတပ်ကုလားထိုင်နဲ့ ထိုင်စောင့်နေတဲ့အထိပါပဲ"

သီတင်းကျွတ်လပြည့်နေ့အပြီး သုံးရက်အကြာတွင် ဖြစ်သည်။ ဦးမျိုးမောင်သည် ပြတင်းပေါက်ဘေးမှ စာကြည့်စားပွဲ၌ ဘီးတပ်ကုလားထိုင်ဖြင့် ထိုင်နေသည်။ ရေနွေးကြမ်းသောက်နေခဲ့သည်။ ဖန်တုံးလေးကိုလည်း စားပွဲအစွန်နားတွင် တင်ထားခဲ့သည်။ အလျဉ်းသင့်၍ အရိပ်များပေါ်လာခဲ့လျှင် အလွယ်တကူ ကြည့်နိုင်ရန် ခပ်နီးနီးနေရာတွင် တင်ထားခြင်းဖြစ်သည်။

ထိုအချိန်က ဦးမျိုးမောင်၏ သမီးကြီးတင်တင်မျိုးမောင် အခန်းထဲ၌ ရှိမနေပါ။

နေ့လယ် ၂ နာရီအချိန်လောက်၌ ဖန်တုံးအတွင်းရှိ အကွက်တစ်ကွက်ဆီမှ အလင်းရောင်တန်းလေး ထွက်လာလေသည်။ ကံကောင်းထောက်မစွာပင် သူထိုင်နေသည့် မျက်နှာစာဘက်တည့်တည့်အကွက်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်ပါ၏။

ဒီတစ်ခါတော့ ဦးမျိုးမောင်က ဖန်တုံးကို လှမ်းမကိုင်မိအောင် သတိထားနေလိုက်သည်။ အလင်းရောင်ထွက်လာရာ အကွက်ကလေးနှင့် တည့်တည့်သို့ သူ့မျက်နှာရောက်အောင် ကုန်းလိုက်ကာ စိုက်ကြည့်နေလိုက်လေသည်။

ခဏအကြာတွင် ဖန်တုံးအတွင်း၌ ပုံရိပ်တစ်ခု ပေါ်[illegible]လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေါ်လာတဲ့ပုံရိပ်က တော်တော်အံ့သြဖို့ ကောင်းပါတယ်။ လူတစ်ယောက်ရဲ့ ပုံရိပ်ပေါ်လာတာပါ။ တစ်ဖက်က အဲဒီလူဟာလည်း စားပွဲလို ခုံတစ်ခုမှာ ကျွန်တော်ကြည့်နေတဲ့ဖန်တုံးနဲ့ တထေရာတည်း တူတဲ့ဖန်တုံးကိုတင်ပြီး ဖန်တုံးကို အပြန်ပြန် အလှန်လှန် ကြည့်နေတဲ့ပုံပါ"

"ဗျာ ... သူကြည့်နေတဲ့ ဖန်တုံးကလည်း ဦးမျိုးမောင် ကြည့်တဲ့ ဖန်တုံးနဲ့ တစ်ပုံစံတည်းပဲလား"

"ဟုတ်ပါတယ်၊ သူဟာ ဖန်တုံးထဲက အကွက်ကလေးတွေကို တစ်ခုချင်းလိုက်ကြည့်ပြီး တစ်ခုခုကို လိုက်ရှာနေတဲ့ပုံပါပဲ။ ကျွန်တော် နားလည်လိုက်တာက သူဟာလည်း ကျွန်တော့်လို ဖန်တုံးအကွက်ထဲက ပေါ်လာမယ့် ရုပ်ပုံတွေကို တွေ့လိုတွေ့ငြား လိုက်ရှာနေတာလို့ ထင်လိုက်ပါတယ်"

"ထူးဆန်းလှချည်လားဗျာ"

"ခဏကြာတော့ သူဟာ အကွက်တစ်ကွက်ထဲက ပုံရိပ်ကိုမြင်လိုက်ရပြီး စိတ်ကျေနပ်သွားပုံ ပေါ်သွားပါတယ်။ သူ မြင်လိုက်ရတဲ့ပုံက တခြားပုံ မဟုတ်ပါဘူး။ ကျွန်တော့်ပုံပါပဲ ဒေါက်တာ"

"ဗျာ"

'ကျွန်တော် ဘာလို့ပြောနိုင်ရသလဲဆိုတော့ သူဟာ ဖန်တုံးထဲက ပုံရိပ်ကိုလည်း တွေ့လိုက်ရော အကွက်ကလေးနားကို မျက်နှာကပ်သွားပြီး ကြည့်လိုက်တာမှာ ကျွန်တော့်ဘက်က မြင်ကွင်းကလည်း ပြောင်းသွားလို့ပါ။ ကျွန်တော်ကြည့်နေတဲ့အကွက်ထဲမှာ သူ့မျက်နှာကြီးဟာ အပြည့်ပေါ်လာပါတယ်။ သူကလည်း ကျွန်တော့်လိုပဲ ဒီဘက်ကကြည့်နေတဲ့ ကျွန်တော့်ကို မြင်သွားပါတယ်။ သူ တော်တော်အံ့သြသွားပုံရတယ်။ ခဏကြာကြာ တစ်ယောက်နဲ့ တစ်ယောက် စိုက်ကြည့်နေကြပါတယ်။ ပြီးမှ သူကအရင် ဖန်တုံးနားက မျက်နှာခွာလိုက်ပါတယ်။ ဖန်တုံးကို သူ့လက်ဝါးကြီးနဲ့ အုပ်လိုက်ပါတယ်။ သူ့လက်ဝါးကြီးဟာ အကွက်နဲ့အပြည့် ပေါ်လာပြီး အုပ်လိုက်တာမှာ အားလုံး မှောင်သွားပြီး မြင်ကွင်းကလည်း ပျောက်သွားပါတယ် ဒေါက်တာ"

"အဲဒါဘယ်လိုဖြစ်တာလဲ။ အဲဒီလူက ဘယ်ကလဲ၊ တကယ်ရှိတဲ့ လူတစ်ယောက်ပဲလား။ ဦးမျိုးမောင် ဘယ်လိုထင်သလဲဟင်"

"တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီး တွေ့လိုက်ရတာက ကျွန်တော့်ဘက်က ဖန်တုံးကြည့်နေချိန်နဲ့ သူ့ဘက်က ဖန်တုံးထဲမှာ သူကလည်း ပုံရိပ်တွေကို လိုက်ရှာနေတဲ့အချိန် တစ်ပြိုင်တည်း တိုက်ဆိုင်သွားလို့ပါ။ ဒါပေမဲ့ သူက သူ့ဘက်မှာ ဒီလိုဖန်တုံးမျိုးရှိတာကို သိစေချင်ပုံ မရပါဘူး။ သူရှာတာ



www.burmeseclassic.com

www.burmeseclassic.com



တည်း တခြား မြင်ကွင်းတစ်ခုခုကို ရှာတာဖြစ်ပါလိမ့်မယ်။ မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်ရတယ်။ ကျွန်တော်က သူ့မြင်ကွင်းထဲမှာ သူ့ကိုစိုက်ကြည့်နေတာ တွေ့လိုက်တော့ သူအံ့လည်းအံ့သြ၊ လန့်လည်းလန့်သွားပုံရတယ်။ အဲဒါကြောင့် သူက အရင် မြင်ကွင်းကို ကွယ်လိုက်တာပါ''

''ဒါဖြင့် ဖန်တုံး ၂ တုံးဟာ အဆက်အသွယ်ရှိတယ်ပေါ့''

''ဟုတ်ကဲ့၊ ကျွန်တော့်ဆီက ဖန်တုံးဟာ သူ့ဖန်တုံးနဲ့ အဆက်အသွယ်ရှိရုံမကပါဘူး။ တခြားဖန်တုံးတွေနဲ့ပါ အဆက်အသွယ်ရှိနေတဲ့ သဘောပါ။ ကျွန်တော်ပြောခဲ့ပါပကော၊ ဖိုးသကြဲန်ဟာ ဖန်တုံးမှာ အကွက်ဘယ်နှစ်ကွက်ရှိတယ်ဆိုတာကို Correction Pen နဲ့တို့ပြီး ရေတွက်ခဲ့တယ်ဆိုတာလေ''

''အင်း''

''ဖိုးသကြဲန် ရေတွက်ကြည့်တာ အကွက်ပေါင်း ၁၀၈ ကွက် ရှိပါတယ် ဒေါက်တာ။ ကျွန်တော့်ဘက်က ဟိုလူကိုမြင်လိုက်ရတဲ့အကွက်နဲ့ သူ့ဘက်က ကျွန်တော့်ကို မြင်လိုက်ရတဲ့အကွက်ချင်းဟာ အဆက်အသွယ်ရှိနေတဲ့ သဘောပါ။ ဒီအတိုင်းပဲ အားလုံးသော ၁၀၈ ကွက်ဟာ တစ်ဖက်က နေရာပေါင်း ၁၀၈ နေရာ သို့မဟုတ် အလားတူဖန်တုံးပေါင်း ၁၀၈ ခုနဲ့ တစ်ကွက်ချင်းစီ အဆက်အသွယ်ရှိနေတဲ့ သဘောပါပဲ။ ဒါကြောင့်လည်း အကွက်တွေထဲမှာ မြင်နေရတဲ့ မြင်ကွင်းတို့၊ သက်ရှိသတ္တဝါတို့ဟာ တစ်ကွက်နဲ့တစ်ကွက်မတူဘဲ ဖြစ်နေတာပါ''

''ဒါဖြင့် အင်တာနက်တို့၊ အီးမေးလ်တို့နဲ့ သဘောသဘာဝချင်းတူတာပေါ့''

''ဟုတ်တယ် ... ဟုတ်တယ်။ ဖန်တုံးမှာ ဆက်သွယ်ရေးလိုင်းပေါင်း ၁၀၈ လိုင်းရှိတဲ့သဘောပါပဲ''

''ဒီလိုဆို ဖန်တုံးအချင်းချင်း ဆက်သွယ်နိုင်တဲ့ တစ်ဖက်နေရာက ဘယ်နေရာဖြစ်မလဲ ဦးမျိုးမောင်''

''ဘယ်နေရာလဲဆိုတော့ ကျွန်တော်ပြောတာတွေ ဆက်နားထောင်လိုက်ရင် ရှင်းပါလိမ့်မယ် ဒေါက်တာ။ အထောက်အထားလည်း ကျွန်တော်ပြပါ့မယ်။ အဲဒီနေရာဟာ ဒီကမ္ဘာ မဟုတ်တဲ့ တခြားနေရာတစ်ခုပါ ဒေါက်တာ''

''ဗျာ''

'ကျွန်တော် မြင်လိုက်ရတဲ့သူကိုပဲ ကြည့်လေ။ သူဟာ ခြေ ၂ ချောင်း၊ လက် ၂ ဖက်နဲ့မို့ ကျွန်တော်တို့လူတွေနဲ့ တူပေမဲ့ လုံးလုံးတူတာ မဟုတ်ပါဘူး။ ကွဲပြားပါတယ်၊ သူ့ကိုယ်ဟာ ရှည်မျောမျောနဲ့ ခဲတံချောင်းလိုပဲ လုံးချောကြီး ဖြစ်နေတယ်။ ရင်အုပ်တို့၊ တင်ပါးတို့၊ လက်မောင်းတို့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူသားတွေဟာ ဘယ်လောက်ပိန်တဲ့ လူဖြစ်ဖြစ် အထိုက် အလျောက် အဖုအထစ် ကောက်ကြောင်းတော့ ရှိစမြဲပဲ မဟုတ်လား။ သူတို့က တော့ ခဲတံချောင်းလို တစ်ပြေးတည်း တညီတည်း ကိုယ်လုံးမျိုးတွေနဲ့ပါ။

"သူ့မျက်နှာကို အနီးကပ်မြင်လိုက်ရတော့လည်း ကွဲပြားတဲ့အချက်တွေ ကို သတိပြုမိလိုက်ပါတယ်။ သူတို့မှာ ကျွန်တော်တို့လူတွေလို မျက်လုံး ၂ လုံး၊ နှာခေါင်းပေါက် ၂ ပေါက်နဲ့ ပါးစပ်တစ်ပေါက် ပါကြပါတယ်။ ဒါပေမဲ့ မျက်လုံးတွေမှာ မျက်ရစ် မရှိဘူး။ မျက်ခုံးလည်း မပါဘူး။ ပါးစပ်မှာ နှုတ်ခမ်း မရှိဘူး။ နှာခေါင်းဟာလည်း ကျွန်တော်တို့လို နှာရိုးနှာတံတွေ ရှိမနေပါဘူး။ အပြင်ကို နှာတံထိုးထွက်မနေဘဲ အသက်ရှူပေါက်ကလေး ၂ ပေါက်ကို ဒီအတိုင်း မြင်နေရပါတယ်။ မျက်နှာဟာ ဘဲဥပုံ ပြောင်ချောကြီးဖြစ်နေတာပေါ့။ ကျွန်တော် တို့ငယ်ငယ်က ချက်ပြုတ်ဖို့ဖောက်ပြီးသား ဘဲဥအခွံပေါ်မှာ လူမျက်နှာ ရေးပြီး ကစားဖူးပါတယ် ဒေါက်တာ။ သူတို့ရဲ့မျက်နှာဟာလည်း ဘဲဥခွံပေါ်မှာ မင်နဲ့ သေချာရေးထားတဲ့ မျက်နှာပုံမျိုးပါပဲ။

"နောက်ပြီး ထူးခြားချက်တစ်ခု ရှိပါသေးတယ်။ သူ့ လက်ဝါးကြီးနဲ့ ဖန်တုံးကို လှမ်းအုပ်လိုက်တော့ လက်ဝါးပေါ်မှာ ကျွန်တော်တို့လူတွေလို လက္ခဏာအရေးအကြောင်းတွေပါအောင် မတွေ့ရဘူး။ ပြောင်ချောကြီးဖြစ်နေတာ ပါပဲ"

"သူဟာ သာမန်လူသားတွေနဲ့ မတူဘူး။ ဖန်တုံးထဲမှာ မြင်နေရတဲ့ နေရာတွေဟာ ကမ္ဘာပေါ်က မဟုတ်တဲ့ပုံရိပ်တွေဆိုတာကို ဘာကြောင့် ပြောနိုင် ရတာလဲ ဦးမျိုးမောင်"

"အထောက်အထားရပြီးလို့ ပြောနိုင်တာပါ ဒေါက်တာ။ ဒါနဲ့ပတ်သက် ပြီး ကျွန်တော်နောက်ပိုင်းမှာ ပြောပြပါ့မယ်။ အထောက်အထားလည်း ပြပါ့မယ်။ အခု ဖန်တုံးနဲ့ပတ်သက်ပြီး ရှင်းလင်းအောင် ပြောပါရစေဦး"

●

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနဲ့ ကျွန်တော်လည်း ဖန်တုံးကို ဒုတိယအကြိမ် လေ့လာခွင့် ရခဲ့ပါတယ် ဒေါက်တာ"

ဦးမျိုးမောင်ပြောပြနေသော ဖန်တုံးလေးအကြောင်းမှာ တစ်စထက် တစ်စ စိတ်ဝင်စားဖွယ် ကောင်းလာလေပြီ။

ကျွန်ုပ်သည် ဖန်တုံးလေးအား ဤကမ္ဘာမြေနှင့် အခြားဝေးကွာသော နေရာတစ်ခုအား အဆက်အသွယ်ပြုလုပ်ရန် တီထွင်ဖန်တီးထားသော ကိရိယာ တစ်ခုဖြစ်ကြောင်း ရိပ်မိလေပြီ။ ထိုဝေးကွာသောနေရာမှ သက်ရှိသတ္တဝါတို့ သည် ကျွန်ုပ်တို့ကမ္ဘာပေါ်ရှိ မြင်ကွင်းများ၊ လှုပ်ရှားမှုများအား စောင့်ကြည့်နေ ခြင်းဖြစ်လိမ့်မည်။

ထိုသတ္တဝါတို့သည် ကျွန်ုပ်တို့လူများထက် ပို၍ အသိဉာဏ်ပညာ မြင့်မားသော၊ ပို၍သိပ္ပံပညာထွန်းကားသောနေရာ တစ်နေရာမှဖြစ်သည်မှာ ကေန် မင်တည်း။

ဖန်တုံးနှင့် ဆက်သွယ်သည့် နည်းလမ်းနှင့်ပတ်သက်၍လည်း သူတို့ ဘက်က တစ်ပန်းသာနေပေလိမ့်မည်။ ကမ္ဘာမြေပေါ်သို့ သူတို့ကြည့်ချင်သည့် အချိန်တွင် စက်ကိရိယာများအသုံးပြု၍ ခလုတ်နှိပ်ကြည့်ရုံ ဖြစ်ပေမည်။

ကျွန်ုပ်တို့ဘက်မှတော့ အလျဉ်းသင့်၊ အကြောင်းတိုက်ဆိုင်မှသာ မြင်ရ ခြင်း ဖြစ်ပေ၏။

ထိုသို့ သိပ္ပံနည်းပညာ မြင့်မားသောနေရာသည် ဘယ်နေရာလဲ၊ ထိုနေရာမှ သက်ရှိသတ္တဝါတွေကကော ဘယ်လိုအမျိုးအစားတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရင်ထဲ၌ မေးချင်သော ပဟေဠိများရှိသော်လည်း ဦးမျိုးမောင် အစဉ်တစိုက် ပြောပြနေသောအချက်များ ဖရိုဖရဲဖြစ်သွားမည်စိုး၍ ကျွန်ုပ်က သူပြောသမျှကိုသာ ဆက်၍နားထောင်နေလိုက်လေသည်။

ဦးမျိုးမောင်သည်လည်း ကျွန်ုပ်အား ပြောပြရန် အချက်အလက်များကို စီစဉ်ထားပြီး ဖြစ်ပုံရပေသည်။

"ဒုတိယအကြိမ် လေ့လာတဲ့အခါမှာ မြင်ရတဲ့မြင်ကွင်းကတော့ သူတို့ဆီမှာ ပွဲလမ်းသဘင်တစ်ခု လုပ်နေတဲ့မြင်ကွင်းပဲ ဒေါက်တာ"

"ပွဲ"

"ဟုတ်ပါတယ်၊ မြင်ကွင်းထဲမှာ အဆောက်အအုံ မြင့်မြင့်ကြီးတွေကြားမှာ မီးတွေထိန်ထိန်ညီးနေအောင် ထွန်းထားတာ တွေ့ရတယ်။ အဆောက်အအုံတွေရဲ့အလယ်မှာ ကွက်လပ်ကြီး။ ကွက်လပ်ကြီးထဲမှာ သူတို့လူတွေဟာ ပြွတ်သိပ်ကျပ်ညပ်နေအောင် သွားလာလှုပ်ရှားနေကြတယ် ဒေါက်တာ၊ သွားတာကလည်း ဖိုးသကြဲန် ပြောသလို လမ်းမလျှောက်ဘဲ ဈာန်ကြွသလို ရွေ့သွားကြတာ။ ကျွန်တော်လည်း သူတို့ရဲ့တစ်ကိုယ်လုံးကို အဲဒီအခါကျမှ မြင်ရတော့တာပါ"

"ကျွန်တော် မရှင်းတာလေး မေးပါရစေဦး။ ဖန်တုံးက-အကွက်တစ်ကွက်ဟာ လက်သည်းခွံလောက်ပဲ ရှိတယ်လို့ ဦးမျိုးမောင် ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ လက်သန်းရဲ့လက်သည်းခွံလောက်ပဲ ရှိပါတယ်"

"အဲဒီလောက် သေးငယ်တဲ့အကွက်ကလေးထဲကနေ ကြီးမားတဲ့ မြင်ကွင်းကြီးတွေကို မြင်ရနိုင်သလား။ မြင်ရတော့ရော ပီပီပြင်ပြင်ရှိရဲ့လား။ ဝေဝေဝါးဝါးနဲ့ သေးသေးမွှားမွှားလေးတွေ ဖြစ်မနေဘူးလားဗျာ"

"မဖြစ်ပါဘူး ဒေါက်တာ။ မြင်ရခါစမှာသာ အားစိုက်ကြည့်ရတာပါ။ အာရုံက ဖန်တုံးအကွက်ထဲရောက်သွားတာနဲ့ အားလုံး ပီပီပြင်ပြင် မြင်ရနိုင်ပါတယ်။ ဥပမာ ပေးရရင် ထရံပေါက်ကနေ အပြင်ကိုချောင်းကြည့်သလိုပေါ့ ဒေါက်တာ။ ထရံပေါက်ကလေးထဲကို အပြင်လောကကြီးတစ်ခုလုံး မဆံ့နိုင်ပေမဲ့ ချောင်းကြည့်တဲ့သူက အပေါက်နားကပ်ကြည့်ရင် အပြင်က မြင်ကွင်းတစ်ခုလုံးကို မြင်ရတယ် မဟုတ်လား"

"ဪ ... ဪ"

"မှန်ပြောင်းရဲ့သဘောသဘာဝမျိုးလည်း ပါပါတယ် ဒေါက်တာ။ မှန်ပြောင်းအဝကျဉ်းကျဉ်းလေးကို မျက်လုံးကပ်ကြည့်လိုက်တာနဲ့ အဝေးက မြင်ကွင်းတွေကို ထင်ထင်ရှားရှားမြင်ရတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရှင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မြင်ရတဲ့မြင်ကွင်းတွေဟာ လက်သည်းခွံလောက် အကွက်လေးထဲမှာ ဖြစ်ပေါ်နေတာ မဟုတ်ပါဘူး။ အကွက်လေးဟာ ပြတင်းပေါက်လို ချောင်းကြည့်ပေါက်လိုဖြစ်ပြီး အကွက်ကလေးကို ကျော်လွန်ပြီး တွေ့ရမြင်ရတာပါ ဒေါက်တာ"

"သဘောပေါက်ပါပြီ ဦးမျိုးမောင်"

"အဲဒီအခါက ဖိုးသကြိန် ၃ ညအိပ်သွားလို့ တူဝရီးနှစ်ယောက် ဖန်တုံးလေးရဲ့သဘောသဘာဝကို တော်တော်စမ်းသပ်လေ့လာနိုင်ခဲ့ပါတယ်"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ဟာ ဖန်တုံးကိုစားပွဲပေါ်တင်ပြီး အရပ်မျက်နှာအမျိုးမျိုးကို လှည့်ပြီး ထားကြည့်တယ် ဒေါက်တာ။ အဲဒီမှာ ဖန်တုံးထဲက ပုံရိပ်တွေကို အလွယ်တကူ မြင်ရအောင် ထားရမယ့် Position အနေအထားကို တွေ့သွားခဲ့ပါတယ်"

"ဘယ်လိုပါလိမ့်"

"ဖန်တုံးက ဘဲဥပုံရှည်မျော့မျော့ကိုး။ ဖန်တုံးရဲ့ချွန်တဲ့ တစ်ဖက်ထိပ်ကို မြောက်ဘက်တည့်တည့်အရပ်မှာထားရင် အကွက်တော်တော်များများတနေ ပုံရိပ်တွေ အလွယ်တကူ မြင်နိုင်တာ တွေ့ရတယ်"

"ဩြော်"

"ဖိုးသကြိန်က မြောက်ဘက်တည့်တည့်မှာ ထားရမယ့်အပိုင်းကို ဆေးနဲ့ သုတ်ပြီး မှတ်သားထားလိုက်တယ်။ ဖန်တုံးပေါ်မှာ သူ့ကောင်မလေးကို တွေ့ရတဲ့ အကွက်၊ ဖန်တုံးမျက်နှာလှည့်ရမယ့်အကွက်တွေမှာ ဆေးဖြူစက်ကလေးတွေ ရှိနေတော့တာပေါ့"

"မြောက်ဘက်လှည့်ထားတော့ တခြားအကွက်တွေကပါ ရုပ်ပုံတွေ မြင်ရရောလား"

"ဖိုးသကြိန်ကတော့ အရင်ကထက်ပိုပြီး ပုံရိပ်တွေ မြင်လာရတယ်လို့ ပြောပါတယ်။ ဒီလိုရှိတယ်လေ၊ ဖန်တုံးကို ကြည့်တဲ့အခါ အကွက်ကလေးနဲ့ တည့်တည့်နေရာမှာ မျက်နှာထားကြည့်ရတာကိုး။ ဖန်တုံးကအလုံးဖြစ်ပြီး လုံးဝန်းတဲ့မျက်နှာပြင်မှာ အကွက်တွေ သွေးထားတာဆိုတော့ အကွက်တော်တော်များများဟာ ခပ်စောင်းစောင်းဖြစ်နေပါတယ်။ အထက်ဘက်ကိုစောင်းတဲ့ အကွက်က စောင်းနေတယ်။ အောက်ဘက်ကိုစောင်းတဲ့အကွက်က စောင်းနေတယ်။ စောင်းနေတဲ့ အကွက်ကို ကြည့်ဖို့ရာ လူကလည်း ခပ်စောင်းစောင်း အနေအထားနဲ့ မျက်နှာကိုပါ စောင်းထားဖို့လိုတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အနေနဲ့က မထနိုင်၊ မကြွနိုင်တဲ့လူမမာဆိုတော့ စောင်
နေတဲ့ အကွက်တွေထဲကိုကြည့်ဖို့ မဖြစ်နိုင်ပါဘူး။ ဖိုးသကြဲန်ကတော့ ကုန်း
ပြီးတော့တစ်မျိုး၊ မော့ပြီးတော့ တစ်မျိုး၊ ငုံ့ပြီးတော့ တစ်မျိုး အမျိုးမျိုး ကြည့်
နိုင်တယ်လေ။ ဒီတော့ ဖန်တုံးကို ကြည့်တဲ့နေရာမှာ သူက တစ်ပန်းသာနေတာ
ပေါ့"

"အဲဒီလိုကြည့်တော့ ဗိုပြီးထူးခြားတဲ့ မြင်ကွင်းမျိုးတွေ မြင်ရသလား
ဦးမိုးမောင်"

"မြင်ရပြီကော ဒေါက်တာ၊ တစ်နေရာက တစ်နေရာ သွားတဲ့ယာဉ်
တွေ၊ မိုးပေါ်ပျံနိုင်တဲ့ ယာဉ်တွေ မြင်ရတယ်တဲ့။ မိုးပေါ်ပျံတဲ့ယာဉ်တွေဟာ
ကျွန်တော်တို့ဆီကလို ပန်ကာ မပါဘူး။ ပန်ကာမပါဘဲ မိုးပေါ်ပျံနိုင်ကြတာ
အံ့ဩစရာပဲပေါ့"

"ဟုတ်ပါရဲ့"

"ဖိုးသကြဲန် မြင်ရတဲ့အထဲမှာ အဆန်းပြားဆုံးနဲ့ စိတ်လှုပ်ရှားစရာ
အကောင်းဆုံးကတော့ အဲဒီနေရာမှာ ကမ္ဘာပေါ်က ကျွန်တော်တို့လို လူတစ်
ယောက်ကို တွေ့လိုက်ရတာပါပဲ ဒေါက်တာ"

"ဟင်"

"အဲဒီလူသားဟာလည်း တခြားလူ မဟုတ်ဘူး၊ ဖိုးသကြဲန်ရဲ့ အဖေ
ပါပဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ဖိုးသကြွန်သည် ဦးမျိုးမောင်အိမ်သို့ အလွယ်ဖားယား ရောက်ရှိလာလေ၏။ ဦးမျိုးမောင် ရှိသောအခန်းထဲသို့ အမြေအိလွှား ဝင်လာကာ အနီးရှိ အင်တင်မျိုးမောင်ကို အခန်းထဲမှ နှင်လွှတ်လေသည်။

"မမကြီး ... ကျွန်တော် ဘဘကို စကားပြောစရာရှိလို့ အရေးကြီးလို့ အပြင်ခဏထွက်ပေးပါ"

"အမယ်လေး ... နင်ကများ အရေးကြီးသလေ။ ဘဘလေးနဲ့ များနှင်ထုတ်လို့၊ ကြီးကျယ်လိုက်တာဟယ် ... ဘာများ ပြောမှာမို့လို့လဲ"

"သိပ်အရေးကြီးလို့ပါ မမကြီးရာ၊ ခဏထွက်စမ်းပါ"

"နင့်စကား ငါကြားတော့ ဘာဖြစ်သွားမှာမို့လဲဟဲ့ ... ကြီးကြီးကျယ် ကျယ်"

"ဟာဗျာ ... ခက်တော့တာပဲ"

ဦးမျိုးမောင်သည် ဖန်တုံးလေးနှင့် ပတ်သက်၍ ဖိုးသကြွန်မှာ ပြောစရာ ရှိနေပြီဆိုတာ သိလိုက်လေ၏။ သမီးကြီးကို သူကိုယ်တိုင်ပင် ချော့မော့၍ အခန်းထဲမှ ထွက်ခိုင်းလိုက်သည်။

"ကဲပါ ... သမီးရယ်၊ ညည်းမောင်လေးက ဘဘများပြောချင်သလဲမှ သိတာ။ သွားပါ၊ ကိုယ်လုပ်စရာရှိတာ လုပ်ချေပါ"

"တကတည်း၊ တူအရီးနှစ်ယောက်ကဲ့ လိုက်လည်းလိုက်ပါ၏ ... သည်း ဒီကလေးကို တော်တော်အလိုလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်တင်မျိုးမောင်က ပွစိ ပွစိပြောရင်း ဦးမျိုးမောင်၏ ဖွတ်စရာ အဝတ် များကိုယူ၍ အပြင်ထွက်သွားလေသည်။

တင်တင်မျိုးမောင် ထွက်သွားသည်နှင့် ဖိုးသကြဲနီက အခန်းတံခါး ကလန့်ထိုး၍ ပိတ်လိုက်သည်။

"ဘဘ"

"ပြော ... သား"

"သား ဖန်တုံးထဲမှာ ဒက်ဒီ့ကို တွေ့ရတယ်"

ဦးမျိုးမောင်၏ခန္ဓာကိုယ်မှာ ထိုင်နေရာမှ ထောင်မတ်သွားလေသည်

"ဘာ ... ဘာပြောလိုက်တယ်ကွယ့်"

"ဒက်ဒီပါ ဘဘ၊ သားအဖေ ဒေါက်တာမျိုးနောင်ပါ။ ဒက်ဒီဟာ အဲဒီနေရာမှာ ရောက်နေခဲ့တာ ဘဘ။ ဖန်တုံးထဲက အကွက်တစ်ကွက်ထဲမှာ သား ဒက်ဒီ့ကိုတွေ့တယ်"

"ဟုတ်ရဲ့လား သားရယ်။ သား ဒက်ဒီ ဆုံးတော့ သား အသက် တစ်နှစ်ခွဲလား ရှိသေးတာလေ။ သားက ဒက်ဒီ့ကို မှတ်မိလို့လား"

"ဒက်ဒီမှ ဒက်ဒီအစစ်ပါ။ ဓာတ်ပုံတွေနဲ့ တိုက်ကြည့်ပြီးပါပြီ။ ပြီးတော့ အဲဒီနေရာဟာ သားတို့လိုလူတွေနေတဲ့ နေရာမဟုတ်ဘူးလေ။ သား တွေ့လိုက် ရတဲ့လူဟာ သားတို့လို လူသားစစ်စစ်တစ်ယောက်ပါ။ နောက်ပြီးတော့ သူဟာ သားအဖေဆိုတာ သေချာပြီးပါပြီ ဘဘ။ သူကိုယ်တိုင်က သူဟာ သားအဖေပါလို့ ပြောခဲ့တာပါ"

"ပြောခဲ့တာ ဟုတ်လား။ ဖန်တုံးထဲကနေ စကားလှမ်းပြောလို့ရလို့လား ကွယ်"

"သား အစကနေ စပြောပါ့မယ် ဘဘ"

လွန်ခဲ့သော တစ်ရက်ခြားက ဖိုးသကြဲနီသည် ဖန်တုံးပေါ်က အကွက် များကို တစ်ကွက်ချင်း လိုက်ကြည့်နေခဲ့လေသည်။

ဖန်တုံး၏ အရှေ့တောင်ဘက်၊ အပေါ်ဘက်ကို ခပ်စောင်းစောင်း သွေး ထားသော အကွက်ကလေးတစ်ကွက်ထဲတွင် ပုံရိပ်ယောင်တစ်ခုမြင်လိုက်ရ အနီးကပ်ကာ ကြည့်လိုက်လေသည်။

အကွက်ထဲ၌ အခန်းတစ်ခန်းကို မြင်ရလေ၏။ အခန်းမှာ ဆေးခန်း တစ်ခုနှင့် သဏ္ဍာန်တူပေသည်။ ဆေးခန်းဆိုရာ၌ ခွဲစိတ်ခန်းနှင့် ပို၍တူနေလေသည် အကြောင်းမှာ လူနာခုတင်ကဲ့သို့ ခုတင်ကြီးတစ်လုံးက အလယ်မှာရှိနေ၍ ထို



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ကိုဝိုင်းပြီး အထက်ဘက်မှ မီးစလောင်းများကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူကြည့်နေစဉ်တွင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို မြင်လိုက်ရလေ၏။

ထိုသူကိုအမြင်တွင် ဖိုးသကြဲန် အံ့သြသွားလေသည်။ သူသည် ဖိုးသကြဲန်တို့လို လူတစ်ယောက်ဖြစ်နေသောကြောင့်ပင်တည်း။

ဖိုးသကြဲန်တွေ့ဖူးသမျှ ဖန်တုံးထဲမှ သက်ရှိများမှာ ခဲတံချောင်းလို ရှည်သွယ်၍ လုံးချောကြီးဖြစ်နေသော ကိုယ်လုံးနှင့် နှာတံ၊ မျက်ခုံးမွေး၊ မျက်ရစ်၊ နှုတ်ခမ်းသား မပါသော ပြောင်ချောလူများသာ ဖြစ်သည်။ ယခုတစ်ခါသာလျှင် ကာယလူနှင့်တူသော ယောကျ်ားပီသသည့် အချိုးအစားခန္ဓာကိုယ်နှင့် မျက်နှာ၌ နှာတံ၊ မျက်လုံး၊ နှုတ်ခမ်းပါသော လူသားစစ်စစ်ကို တွေ့ဖူးလိုက်ခြင်းဖြစ်သည်။

ထိုသူကို မြင်လိုက်သည်နှင့် အံ့သြခြင်းနှင့်အတူ ထိုသူအား မြင်ဖူးသယောင်၊ ရင်းနှီးသယောင်လည်း ခံစားလိုက်ရလေ၏။

ထိုသူသည် အခန်းထဲသို့ရောက်ရောက်ချင်း သူ့အား တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်ကို သိလိုက်ပုံရပေသည်။ အခန်းထောင့် တစ်နေရာရှိ အပေါ်ဘက်ဆီသို့ လှမ်းကြည့်လိုက်လေ၏။ ထိုသို့ ကြည့်လိုက်သည်နှင့် ဖိုးသကြဲန်နှင့် သူသည် မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်သွားလေသည်။

(သူ ကြည့်လိုက်သောနေရာ၌ ဖန်တုံးနှင့်အဆက်အသွယ်ရှိသော မြင်ကွင်းကိုဖော်ပြသည့် တီဗီလို၊ မော်နီတာလို ပစ္စည်းမျိုးချိတ်ထားပုံရသည်။ ထို့ကြောင့်သာ ထိုနေရာကိုလှမ်းကြည့်သည်နှင့် ဖိုးသကြဲန်နှင့် မျက်နှာချင်းဆိုင်မိရက်သား ဖြစ်သွားခြင်းဖြစ်၏။ ဖိုးသကြဲန်၏ပုံသည်လည်း သူလှမ်းကြည့်လိုက်သည့် *တီဗီလိုမြင်ကွင်းထဲ၌ ပေါ်လွင်နေပေလိမ့်မည်။*)

ဖိုးသကြဲန်နှင့် သူသည် တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေမိကြ၏။

ဖိုးသကြဲန်သည် ထိုနေရာ၌ လူသားစစ်စစ်တစ်ယောက်ကို မြင်လိုက်ရ၍ အံ့သြခြင်းထက် ထိုသူကို မြင်ဖူး, သိဖူးသည် ထင်ကာ သူဘယ်သူပါလိမ့်ဟု စဉ်းစားနေမိလေသည်။

ထိုသူသည် အသက် ၄၀ အရွယ်ခန့်ရှိ လူလတ်ပိုင်းတစ်ဦး ဖြစ်ပေသည်။

ဖိုးသကြဲန်တို့ တစ်ယောက်နှင့်တစ်ယောက်ကြည့်နေစဉ်မှာပင် မြင်ကွင်းသည် မှိန်ဝါးကာ ပျောက်ကွယ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြွန်သည် နေရာမှမရွေ့မိဘဲ ဆက်၍စဉ်းစားနေမိသည်။ ထိုသူကို သူမြင်ဖူးသည်၊ သူဘယ်သူလဲ။

ဖိုးသကြွန်၏ မျက်လုံးများသည် စာကြည့်စားပွဲအပေါ် နံရံတွင် ချိတ်ထားသည့် သူတို့မိသားစုဓာတ်ပုံကြီးဆီ ရောက်သွားလေ၏။ ဓာတ်ပုံက သူ အသက်တစ်နှစ်အရွယ်က သူ့ကို အလယ်မှာထား၍ မိဘနှစ်ပါးနှင့်အတူ ရိုက်ထားသောပုံ ဖြစ်သည်။

ဓာတ်ပုံကိုမြင်သည်နှင့် ဖိုးသကြွန် ဦးနှောက်ထဲ၌ အသိအာရုံတစ်ခု လင်းလက်သွားလေသည်။

အခုနက ဖန်တုံးထဲတွင် မြင်ခဲ့ရသောလူသားသည် သူ၏ဖခင် ဒေါက်တာမျိုးနောင်ပေပဲ။

ထိုသို့သိလိုက်ရသည်နှင့် ဖိုးသကြွန်သည် တုန်လဲတွန်လှုပ်၍ ဝမ်းလည်း နည်းသွားမိလေ၏။

ဒက်ဒီ၊ ဒက်ဒီ၊ သေပြီလို့ထင်ထားတဲ့ ဒက်ဒီဟာ ရှိသေးပါလား။ ဒက်ဒီ မသေသေးပါလား။

ဒက်ဒီသည် ထိုနေရာ၌ရှိနေ၏။

သို့သော် ဒက်ဒီဒေါက်တာမျိုးနောင်သည် အသက် ၄၀ အရွယ်၌ သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။ သူမြင်တွေ့လိုက်ရသော ဖန်တုံးထဲမှ ဖခင်သည်လည်း အသက် ၄၀ အရွယ်အတိုင်းပင် ဖြစ်သည်။ သူ့အခန်းထဲမှာ ချိတ်ထားသော ဓာတ်ပုံထဲက အသက်အရွယ်အတိုင်းပင်ဖြစ်သည်။

တကယ်ဆိုလျှင် ဒက်ဒီသေဆုံးခဲ့သည်မှာ အနှစ် ၂၀ ပင် ရှိပြီဖြစ်ရာ ယခုအချိန်တွင် သူ့အသက်သည် ၆၀ ရှိနေရပေမည်။ ဖိုးသကြွန် မြင်လိုက်သော သူ့ဖခင်သည် သေဆုံးစဉ်က အရွယ်အတိုင်း မအိုမင်းဘဲ ဘာကြောင့်ရှိနေရပါလိမ့်။

ဖိုးသကြွန်သည် ဓာတ်ပုံကိုတစ်လှည့်၊ ဖန်တုံးကို တစ်လှည့်ကြည့်ကာ နေရာမှမရွေ့ဘဲ အတွေးပင်လယ်ဝေနေမိလေ၏။

ဖန်တုံးထဲတွင် ဖခင်၏ပုံရိပ် နောက်တစ်ခါ ပေါ်လာမည်လားဟု တွေးကာ အချိန်အတန်ကြာ ကြည့်နေမိသေးသည်။

သို့သော် ထိုညက ဒေါက်တာမျိုးနောင်၏ပုံရိပ်ကို နောက်တစ်ကြိမ် ထပ်မတွေ့ရတော့ပါ။

ဖိုးသကြွန်က ဒေါက်တာမျိုးနောင်ကို တွေ့ရသည့်အကွက်လေးပေါ်တွင် ဆေးစက်တို့၍ မှတ်သားထားလိုက်လေ၏။ အကွက်ကလေးနှင့် ဝည့်တည့် အရှေ့တောင်အရပ်မျက်နှာကိုလည်း မှတ်သားထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ညတွင်လည်း ဖိုးသကြဲန်သည် သူ့ဖခင်ဟု ထင်ရသော သူအား တွေ့အောင်ရှာဖွေခဲ့လေသည်။

ဖခင်ဖြစ်သူကို မနေ့ကတွေ့ခဲ့ရသည့် အဆောက်ကလေးအား စိုက်ကြည့်နေခဲ့သည်။ မြင်ကွင်းထဲတွင် မနေ့က တွေ့ရသည့် ခွဲစိတ်ခန်းလို အခန်းကြီးကို မြင်ရသည်။

ထိုအခန်းကိုမြင်သာသည့် တီဗီလိုအရာမှာ အခန်း၏ အထက်ဘက်၌ ချိတ်ထားခြင်း ဖြစ်ပုံရပေသည်။ ဖိုးသကြဲန် အမြင်တွင် တစ်ခန်းလုံးကို အပေါ်စီးမှ မြင်နေရလေ၏။

ခဏကြာသည်နှင့် လူတစ်ယောက်အခန်းထဲသို့ ဝင်လာသည်ကို တွေ့ရလေသည်။ ထိုလူသည် မနေ့ကလူပင်ဖြစ်ကာ သူက အခန်းထဲသို့ ရောက်ရောက်ချင်း တီဗီချိတ်ထားသည့် အထက်ဘက်ဆီသို့ မော်ကြည့်လိုက်လေသည်။

ကြည့်ရသည်မှာ သူသည်လည်း မနေ့က မြင်ခဲ့ရသည့် ဖိုးသကြဲန်ပုံရိပ်ကို မြင်ရလို့မြင်ရငြား မျှော်လင့်ချက်ဖြင့် လှမ်းကြည့်လိုက်သည့်ပုံမျိုး ဖြစ်သည်။

သူ့ဘက်မှ တီဗီမြင်ကွင်းထဲ၌ ဖိုးသကြဲန်ပုံပေါ်နေသည်ကို မြင်လိုက်သည့်အခါ သူ့မျက်နှာမှာ ကျေနပ်သွားပုံဖြင့် ကြည်လင်ရွှင်လန်းသွားလေသည်။

ဖိုးသကြဲန်အဖို့ ဒုတိယအကြိမ်မြင်ရသည်တွင် ထိုသူမှာ မိမိဖခင် ဒေါက်တာမျိုးနောင်ဆိုတာ ပို၍သေချာသွားလေသည်။ မိမိက ဖခင်ကို ဓာတ်ပုံထဲမှာ တွေ့ဖူးထား၍တစ်ကြောင်း၊ သူ၏ရုပ်ရည် အသက်အရွယ်မှာ အပြောင်းအလဲ မရှိ၍တစ်ကြောင်း သူ့ကို မိမိဖခင်ဟု အလွယ်တကူ သိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဒေါက်တာမျိုးနောင်အဖို့မူ သူလူ့လောကမှ ပျောက်ကွယ်သွားစဉ်က ဖိုးသကြန်သည် ကလေးအရွယ်သာရှိသေး၍ ယခုမြင်နေရသည့် လူငယ်မှာ သူ့သားဖိုးသကြန်မှန်း သိမည် မဟုတ်ပေ။

ဖိုးသကြန်သည် အကြံရလိုက်ကာ စာရွက်တစ်ရွက်ကို ယူ၍ စာသားအချို့ကို အမြန်ရေးလိုက်လေသည်။ စာရွက်ပေါ်တွင် ဆော့ပင်ဖြင့် စာလုံး ခပ်ကြီးကြီးများ ရေးသားပြီး ထိုစာရွက်ကို ဖန်တုံးအကွက်လေးရှိရာသို့ မျက်နှာလွှဲ၍ ပြလိုက်သည်။ စာသားများကို တစ်ဖက်မှ ကောင်းမွန်စွာဖတ်နိုင်သည့် ရှုထောင့်မျိုး ဖြစ်အောင် စာရွက်ကိုထောင်၍ပြလိုက်လေသည်။

ထိုသူသည် ဒေါက်တာမျိုးနောင်အစစ်ဖြစ်ပါက ဖိုးသကြန်ရေးလိုက်သော မြန်မာဘာသာဖြင့် စာသားများကို နားလည်လိမ့်မည် ဖြစ်ပါသည်။

ဖိုးသကြန် ရေးလိုက်သောစာသားများမှ -

*ကျွန်တော်ဟာ ဝင်းမင်းနောင် ခေါ် ဖိုးသကြန်ပါ၊*
*ဒေါက်တာမျိုးနောင်၊ ဒေါ်မိမိရီတို့ရဲ့သားပါ၊*
*ခင်ဗျားဟာ ကျွန်တော့်အဖေ ဟုတ်ပါသလား။*

တစ်ဖက်မှ စာကိုဖတ်ပြီးလောက်ချိန်တွင် ဖိုးသကြန်က စာရွက်ကို ပြန်ရုပ်ကာ မြင်ကွင်းထဲသို့ ပြန်ကြည့်လိုက်လေသည်။

ထိုအခါ ဒေါက်တာမျိုးနောင်သည် မျက်ရည်များစီးကျကာ သူ့ကို မော်ကြည့်နေသည်ကို တွေ့လိုက်ရလေတော့သတည်း။ ဖိုးသကြန်အဖို့ သံသယ ဖြစ်စရာမလိုတော့ပါ။ ထိုသူသည် မိမိဖခင် ဒေါက်တာမျိုးနောင် ဖြစ်တာ သေချာသွားပြီတည်း။

ဒေါက်တာမျိုးနောင်သည် ခေါင်းကိုညိတ်ပြလေသည်။ ဖိုးသကြန်စာကို ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သည့် သဘောပါပင်။

"ဒက်ဒီ ... ဒက်ဒီ ... ဒက်ဒီရယ်"

ဖိုးသကြန်သည် နှုတ်မှအသံထွက်၍ပင် ရေရွတ်တမ်းတလိုက်မိလေသည်။ သူ၏အသံသည် တိတ်ဆိတ်နေသော ညဉ့်အချိန်တွင် ပဲ့တင်ထပ်သွားခဲ့လေသည်။

တစ်ဖက်မှ ဒေါက်တာမျိုးနောင်၏ နှုတ်ခမ်းအစုံသည်လည်း ပွင့်ဟသွားလေ၏။

"သား" ဟု လှမ်းခေါ်လိုက်မှန်း ဖိုးသကြန် ခံစားသိရှိလိုက်သည်။





အသံကို မကြားရသော်လည်း ဒက်ဒီ့နှုတ်မှ ဖွင့်ဟလိုက်သောအသံသည် သူ့ကို "သား" လို့လှမ်းခေါ်လိုက်ကြောင်း သေချာလှပေ၏။

ထို့နောက် ဒေါက်တာမျိုးနောင်သည် မမျှော်လင့်သော အပြုအမူတစ်ခုကို လုပ်ပြလိုက်လေသည်။

ဒေါက်တာမျိုးနောင်က သူ၏အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။ အင်္ကျီမှာ တစ်ထပ်တည်းဝတ်ထား၍ ချွတ်ပစ်လိုက်သည့်အခါ အပေါ်ပိုင်း ခန္ဓာကိုယ် ဗလာကျင်းသွားသည်ကို မြင်လိုက်ရလေ၏။

ထို့နောက် ဒေါက်တာမျိုးနောင်သည် တီဗီမြင်ကွင်းကို ကျောပေးလိုက်သည်။ သူ၏လည်ကုပ်ဆီသို့ မြင်သာအောင် ခေါင်းကိုငုံ့ပြလိုက်သည်။ မြင်သေချာအောင် သူ့လည်ကုပ်ပေါ်မှ အမှတ်အသားလေးကိုလည်း လက်ဖြင့် သောက်ပြလိုက်လေ၏။

ဖိုးသကြန်က ဖခင်ဖြစ်သူ နောက်ကျောခိုင်း၍ပြသော လည်ကုပ်ပေါ်မှ အမှတ်ကလေးကို သေချာကြည့်လိုက်လေသည်။

ထိုအမှတ်ကလေးမှာ ဗထက်ခြိုက်ပုံအနီရောင် အမှတ်အသားလေး ဖြစ်နေတာကို တွေ့လိုက်ရလေသည်။

ထိုနေရာအရောက်မှာပဲ မြင်ကွင်းသည် ဝေဝါးကာပျောက်ကွယ်သွားလေတော့၏။

ဖိုးသကြန်သည် ဖခင်ကိုတွေ့ရတာ အားမလိုအားမရ ဖြစ်ကျန်ခဲ့သည်။ ဖခင်ကြီးနှင့် တွေ့ချင်စကားပြောချင်သေးသည်။ သူသိချင်တာတွေ မေးချင်သေးသည်။

အသံထွက်၍ စကားပြောလို့မရသော်လည်း ဖိုးသကြန်နှင့် ဒေါက်တာမျိုးနောင်အတွက်တော့ အသိပေးဆက်သွယ်စရာ နည်းလမ်းတစ်ခုရှိနေပြီး ဖြစ်ပါသည်။ စာရေး၍ အပြန်အလှန် ပြောဆိုမေးမြန်းနိုင်ခြင်းပင်ဖြစ်သည်။

ဒေါက်တာမျိုးနောင်သည် ပျောက်ဆုံးသွားစဉ်က အရွယ်အတိုင်း ဘာအပြောင်းအလဲ ရှိနေရပါသနည်း။ ယခုမြင်လိုက်ရသော ဒေါက်တာမျိုးနောင်သည် အသက်ရှင်လျက် အကောင်အထည်အဖြစ်ရှိနေခြင်းလား၊ အကောင်အထည် ဒြပ်ဝတ္ထု မဟုတ်သော ဝိညာဉ်အရိပ်တစ်ခုလား၊ ဒေါက်တာမျိုးနောင် ရောက်နေသည့် နေရာသည် မည်သို့သောလောကမျိုးလဲ။ ဒါတွေကို မေးမြန်းခွင့် သိရှိခွင့်ရပေတော့မည်။

နောက်ရက်များမှာတော့ သိလိုသမျှကို စာဖြင့်ရေးကာ မေးမြန်းဆက်သွယ်မည်ဟု ဖိုးသကြန်က ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံကို မကြားရသော်လည်း ဒက်ဒီ့နှုတ်မှ ဖွင့်ဟလိုက်သောအသံသည် သူ့ကို အား' လို့လှမ်းခေါ်လိုက်ကြောင်း သေချာလှပေ၏။

ထို့နောက် ဒေါက်တာမျိုးနောင်သည် မမျှော်လင့်သော အပြုအမူ တစ်ခုကို လုပ်ပြလိုက်လေသည်။

ဒေါက်တာမျိုးနောင်က သူ၏အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။ အင်္ကျီမှာ တစ်ထပ်တည်းဝတ်ထား၍ ချွတ်ပစ်လိုက်သည့်အခါ အပေါ်ပိုင်း ခန္ဓာကိုယ် ဗလာကျင်းသွားသည်ကို မြင်လိုက်ရလေ၏။

ထို့နောက် ဒေါက်တာမျိုးနောင်သည် တီဗီမြင်ကွင်းကို ကျောပေး လိုက်သည်။ သူ၏လည်ကုပ်ဆီသို့ မြင်သာအောင် ခေါင်းကိုငုံ့ပြလိုက်သည်။ ပို၍သေချာအောင် သူ့လည်ကုပ်ပေါ်မှ အမှတ်အသားလေးကိုလည်း လက်ဖြင့် ထောက်ပြလိုက်လေ၏။

ဖိုးသကြဲန်က ဖခင်ဖြစ်သူ နောက်ကျောခိုင်း၍ပြသော လည်ကုပ်ပေါ် မှ အမှတ်ကလေးကို သေချာကြည့်လိုက်လေသည်။

ထိုအမှတ်ကလေးမှာ ဗထက်ခြိုက်ပုံအနီရောင် အမှတ်အသားလေး ဖြစ်နေတာကို တွေ့လိုက်ရလေသည်။

ထိုနေရာအရောက်မှာပဲ မြင်ကွင်းသည် ဝေဝါးကာပျောက်ကွယ်သွား သတော့၏။

ဖိုးသကြဲန်သည် ဖခင်ကိုတွေ့ရတာ အားမလိုအားမရ ဖြစ်ကျန်ခဲ့သည်။ ဖခင်ကြီးနှင့် တွေ့ချင်စကားပြောချင်သေးသည်။ သူသိချင်တာတွေ မေးချင်သေး သည်။

အသံထွက်၍ စကားပြောလို့မရသော်လည်း ဖိုးသကြဲန်နှင့် ဒေါက်တာ မျိုးနောင်အတွက်တော့ အသိပေးဆက်သွယ်စရာ နည်းလမ်းတစ်ခုရှိနေပြီး ဖြစ် ပါသည်။ စာရေး၍ အပြန်အလှန် ပြောဆိုမေးမြန်းနိုင်ခြင်းပင်ဖြစ်သည်။

ဒေါက်တာမျိုးနောင်သည် ပျောက်ဆုံးသွားစဉ်က အရွယ်အတိုင်း ဘာ ကြောင့် မပြောင်းမလဲ ရှိနေရပါသနည်း။ ယခုမြင်လိုက်ရသော ဒေါက်တာမျိုးနောင် သည် အသက်ရှင်လျက် အကောင်အထည်အဖြစ်ရှိနေခြင်းလား၊ အကောင် အထည် ဒြပ်ဝတ္ထု မဟုတ်သော ဝိညာဉ်အရိပ်တစ်ခုလား၊ ဒေါက်တာမျိုးနောင် ရောက်နေသည့် နေရာသည် မည်သို့သောလောကမျိုးလဲ။ ဒါတွေကို မေးမြန်း၍ သိရှိခွင့်ရပေတော့မည်။

နောက်ရက်များမှာတော့ သိလိုသမျှကို စာဖြင့်ရေးကာ မေးမြန်းဆက် သွယ်မည်ဟု ဖိုးသကြဲန်က ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲ ဘဘ "

ဖိုးသကြန်နက သူ့ဖခင်ကို မည်သည့်လောကမှန်းမသိသည့် နေရာတစ်ခုတွင် အသက်ရှင်လျက် တွေ့ရပုံကို ပြောပြနေရာမှ နိဂုံးချုပ်လိုက်သည်။

"ဒက်ဒီ့ကို နှစ်ရက်ဆက်တိုက် သားတွေ့ခဲ့ရပါတယ်။ ဒီညလည်း ဒက်ဒီနဲ့ ဆုံအောင်လုပ်ဦးမယ်။ ဘဘပါ ကြည့်နိုင်အောင် သား ဒီမှာ လာအိပ်တာ ဘဘ။ ဘဘ ဒက်ဒီ့ကို ကြည့်မယ် မဟုတ်လားဟင်"

"ကြည့်မှာပေါ့ သားရယ်၊ ဘယ်လိုမေးလိုက်တာလဲ။ ဘဘရဲ့ညီလေးကို ဘဘလည်း တွေ့ချင်တာပေါ့"

"ဒက်ဒီက သူ့ကျောဘက်ကို လှည့်ပြီး လည်ကုပ်က အမှတ်ကြီးကို ပြခဲ့တယ်။ အမှတ်ကလည်း သားလည်ကုပ်မှာပါတဲ့ အောက်ခြိုက်ပုံ အမှတ်မျိုးပဲ။ အဲဒါကို ဘဘဘယ်လိုထင်သလဲဟင်"

"သားမှာ အောက်ခြိုက်ပုံအမှတ်ပါတာ ဘဘ သိတယ်လေ။ သား ဒက်ဒီမှာ ဒီလိုအမှတ်မျိုးပါတာတော့ မတွေ့မိဘူး။ ညီလေးငယ်ငယ်ကတည်းက ဘဘကိုယ်တိုင် ချီပိုးထိန်းကျောင်းလာတာပဲ။ သူ့လည်ကုပ်မှာ ဘာအမှတ်အသားမှ မရှိပါဘူး သားရယ်"

"ဒါဖြင့် ဒက်ဒီလည်ကုပ်က အမှတ်ဟာ ဆေးနဲ့ တမင်ခြယ်ထားတာပေါ့။ ဘာသဘောပါလိမ့်၊ ဒက်ဒီ တစ်ခုခုကို အသိပေးချင်တဲ့ပုံပဲ ထင်တယ် ဘဘ"

"ဒီညတွေ့တော့ တစ်နည်းနည်းနဲ့ မေးမြန်းကြည့်တာပေါ့သားရယ်။ ဘုရား သိကြားမလို့၊ ဘဘညီလေးကို တွေ့ရ မြင်ရပါစေ"

●



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာမျိုးနောင်ကို ဦးမျိုးမောင်ရော မြင်ခဲ့ရပါသလား"

"မြင်ရပါတယ် ဒေါက်တာ၊ အဲဒီညမှာပဲ မြင်ရပါတယ်။ ကျွန်တော်တို့ဟာ ဖန်တုံးကို မြောက်ဘက်ကို ဦးတည်ပြီးချ၊ ပြီးတော့ ညီလေးကို မြင်ရတယ်ဆိုတဲ့ အရှေ့တောင်ထောင့်ကနေ သွားကြည့်ရတာပေါ့။ ဖိုးသကြိန်က သူ့အဖေမြင်ရတဲ့ အကွက်ကလေးကို ဆေးနဲ့တို့ထားလို့ အလွယ်တကူ ကြည့်လို့ရခဲ့ပါတယ်"

ညကိုးနာရီခွဲခန့်တွင် ဖိုးသကြိန်နှင့် ဦးမျိုးမောင်သည် ဖန်တုံးကို နေရာတကျချထားကာ အသင့်ပြင်ဆင်ပြီးလေပြီ။

ဖိုးသကြိန်က ဖန်တုံးအကွက်ဆီ မျက်နှာကပ်ကာ ကြည့်နေသည်။

"မြင်ရပြီ၊ မြင်ရပြီ၊ အခန်းကိုမြင်နေရပြီ ဘဘ"

"ဟော ... ဒက်ဒီ ဝင်လာပြီ"

"ဒက်ဒီ သားကို ကြည့်နေတယ် ဘဘ"

"ဒက်ဒီ ... ဒက်ဒီ ... ဟောဒီမှာ ဘဘ ရှိနေတယ်။ သားဘေးမှာ ဘဘရှိတယ်။ ဘဘနဲ့ တွေ့လိုက်ပါဦး"

ဖိုးသကြိန်သည် တစ်ဖက်မှ မကြားနိုင်သော်လည်း နှုတ်မှ တတွတ်တွတ်ပြောနေ၏။

ပြီးတော့ သူက ဖန်တုံးရှေ့မှ ခွာလိုက်ကာ ဦးမျိုးမောင်၏ ဘီးတပ်ကုလားထိုင်ကို ဖန်တုံးနှင့်တည့်တည့်တွင် နေရာကျအောင် တွန်းပို့လိုက်သည်။

"ဆေးခြယ်ထားတဲ့ အကွက်ကလေးထဲကို ငုံ့ကြည့်လိုက် ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမောင်၏မျက်စိအာရုံဝယ် အစပိုင်း၌ ဝေဝါးနေသော်လည်း မြင်ကွင်းမှာ တစ်စတစ်စ ကြည်လင်ထင်ရှားလာသည်။

ဖန်တုံးပေါ်ရှိ အကွက်ကလေးမှာ သေးငယ်ပြီး မျက်နှာကပ်ကြည့်ရသည့်အတွက် နှစ်ယောက်တစ်ပြိုင်တည်း ကြည့်ဖို့ မဖြစ်နိုင်ပေ။ ဖိုးသကြဲန် ကြည့်နေချိန်၌ သားမှ ဦးမျိုးမောင် မမြင်ရ၊ ဦးမျိုးမောင် ကြည့်နေချိန်တွင် ဖိုးသကြဲန် မမြင်ရနိုင်ပေ။

ဦးမျိုးမောင်သည် ခွဲစိတ်ခန်းကဲ့သို့ အခန်းတစ်ခုထဲတွင် မတ်တတ်ရပ်လျက် သူ့ရှိရာ မော်ကြည့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေ၏။

မှန်ပေသည်။ ထိုသူကား သူ၏ညီဒေါက်တာမျိုးနောင်မှ ဒေါက်တာမျိုးနောင်အစစ်ပါတည်း။

ဒေါက်တာမျိုးနောင်သည် ဦးမျိုးမောင်ကို မြင်လိုက်သည့်အခါ တစ်ခဏမျှ ငေးမောမှင်တက်မိနေလေသည်။ ဒေါက်တာမျိုးနောင်က အသက် ၄၀ လူလတ်ပိုင်းအရွယ်အတိုင်း ရှိနေသော်လည်း အသက် ၇၀ အရွယ်အိုမင်းမစွမ်းသည့် ဦးမျိုးမောင်ကို မြင်လိုက်သည့်အခါ ရုတ်တရက် မမှတ်မိဘဲ ဖြစ်နေပုံရသည်။ အံ့ဩသွားပုံလည်း ရလေသည်။

"ညီလေး ... ညီလေး"

ဦးမျိုးမောင်က ဆို့နင့်ကြေကွဲသော အသံကြီးဖြင့် ခေါ်လိုက်လေ၏။

ဒေါက်တာမျိုးနောင်ဘက်မှလည်း တစ်စုံတစ်ရာကို နှုတ်မှ ဖွင့်ဟရေရွတ်လိုက်ရာ "အစ်ကိုကြီး" ဟု လှမ်းခေါ်လိုက်ခြင်း ဖြစ်လေသည်။

ဦးမျိုးမောင်က သူ၏အခြေအနေကို ဒေါက်တာမျိုးနောင် သိစေရန် ထိုင်နေသည့် ဘီးတပ်ကုလားထိုင်ကို ပုတ်ပြလိုက်သည်။

ဒေါက်တာမျိုးနောင်မျက်နှာ၌ စိတ်မကောင်းခြင်း၊ သနားကရုဏာသက်ခြင်း အရိပ်အယောင်များ ထင်ဟပ်သွားလေသည်။

သူတို့ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်၍ မဝသေးမီမှာပင် ဒေါက်တာမျိုးနောင်၏ နောက်ဘက်ဆီသို့ လူတစ်ယောက်ရောက်လာသည်ကို မြင်လိုက်ရလေ၏။

ရောက်လာသည့်သူမှာ ထိုအရပ်မှလူသားတစ်ဦးဖြစ်သည်။ ခဲတံချောင်းကိုယ်နှင့် ဘဲဥပုံဦးခေါင်းရှိသူဖြစ်ပေသည်။

ထိုသူ သူ့နောက်မှ ရောက်လာသည်ကို ဒေါက်တာမျိုးနောင် မသိပေ။ ဦးမျိုးမောင်၏ပုံရိပ်ကိုသာ မော်ကြည့်နေဆဲဖြစ်၏။

နောက်မှရောက်လာသူသည် ဒေါက်တာမျိုးနောင်၏ပခုံးကို ပုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှ ဒေါက်တာမျိုးနောင်က ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်လေ၏။

ဟိုလူက ဒေါက်တာမျိုးနောင်ပခုံးကို ပုတ်လိုက်ပြီးနောက် သူ့လက်ကို ယ်တော့ဘဲ ဖက်ထားလိုက်လေ၏။ အမှန်တော့ ဒေါက်တာမျိုးနောင်အား နေရာမှဆွဲခေါ်ရန် ပခုံးဖက်၍ အနုနည်းဖြင့် ချုပ်နှောင်လိုက်ခြင်းဖြစ်လေသည်။

ထိုသူသည် ဒေါက်တာမျိုးနောင် ကြည့်နေသော တီဗီမြင်ကွင်းကို ကြည့်လိုက်ရာ ဦးမျိုးမောင်နှင့် အကြည့်ချင်းဆုံသွားလေသည်။ ထိုသူ၏ နေရာ၌ ဒေါက်တာမျိုးနောင်တို့ ဆက်သွယ်တွေ့ဆုံနေခြင်းကို မနှစ်မြို့သည့် ပေါ်နေလေ၏။

ထိုလူက ဒေါက်တာမျိုးနောင်အား ပခုံးမှဖက်၍ နောက်ဘက်သို့ ဆွဲလိုက်လေသည်။ ထို့နောက် ဒေါက်တာမျိုးနောင်ကို ဆွဲခေါ်သွားလေတော့သည်။ ဒေါက်တာမျိုးနောင်သည် ဦးမျိုးမောင်ပုံရိပ်ဆီသို့ လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားလေ၏။

ဒေါက်တာမျိုးနောင်အား ထိုအခန်းထဲမှခေါ်ထုတ်သွားခြင်းပင် ဖြစ်လေတော့သည်။

"သား ... မင်းအဖေကို ဟိုသတ္တဝါတစ်ကောင်က အတင်းခေါ်ထုတ်သွားတယ်ကွယ့်။ မင်းအဖေ အခန်းထဲမှာ မရှိတော့ဘူး"

"ဗျာ"

ဖိုးသကြန်က ဦးမျိုးမောင်၏ ဘီးတပ်ကုလားထိုင်ကို တွန်းဖယ်လိုက်ပြီး ဖန်တုံးအကွက်လေးဆီ ငုံ့ကြည့်လိုက်လေ၏။

"ဟင် ... အခန်းကိုပါ မမြင်ရတော့ဘူး ဘဘ"

ဦးမျိုးမောင်က သူမြင်ရသည့် မြင်ကွင်းကို ဖိုးသကြန်အား ပြန်ပြောပြလိုက်သည်။

"ကြည့်ရတာ၊ ဘဘတို့နဲ့ မင်းဒက်ဒီ ဆက်သွယ်တာကို သူတို့ ကြိုက်ပုံမရဘူးကွယ့်။ အဲဒါကြောင့် အတင်းဆွဲခေါ်သွားတာ"

"တောက်"

ဖိုးသကြန်က မကျေမနပ်ဖြင့် တောက်ခေါက်လိုက်လေ၏။

"နောက်နေ့ညတွေ တွေ့ရဦးမှာပေါ့ ဘဘရယ်"

ထိုစကားမှာ ဖိုးသကြန်၏မျှော်လင့်ချက်သာ ဖြစ်သည်။

သူတို့သည် ဒေါက်တာမျိုးနောင်ကို ဖန်တုံးထဲ၌ မည်သည့်အခါမှ တွေ့ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ဟာ ညီလေးကို အဲဒီတစ်ခါပဲ တွေ့ခွင့်ရလိုက်ပါတယ် ဒေါက်တာ"

"နောက်နေ့တွေ ကြည့်တော့ကော"

"နေ့စဉ်နေ့တိုင်း ကျွန်တော်နဲ့ ဖိုးသကြိန်ဟာ ညီလေးကို တွေ့ရနိုး စောင့်ကြည့်ခဲ့ပါတယ်။ မမြင်ရတော့ပါဘူး။ သူ့ကိုတွေ့ရတဲ့ ဖန်အကွက်လေးထဲမှ သူအလုပ်လုပ်တယ်လို့ ယူဆရတဲ့ ခွဲစိတ်ခန်းကြီးကိုသာ မြင်နေရပါတယ်။ အဲ အခန်းထဲကို ဘယ်သူမှ ဝင်မလာတော့ပါဘူး။ ညီလေးလည်း မလာဘူး။ ဟို သတ္တဝါတွေလည်း မလာဘူး။ ကြည့်ရတာ ညီလေးကို ကျွန်တော်တို့နဲ့ ဆက် သွယ်မိမှာစိုးလို့ ဒီအခန်းထဲ ပေးမလွှတ်တော့တဲ့ သဘောပါပဲ။ အခန်းကိုလည်း အသုံးမပြုတော့ဘဲ ပိတ်ထားလိုက်ပုံရပါတယ်"

"တခြားအကွက်တွေကနေ ရှာကြည့်ရင်ကော"

"မတွေ့ရပါဘူး။ တခြားရှုခင်းတွေ၊ အဲဒီက လူတွေနဲ့ အဆောက် အအုံတွေသာ မြင်ရတယ်။ ကျွန်တော့်ညီ ဒေါက်တာမျိုးနောင်ကိုတော့ မမြင် ရတော့ပါဘူး ဒေါက်တာ"

"ဒီဖန်တုံးလေးဟာ ဆန်းကြယ်လှချည်လား။ ဒီပုံအတိုင်းဆိုရင် ဖန်တုံးထဲက မြင်ကွင်းတွေဟာ တစ်နေရာရာမှာ တကယ်ရှိနေတဲ့ သတ္တရှိလောက ရဲ့ ပုံရိပ်တွေ ဖြစ်မှာပဲ"

"ဟုတ်ပါတယ် ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖန်တုံးလေးကို ကျွန်တော်လက်တွေ့လေ့လာပါရစေ ဦးမျိုးမောင်၊ ကျွန်တော့်ကို ဖန်တုံးလေး ပြပါလားဗျာ"

ကျွန်ုပ်က တောင်းဆိုလိုက်သည့်အခါ ဦးမျိုးမောင် မျက်နှာပျက်သွားသည်။

ဦးမျိုးမောင်က သက်ပြင်းကြီးကို ရှည်လျားစွာ ချလိုက်လေ၏။

"ဖန်တုံးလေးဟာ ကျွန်တော်တို့လက်ထဲမှာ မရှိတော့ပါဘူး ဒေါက်တာ။ ဖန်တုံးလေး ပျောက်သွားပါပြီဗျာ"

"ဗျာ"

ဦးမျိုးမောင်၏စကားသည် ကျွန်ုပ်အား ချောက်ကမ်းပါးတစ်ခုထဲသို့ တွန်းချလိုက်သည့်သဖွယ် ရှိလေ၏။

ကျွန်ုပ်သည် ဖန်တုံးလေးကို လွန်စွာစိတ်ဝင်စားနေပြီဖြစ်ရာ လက်တွေ့ကိုင်တွယ်ကြည့်ရှုလေ့လာလိုစိတ်များ တဖွားဖွားပေါ်ပေါက်နေခဲ့၏။

ထိုကဲ့သို့ အလွန်တရာ စိတ်ဝင်စားနေချိန်ရောက်ပါမှ ဖန်တုံးလေး ပျောက်သွားပြီဆိုသည့်အခါ ကျွန်ုပ်ရင်၌ နှမြောတသကာ ယူကျုံးမရ ခံစားလိုက်ရလေတော့သည်။

"အန်ကယ်နဲ့ဘဘတို့ ညမှောင်လာပြီရှင့်။ အိမ်ထဲဧည့်ခန်းကို နေရာရွှေ့ကြပါလား"

မြစန္ဒီ ရောက်လာကာ ပြောကြားလိုက်ခြင်းဖြစ်သည်။

မြစန္ဒီပြောမှပင် စကားကောင်းနေသော ကျွန်ုပ်တို့သည် ညမှောင်ရီသမ်းနေပြီဖြစ်တာကို သတိထားမိလေတော့သည်။

"မှောင်လာရင် ခြင်တွေကိုက်ပါတယ်။ ဧည့်ခန်းထဲမှာ စကားပြောကြပါ။ အန်ကယ့်အတွက် ညစာလည်း စီစဉ်ထားပါတယ်"

"ကိစ္စမရှိပါဘူး သမီး၊ အန်ကယ်မစားပါဘူး"

"ဘယ်ဟုတ်မှာလဲ အန်ကယ်။ ထမင်းစားချိန်လည်း ရောက်နေပါပြီ။ သမီးတို့လည်း စီစဉ်ထားပြီးပါပြီ။ စားပြီးမှပြန်ပါ အန်ကယ်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ထမင်းစားသွားပါ။ စကားလည်း ပြတ်အောင် ပြောရင်း ဒေါက်တာ့ကို ပေးစရာရှိတာတွေလည်း ပေးလိုက်နိုင်အောင်ပါ"

ဦးမျိုးမောင်က ဝင်ပြောလိုက်သည်။

"ကဲ ... ဒီတော့ စန္ဒီတို့က ထမင်းပွဲအဆင်သင့် ခူးခပ်ထားပြီ ဘဘတို့ ဒီမှာပဲ စကားပြတ်အောင် ဆွေးနွေးလိုက်ကြဦးမယ်။ ထမင်းပွဲ အဆင်သင့် ဖြစ်ရင် လာခေါ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘဘ"

မြစန္ဒီက ညစာပြင်ဆင်ရန် အိမ်မကြီးဆီသို့ ပြန်လည် ထွက်ခွာသွား[illegible]သည်။

မြစန္ဒီ ထွက်သွားသည်နှင့် ကျွန်ုပ်က ဦးမျိုးမောင်အား သိလို[illegible]မေးခွန်းကို မေးလိုက်မိတော့၏။

"ဖန်တုံးလေးက ဘယ်လိုပျောက်သွားရတာလဲ ဦးမျိုးမောင်"

●

www.burmeseclassic.com

www.burmeseclassic.com

"ဖန်တုံးလေး ပျောက်သွားပုံက ဒီကိစ္စကြီးနဲ့ ဘာမှမပတ်သက်ပါဘူး ဒေါက်တာ။ တခြားလူမှုရေးကိစ္စတစ်ခုက ကြားဝင်လာလို့ ဖန်တုံးလေးဟာ ဆီမဆိုင် ပျောက်ဆုံးသွားရတာပါ"

"လူမှုရေးကိစ္စ၊ ကျွန်တော့်ကို ပြောပြနိုင်မလား ဦးမျိုးမောင်"

"ပြောပြနိုင်ပါတယ် ဒေါက်တာ။ ကိစ္စက မိမိရီ နောက်အိမ်ထောင်ပြု ခဲ့ ကိစ္စပါ"

"မိမိရီက နောက်အိမ်ထောင်ပြုလိုက်ပြီလား'

"ဟုတ်ကဲ့။ မိမိရီနောက်အိမ်ထောင်ပြုဖို့ စီစဉ်ရာက ဖိုးသကြွန်တို့ သားအမိကြားမှာ ပြဿနာ စလာတော့တာပဲ ဒေါက်တာရေ"

တစ်နေ့သ၌ ဖိုးသကြွန်သည် အခန်းထဲ၌ ဖန်တုံးလေးကို အပြန်အလှန် ကြည့်ရင်း လေ့လာနေစဉ် မိခင်ဖြစ်သူ ဒေါ်မိမိရီ အခန်းထဲသို့ဝင်လာလေ၏။

"သား ... ဘာလုပ်နေတာလဲ၊ မင်းမလဲ ခုတလော ဒီဖန်တုံးကြီး ကိုင်ကိုင်နဲ့ပါလား"

ဖိုးသကြွန်က ဒေါ်မိမိရီ သူ့အခန်းထဲဝင်လာ၍ အံ့သြသွားသည်။ န်တုံးကို စားပွဲပေါ်တင်ထားလိုက်၏။

"ဘာမှမဟုတ်ပါဘူး မာမီ၊ သား လျှောက်ကြည့်နေတာပါ"

"အေး ... မာမီလည်း မင်းကို ဒါပဲပြောမလို့။ မင်းလည်း တွေရှိပြီ အလုပ်မှလည်း မလုပ်တော့ အချိန်တွေ ပိုနေပြီး စိတ်လေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိရီက ဗိုးသကြဲန်၏ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်ရင်း ပြောလိုက်လေသည်။ မိခင်ဖြစ်သူ၏ စကားအဆန်းကြောင့် ဗိုးသကြဲန်က ကုလားထိုင်တွင် ဝင်ထိုင်ရင်း ဒေါ်မိမိရီဆက်မည့်စကားကို နားစွင့်နေလိုက်သည်။

"ဘွဲ့ရပြီးပြီဆိုတော့ အလုပ်တစ်ခုခု လုပ်သင့်ပြီ။ မာမီတို့မှာ ငွေကြေးအတွက် ပူစရာမလိုဘူး ဆိုပေမဲ့ ယောကျ်ားလေးဆိုတာ အလုပ်တစ်ခုခု လုပ်နေမှ တင့်တယ်တာ မဟုတ်လား။ မာမီ့ဆိုင်မှာပဲ လာထိုင်ချင်ထိုင်၊ တခြားလုပ်ငန်းတစ်ခု တည်ထောင်မယ်ဆိုရင်လည်း မာမီ ငွေထုတ်ပေးမယ်"

"သား အလုပ်လုပ်မှာပါ မာမီ၊ မာမီ့ဆိုင်မှာတော့ မလုပ်ချင်ဘူး။ အရောင်းအဝယ်လည်း သား ဝါသနာမပါဘူး"

"ဘာလုပ်မလဲ၊ အိမ်ထောင်လည်း ပြုရတော့မယ်ဆိုတော့ အလုပ်တစ်ခု ဆုပ်ဆုပ်ကိုင်ကိုင် ခုကတည်းက ရှိသင့်ပြီလေ"

"သား အိမ်ထောင်မပြုသေးပါဘူး မာမီရယ်"

"ဟဲ့ . . . ဒီလို တစ်ဖက်သတ်အချိန်ဆွဲထားလို့ ဘယ်ရမလဲ။ စန္ဒီတို့ဘက်က မာမီ့ကို မေးနေပြီ၊ ကလေးတွေကို ဘယ်တော့ နေရာချပေးမှာလဲတဲ့"

"ဖြည်းဖြည်းပေါ့ မာမီ၊ သားနဲ့ စံစံ နားလည်မှုယူပြီးသားပါ"

"စေ့စပ်ထားတာ ကြာပြီလေ၊ သားတို့တွဲနေတာလည်း လူတကာ အသိ၊ ကြာရင် မိန်းကလေးဘက်က နစ်နာတယ်ကွယ့်။ နှစ်ယောက်စလုံးလည်း ဘွဲ့ရပြီးပြီပဲ။ အမြန်ဆုံး မင်္ဂလာဆောင်ဖို့ မာမီ စီစဉ်လိုက်မယ်"

"မာမီကလည်းဗျာ"

"မာမီ့သားကို စိတ်ချချင်ပြီ။ ကိုယ့်အိမ်ထောင်နဲ့ကိုယ် တည်တည်ငြိမ်ငြိမ် မြင်ချင်ပြီကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ . . ."

ဒေါ်မိမိရီက ပြောလက်စစကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ ဆက်ပြောရခက်နေပုံ၊ ဆက်ပြောရန် အားယူနေပုံမျိုးဖြစ်သည်။

"ဘာလဲမာမီ၊ မာမီက ဘာရောဂါစခန်းဝင်တော့မလို့လား"

"အို"

ဒေါ်မိမိရီမျက်နှာသည် ရှက်သွေးဖြန်းကာ နီမြန်းသွားလေ၏။

"မာမီက သားနဲ့စံစံကို ဘာလို့အလျင်စလို ပေးစားချင်နေရတာလဲ"

ဒေါ်မိမိရီက သက်ပြင်းကိုချလိုက်ရင်း –

"ဘာလို့လဲဆိုတော့ မပြောမပြီး ပြောရတော့မှာပဲ ငါ့သား၊ မာမီလည်း မာမီလည်း အိမ်ထောင်ပြုတော့မလို့ပါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြန်၏အသံသည် အတော်ပင် ကျယ်လောင်သွားလေ၏။ ဖိုးသကြန် အော်သံကြောင့် ဒေါ်မိမိရီကိုယ်မှာ အတော်ခါနဲ့ တုန်လှုပ်သွားလေသည်။

"ဩော် … မာမီက မာမီယောက်ျားယူချင်လို့ သားကို အတင်းမိန်းမ ပေးစားနေတာကိုး"

"မဟုတ်ဘူး"

"ဘာမဟုတ်ဘူးလဲ မာမီ။ မာမီမရှက်ဘူးလားမသိ။ ဒီအရွယ်ကြီးနဲ့ ယောက်ျားယူမှာ မာမီ မရှက်ဘူးလား"

"မာမီ့အသက်ဟာ ခုမှ ၄၀ ကျော်ပဲ ရှိသေးတယ် ဖိုးသကြန်"

"၄၀ ကျော်ဆိုတာ အဘွားကြီးပေါ့ဗျ"

"တော်စမ်း။ မင်း အမေကို ဒီလိုပြောစရာမလိုဘူး။ မာမီဟာ မင်းအဖေ ဆုံးကတည်းကရော၊ မုဆိုးမဘဝနဲ့ နေလာခဲ့တာပါ။ မာမီဟာ မိန်းမသားပေမယ့် ယောက်ျားတည်းနဲ့ မင်းကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်လာတာပါ ဖိုးသကြန်"

"အဲဒါ ဘာဖြစ်လို့လဲ၊ မာမီ့မှာ ပိုက်ဆံအများကြီးရှိနေတာကိုး။ ကျွန်တော့်အဖေအတွက် ဒေါ်လာနဲ့ရထားတဲ့ ငွေကြေးတွေ အများကြီးရှိနေတာကိုး။ အဲဒါတွေကိုရင်းပြီး ရွှေဆိုင်ဖွင့်လို့ ကြီးပွားချမ်းသာလာတာပါ။ မာမီ့အတွက် လွယ်လွယ်လေးပါ"

"မင်းစော်ကားလှချည်လား ဖိုးသကြန်။ မိဘကို ဒီလိုပြောတာ မင်း ငရဲကြီးထိုက်တော့မယ်"

"ထိုက်မှာထိုက်ဗျာ၊ ပြောရမှာပဲ။ ဘက်ဒီ့အသက်နဲ့ ရင်းပြီး ရထားတဲ့ ပိုက်ဆံတွေကို တခြားယောက်ျားတစ်ယောက် သုံးဖြုန်းပစ်မှာကို သားတစ်ယောက်က ကြည့်နေရမှာလား"

"မော … ကိုဖြိုးကျော်ဟာ ဒီလိုလူစားမျိုး မဟုတ်ဘူး။ သူ့မှာလည်း အခြေနဲ့အနေနဲ့"

"ဘာ ကိုဖြိုးကျော် ဟုတ်လား။ ဩော် … မာမီယူမယ့် ယောက်ျားက ဒီလူကြီးကို ဟား … ဟား … ဟား … "

ဖိုးသကြန်က လှောင်ပြောင်ရယ်မောလိုက်ရာ ဒေါ်မိမိရီသည် စိတ်မလုံ ဖြင့် ခေါင်းကိုငုံ့ထားလေတော့၏။

"ဒါကြောင့် မာမီဒီလူကြီးနဲ့တွဲနေတာကိုး။ ဒီကောင်ကြီးက ဒီယုန်မြင်လို့ ခြုံထွင်တာဗျ။ မာမီ့ကိုအပိုင်ကြံတာ"

"ဖိုးသကြန်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကြီးက ပိုင်းလုံးကြီး၊ လူပျိုကြီးဆိုတာလည်း မဟုတ်ဘူး၊ မိန်းမတွေကိုလိုက်ပြီး ချူစားနေတာ"

"တော်တော့"

"မာမီက ဒီကောင်ကြီးအကြောင်းပြောတာနဲ့ မခံနိုင်ဘူးပေါ့၊ အဲ လောက်တောင် ဖြစ်နေပြီလား"

"ဖိုးသကြန်"

ဒေါ်မိမိရီသည် ဖိုးသကြန်အား မာထန်စွာခေါ်လိုက်ကာ ခုတင်ပေါ် ထိုင်နေရာမှ ထရပ်လိုက်လေသည်။

"ငါက မင်းကို သားတစ်ယောက်အနေနဲ့ သိသင့်လို့ အကျိုးသင့် အကြောင်းသင့် သတိပေးခဲ့တယ်။ မင်းက ငါ့ကို အခြေအမြစ်မရှိတဲ့ စကားတွေ နှုတ်လုံထိုးတယ်။ ငါဟာ မြီးကောင်ပေါက်လေးလည်း မဟုတ်ဘူး။ ငါ့အသက် အရွယ် ငါ့အတွေ့အကြုံနဲ့ စဉ်းစားတတ်တယ် ဖိုးသကြန်။ ကိုဖြိုးကျော်ကိုလည်း သေချာလေ့လာပြီးမှ ငါကျေနပ်လို့လက်ခံလိုက်တာပဲ။ ငါ့ဆုံးဖြတ်ချက်ကို ငါ မပြင်ဘူး။ မင်း လူလားမြောက်တဲ့အထိ ငါ့ဘဝကို ရင်းပေးခဲ့ပြီးပြီ။ ခုကိစ္စကလည်း ငါ လော်လီဖောက်ပြားတာ မဟုတ်ဘူး။ တစ်ပင်လဲလို့တစ်ပင်ထူတာပဲ။ မင်းအဖေ သေတာလည်း အနှစ် ၂၀ တောင်ရှိပါပြီ ဖိုးသကြန်ရယ်။ ငါက အမေတစ်ယောက် ပါ။ မင်းကို ငါအသိပေးတယ်။ ငါ့တာဝန်ကုန်ပြီ၊ ဒါပဲ"

ဒေါ်မိမိရီက သူပြောလိုသောစကားများကို အားရအောင် ပြောပြီး နောက် အခန်းထဲမှ ထွက်သွားလေတော့၏။

ဖိုးသကြန်သည် ဝမ်းနည်းပက်လက်နှင့် အသံထွက်အောင်ပင် ငိုကြွေး လိုက်လေသည်။

"ဒက်ဒီရေ . . . မာမီက သားကိုပစ်ပြီး နောက်ယောကျ်ား ယူတော့ မယ်တဲ့ဗျ"

မိသားစုရိုက်ထားသော ဓာတ်ပုံကြီးကိုကြည့်၍ ဖခင်အား တိုင်တည် လိုက်မိလေသည်။

နောက်ဆုံးတော့ သူ၏ဝမ်းနည်းကြေကွဲနာကြည်းမှုများကို ဖောက်ခွဲ ဖြေထုတ်ရန်အတွက် တစ်ဦးတည်းသော အားကိုးရာ ဘကြီးဦးမျိုးမောင်ထံသို့ ပြေးခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

"ဘဘ ... ဘဘ၊ မာမီက နောက်ယောကျ်ားယူတော့မလို့တဲ့ ဘဘရယ်" ငေ

ဦးမျိုးမောင်ရှေ့ရောက်သည်နှင့် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် ဦးမျိုးမောင်ပေါင်ပေါ်သို့ ခေါင်းအပ်ကာ ငိုကြွေးလိုက်လေသည်။

"ဖိုးသကြဲန်ဟာ သူ့အမေနောက်အိမ်ထောင်ထူမယ့် ကိစ္စအတွက် တော်တော်ပဲ စိတ်ထိခိုက်သွားပါတယ် ဒေါက်တာ။ အဲဒီ အချိန်ကစပြီး သိပ်ချစ်ကြတဲ့ သားအမိနှစ်ယောက်ဟာ စကား မပြောကြတော့ဘူး"

"ဦးမျိုးမောင်အနေနဲ့ရော ကြားဝင်စေ့စပ်မပေးခဲ့ဘူးလား"

"ဖိုးသကြဲန်ကို ဖျောင်းဖျပါတယ်။ ဒါပေမဲ့ သူလည်း လူပျိုအရွယ်လေး ဆိုတော့ အမေနောက်ယောကျ်ားယူတာကို ရှက်တာပေါ့လေ"

"ဒေါ်မိမိရီ ယူတဲ့ယောကျ်ားကကော ဘယ်လိုလဲ၊ ကိုဖြိုးကျော်ဆိုတာ ဖိုးသကြဲန် စွပ်စွဲသလို"

"မဟုတ်ပါဘူး ဒေါက်တာ။ ဖိုးသကြဲန်က မောင်ဖြိုးကျော်အကြောင်း ကောင်းကောင်းမသိဘဲနဲ့ အမေကိုမခံချင်စိတ်နဲ့ ထင်ရာမြင်ရာတွေ လျှောက်ပြောခဲ့တာပါ။ တကယ်တော့ မိမိရီက သူ နောက်အိမ်ထောင်ထူမယ့်အကြောင်းကို ဖိုးသကြဲန်ကို ဖွင့်မပြောခင်ကတည်းက ကျွန်တော့်ကိုလာပြီး အသိပေး[illegible]ပြီး ခွင့်တောင်းပြီးပါပြီ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော့်ညီမောင်မျိုးနောင် ဆုံးခဲ့တာ အနှစ် ၂၀ ကျော်ပါပြီ။ မိမိရီအနေနဲ့ နောက်အိမ်ထောင်ပြုတဲ့ကိစ္စမှာ ကျွန်တော့်ကို အသိမပေးဘဲ သူ့သဘောနဲ့သူ လုပ်ရင်လည်း ဖြစ်တာပါပဲ။ ဒါပေမဲ့ ကျွန်တော့်ကို လူကြီးအရာထားပြီး ခွင့်ပြုချက်လာတောင်းရှာပါတယ်။ ဒါကလည်း ကျွန်တော်တို့ဟာ ခယ်မနဲ့ အိုဆိုတဲ့ ဆက်စပ်မှုတင်မကဘူးလေ၊ ငယ်ငယ်က အိမ်နီးချင်းတွေဖြစ်ခဲ့ပြီး သူ့ကို ကျွန်တော်က ချီပိုးထိန်းကျောင်းခဲ့ဖူးတဲ့အထိ သံယောဇဉ် ရှိခဲ့ကြတာကိုး"

"ဪ ... ဟုတ်ကဲ့"

"မိမိရီက သူလက်ထပ်မယ့် မောင်ဖြိုးကျော်ဆိုသူကိုလည်း တစ်ပါတည်း ခေါ်လာပြီး ကျွန်တော်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်"

"ဦးလေး ... ရီလေးမှာ မိဘတွေလည်း မရှိတော့ပါဘူး။ ဦးလေးကိုပဲ ရီလေးရဲ့မိဘအရာထားပြီး အသိပေးခွင့်တောင်းတာပါ။ ရီလေး အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်ပါပြီ ဦးလေး"

"မိမိရီက ကျွန်တော့်ကို ငယ်ငယ်ကတည်းက ဦးလေးလို့ပဲခေါ်တယ်။ အရွယ်ကလည်း တူဝရီးအရွယ်တွေကိုး။ သူ့ယောကျ်ား ကျွန်တော့်ညီလေးကိုတောင် ဆရာလို့ပဲ ခေါ်ခဲ့တာလေ"

"ဒါက ရီလေးနဲ့လက်ထပ်မယ့် ကိုဖြိုးကျော်ပါ ဦးလေး"

"ကျွန်တော့် မောင်ဖြိုးကျော်ကို ကောင်းကောင်းအကဲခတ်ခဲ့ပါတယ်။ စီးပွားရေးမှာ အောင်မြင်တဲ့လူတစ်ယောက်ပါ။ ဖိုးသကြဲနဲ့စွပ်စွဲသလို မိမိရီကို ပစ္စည်းမက်ပြီး အရချျင်တာမျိုး မဟုတ်ပါဘူး။ သူတို့စုံတွဲက ကျွန်တော့်ဆီက ခွင့်ပြုချက် လာတောင်းပြီးအပြန်မှာ နှစ်ယောက်စလုံး ကျွန်တော့်ကို ကန်တော့သွားကြပါသေးတယ်"

"ဒီလိုဆိုတော့ ဒေါ်မိမိရီဟာ လူမှုရေးဘက်မှာ ပြည့်ဝသားပဲ"

"လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးတစ်ယောက်ပါ ဒေါက်တာ။ ဒါ့ကြောင့်လည်း ကျွန်တော့်မိဘများက ညီလေးမောင်မျိုးနောင်နဲ့ ပေးစားခဲ့တာပါ"

"ကိုဖြိုးကျော်ဟာ သူပြောသလို လူပေလူတေတစ်ယောက် မဟုတ်ဘူးဆိုတာသိတော့ ဖိုးသကြဲနဲ့ဘက်က သဘောထား ပြောင်းသွားရဲ့လား ဦးမျိုးမောင်"

"သူက လူငယ်ကိုး။ အမေ နောက်ယောကျ်ားယူတဲ့အပေါ် ရှက်လို့နဲ့ နာကြည်းတာပဲ သိတယ်လေ။ သွေးကလည်း ပူတုန်းဆိုတော့ ဖျောင်းဖျလို့ မရသေးပါဘူး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခက်တာပဲ။ မိသားစုအရေးကိစ္စဆိုတော့လည်း ကြားလူဝင်စွက်ဖက်ဖို့က မလွယ်ဘူးပေါ့"

"မိမိရီကတော့ ကျွန်တော့်ဆီကလည်း ခွင့်ပြုချက်ရလို့ သူလုပ်စရာရှိတာကို ဆုံးဖြတ်ထားတဲ့အတိုင်း ဆက်လုပ်သွားတာပါပဲ ဒေါက်တာ။ ပြီးခဲ့တဲ့ ၁၅ ရက်လောက်ကပဲ သူတို့ ရုံးတက် လက်မှတ်ထိုးလိုက်ကြတယ်"

"ဩော်"

"အဲဒီမှာ ဖိုးသကြိန် နောက်တစ်ခါ ပေါက်ကွဲတော့တာပါပဲ။ ဒီတစ်ခါ သားအမိစကားများကြတော့ ကြားထဲက ဘာမဆိုင် ညာမဆိုင် ဖန်တုံးလေး ပျောက်သွားရတဲ့အထိပါပဲ"

"အို ... ဟုတ်ပါရဲ့၊ ဒေါ်မိမိရီ နောက်အိမ်ထောင်ပြုတဲ့ကိစ္စနဲ့ ဖန်တုံး ပျောက်တဲ့ကိစ္စ ဘယ်လိုများဆက်စပ်နေလို့လဲဗျာ၊ ပြောပါဦး"

●

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မိမိရီနှင့် ကိုဖြိုးကျော်သည် မင်္ဂလာဧည့်ခံပွဲ မလုပ်တော့ဘဲ တရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ထိုးခြင်းဖြင့် အကျဉ်းချုံး လက်ထပ်လိုက်ကြသည်။

ထိုနေ့က တရားရုံးတွင် လက်မှတ်ထိုးကြသည်ကို ဖိုးသကြန် မသိပေ။

လက်ထပ်အပြီးတွင် ကိုဖြိုးကျော်သည် ဒေါ်မိမိရီအိမ်တွင် လိုက်နေရန် စီစဉ်ထားပြီးဖြစ်၏။

ထိုအကြောင်းကို ဖိုးသကြန်အားအသိပေးရန် နေ့လယ်ခင်းတွင် ဒေါ်မိမိရီ တစ်ယောက်တည်း အိမ်ပြန်လာခဲ့သည်။

ဖိုးသကြန်အခန်းထဲဝင် ဒေါ်မိမိရီ သွားတော့ ဖိုးသကြန်သည် ဖန်တုံးလေးကို စားပွဲပေါ်တင်ကာ လေ့လာနေသည့်အချိန် ဖြစ်သည်။

"သား"

ဒေါ်မိမိရီသည် သားဖြစ်သူကို အတတ်နိုင်ဆုံးပျော့ပျောင်းစွာ ဆက်ဆံရန် ဆုံးဖြတ်ထားသည့်အတိုင်း ချိုသာစွာခေါ်လိုက်လေသည်။

"မာမီ"

"မာမီ အခန်းထဲ ဝင်ခဲ့မယ်နော်"

"ဝင်ခဲ့လေ၊ မာမီကလဲ"

သားအမိနှစ်ယောက် စကားမပြောတာကြာပြီ။ အခုလည်း အခန်းထဲကို ဝင်ခွင့်တောင်းနေ၍ ထူးခြားပါတယ်ဟု ဖိုးသကြန်က တွေးလိုက်မိ၏။

"သားကို မာမီ ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီးအကြောင်း မဟုတ်ရင် ပြော"

ဒေါ်မိမိရီ နှုတ်ဆွံ့သွားရလေသည်။ သူမ ပြောမည့်စကားက ကိုဖိုး ကျော်နှင့်သူမတို့ လက်ထပ်ပြီးကြောင်း အသိပေးမည့်စကား။ မဟုတ်ပါလား။

ဒေါ်မိမိရီက သက်ပြင်းချလိုက်ကာ အားယူရင်း ပြောလိုက်လေသည်။

"အေး ... မာမီပြောမယ့်စကားကို သားကတော့ ကြိုက်မှာ မဟုတ် ဘူး။ ဒါပေမဲ့ ပြောရတော့မှာပဲ။ ဒီနေ့ပဲ မာမီနဲ့ကိုဖိုးကျော် တရားရုံးမှာ လက်ထပ် လိုက်ကြတယ် သား။"

"ဘာဗျ"

"ကိုဖိုးကျော်က ဒီအိမ်မှာ လိုက်နေလိမ့်မယ်။ အဲဒါကို သား သိထားဖို့"

"တော်တော့ ... တော်တော့။ ဆက်မပြောနဲ့တော့"

ဖိုးသကြြန်က အသံကုန်ဟစ်၍အော်လိုက်သည်။

"သား ... မိကောင်းဖခင်သားတစ်ယောက်လို နေစမ်းပါ။ ဒီလို မအော်ပါနဲ့"

"ကျွန်တော် မိကောင်းဖခင်သား မဟုတ်ရင်လည်း ခင်ဗျားမှာ တာဝန် ရှိတာပဲ"

"ကြည့်စမ်း။ မိဘကိုများ ခင်ဗျား တဲ့"

"မာမီ လုပ်ချင်ရာလုပ်ပါ။ မာမီ လုပ်ချင်တာတွေ လုပ်ခဲ့တာပဲလေ။ ကျွန်တော်ကတော့ ဒီလူကြီးနဲ့ အတူတူ ဒီအိမ်ပေါ်မှာ မနေနိုင်ဘူးဗျ။ မာမီ့ကို လည်း ဒီကောင်ကြီးနဲ့တွဲပြီး မမြင်ချင်ဘူး"

"မင်းစကားလုံးတွေက ကြမ်းတမ်းလှချည်လား ဖိုးသကြြန်"

"ဟုတ်ကဲ့ ... ဆက်စကားပြောရင်လည်း ဒီ့ထက်ကြမ်းတမ်းတာ တွေ ထွက်လာလိမ့်မယ်။ ခင်ဗျားတို့ ဒီအိမ်ပေါ်မှာ ပျော်ပျော်ကြီးနေခဲ့ကြပါ။ ကျွန်တော်ကတော့ ဒီအိမ်ပေါ်မှာ မနေတော့ဘူး၊ ဆင်းမယ်"

"ကြွပေ့ ... ကြွ။ ငါလည်း မင်းကို ဒီ့ထက်ပိုပြီး မချော့မော့နိုင်တော့ ဘူး"

ပဋိပက္ခမှာ တဖြည်းဖြည်း ကြမ်းတမ်းလာခဲ့လေပြီ။

"ကျုပ်အဖေ အသက်နဲ့ရင်းပြီး ရထားတဲ့ငွေတွေနဲ့ ဆောက်ထားတဲ့ ဟောဒီအိမ်ကြီးပေါ်မှာ ခင်ဗျားနောက်ယောကျ်ားနဲ့ ပျော်ပျော်ကြီးနေခဲ့ပါတော့ ဒေါ်မိမိရီ"

"အမယ်လေး ... ဖိုးသကြြန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြွန်၏နောက်ဆုံးစကားမှာ ဒေါ်မိမိရိ နှလုံးသားကို ပြင်းထန်စွာ ထိမှန်သွားလေသည်။

ဒေါ်မိမိရိသည် မိုက်ခနဲဖြစ်သွားကာ ကြမ်းပြင်ပေါ် မှောက်လဲသွားလေ၏။

ထိုအဖြစ်ကို ဖိုးသကြွန် မမြင်တော့ပါ။

အိမ်ပေါ်မှ ခုန်းဆင်းသွားရင်း ကျွဲကိုအပြင်းမောင်းကာ ခြံဝင်းထဲမှ ထွက်ခွာသွားလေပြီ။

ဖိုးသကြွန်သည် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှ ဆင်းခဲ့ခြင်းဖြစ်၏။

[illegible]

www.burmeseclassic.com

“သူ အိမ်ပေါ်က ဆင်းလာတော့ ကျွန်တော့်ဆီကိုပဲ ရောက်လာတာ ပါပဲ ဒေါက်တာ။ ကျွန်တော်ကပဲ ချော့မော့ပြီး ထိန်းထားရပါတယ်။ အမေနဲ့ ချုပ်တရက် ရန်ဖြစ်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာတာဆိုတော့ ဖန်တုံးလေးကိုလည်း ယူမလာမိတော့ဘူးပေါ့။ ဖန်တုံးလေးဟာ သူထားခဲ့တဲ့ အတိုင်း သူ့အိပ်ခန်းထဲက စာကြည့်စားပွဲပေါ်မှာ ကျန်ခဲ့တယ်လို့ ပြောပါတယ်။

“သုံးလေးရက်လောက်ကြာတော့ သူဖန်တုံးလေးကို လွမ်းလာတာ ပေါ့။ ဖိုးသကြန်တင် မဟုတ်ပါဘူးလေ၊ ကျွန်တော်လည်း ဖန်တုံးလေးကို ကြည့် ချင်စိတ်တွေ ပေါက်နေတယ်။ ဖိုးသကြန်က သူ့အမေအိမ်ကိုလည်း မပြန်ချင် ဘူး။ ဖန်တုံးလေးကိုလည်း ယူချင်တယ်။

“ကျွန်တော်က မြစ်နှီးကိုလွှတ်ယူခိုင်းဖို့ အကြံပေးပါသေးတယ်။ သူက မြစ်နှီးကိုတောင် အဲဒီအိမ် ပေးမလွှတ်နိုင်ဘူးတဲ့။ မသွားစေရဘူးတဲ့။ ဒါနဲ့ ကျွန် တော်လည်း ကြံရာမရတဲ့အဆုံး ဖိုးသကြန် မသိအောင် မိမိရီဆီ ဖုန်းဆက်ရတာ ပေါ့။ ကျွန်တော့်အကြံက မိမိရီကိုပဲ အဲဒီဖန်တုံးလေးကို လူကြုံနဲ့ ကျွန်တော့်အိမ် ပို့ခိုင်းမလို့ပါ။

“ကျွန်တော် ဖုန်းဆက်လိုက်တော့ မိမိရီတို့ ရန်ကုန်မှာ မရှိကြဘူး ဆိုတာ သိရတယ်။ ချောင်းသာကို ဟန်းနီးမွန်းထွက်သွားကြတယ်တဲ့။ အိမ်မှာ ကျန်ခဲ့တဲ့ အိမ်ဖော်မိန်းမကြီးက ပြောပြတယ်။ အိမ်မှာ အိမ်ဖော်မိန်းမကြီး တစ် ယောက်တည်း ကျန်ခဲ့တယ်။

“ဒါနဲ့ ကျွန်တော်က အဲဒီအကြောင်းကို ပြောပြပြီး ဖိုးသကြန်ကို အဝတ်အစားတွေပါယူရင်း ဖန်တုံးလေးကို ကိုယ်တိုင်ပြန်ယူဖို့ ပြောရတာပေါ့ ဒေါက်တာ။ ဖိုးသကြန်က သူ့အမေအိမ်မှာ မရှိဘူးဆိုလို့ အဲဒီနေ့ပဲ အိမ်ပြန်သွား ခဲ့ပါတယ်။ ဒါပေမဲ့ ဒေါက်တာ . . .”

•

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဖိုးသကြိန် အိမ်ပြန်လာပြီလား"

ဖိုးသကြိန်အိမ်ရောက်သည်နှင့် အိမ်ဖော်မိန်းမကြီး ဒေါ်အေးကြည်က ဝမ်းသာအားရနှုတ်ဆက်လိုက်သည်။

"အရီတို့မရှိကြဘူး။ ချောင်းသာသွားကြတယ်"

"ကျွန်တော် အိမ်ပြန်လာတာ မဟုတ်ဘူး ဒေါ်ကြီး။ ကျွန်တော် အဝတ်အစားတွေ လာယူတာ"

ဖိုးသကြိန်က အိမ်ဧည့်ခန်းမကြီးကို မျက်လုံးဝေ့ကြည့်လိုက်ရာ အပြင်အဆင်တွေ ပြောင်းလဲနေတာကို တွေ့ရလေ၏။

အထူးခြားဆုံး အပြောင်းအလဲမှာ ဧည့်ခန်းနံရံထိပ်တွင် ချိတ်ထားသော ဖခင်ကြီး ဒေါက်တာမျိုးနောင် ဓာတ်ပုံမရှိတော့ခြင်းပင်။

"ဒက်ဒီ့ပုံကို ဖြုတ်ချလိုက်ပြီပေါ့။ တော်တော်ကောင်းကြတဲ့ဟာတွေ"

"အရီ လုပ်တာပါ၊ ဒေါ်ကြီး ဘာမှမသိပါဘူးကွယ်"

ဖိုးသကြိန်က အပေါ်ထပ် သူ့အခန်းသို့သွားရန် လှေကားပေါ် တက်လိုက်သည်။

"ဖိုးသကြိန် ... ထမင်းစားတော့မလားဟင်။ ဒေါ်ကြီး ပြင်လိုက်မယ်၊ ဖိုးသကြိန် ကြိုက်တဲ့ ဝက်သားလေးကို ... "

"တော်စမ်းပါဗျာ၊ ကျုပ်ထမင်းစားဖို့ ပြန်လာတာ မဟုတ်ဘူး။ ဒီအိမ်မှာ လည်း မနေဘူး။ ကျုပ်အဝတ်အစားတွေ ပြန်လာယူတာ။ လာခဲ့ ... လိုက်ခဲ့။ အဝတ်အစားတွေ ထည့်ပေးဦး"

www.burmeseclassic.com



ဒေါ်အေးကြည်သည် ဖိုးသကြဲန်နောက်မှ ခပ်ကုပ်ကုပ်ဖြင့် လိုက်ပါသွားသသည်။

ယခင်က သူ့တို့မိသားစုသုံးယောက်ရိုက်ထားသည့် ဓာတ်ပုံကြီးကို နံဘောင်သွင်း၍ လေ့ကားတစ်ဆစ်ချိုးနံရံတွင် ချိတ်ထားခဲ့ပါသည်။ ယခု မရှိတော့ပေ။

ဖိုးသကြဲန်က လှေကားတစ်ဆစ်ချိုးတွင်ရပ်ရင်း ဓာတ်ပုံချိတ်ခဲ့သည့်နေရာလေးကို မော့်ကြည့်လိုက်သည်။ ထိုနေရာလေးမှာ ကွက်၍ဖြူနေသည်။

"ဒက်ဒီ ပါတဲ့ပုံကို ဖြုတ်လိုက်ပြန်ပြီပေါ့။ နောက်ဆို ဒီနေရာမှာ သူတို့လင်မယားပုံ ရောက်လာတော့မယ်။ ထို့ ... ရွံစရာကောင်းလိုက်တာ"

"ဒေါ်ကြီး ဘာမှမသိပါဘူးကွယ်၊ အရီ လုပ်တာပါ"

သူ့အခန်းထဲအရောက်တွင်တော့ ဖိုးသကြဲန် အစွမ်းကုန် ပေါက်ကွဲပါလာတော့သည်။

အခန်းထဲဝင်ဝင်ချင်း မြင်သာအောင် ချိတ်ထားသည့် သူတို့မိသားစုဓာတ်ပုံမှာလည်း မရှိတော့ချေ။ ဖိုးသကြဲန်က ချက်ချင်းသတိပြုမိလိုက်သည်။

"ကြည့်စမ်း ... လွန်လွန်းလာပြီ။ သိပ်တရားလွန်လာပြီ။ ကျုပ်အခန်းထဲမှာ သူ့ဟာသူ နေတဲ့ပုံကို ဘာဖြုတ်စရာလိုလဲ။ ကျုပ်ဒက်ဒီမျက်နှာကို ဟိုကောင်ကြီး မြင်သွားမှာ တော်တော်စိုးရိမ်နေသလား မသိဘူး"

"အရီ လုပ်တာပါကွယ်၊ ဒေါ်ကြီး ဘာမှမသိပါဘူး"

ဖိုးသကြဲန်က အခန်းထဲရောက်သည်နှင့် စားပွဲပေါ်တင်ထားခဲ့သော ဖန်တုံးလေးကို ကြည့်လိုက်သည်။ စားပွဲပေါ်တွင် သူတင်ထားခဲ့သည့်အတိုင်း ရှိတော့ပေ။

"ဒီပေါ်က ဖန်တုံးလေးကော"

ဖိုးသကြဲန်အမေးကို ဒေါ်အေးကြည် ချက်ချင်းနားမလည်ဘဲ ကြောင်ကြည့်နေသည်။

"ဒီပေါ်မှာတင်ထားခဲ့တဲ့ ဖန်တုံးကိုမေးနေတာ။ ဘယ်မှာ သိမ်းထားသလဲ"

"ဪ ... အကွက်လေးတွေနဲ့ဖန်တုံးလား၊ စာရွက်ဖိတဲ့ ဖန်တုံးလား"

"ဟုတ်တယ်"

"အဲဒါ ရောင်းစားလိုက်ပြီ။ ဘော်တယ်ကုလားကို ရောင်းလိုက်ပြီ ဖိုးသကြဲန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ"

"ဟို ... ဟို ... အဲဒါလည်း အရီလုပ်တာပါ။ ဒေါ်ကြီး ဘာမှမသိ ပါဘူး။ အရီကလည်း တစ်အိမ်လုံးကို ရှင်းလင်းပြီး မလိုတဲ့ပစ္စည်းတွေ ပေးတန်တာ ပေးပစ်၊ အဟောင်းအမြင်းတွေကိုတော့ ဘော်တယ်ကုလားကို ရောင်းလိုက် တယ်"

"ဟာဗျာ"

"ကုလားကို ရောင်းလိုက်တဲ့အထဲမှာ အဲဒီအတုံးလေး ပါသွားတာပဲ"

ဖိုးသကြဲန်သည် အရုပ်ကြိုးပြတ်နှင့် ခုတင်ပေါ်ပစ်လှဲလိုက်လေသည်။ သူ့မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။

"မာမီ ရက်စက်တယ်၊ မာမီ သိပ်ရက်စက်တယ်၊ မာမီဟာ သူလုပ်ချင် ရာ လုပ်ရုံမဟုတ်ဘူး။ သား အထွတ်အမြတ်ထားတဲ့ ပစ္စည်းကိုပါ ထိပါးလာပြီ။ ဒက်ဒီရေ... ဒက်ဒီရဲ့ သားအဖြစ်ကို လာကြည့်လှည့်ပါဦးဗျာ။ သားနဲ့ ဒက်ဒီ ဆက်သွယ်လို့ရတဲ့ ပစ္စည်းလေးကို မာမီက ဖျောက်ဖျက်ပစ်လိုက်ပြီးဗျ၊ အီး ဟီး ... ဟီး"

ဖိုးသကြဲန်က ဝမ်းပမ်းတနည်း အော်ဟစ်ငိုယိုပစ်လိုက်လေသည်။

ဒေါ်အေးကြည်သည် ဘာလုပ်ရမှန်းမသိဘဲ၊ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေရှာလေသည်။

"ခင်ဗျားက ဘာကြည့်နေတာလဲ။ ထည့် ... ကျုပ်အဝတ်အစားတွေ သေတ္တာထဲထည့်။ ကားပေါ်သွားတင်၊ ကျုပ်ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာ တော့ဘူး"

"ဖိုးသကြဲန် ... ဖိုးသကြဲန်ရယ်၊ ဒါတွေ ဒေါ်ကြီး ဘာမှမသိပါဘူး နားလည်းမလည်ပါဘူး။ အရီ လုပ်တာတွေပါ။ အရီခိုင်းတဲ့အတိုင်း လုပ်ရတာပါ"

"ဘာမှမသိဘဲနဲ့ ဘာလို့ပြောနိုင်နေတာလဲ။ ဒီဖန်တုံးလေးကို ရောင်းစား လို့ ခင်ဗျားတို့ တော်တော်ချမ်းသာသွားလား၊ ကျုပ်အခန်းထဲမှာ သူ့ဟာသူနေတဲ့ ဖန်တုံးကို ယူရောင်းစားရအောင် ခင်ဗျားတို့ တော်တော် ငတ်နေကြပြီလား"

"ဒေါ်ကြီးက ဖိုးသကြဲန်တို့ အခိုင်းအစေပါကွယ်။ အရီ ခိုင်းတဲ့အတိုင်း ဒေါ်ကြီး လုပ်ရတာပါ။ အရီကလည်း ဒါလေးကို သိပ်အရေးမပါတဲ့ပစ္စည်းပဲ လို့ ထင်ပါရဲ့"

"တော်တော့ ... စကားမရှည်နဲ့တော့။ ကျုပ်အဝတ်တွေထည့်။ ကားပေါ်တင်ထားလိုက်၊ ဧည့်ခန်းထဲက ကျုပ်အဖေဓာတ်ပုံကြီးရော၊ ဘယ်မှာ သိမ်းထားလဲ။ တစ်ခါတည်း ကားပေါ်တင်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

ဖိုးသကြန်သည် စတိုခန်းထဲသို့သွားကာ သူ့ဖခင်၏ ပစ္စည်းများကို ထုတ်ယူလိုက်သည်။ ဖိုင်တွဲများ၊ စာရွက်စာတမ်းများ၊ ဆေးစာအုပ်များနှင့် နိုင်ဘာရီများ ဖြစ်ပါသည်။ အားလုံးမှာ စတိုခန်းထဲတွင် နှစ်ရှည်လများထား၍ ဖုန်တက်နေလေပြီ။

ဖိုးသကြန်က သူ့ဖခင်၏စာရွက်စာတမ်းများအားလုံးကို ဖုန်မပင် ထုတ်မနေတော့ဘဲ ကားပေါ်တင်လိုက်လေသည်။

တော်ပြီ။ ဒီအိမ်မှာ ဒက်ဒီနဲ့ ပတ်သက်တာတွေ တစ်ခုမှ မထားခဲ့တော့ဘူး။ ငါလည်း ပြန်မလာတော့ဘူး။

ဖိုးသကြန်က ယတိပြတ်ဆုံးဖြတ်ကာ အိမ်ကြီးဆီမှ အပြီးအပိုင် ထွက်ခွာခဲ့လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပါပဲ ဒေါက်တာ။ မိမိရီနဲ့ ဖိုးသကြိန် ပြဿနာကြားထဲမှာ ဖန်တုံးလေးဟာ ဘာမဆိုင်ညာမဆိုင် ပျောက်ဆုံးသွားရတာပါပဲ"

"ဒေါ်မိမိရီက ဖန်တုံးလေးကို ဘာလို့ရောင်းစားရတာလဲဗျာ။ ဒါလေး ရောင်းလိုက်လို့ ဘာများအကျိုးထူးသွားမှာမို့လဲ"

"ဒီလိုဖြစ်ပါလိမ့်မယ် ဒေါက်တာ။ သူ့အိမ်မှာ သူ့ခင်ပွန်းအသစ် ရောက်လာတော့ အိမ်ကိုပြင်ဆင်မွမ်းမံပါလိမ့်မယ်။ အရင်ယောကျ်ား ဒေါက်တာမျိုးနောင် ပုံတွေ ဖြုတ်သိမ်းတာအပါအဝင်ပေါ့။ အိမ်ရှင်းရင်း ထွက်လာတဲ့ ပစ္စည်း အဟောင်းအမြင်းတွေကို ကုလားလာတုန်း ရောင်းပစ်ရင်းက ဖန်တုံးလေးပါ ရောပါသွားတာမျိုး ဖြစ်မှာပါ။ ဖန်တုံးဟာ ဘယ်လောက်အရေးပါတဲ့ ပစ္စည်းဆိုတာလည်း သူမှ မသိတာကိုး။ ပြီးတော့ ဖိုးသကြိန်က ဒီပစ္စည်းလေး တကိုင်ကိုင်ဖြစ်နေတာလည်း မျက်မုန်းကျိုးနေလို့ ထည့်ရောင်းလိုက်တာ ဖြစ်မှာပေါ့"

"ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေဗျာ။ အင်းလေ ... ဒါပေမဲ့ ဘော်တယ်ကုလားဆီလိုက်နိုင်ရင် ဖန်တုံးလေး ပြန်ရနိုင်ပါသေးရဲ့။ ပစ္စည်း အဟောင်းအမြင်းဝယ်တဲ့ ဘော်တယ်ကုလားဆိုတာလည်း ဝယ်နေကျရပ်ကွက်ထဲကို မကြာမကြာ လာနေတတ်တာပဲ။ ဘော်တယ်ကုလားကို လိုက်နိုင်ရင်တော့ ပြန်ရကောင်းပါရဲ့"

"အဲဒီလိုပဲ မျှော်လင့်ရတာပဲ ဒေါက်တာ။ ဒီပစ္စည်းဟာ ငွေကိုချက်ချင်း ပုံဖျက်ပစ်ရမယ့် ပစ္စည်းမျိုးမဟုတ်လို့ သူ့အတိုင်းပဲ ရှိနေမှာတော့ သေချာပါတယ်။ ဒါကြောင့်လည်း ဒေါက်တာ့ကို ဆက်သွယ်အကူအညီတောင်းလိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖန်တုံးလေးကို ခြေရာကောက်ဖို့က တစ်ချက်၊ နောက်တစ်ချက်က ဒီဖန်တုံးနဲ့ ဆက်သက်ပြီး ဘယ်လောက်အရေးကြီးတယ်၊ ဖန်တုံး ဘယ်ကလာတယ်ဆိုတာ ဒေါက်တာ သိစေချင်လို့ပါ"

"ဟုတ်ကဲ့"

"ကျွန်တော်ဟာ ဖိုးသကြန်ယူလာတဲ့ သူ့အဖေရဲ့စာရွက်စာတမ်းတွေကို ယူဖတ်ကြည့်ခဲ့ပါတယ်။ ရည်ရွယ်ချက်က ဖန်တုံးနဲ့ပတ်သက်တဲ့အကြောင်းတွေကို မှတ်တမ်းတင်ထားတာ ရှိမရှိသိချင်လို့ပါ။ အဲဒီမှာ ဖိုင်တွဲတစ်တွဲကို သွားတွေ့တာပါပဲ ဒေါက်တာ။ ဖိုင်တွဲဟာ ဖန်တုံးလေးနဲ့ပတ်သက်တဲ့အကြောင်းတွေကို ကျွန်တော့်ညီကိုယ်တိုင် မခြွင်းမချန်ရေးသားမှတ်တမ်းတင်ထားတဲ့ ဖိုင်တွဲ ဖြစ်နေပါတယ်"

"အို"

"ညီလေးရဲ့မှတ်တမ်းကို ဖတ်လိုက်ရမှ ဖန်တုံးအကြောင်းလည်း ရှင်းသွားတယ်။ ဖိုးသကြန်နဲ့ ညီလေးလည်ဂုတ်က ဗထက်ခြိုက်ပုံအမှတ်အသားဟာလည်း 'ဘာ'ဆိုတာ ရှင်းသွားခဲ့ပါတယ်"

"ဗထက်ခြိုက်အမှတ်အသား၊ သူကလည်း ဒီဖြစ်ရပ်ထဲမှာ အရေးပါတာပဲလား"

"ပါပြီကောဗျာ၊ ဒီကိစ္စတွေအားလုံးဟာ တခြားဂြိုဟ်ဟစ်ရက ဂြိုဟ်သားတွေ ကိုင်တွယ်ထိန်းချုပ်ထားတဲ့ လုပ်ရပ်ဆိုတာ သိလိုက်ရပါပြီ"

"ဘယ်လို၊ တခြားဂြိုဟ်က ဂြိုဟ်သားတွေ၊ ဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ နေစကြဝဠာထဲက အလင်းနှစ် ၂၀ ဝေးတဲ့ အရပ်ကဂြိုဟ်တစ်လုံးပါ"

"ဘုရားရေ"

"အဲဒီဖိုင်တွဲကြီးကို ဒေါက်တာ့ကို ပေးဖတ်ပါ့မယ်"

"ကျွန်တော် စိတ်ဝင်စားလှပါပြီ၊ ဖတ်ချင်လှပါပြီ ဦးမျိုးမောင်"

"ဘဘနဲ့အန်ကယ်တို့ ... ထမင်းပွဲအဆင်သင့် ပြင်ပြီးပါပြီရှင်" မြစန္ဒီက လာရောက်အကြောင်းကြားလေသည်။

"ကဲ ... ထမင်းသုံးဆောင်လိုက်ပါဦး ဒေါက်တာ"

●

www.burmeseclassic.com

www.burmeseclassic.com

တင်တင်မျိုးမောင်နှင့်မြစန္ဒီက ထမင်းပွဲအား တော်တော်ပင် ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြင်ဆင်ကျွေးမွေးပါ၏။

သို့ရာတွင် ကျွန်ုပ်အာရုံ၌ ထမင်းဟင်းအရသာကို ဂရုမထားမိချေ။ ဦးမျိုးမောင် ပေးဖတ်မည်ဆိုသော ဒေါက်တာမျိုးနောင် ရေးခဲ့သည့် မှတ်တမ်းကြီးအပေါ်၌သာ အာရုံရောက် စိတ်စောနေမိလေသည်။

တင်တင်မျိုးမောင်က ဦးမျိုးမောင်အား ထမင်းဟင်းကို ခွံ့ကျွေးလျက်ရှိ၏။ စားပွဲ၌ ကျွန်ုပ်တစ်ယောက်သာထိုင်လျက် ထမင်းစားနေရာ မြစန္ဒီက လိုအပ်သမျှကို ဖြည့်ဆည်းပေးနေ၏။

ကျွန်ုပ်စိတ်ထဲ၌ ဖြိုဟ်သားများသည် ဤကိစ္စထဲ၌ ဘယ်လိုဘယ်ပုံပတ်သက်လာသည်ကို စဉ်းစားနေမိတော့သည်။ ဒေါက်တာမျိုးနောင်၏ မှတ်တမ်းကိုဖတ်ရလျှင်ဖြင့် ရှင်းပေလိမ့်မည်။

"သမီးရေ ... ဖေဖေ့စားပွဲအံဆွဲထဲမှာ ဖိုင်တွဲအပြာရောင် တစ်ခုရှိတယ်။ ဖိုင်ပေါ်မှာ ဒေါက်တာမျိုးနောင်လို့ ရေးထားတယ်။ အဲဒီဖိုင်တွဲ သွားယူချေပါကွယ်"

ထမင်းများစားသောက်အပြီးတွင် ဦးမျိုးမောင်က တင်တင်မျိုးမောင်အား ဖိုင်တွဲယူရန် ခိုင်းလိုက်လေသည်။

တင်တင်မျိုးမောင် ဖိုင်တွဲယူလာသည်နှင့် ဦးမျိုးမောင်က ကျွန်ုပ် လက်ထဲသို့ ထည့်လိုက်လေသည်။

"မှတ်တမ်းကို အင်္ဂလိပ်ဘာသာနဲ့ရေးထားပါတယ်။ ဒေရောဝန်တစ်ယောက် ရေးတဲ့စာမို့ ဒေါက်တာက ကျွန်တော့်ထက် ပိုပြီးနားလည်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒေါက်တာ့ကို ဒီကိစ္စအတွက် အကူအညီတောင်းရတာက တခြားကြောင့် မဟုတ်ပါဘူး။ ဒေါက်တာဟာ သုတေသီတစ်ဦး ဖြစ်တယ်။ ကမ္ဘာ့အတိုင်းအတာနဲ့ ဒေါက်တာဟာ ပေါက်ရောက်သူတစ်ယောက်ဖြစ်လို့ပါ။ ဒေါက်တာ ကိုင်တွယ်နေတဲ့ ဘာသာရပ် မဟုတ်ပေမဲ့ နိုင်ငံရပ်ခြားနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ဒေါက်တာ ကူညီနိုင်မယ်လို့ ယုံကြည်လို့ပါ"

"ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ် ဦးမျိုးမောင်။ စိတ်လည်း ဝင်စားပါတယ်"

"ညီလေးရဲ့မှတ်တမ်းကို အေးအေးဆေးဆေး ဖတ်ပါ ဒေါက်တာ။ ကျွန်တော်တို့ ပြန်လည်တွေ့ဆုံပြီး ဆွေးနွေးရဦးမှာပါ။ ဒီနေ့ ဖိုးသကြြန်ကို အပြင် ရှောင်ခိုင်းထားတာ တခြားကြောင့် မဟုတ်ဘူး။ ဒီအကြောင်းတွေ သူ့ရှေ့မှာပြောရင် သူပေါက်ကွဲမှာစိုးလို့ပါ။ နောက်တစ်ခေါက် ဒေါက်တာ လာရင်တော့ ဖိုးသကြြန်နဲ့ ဆုံပေးပါ့မယ်။ ကောင်းသောညပါ ဒေါက်တာ"

"ကောင်းသောညပါ၊ ကျွန်တော် ကူညီခွင့်ရပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ဂွတ်ဘိုင် ဦးမျိုးမောင်"

ကျွန်ုပ်သည် ဦးမျိုးမောင်တို့မိသားစုအား နှုတ်ဆက်၍ ပြန်ခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

ဦးမျိုးမောင်က အေးအေးဆေးဆေးဖတ်ပါဟု ဆိုသော်လည်း ကျွန်ုပ်မှာ ဒေါက်တာမျိုးနောင်၏မှတ်တမ်းကြီးကို စိတ်ဝင်စားလှပြီဖြစ်၍ အိမ်ကိုရောက်သည်နှင့် အဝတ်အစားပင်မလဲသေးဘဲ စာကြည့်စားပွဲ၌ ထိုင်ဖတ်လိုက်လေသည်။

ဖိုင်တွဲကို လှန်လိုက်သည့်အခါ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဒေါက်တာမျိုးနောင်၏လက်ရေးကို တွေ့ရလေ၏။ မှတ်တမ်းအား **'Aliens Fron. the Another Planet'** ဟုခေါင်းစဉ်တပ်ထားလေသည်။ မြန်မာလိုဘာသာပြန်ရသော် **'အခြားကမ္ဘာမှ ဂြိုဟ်သားများ'** ဟူ၍ဖြစ်ပေသည်။

ဒေါက်တာမျိုးနောင်၏မှတ်တမ်းမှာ လျှောက်လွှာစာရွက်ဖြင့် စာမျက်နှာ ၁၀၀ ကျော်ရှိလေသည်။ မှတ်တမ်း၏နောက်တွင် ဒေါက်တာမျိုးနောင်အား အိပ်မွေ့ချစစ်ဆေးသော ဆရာဝန်ကြီး၏ စစ်ဆေးချက်မှတ်တမ်းများကို တွဲချုပ်ထားလေသည်။ ဆရာဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးအတည်ပြုထားသော ဆေးမှတ်တမ်းမှတ်စုများကို မိတ္တူကူးယူထားခြင်းဖြစ်လေ၏။

ကျွန်ုပ်သည် **'အခြားကမ္ဘာမှဂြိုဟ်သားများ'** ဟု အမည်ပေးထားသည့် ဖိုင်တွဲကြီးအား ဖတ်လိုက်ရာ စိတ်ဝင်စားလွန်းလှသဖြင့် အစမှအဆုံးထိ တစ်ထိုင်တည်း ဖတ်ရှုလိုက်မိလေတော့သည်။ မှတ်တမ်းကြီးသည် ရှည်လျားသည်နှင့်အမျှ စိတ်ဝင်စားဖွယ်ကောင်းလှပေတော့၏။

စိတ်ညှို့စမ်းသပ်စစ်ဆေးခဲ့သည့် ဆရာဝန်ကြီး၏စစ်ဆေးချက်များနှင့် ပေါင်းစပ်လိုက်သည့်အခါ အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသည့်ဖြစ်ရပ်ဆန်းတစ်ခုမှာ ရုပ်လုံးပေါ်လာရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့် ၂ နာရီထိုးမှပင် ကျွန်ုပ်သည် မှတ်တမ်းဖိုင်တွဲကြီးကို ဖတ်၍ပြီးဆုံး သွားလေတော့၏။

ဒေါက်တာမျိုးနောင်၏မှတ်တမ်းအား မြန်မာဘာသာဖြင့် တတ်နိုင်သမျှ ရှင်းလင်းအောင် ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။

ဘာသာပြန်ရာ၌ သာမန်လူတို့ နားလည်ရန်ခက်ခဲသော ဆေးပညာ ဆိုင်ရာစကားလုံးအချို့ကို ချန်လှပ်၍လည်းကောင်း၊ အချို့ကို မြန်မာဘာသာ ဖြင့် ဆီလျော်အောင် အနက်ပြန်ဆို၍လည်းကောင်း ကြိုးစား၍ မြန်မာဘာသာ ပြန်ဆိုလိုက်ပေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဓာတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခြားကမ္ဘာမှ ဂြိုဟ်သားများ

ကျွန်တော်သည် သိပ္ပံပညာရပ်နှင့်ပတ်သက်၍ စကြဝဠာအကြောင်းကို သော်လည်းကောင်း၊ အာကာသထဲရှိ အခြားသောဂြိုဟ်များကိုသော်လည်းကောင်း ယခင်က စိတ်ဝင်စားခြင်းမရှိခဲ့ပါ။ စကြဝဠာအတွင်းမှ အခြားသောဂြိုဟ်များတွင် သက်ရှိသတ္တဝါများ ရှိ–မရှိနှင့် ပတ်သက်၍လည်း တွေးပင်မတွေးခဲ့ဖူးပါ။

ယခုဖော်ပြမည့်ဖြစ်ရပ်မတိုင်မီက ကျွန်တော်သည် အာကာသသိပ္ပံပညာရပ်နှင့်ပတ်သက်၍ စိတ်လည်းမဝင်စား၊ လေ့လာရန်လည်း စိတ်ကူးမရှိခဲ့သူတစ်ဦးသာ ဖြစ်ပါသည်။

ကျွန်တော်သည် ဝါသနာပါသော ဆေးပညာရပ်ကို သင်ယူခွင့်ရရှိခဲ့ပြီး ဆရာဝန်တစ်ဦးအဖြစ် ရပ်တည်နေနိုင်သည့်အတွက် မိမိကိုယ်မိမိ ကျေနပ်မှုရှိနေသူတစ်ဦးပင် ဖြစ်ပါသည်။

ကျွန်တော်၏ဘဝဖြစ်စဉ်မှာလည်း ရိုးစင်းသောဖြစ်ရိုးဖြစ်စဉ် ဘဝတစ်ခုသာ ဖြစ်ပါသည်။

ကျွန်တော်သည် မြန်မာလူမျိုးတစ်ယောက်ဖြစ်ပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်တွင် မွေးဖွားကြီးပြင်းခဲ့သူတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်၏မိဘများမှာ ချမ်းသာကြွယ်ဝသောကုန်သည်မျိုးရိုး ဖြစ်ပါသည်။ ကျွန်တော့်တွင် မွေးချင်းညီအစ်ကိုနှစ်ဦးသာရှိ၍ အစ်ကိုကြီးမှာ ကျွန်တော့်ထက် အသက် ၁ နှစ်ကြီးသောသူ ဖြစ်ပါသည်။ ကျွန်တော်က အငယ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ငယ်စဉ်ကပင် ပညာထူးချွန်သူတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ကျွန်တော်၏ပညာထူးချွန်မှုအတွက် ကျောင်းမှ ဆရာ၊ ဆရာမများကရော၊ မိဘနှစ်ပါးကပါ ဂုဏ်ယူလေ့ရှိကြပါသည်။ အားလုံးကပင် ကျွန်တော့်အား 'လူတော်'ဟု သတ်မှတ်ခဲ့ကြပါ၏။

ဆယ်တန်းအောင်မြင်သောအခါ ဆေးတက္ကသိုလ်သို့ တက်ရောက်ရန်အဆင့်မီခဲ့သောကြောင့် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ် (၁) တွင် တက်ရောက်ပညာသင်ကြားခဲ့ပါသည်။ M.B.B.S ဆေးသိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။

ကျွန်တော်သည် ဆေးပညာနှင့်ပတ်သက်၍ ဘွဲ့တစ်ဘွဲ့နှင့် မတင်းတိမ်သေးဘဲ နိုင်ငံရပ်ခြား၌ ဆက်လက်ပညာသင်ကြားရန် ကြိုးစားခဲ့ရာ အမေရိကန်နိုင်ငံဆေးတက္ကသိုလ်ကြီးတစ်ခုမှ ဝင်ခွင့်စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။

ဤနေရာ၌ ကျွန်တော်၏မိဘများ ချမ်းသာကြွယ်ဝမှုရှိခြင်းသည် ကျွန်တော့်အတွက် ကံကောင်းခြင်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြရမည်ပင်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အား နိုင်ငံတော်အစိုးရက ပညာတော်သင်အဖြစ် စေလွှတ်ခြင်း မဟုတ်ဘဲ၊ ကိုယ့်စရိတ်ဖြင့် ကိုယ် အကုန်အကျခံ၍ သွားရောက်ရခြင်းဖြစ်ရာ မိဘများ ကြွယ်ဝချမ်းသာ၍သာ နိုင်ငံခြားပညာသင်စရိတ်ကို ထောက်ပံ့နိုင်ခြင်းဖြစ်သောကြောင့်တည်း။

ကျွန်တော်ကလည်း ပညာကို အပတ်တကုတ် သင်ယူခဲ့ရာ ဘွဲ့တစ်ခုထပ်မံရရှိခဲ့ပါသည်။

အမေရိကန်တက္ကသိုလ်မှ ဘွဲ့ရအပြီးတွင် ကျွန်တော်သည် မြန်မာနိုင်ငံသို့ မပြန်သေးဘဲ၊ ဆေးရုံတစ်ခု၌ ဝင်ရောက်အမှုထမ်းနေခဲ့၏။

အမိနိုင်ငံသို့ မပြန်သေးခြင်းမှာ နိုင်ငံခြားကို အထင်ကြီး၍ ဆက်လက်နေထိုင်လိုခြင်းကြောင့် မဟုတ်ပါ။ ဆေးပညာနှင့် ပတ်သက်၍ အတွေ့အကြုံစုံစေရန်ရည်ရွယ်၍ နိုင်ငံခြားဆေးရုံ၌ တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်ရင်ထဲ၌ တစ်ချိန်တွင် မြန်မာနိုင်ငံသို့ပြန်ကာ မြန်မာပြည်သူလူထုအား ဆေးပညာဖြင့် အကျိုးပြုရန် ရည်ရွယ်ချက်ရှိပြီး ဖြစ်ပါသည်။

ကျွန်တော် အမေရိကန်နိုင်ငံ၊ ပို့စ်မောက်မြို့ရှိ ပုဂ္ဂလိကဆေးရုံတွင် တာဝန်ထမ်းဆောင်နေစဉ် မိဘများက မြန်မာနိုင်ငံသို့ ခေတ္တပြန်ခေါ်ခဲ့လေသည်။ မိဘများသည် ကျွန်တော့်အား အမိနိုင်ငံပြန်ခေါ်ပြီး မိန်းမပေးစားခဲ့ခြင်း ဖြစ်လေသည်။

မိဘများက ကျွန်တော်နိုင်ငံရပ်ခြားတွင် လူပျိုဘဝဖြင့် တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်နေခြင်းကို စိတ်မချကြပေ။ ကျွန်တော့်အသက်မှာလည်း ထိုစဉ်က ၃၈ နှစ်ပင်ရှိနေပြီဖြစ်ရာ အိမ်ရာထူထောင်ရန် အရွယ်ပင်လွန်ခဲ့လေပြီ။ ထို့ကြောင့် မိဘများက သူတို့ရှာဖွေထားသော မိန်းမပျိုနှင့် လက်ထပ်ပေးရန် ကျွန်တော့်အား မြန်ခေါ်ခဲ့ခြင်းပင် ဖြစ်တော့သည်။

ကျွန်တော်သည် မိဘစကားကို မည်သည့်အခါကမှ ပယ်ရှားခြင်းမရှိ နားထောင်ခဲ့သူဖြစ်ရုံမက မိမိကိုယ်တိုင်တွင်လည်း လက်ထပ်ရန် ရည်ရွယ်ထားသော မိန်းမမရှိသည်နှင့် မိဘများပေးစားသော မိန်းမကိုလက်ထပ်ယူခဲ့လေသည်။

ကျွန်တော်၏ဇနီး မိမိရီဆိုသူမှာ အိမ်နီးချင်းဖြစ်သော မိတ်ဆွေများ၏ သမီးတစ်ယောက်ပင် ဖြစ်ပါသည်။ ကျွန်တော်ငယ်စဉ်ကပင် သိကျွမ်းထားပြီးသူ တလေးလည်း ဖြစ်ပါသည်။ သူကလေးသည် ကျွန်တော့်ထက် အသက် ၁၆ နှစ် ငယ်ရွယ်သော မိန်းကလေးတစ်ဦး ဖြစ်ပါ၏။

နှစ်ယောက်စလုံးက နှစ်ဖက်မိဘများအလိုကျ လက်ထပ်ခဲ့ခြင်းဖြစ်သော်လည်း မိမိရီသည် ကျွန်တော့်အပေါ်တွင် သစ္စာရှိစွာ လေးစားချစ်ခင်သော ဇနီးကောင်းတစ်ဦး ဖြစ်ပါသည်။

ကျွန်တော်၏ဇနီးနှင့်ပတ်သက်၍ ပေါင်းသင်းခဲ့သောကာလ တစ်လျှောက်လုံးတွင် စိတ်ကျေနပ်မှုရှိပါသည်။ သူမသည် လင်သားကို လေးစားရိုသေသူဖြစ်ကာ ရိုးသားအေးဆေးသူတစ်ဦးလည်း ဖြစ်ပါသည်။ သားကလေး မွေးဖွားလာသည့်အခါတွင်လည်း ရင်သွေးအပေါ် ချစ်ခင်ယုယမှုရှိသည့် မိခင်ကောင်းတစ်ဦးဖြစ်ပါ၏။

ထိုအချက်များကြောင့် ကျွန်တော်သည် အိမ်ထောင်ရေးတွင်လည်း ကံကောင်းသူတစ်ဦးဟု မှတ်ယူပါသည်။

ကျွန်တော်၏ဘဝသည် ထိုသို့အဆင်ပြေချောမွေ့စွာ နေထိုင်လာခဲ့ရသောဘဝ ဖြစ်ပါ၏။

ယခုဖော်ပြမည့် အဖြစ်အပျက်များနှင့် ကြုံဆုံလာမှသာ ကျွန်တော်နှင့် ကျွန်တော်၏မိသားစုသည် ပဟေဠိဆန်သောဖြစ်ရပ်ဆန်းများနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့သည် ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ ဖြစ်ပေ၏။

ထိုအချိန်က ကျွန်တော်၏ဇနီး မိမိရီသည် သားဦးကိုယ်ဝန်ကို လွယ်ထားရချိန် ဖြစ်ပေသည်။ ကိုယ်ဝန် ၃ လရှိနေသောအချိန် ဖြစ်ပါ၏။

ကျွန်တော်သည် ရုံးအားရက်တွင် ဇနီးမိမိရီအား ကမ္ဘာကျော်နိုင်ရာဂရာ ရေတံခွန်ကြီးသို့ အလည်အပတ် လိုက်ပို့ပြီးပြန်လာသည့် ခရီးစဉ် ဖြစ်ပါသည်။

အပြန်ခရီးတွင် အမှတ် ၃ အဝေးပြေးလမ်းမကြီးအတိုင်း ပြန်လာခဲ့ရာ နိုင်ငံတော်သစ်တောကြိုးဝိုင်းဧရိယာအရောက်တွင် ထူးခြားသောဖြစ်ရပ်များနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါ၏။

ဖြစ်စဉ်ကို စတင်ကြုံဆုံသည့်အချိန်ကိုလည်း သတိထားမိနေပါ၏။ ကျွန်တော်၏ဇနီးက အိပ်ချင်လာသောကြောင့် ကျွန်တော်က ထိုင်ခုံနောက်မှီကို မှီ၍ မှိန်းနေရန် အကြံပေးလိုက်သည်။ သူမက လက်ပတ်နာရီကိုကြည့်ပြီး ၉ နာရီ ၁၅ မိနစ်ရှိပြီဟု ပြောလိုက်၏။ ကျွန်တော်လည်း ကျွန်တော်၏လက်ပတ်နာရီကို ကြည့်လိုက်ရာ ၉ နာရီ ၁၅ မိနစ်ကို အနည်းငယ်သာ ကျော်လွန်နေပြီကို တွေ့ရပါသည်။

ထိုသို့ လင်မယားနှစ်ယောက် နာရီကြည့်ရှုခဲ့ကြသည်ကို ကျွန်တော် မှတ်မှတ်ရရ ရှိနေခဲ့ပါသည်။

တစ်နေရာအရောက်တွင် ကျွန်တော့်ကားရှေ့တည့်တည့်မှ သွားနေသော ယာဉ်ပုံတစ်စီးကို ဦးစွာ မြင်လိုက်ရ၏။ ယာဉ်ပုံကား မီးများ ထွန်းလက်နေပေသည်။ ယာဉ်၏ပုံသဏ္ဍာန်မှာ ထူးခြားနေပါသည်။ ပြားပြားဝိုင်းဝိုင်း သဏ္ဍာန်မျိုးဖြစ်သည်။ လေယာဉ်ပုံလည်း မဟုတ်၊ ဂြိုဟ်တုလည်း မဟုတ်ပေ။

www.burmeseclassic.com



ယာဉ်ပျံပေါ်၌ မီးများထိန်လင်းနေအောင် ထွန်းထားပုံကို ထောက်၍ ယာဉ်ထဲတွင် သက်ရှိလူသားများပါဝင်လိမ့်မည်ဟု ယူဆရလေသည်။

ကျွန်တော့်ဇနီးကလည်း ထိုအရာကို မြင်လိုက်ကာ –

"ဟိုဟာကြီးက ဘာကြီးလဲ"

ဟု ကျွန်တော့်အား မေးလိုက်လေသည်။

သူမ၏လေသံတွင် ထိတ်လန့်သော လေသံများပါနေ၍ ကိုယ်ဝန်ဆောင်စဉ်တွင် စိုးရိမ်ထိတ်လန့်မှု ဖြစ်မည်စိုးကာ ကျွန်တော်က လိုးလွှဲပြောလိုက်လေသည်။

"ကင်းထောက်ရဟတ်ယာဉ်ထင်ပါရဲ့။ ငြိုဟ်တုတစ်လုံး လမ်းလွဲလာတာလည်း ဖြစ်ရင်ဖြစ်မယ်"

သူမက ကျွန်တော့်စကားကို ယုံသွားကာ မှိန်း၍ပိပ်လိုက်လေသည်။

ကျွန်တော့်မှာမူ မြင်လိုက်ရသောယာဉ်ကြီးအတွက် စိတ်စနောင့်စနင်းဖြစ်လျက် ရှိလေသည်။

အဆိုပါယာဉ်ကို မြင်ရုံသာမြင်လိုက်ရလျှင် စိတ်ထဲ၌ ဤမျှ အမှတ်ထားမိနေမည် မဟုတ်ပါ။

ယာဉ်ပျံသည် အစဦးက ကားဆီသို့ တည့်တည့်ပျံသန်းလာနေခြင်းဖြစ်သည်။ ဆန့်ကျင်ဘက်အရပ်မှ မော်တော်ကားဆီသို့ ရွေ့လျားလာခဲ့ခြင်းဖြစ်သည်။

မော်တော်ကားနှင့် ယာဉ်ပျံတို့ဆုံမိသည့်တွင် ယာဉ်ပျံသည် သူ့လားရာအတိုင်း ရွေ့ဆက်မသွားတော့ဘဲ ကားပေါ်တည့်တည့်၌ ရပ်တန့်နေသည်ကို တွေ့ရလေ၏။

အမှန်တော့ ရပ်တန့်နေခြင်းလည်း မဟုတ်ပါပေ။ ကားသည် ရွေ့လျားနေလေရာ ကားရွေ့လျားသည့် နှုန်းအတိုင်း အထက်မှယာဉ်ပျံသည်လည်း ကားနောက်သို့ လိုက်ပါနေခြင်းသာ ဖြစ်လေသည်။

ထို့နောက် ကောင်းကင်ကို တစ်ဖန်မော့ကြည့်လိုက်ရာ အထက်မှ ယာဉ်ပျံသည် အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်ကို တွေ့ရလေ၏။ နိမ့်ဆင်းလာသည်နှင့်အမျှ ယာဉ်ပျံ၏အသွင်သဏ္ဌာန်ကို ပီပီပြင်ပြင်မြင်လာရလေသည်။

ယာဉ်ပျံသည် ဝိုင်းစက်သောပုံသဏ္ဌာန်ရှိကာ အချပ်လိုက် ရွေ့လျားနေသော ပန်းကန်ပြားတစ်ချပ်နှယ် ဖြစ်ပေ၏။ ဘေးဘက်၌ ပြတင်းပေါက်များတန်းစီ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီး။ ထိုပြုတင်းပေါက်များမှ ဖြူဖွေးသော အလင်းရောင်များ ထွက်နေခြင်း ဖြစ်လေသည်။

တစ်စ, တစ်စနိမ့်လာသည်နှင့်အမျှ ပန်းကန်ပြားပျံ၏ ပုံသဏ္ဌာန်မှာ ပိုရှိသဲကွဲလာလေသည်။ ပြုတင်းပေါက်များမှာ နှစ်ထပ်ဖြစ်သည်။ အပေါ်ဘက်တွင် တစ်ထပ်တန်းစီ၍ရှိနေသကဲ့သို့၊ အောက်ဘက်တွင်လည်း အရွယ်တူပြုတင်းပေါက်များ တန်းစီနေပေသည်။ ပြုတင်းပေါက်များကို မှန်များ ကာရံထားဟန်တူသည်။ သို့ကြောင့်သာ အလင်းရောင်များ ပြင်ပသို့ ဖိတ်လျှံကျနေခြင်း ဖြစ်ပေမည်။

ကျွန်တော့်မှာ ထိုစဉ်အခိုက်တွင် ဖနီးဖြစ်သူအိပ်ရာမှ နိုးသွားမည်ကို စိုးရိမ်လျက်ရှိသည်။ ထူးဆန်း၍ ထိတ်လန့်ဖွယ်အဖြစ်များကို ကိုယ်ဝန်ဆောင်ခါစ သူမအား မတွေ့မြင်စေလိုပေ။

သို့သော် ကျွန်တော်၏စိုးရိမ်မှုမှာ အရာမရောက်ခဲ့ပါပေ။

ထိုခဏမှာပင် ကားထဲ၌ တတီတီမြည်သံများ ထွက်လာလေသည်။ 'တီ… တီ' ဟု သံရှည်ဆွဲမြည်သံများမှာ ကားခေါင်မိုးဆီမှ ထွက်လာခြင်းဖြစ်ပြီး တဖြည်းဖြည်း အသံစိပ်လာကာ အသံမှာလည်း ပို၍ကျယ်လာလေ၏။

ထိုအချိန်တွင် ကျွန်တော်သည် အိပ်ချင်စိတ်များ ရုတ်တရက် ပေါ်လာကာ သမ်းဝေလိုက်သည်ကို မှတ်မိလိုက်ပေ၏။

မြည်သံများကြောင့် ဖနီးဖြစ်သူလည်း လန့်နိုးသွားလေသည်။ သူမသည် မျက်လုံးဖွင့်ကြည့်ရင်းမှ ကျွန်တော့်ဘက်သို့လှည့်ကာ "ဆရာ ဘာဖြစ်တာလဲ" ဟု မေးလိုက်ပုံရသည်။

သို့သော် သူမ၏စကားကို ကျွန်တော်ကပင် အဆုံးအထိ မကြားလိုက်လေသလား၊ သူမကပဲ အဆုံးအထိ မပြောမိလေသလားမသိ။ အပြည့်အစုံ မကြားလိုက်ရဘဲ ရှိချေ၏။

ထိုအချိန်မှာပင် ကျွန်တော်၏အသိစိတ်များမှာလည်း ရုတ်တရက် လွတ်ထွက်သွားလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သတိပြန်ရလာချိန်တွင် ကျွန်တော်သည် ကားအတွင်း၌ ထင် ရှိနေ၏။ ကားလေးမှာလည်း တစ်နာရီ မိုင် ၅၀ နှုန်းဖြင့် အရှိန်မှန်ပြေးလျက် ရှိကာ ကျွန်တော်သည်လည်း ကားစတီယာရင်ကိုကိုင်ကာ မောင်းနှင်လျက်သား ရှိနေပေသည်။

ကျွန်တော်က ပတ်ဝန်းကျင်ကို လှမ်း၍ကြည့်လိုက်လေသည်။ ထို အခါ ကျွန်တော်တို့ကားလေးသည် ကွန်းကော့မြို့ကလေး၏ အဝင်သို့ပင် ရောက် ရှိနေသည်ကို တွေ့ရလေ၏။

ပန်းကန်ပြားပျံဟု ထင်ရသောအရာကြီးကို မြင်လိုက်ရသည်မှာ သစ် တောကြီးပိုင်းဇရိယာအတွင်း၌ ဖြစ်သည်။

ယခုရောက်နေသည့် မက်ဆာချူးဆက်ပြည်နယ်အတွင်း၌ ရှိသော ကွန်းကော့မြို့မှာ သစ်တောကြီးပိုင်းဇရိယာနှင့် ၅၂ မိုင်မျှ ကွာလှမ်းလေသည်။ ထိုမျှ ကွာလှမ်းသောအကွာအဝေးကို ကျွန်တော်သည် အိပ်ပျော်လျက်မှ ကား မောင်း လာခဲ့လေသလား။

ကျွန်တော်က အချိန်သိရရန် ဘယ်လက်ကိုမြှောက်ကာ လက်ပတ် နာရီကို ကြည့်လိုက်လေသည်။

"ဟင်"

ကျွန်တော်၏ဘယ်လက်တွင် အမြဲပတ်ထားနေကျဖြစ်သော လက်ပတ် နာရီမှာ လက်၌ မရှိပါလေတော့။ ဖဲဝေဇဝါဖြစ်သွားကာ ပတ်ပတ်ချာလှမ်းကြည့်တဲ



www.burmeseclassic.com

www.burmeseclassic.com



ညာလက်၌ မှားပတ်မိလေသလောဟု တွေးကာ ညာလက်ကို မြှောက်ကြ
ပြန်သည်။ ညာလက်တွင်လည်း နာရီ မရှိချေ။

ပန်းကန်ပြားပျံနှင့်မတွေ့မီကလေးတွင် နာရီကြည့်ခဲ့သေးတာကို အမှ
ရလိုက်လေသည်။ မိမိရီ အိပ်မပျော်မီ မိမိရီရော၊ ကျွန်တော်ပါ နှစ်ယောက်စ
နာရီကြည့်ခဲ့ရာ ၉ နာရီ ၁၅ မိနစ်ကျော်ကျော်ရှိနေတာကို အမှတ်ရလိုက်သည်
အခု နာရီဘယ်ရောက်သွားပါလိမ့်။

ကျွန်တော်သည် ကောင်းကင်မှယာဉ်ပျံကြီးကို သတိရကာ အထ
သို့ မော့ကြည့်လိုက်သေးသည်။ ကောင်းကင်၌ ဘာအရာဝတ္ထုမှ ရှိမနေပါ
တော့။ နှင်းများ မှုန်မှိုင်းနေသည့်ကြားထဲတွင် ကြယ်ကလေးတချို့ လင်းလက်
သည်ကိုသာ တွေ့ရလေသည်။

ထိုစဉ် ဘေးမှ မိမိရီသည် ကိုယ်ကိုလူးလွန့်လိုက်ကာ အိပ်ပျော်ရာ
နိုးလာလေသည်။

ကျွန်တော်က မိမိရီကို နာရီကြည့်ခိုင်းလိုက်ရာ သူမက နာရီရပ်နေ
ကြောင်း အံ့ဩစွာ ပြောကြားလိုက်သည်။ သူမ မအိပ်မီက မှတ်သားခဲ့သည်
၉ နာရီ ၁၅ မိနစ်ကျော်ကျော်မှာပင် ရပ်နေခြင်းဖြစ်ကြောင်း ထပ်လောင်း ပြော
ကြားလိုက်လေ၏။

ထူးဆန်းမှုများသည် ထိုမျှနှင့် ရပ်မသွားခဲ့ပါပေ။

ကွန်းကော့မြို့အဝင်တွင် ကားကို ဆီထည့်ရန် ညလုံးပေါက်ဖွင့်သော
ဓာတ်ဆီဆိုင်ရှေ့၌ ကားကိုရပ်လိုက်လေသည်။ ကျွန်တော်က ဆီ ၃ ဂါလံထည့်
ရန် ပြောလိုက်ရာ ဆီဆိုင်မှလူငယ်က ၃ ဂါလံထည့်ရန်မလိုကြောင်း၊ ၁ ဂါလံမျှသာ
လျော့သေးကြောင်းပြော၍ ၁ ဂါလံသာ ထည့်ပေးလိုက်ပါသည်။

ထိုစဉ်တွင် ဆိုင်ထဲမှတိုင်ကပ်နာရီဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်
ရာ ၁၁ နာရီ ၁၅ မိနစ်သို့ ညွှန်ပြနေသည်ကို တွေ့ရပေ၏။

ကားဆက်မောင်းလာသော ကျွန်တော့်တွင် တွေးစရာတွေ တစ်ပုံတစ်
ခေါင်းကြီး ပါလာလေတော့သည်။

ရေတံခွန်မှ ထွက်ခွာစဉ်က ဓာတ်ဆီအပြည့်ဖြည့်ခဲ့သည်။

မိုင် ၁၀၀ ကျော်မောင်းနှင်လာသည့်တိုင် ဆီ ၁ ဂါလံသာလျှော့
လျော့နည်းခြင်းမှာ ထူးဆန်းလှပေသည်။

ပြီးတော့ အချိန်။

ပန်းကန်ပြားပျံကို စမြင်ရစဉ်က ၉ နာရီ ၁၅ မိနစ်ဖြစ်ကြောင်း ယင်
မယားနှစ်ယောက်စလုံး နာရီကိုယ်စီကြည့်ကာ အတည်ပြုခဲ့ကြပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ ကွန်းကော့မြို့အဝင်အထိ မိုင် ၅၀ ကျော်ရှိပေသည်။ ကျွန်တော်သည် ကားကို တစ်နာရီ မိုင် ၅၀ နှုန်းဖြင့် ပုံမှန်မောင်းလာရာ ခရီး ပြည်သည် တစ်နာရီသာ ကြာရမည် ဖြစ်သည်။

ယခုမူ မိုင် ၅၀ ခရီးကို ကြာမြင့်ချိန်မှာ ၂ နာရီရှိနေကြောင်း သိလိုက် ရလေပြီ။

ကျွန်တော်သည် ထိုထူးခြားမှုများအကြောင်း ဇနီးဖြစ်သူအား ပြောမပြ ခဲ့ပါ။ သူမ အထိတ်တလန့် ဖြစ်သွားမည်ကို မလိုလားချေပဲ ဖြစ်သည်။

ထူးဆန်းသောဖြစ်စဉ်များကို ကျွန်တော်က သတိပြုမိနေသော်လည်း ကျွန်တော့်ဇနီးကမူ သိရှိပုံမရပါပေ။ ကားပေါ်၌ သူမတစ်လျှောက်လုံး အိပ်စက် လိုက်ပါလာသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နေထိုင်ရာ ပို့စ်မောက်မြို့တိုက်ခန်းသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း ကျွန်တော်သည် မသိစိတ်ဖြင့် ကယောင်ကတန်း အပြုအမူများကို လုပ်ဆောင်ခဲ့ပေသေး၏။

အိမ်ရောက်လျှင်ရောက်ချင်း ဇနီးဖြစ်သူ၏ကိုယ်ဝန်ကို စစ်ဆေးကြည့်ခြင်းဖြစ်သည်။ ကိုယ်ဝန်အား ထိခိုက်နာကျင်မှုဖြစ်သွားမှာကို ကျွန်တော့်စိတ်ထဲ၌ စိုးရိမ်လျက်ရှိ၏။ ဘာကြောင့် ထိုသို့ဖြစ်ရသည်ကို စဉ်းစားမရပါ။

ထို့ပြင် မရှိသေးစကား ကျွန်တော်သည် ရေအိမ်ထဲသို့ဝင်ကာ ကျွန်တော်၏မမြင်အပ်သော နေရာကို သေချာကြည့်ရှုစစ်ဆေးကြည့်မိပြန်သေးသည်။ ကျွန်တော်၏လိင်အင်္ဂါတွင် တစ်စုံတစ်ရာ ပေကျံနေသည်ဟု စိတ်မသိုးမသန့်ဖြစ်ကာ ဆပ်ပြာဖြင့် သေချာဆေးကြောမိသေး၏။ ဘာကြောင့် ထိုသို့လုပ်မိသည်ကိုလည်း တွေးမရပေ။

ထူးဆန်းမှုများသည် ပြီးဆုံးခြင်းသို့ မတိုင်သေးပါ။

အိမ်ထဲသို့ပြန်ဝင်လာပြီး အပေါ်အင်္ကျီကို ချွတ်လိုက်သည့်အခါ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရပြန်သည်။

အပေါ်ဝတ်ဂျာကင်အင်္ကျီညာဘက်အိတ်မှာ သိသိသာသာ လေးလံနေသည်ကို သတိထားမိလိုက်သည်။

ကျွန်တော်က ဂျာကင်၏ညာဘက်အိတ်ဇစ်ကိုဖွင့်ကာ အတွင်းမှ လေးလံနေသောအရာဝတ္ထုကို ဆွဲထုတ်လိုက်လေသည်။

ထိုအခါ လက်ထဲတွင် ကြက်ဥအရွယ်ခန့် ဖန်တုံးလေးတစ်တုံး ပါလာသည်ကိုတွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖန်တုံးလေးကိုကြည့်ကာ အံ့အားသင့်သွားရပြန်သည်။ ဖန်တုံးသည် အကျႌအိတ်ထဲသို့ ဘယ်လိုလုပ်ရောက်နေပါလိမ့်။ ထိုပစ္စည်းသည် ဘယ်အချိန်က ဘယ်လိုအိတ်ထဲ ရောက်နေသည်ကို ကျွန်တော် စဉ်းစားလို့မရ ဖြစ်နေသည်။

နိုင်ရာဂရာရေတံခွန်ကြီးတွင် အမှတ်တရ ပစ္စည်းတချို့ ဝယ်ခဲ့တာကို အမှတ်ရသည်။ သို့သော် ကျွန်တော်တို့ဝယ်ခဲ့သည်မှာ ရေတံခွန်ကြီးနှင့် ပတ်သက်သော ပို့စကတ်နှင့် ဓာတ်ပုံများသာဖြစ်သည်။ ယခုပစ္စည်းမျိုးကိုတော့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် မမြင်ခဲ့ဘူးဟု ထင်သည်။

ဖန်တုံးလေးကို သေချာကြည့်လိုက်ရာ ဖန်တုံးမှာ တစ်ဖက်နှင့်တစ်ဖက် ထိုးလျှိုပေါက်မြင်နေရပြီး ဖန်တုံးမဟုတ်ဘဲ သလင်းကျောက်တုံးတစ်တုံးလည်း ဖြစ်နိုင်ပေသည်။ ဖန်တုံး၏အောက်ခြေကို အပြားလိုက်ပြုလုပ်ထား၍ စာရွက်ဖိသော ဖန်တုံးတစ်တုံးလည်း ဖြစ်နိုင်လေ၏။

ဖန်တုံး၏အပေါ်ပိုင်းသည် ပြောင်ချောမဟုတ်ဘဲ အကွက်များ ဖော်ထားသည်ကို တွေ့ရလေ၏။ လက်သန်း၏လက်သည်းခွံအမျှယ်ခန့် ဆန္ဒင်းမကင်းပုံ အရွယ်တူအကွက်ကလေးများက ဖန်တုံးအပေါ်ယံတစ်ပြင်လုံးတွင် ဖုံးလွှမ်းနေလေသည်။

ကျွန်တော်တို့သည် ရေတံခွန်မှ အပြန်လမ်းတွင် မည်သည့်နေရာတွင်မှ ဆင်းသက်ခဲ့ပါဘဲနှင့် အကျႌအိတ်ထဲသို့ ထူးထူးဆန်းဆန်း ရောက်နေသော ဖန်တုံးလေးကို ကြည့်ရင်း စဉ်းစားမရအောင် ဖြစ်နေလေသည်။

အထက်ပါအဖြစ်အပျက်များမှာ နိုင်ရာဂရာရေတံခွန်ကြီးသို့ သွားရောက်လည်ပတ်ရာမှ အပြန်ခရီးတွင် ကြုံဆုံခဲ့ရသော အဖြစ်ဆန်းများဖြစ်ပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ထိုခရီးစဉ်၏နောက်ပိုင်းတွင် ထူးခြားသောအဖြစ်များ ထပ်၍ပေါ်ပေါ် မလာသောကြောင့် ကာလအတန်ကြာတွင် ထိုအဖြစ်များကို မေ့လျော့သွား ပါသည်။

မိမိရီသည် ခန့်မှန်းထားသော ရက်ပိုင်းတွင်ပင် ကလေးကို မွေးဖွာ လေသည်။

ကလေးမှာ ယောကျ်ားလေးဖြစ်ပြီး ၁၉၈၃ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွ မွေးဖွားခဲ့လေသည်။ တိုက်ဆိုင်စွာပင် ထိုရက်သည် ကျွန်တော်တို့မြန်မာနိုင်ငံတွ နှစ်သစ်ကူးပွဲတော် ကျင်းပသည့်ရက် ဖြစ်ပါသည်။ မြန်မာ့ရိုးရာဓလေ့ထုံးစံအတို နှစ်သစ်ကူးပွဲကို ရေပက်ကစားကြခြင်းဖြင့် ကျင်းပကြပါသည်။ နှစ်ဟောင်း အညစ်အကြေးများကို ရေဖြင့် ဆေးကြောသန့်စင်သည့် အဓိပ္ပာယ် ဖြစ်ပါ Thingyan Festival ‘သင်္ကြန်ပွဲတော်’ ဟု ခေါ်ကြပါသည်။

သားလေးမွေးသည့်နေ့မှာ သင်္ကြန်အကြိုနေ့ ဖြစ်နေပါ၏။ မွေးလာ သော ရင်သွေးလေးမှာ မြန်မာသင်္ကြန်အကြိုနေ့နှင့် တိုက်ဆိုင်နေသည့်အတွ ကျွန်တော်က သားကလေးအား ‘ဖိုးသင်္ကြန်’ Mr. Thingyan ဟု အမည်ပေး ခေါ်ခဲ့လေသည်။

ဤမှတ်တမ်း၌ ကျွန်တော်ဖော်ပြလိုသည်မှာ သားကလေးဖိုးသင်္ကြန်၏ မွေးရာပါအမှတ်အသားဖြစ်ပါ၏။ သားလေးတွင် လည်ကုပ်အပေါ်တည့်တည့် အနီရောင် အမှတ်တစ်ခု ပါရှိလာခဲ့ပါသည်။

www.burmeseclassic.com



အမှတ်အသားမှာ ထူးခြားလှပေသည်။ အနီရောင်စက်ဝိုင်းပုံ ဖြစ်ပြီး ...ဝိုင်းသည် အပြည့်မဟုတ်ဘဲ အထက်ဘက်၌ချိုင့်နေပေသည်။ တိုက်တိုက်ဆိုင် ...သင် ထိုအမှတ်သင်္ကေတသည် ကျွန်တော်တို့ မြန်မာအက္ခရာစာလုံးထဲမှ 'ဗထက် ...ချိုက်'ဟုခေါ်သော ဗည်းအက္ခရာနှင့် ချွတ်စွပ်တူနေပေ၏။

ဗထက်ချိုက် (အင်္ဂလိပ်စာလုံး K ၏ အသံရင်းနှင့် တူသည်) အက္ခရာမှာ ...လုံးရှိသော မြန်မာအက္ခရာစာလုံးများတွင် ၂၃ ခုမြောက် အက္ခရာဖြစ်ပါ၏။ ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဗ

ကလေးတစ်ယောက်တွင် မွေးရာပါအမှတ်အသားတစ်ခု ပါလာသည်မှာ ဆန်းကြယ်ပါ။ ပုံစံအမျိုးမျိုးနှင့် ပါချင်သလို ပါနိုင်ပါသည်။

ကျွန်တော်ဖော်ပြမည့် ထူးခြားသည့်ဖြစ်ရပ်မှာ သားကလေး ကိုယ်ပေါ်ရှိ အမှတ်အသားကို ဆိုလိုခြင်း မဟုတ်ပါ။

သားကိုယ်ပေါ်မှ အမှတ်အသားအတိုင်း မိဘများဖြစ်သည့် ကျွန်တော် ...နှင့် ကျွန်တော့်ဇနီးတွင် ပေါ်ပေါက်လာပုံကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်ဇနီးက သားကို နို့တိုက်နေခဲ့ရာ ကျွန်တော်က ...ဘက်မှ ရပ်၍ငုံ့ကြည့်ရင်း ဇနီးဖြစ်သူ၏ လည်ကုပ်တွင် ထိုအမှတ်အသားကို တွေ့လိုက်ရခြင်းဖြစ်ပါသည်။ ဇနီး၏လည်ကုပ်တွင် သားလေး လည်ကုပ်၌ ပါသည့် အတိုင်း မြန်မာအက္ခရာ 'ဗထက်ချိုက်'ပုံ အမှတ်အသား ပေါ်ထင်နေခြင်းဖြစ်ပါ၏။ ကျွန်တော့်ဇနီး၌ ယခင်က ထိုအမှတ်အသား မရှိခဲ့ပါ။ ကျွန်တော်က သေချာစေရန် အမှတ်အသားကိုလက်ဖြင့် သေချာကိုင်တွယ်ကြည့်ရှုကာ အမှတ်အသားပေါ်တွင် ...ပြီစွာ ထင်ရှားနေခြင်းဖြစ်ကြောင်း တွေ့ရ၏။

ထို့ထက်ထူးခြားဆန်းကြယ်သည်မှာ ကျွန်တော်၏လည်ကုပ်ပေါ်တွင် ...သည်း ထိုကဲ့သို့အမှတ်မျိုးပေါ်နေကြောင်းကို ဇနီးဖြစ်သူက တွေ့ခဲ့ခြင်း ဖြစ်လေ သည်။

တစ်နေ့ ကျွန်တော်ရေချိုးခန်းမှ အထွက် ကိုယ်လက်သုတ်သင်နေစဉ် ဇနီးဖြစ်သူက နောက်မှရောက်လာရင်း ကျွန်တော့် လည်ကုပ်ပေါ်မှ အမှတ်ကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။ သူမ အပြောအရ ကျွန်တော့်လည်ကုပ်တွင် ...သည်း သားလေးကဲ့သို့ ဗထက်ချိုက်အမှတ် ပေါ်နေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လင်မယားသည် ရှေးအခါက လည်ကုပ်တွင် မည်သည့် အမှတ်အသားမှ မရှိခဲ့ပါ။ ယခုမှ အမှတ်များ ဘာကြောင့်ပေါ်လာရသနည်း။ အမှတ်မှာလည်း သားလေးမှာကဲ့သို့ လည်ကုပ်တွင်ပင်ဖြစ်ကာ ပုံစံချင်းလည်း ချွတ်စွပ်တူညီနေကြပေသေးသည်။

ကျွန်တော်သည် ထူးခြားသော ထိုအဖြစ်ကိုတော့ ပန်းကန်ပြားပျံနှင့် ပတ်သက်လိမ့်မည်ဟု ထိုစဉ်က မယူဆခဲ့ပါ။ ပန်းကန်ပြားပျံ တွေ့ခဲ့ချိန်နှင့်လည်း ဝေးကွာသွားပြီဖြစ်၍ ဆက်စပ်မတွေးတောမိခြင်း ဖြစ်ပါသည်။

ဖြစ်ရပ်များကို ရေလည်ရှင်းလင်းစွာသိရသည့်အခါတွင်မှ ဂြိုဟ်သားများ၏ ပယောဂဖြစ်ကြောင်း သိခဲ့ရခြင်းဖြစ်တော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အခြားကမ္ဘာမှဂြိုဟ်သားများနှင့် ဒုတိယအကြိမ် ထပ်မံ တွေ့ဆုံခဲ့ရလေသည်။

ယခုတစ်ကြိမ်တွင်မူ ကျွန်တော်တစ်ဦးတည်းနှင့် တွေ့ဆုံရခြင်း ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်သည် ကိုးလ်ဘရွတ်မြို့သို့ တာဝန်အရ သွားရောက်ခဲ့ရပါသည်။ ကျွန်တော်တို့ဆေးရုံတွင် အမြဲကုသမှုခံယူနေသူ မီလျံနာသူဌေးကြီးတစ်ဦးအား ပုံမှန်ဆေးစစ်ဆေးပေးရန် သွားရောက်ခဲ့ခြင်းဖြစ်ပါ၏။

ကိုးလ်ဘရွတ်မြို့မှ ပို့စ်မောက်မြို့သို့ အပြန်ခရီးမှာ နိုင်ရာဂရာရေတံခွန်ကြီးမှ အပြန်ခရီးစဉ်နှင့် အတူတူပင် ဖြစ်ပါသည်။ ရေတံခွန်ကြီးမှ ပြန်လာစဉ်ကလည်း ကိုးလ်ဘရွတ်ရှေးဟောင်းမြို့ကလေးကို ဖြတ်ခဲ့ရပါသည်။

နိုင်ငံတော်သစ်တောကြိုးဝိုင်းဧရိယာသို့ ဝင်လာချိန်တွင် မှောင်ရီပျိုးနေပြီဖြစ်၍ ယခင်အခေါက်က အတွေ့အကြုံများကို သတိရလိုက်မိသေးသည်။

ကျွန်တော်၏နာရီပျောက်သွားခြင်း၊ ဖနီးဖြစ်သူ၏နာရီ ရပ်နေခြင်းများကို သတိရလိုက်၍ ကျွန်တော့်လက်မှနာရီကိုကြည့်ပြီး အချိန်မှတ်သားထားလိုက်လေသည်။ ၆ နာရီ ၄၅ မိနစ်ဖြစ်ပေ၏။

ထိုစဉ်တွင် ကားနှင့်ရှေ့တည့်တည့်ကောင်းကင်ထက်မှ လင်းလက်သောအရာတစ်ခု ဦးတည်၍ ပျံသန်းလာနေသည်ကို မြင်လိုက်သည်။ အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပန်းကန်ပြားပျံအကြောင်း တွေးနေရင်းမှ အမြင့်မှာ မြင်မိလေခြင်းလားဟု တွေးကာ မျက်လုံးများကိုပွတ်သပ်၍ ရှေ့မှကောင်းကင်ဆီ တစ်ဖန် ကြည့်လိုက်ပြန်သည်။ အမြင်မမှားပါ၊ ကားရှိရာသို့ တကယ်ပင် ယာဉ်ပျံတစ်စီး ဦးတည်လာရောက်လျက် ရှိလေ၏။

ထိုယာဉ်ပျံသည် ယခင်အခေါက်ကမြင်ခဲ့ရသော ယာဉ်ပျံ၏ပုံစံအတိုင်းပင် ဖြစ်လေသည်။ ပုံစံတူခြင်းသာမကဘဲ ယခင်အခေါက်က တွေ့ခဲ့ရသော ပန်းကန်ပြားပျံကြီးပင် ဖြစ်ကောင်းဖြစ်နိုင်ပါသေးသည်။

ကျွန်တော်က ဒီတစ်ခါတော့ သတိလက်လွတ်မဖြစ်စေရန် အထူး သတိထားနေလိုက်လေ၏။

ယာဉ်ပျံသည် ကားရှိရာသို့ တဖြည်းဖြည်း နိမ့်ဆင်းလာခဲ့ရာ ယာဉ် ပြတင်းပေါက်တွင် မတ်တတ်ရပ်နေသောလူတစ်ယောက်ကို ထင်ထင်ရှားရှား မြင်ရသည်ထိ နီးကပ်လာလေ၏။

ကျွန်တော်သည် ယာဉ်ပေါ်မှ မတ်တတ်ရပ်နေသောသူကို မြင်လိုက်ရ သည့်အခါ သိပေါင်းကျွမ်းပေါင်းတစ်ယောက်ကို တွေ့လိုက်သကဲ့သို့ ခံစား လိုက်ရလေသည်။ အမှန်တော့ ယာဉ်ပေါ်မှလူကို ပီပီပြင်ပြင်, သဲသဲကွဲကွဲ မြင် ရခြင်း မဟုတ်ပေ။ ထိုသူကို ယခင်ကတွေ့ကြုံ ဆက်ဆံခဲ့ဖူးသယောင် ထင်မြင် မိခြင်းမှာ ဘာကြောင့်ဟု ကျွန်တော် မဝေခွဲတတ်ခဲ့ချေ။

ယာဉ်ပေါ်မှာ မတ်တတ်ရပ်နေသောသူသည် လူတစ်ယောက်လည်း ဟုတ်ချင်မှ ဟုတ်ပေမည်။ သူ့အသွင်မှာ ခန္ဓာကိုယ်ရှိ ကောက်ကြောင်းများ မပေါ်လွင်ဘဲ စီးကရက်တစ်လိပ် ထောင်ထားသကဲ့သို့ ရှည်မျောမျော၊ ဖော ... လိုက်ကြီး ဖြစ်နေသည်။

ထိုစဉ် 'တီ ... တီ ... တီ ... တီ' ဆိုသည့် သံရှည်ဆွဲ၍ မြည် ... သံများ ကားအမိုးပေါ်မှ ထွက်ပေါ်လာလေ၏။ ယမန်နှစ်ကလည်း ကားပေါ်တွင် သတိလက်လွတ်မဖြစ်မီ ထိုသို့ တတီတီ အသံများကြားခဲ့ရခြင်းကို ပြန်လည် မှတ်မိလာလေသည်။

ကျွန်တော် စဉ်းစားနေဆဲမှာပင် ပန်းကန်ပြားပျံသည် လမ်းဘေး ... နေရာသို့ ဆင်းသက်လိုက်လေ၏။

ပန်းကန်ပြားပျံ မြေပေါ်တွင် ရပ်နားလိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်၏ကားသည်လည်း နေရာမှာပင် တုံ့ခနဲ ရပ်တန့်သွားသည်ကို တွေ့လိုက် ရလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လီဗာကို ဖိနှင်းကာ ကားကိုအရှိန်မြှင့်ရန် ကြိုးစားသော်ငြား ကားက တုပ်တုပ်မှပင် မလှုပ်တော့ပေ။

ကျွန်တော် သိလိုက်ပေပြီ။

ပန်းကန်ပြားပျံပေါ်မှ ဂြိုဟ်သားများသည် ကျွန်တော့်ကို ဖမ်းဆီးတော့မည်ဆိုတာကို သိလိုက်လေ၏။ ယခုအချိန်ထိ သတိလက်လွတ်မဖြစ်သေးသည့်အတွက်လည်း ဂြိုဟ်သားများလက်မှ လွတ်မြောက်ရာလမ်းကို ကြံစည်နေမိလေ၏။

ကျွန်တော်သည် ဆက်မောင်းမရသော ကားပေါ်၌ပင် ထိုင်နေကာ အဆက်လုပ်ရမည်ကို စဉ်းစားနေခဲ့လေသည်။

ယခုအခါတွင် ကျွန်တော်သည် ယခင်နှစ်က ကျွန်တော်တို့ လင်မယား သတိလက်လွတ်ဖြစ်နေစဉ် ဂြိုဟ်သားများက ပန်းကန်ပြားပျံပေါ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခပ်ရေးရေး မှတ်မိလာပေပြီ။

တွေးနေစဉ်မှာပင် ပန်းကန်ပြားပျံပေါ်မှ ဂြိုဟ်သား ၆ ဦး ဆင်းလာကာ ကားဆီသို့ ရောက်လာကြလေ၏။ ဂြိုဟ်သားများသည် လမ်းလျှောက်လာခြင်း မဟုတ်ဘဲ အလိုလိုရွေ့မျောကာ ကားဘေးသို့ လျှင်မြန်စွာပင် ရောက်လာသည်ကို အံ့သြစွာပင် မြင်တွေ့လိုက်ရလေသည်။

ကျွန်တော်က ဂြိုဟ်သားများကို ကားပေါ်မှကြည့်နေရင်း ရှေ့ဆုံးမှ ဂြိုဟ်သားကို မှတ်မိလိုက်လေပြီ။ ထိုဂြိုဟ်သားသည် ပန်းကန်ပြားပျံပြတင်းဝတွင် မတ်တတ်ရပ်နေသူပင် ဖြစ်လေ၏။ ယခင်နှစ်က ကျွန်တော်တို့လင်မယားကို ဖမ်းဆီးခေါ်ဆောင်ရာ၌ ဦးဆောင်ခဲ့သူဖြစ်ကြောင်းကိုလည်း အမှတ်ရလိုက်ပေပြီ။

ပို၍သေချာသောအချက်မှာ မနှစ်က ကျွန်တော် ပျောက်သွားသော မှတ်စုလက်ပတ်နာရီကို ထိုဂြိုဟ်သား၏လက်တွင် ပတ်လျက်သား တွေ့လိုက်ရခြင်းပင်။

"ခင်ဗျားတို့သွားကြ ... သွားကြ၊ ကျုပ်ကို ဒုက္ခမပေးနဲ့"

ကျွန်တော်သည် ယမန်နှစ်က ကြုံဆုံခဲ့ရသော အဖြစ်အပျက်များကို အားလုံးမှတ်မိလိုက်ကာ ကျွန်တော့်ကို ဖမ်းဆီးရန်ရောက်လာသော ဂြိုဟ်သားများအား အသံကုန် အော်ဟစ်တားဆီးလိုက်လေသည်။

"စိတ်မရှိပါနဲ့ မိတ်ဆွေကြီး၊ ခင်ဗျားကို ကျွန်တော်တို့က ဒုက္ခပေးမှာမဟုတ်ဘဲ စကားစမြည် ပြောချင်လို့ပါ။ တစ်ခဏလောက် လိုက်ခဲ့ပေးပါ မိတ်ဆွေကြီး ဒေါက်တာမျိုးနောင်"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှခေါင်းဆောင်ဂြိုဟ်သားသည် ရှင်းလင်းပီသသော အင်္ဂလိပ်စကားဖြင့် ချိုသာစွာ ပြောကြားလိုက်ခြင်း ဖြစ်လေသည်။ သူ၏အသံ၌ ကျွန်တော့်အား ရင်းနှီးချစ်ခင်သောလေသံများ ထင်ဟပ်နေပေသည်။ ကျွန်တော်၏အမည်ကိုလည်း ဂြိုဟ်သားသည် မှတ်မိနေပါကလား။

မည်သို့ပင်ဆိုစေ အပြောအဆိုချိုသာသော်လည်း ဂြိုဟ်သားများ၏ဆက်ဆံရေးက ကျွန်တော့်အပေါ်တွင် ကြမ်းတမ်းခဲ့ပေသည်။

ခေါင်းဆောင်ဂြိုဟ်သားက ခေါင်းဆတ်၍ပြလိုက်သည်နှင့် ကျန်ဂြိုဟ်သား ၅ ဦးက ကားတံခါးကိုဆွဲဖွင့်ကာ ကျွန်တော့်အား ဖမ်းဆီးချုပ်နှောင်လိုက်ကြလေသတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

၁၂၁ ကျွန်တော် သတိပြန်လည်လာချိန်၌ အဝေးပြေးလမ်းမကြီးပေါ်တွင် ကားမောင်းလျက်ရှိသည်ကို တွေ့ရလေသည်။

သို့သော် အချိန်မှာ မိုးစင်စင်လင်းနေပြီကို သတိပြုမိလိုက်၏။ ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်လေသည်။ ယခုတစ်ကြိမ်တွင်တော့ နာရီသည် ပျောက်ဆုံးသွားခြင်းလည်းမရှိ၊ ရပ်လည်း ရပ်မနေပါ။

နာရီက ၆ နာရီ ၄၅ မိနစ်ကို ညွှန်ပြလျက် ရှိလေသည်။ ကျွန်တော့်အား ဂြိုဟ်သားများ ဖမ်းဆီးခေါ်ဆောင်သွားသည်မှာလည်း ၆ နာရီ ၄၅ မိနစ်ပင် ဖြစ်သည်။

သို့သော် ဖမ်းဆီးခံရစဉ်အချိန်မှာ ညနေခင်း ၆ နာရီ ၄၅ မိနစ်ဖြစ်၍ ယခုလက်ရှိအချိန်မှာ နံနက်ခင်း ၆ နာရီ ၄၅ မိနစ် ဖြစ်နေပါပြီ။

နောက်တစ်နေ့သို့ပင် ကူးသွားခဲ့ပြီး ဖြစ်သည်။

ကျွန်တော်သည် ၁၂ နာရီလုံးလုံး ဂြိုဟ်သားများလက်ဝယ် ရှိနေခဲ့ခြင်း ဖြစ်ပေမည်။

ထို ၁၂ နာရီအတွင်း ဂြိုဟ်သားများသည် ကျွန်တော့်အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားခဲ့လေသနည်း။ မည်သို့မှ ပြန်လည်စဉ်းစားလို့ မရတော့ပေ။ ကားပေါ်သို့ မည်သို့ပြန်လည်ပို့ပေးခဲ့သည်ကိုလည်း စဉ်းစားလို့မရပေ။ ကျွန်တော်ကား ကားကို ဣန္ဒြေမပျက်မောင်းနှင်လျက်ပင် ရှိပေ၏။

ကျွန်တော်သည် ဒုတိယအတွေ့အကြုံကြောင့် ယခင်အခေါက်ကလည်း ဂြိုဟ်သားများ ဖမ်းဆီးခံခဲ့ရသည်ကို ရိပ်မိခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယခင်အခေါက်က ကျွန်တော်တို့ လင်မယားအား ကားပေါ်မှ ဆွဲချခေါ်ငင်သွားခြင်းကိုသာ မှတ်မိပြီး အလုံးစုံမှတ်မိခြင်းတော့ မဟုတ်ပါပေ။

ထို့ပြင် ခေါင်းဆောင်ဖြစ်ဟန်တူသော ဂြိုဟ်သားကိုလည်း မြင်ရုံနှင့် မှတ်မိနေခဲ့သည်။ သူ့လက်တွင် ကျွန်တော် ပျောက်သွားသောနာရီ တွေ့ရခြင်းအားဖြင့် ယခင်အခေါက်က ကျွန်တော်တို့ကို ခေါ်ဆောင်သွားသူများမှာ သူတို့ပင်ဖြစ်ကြောင်း ထင်ရှားလေသည်။

ဂြိုဟ်သားများ ခေါ်သွားသည့်နေရာ၊ ထိုအချိန်အတွင်း ဘာတွေဖြစ်ခဲ့သည်ကိုတော့ နှစ်ခေါက်စလုံးအတွက် စဉ်းစားလို့မရခဲ့ပါ။ သူတို့သည် ကျွန်တော့်ကို ကားပေါ်အရောက် ပြန်ပို့၍ ဣန္ဒြေမပျက် ကားမောင်းနေစေခဲ့သည်။ တတ်လည်း တတ်နိုင်ကြပါပေသည်။ သူတို့ဖမ်းဆီးသွားသည့် အချိန်တွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်များကိုလည်း မေ့လျော့သွားအောင် သူတို့ပင် လုပ်ဆောင်ထားခြင်းဖြစ်ပေလိမ့်မည်။

●

www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဆိုစေ ကျွန်တော်လက်ရှိ ရင်ဆိုင်ရမည့် ပြဿနာမှာ အချိန်ပြဿနာဖြစ်ပေသည်။

ပုံမှန်အတိုင်းဆိုပါက ညကိုးနာရီတွင် ကျွန်တော် အိမ်ပြန်ရောက်ရမည်ဖြစ်ပါသည်။ ယခုမူ နေ့တစ်နေ့ကို ကူးသွားရုံမက နံနက်မိုးစင်စင်ပင် လင်းနေပေပြီ။

ကျွန်တော်သည် ဇနီးသည် စိတ်ပူသောကရောက်နေမည်ကို တွေးမိလေ၏။ ကျွန်တော့်ဇနီးမှာ အမေရိကန်နိုင်ငံ၌ နေသားမကျသေးသော နိုင်ငံခြားသူတစ်ဦး ဖြစ်သည်။ လသားအရွယ်သားငယ်နှင့် မျက်စိသူငယ် နားသူငယ်ဖြစ်နေရှာရော့မည်။

ကျွန်တော်သည် ကားကို သာမန်ထက်အရှိန်မြှင့်ကာ မောင်းလိုက်လေသည်။

ပို့စမောက်မြို့ရှိ နေအိမ်သို့ ပြန်ရောက်ချိန်၌ နံနက် ၈ နာရီရှိပေပြီ။ အိမ်ရှေ့သို့ ကားရပ်သည်ဆိုလျှင်ပင် –

ဇနီးသည်မိမိရီသည် သားကလေးကိုပိုက်ရင်း အိမ်ထဲမှ ထွက်လာလေ၏။

"ဆရာ ... စိတ်ပူလိုက်ရတာ ဆရာရယ်၊ ရီလေးဖြင့် ဘယ်ကိုလိုက်ရမှန်းမသိ၊ ဘယ်ကိုစုံစမ်းရမှန်းမသိနဲ့ ကိုးနာရီထိုးလို့မှ ပြန်မရောက်ရင် ဆရာ့ဆေးရုံကို ရီလေး လိုက်သွားတော့မလို့"

"ဆောရီး ရီလေး၊ ဟိုမှာ သူဌေးကြီးရဲ့သမီးက ရုတ်တရက် အရှူးဝင်ပြီး ကယောင်ကတမ်းတွေ ဖြစ်နေလို့၊ ကိုကြီးကို မပြန်ပါနဲ့ဆိုပြီး အတင်းဆွဲထားတာနဲ့ နေနေရတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကြိုတင်စဉ်းစားမထားဘဲ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောပြီး လိမ်လိုက်ရလေသည်။

"ဖုန်းလေးများ ဆက်ပါတော့လား ဆရာရယ်၊ ရီလေးဖြင့် တစ်ညလုံး အိပ်မပျော်ဘူး"

ကျွန်တော်သည် ဖနီးဖြစ်သူကို သနားသွားလေသည်။

သူမ၏ပခုံးကို ယုယစွာပွေ့ဖက်ကာ နှစ်သိမ့်လိုက်ရလေ၏။

"ကိုကြီး အမှားပါ၊ ခွင့်လွှတ်ပါကွယ်။ လူနာက အသည်းအသန်ဖြစ်နေတော့ ဖုန်းဆက်ဖို့လည်း မေ့သွားတယ်။ ဒါပေမဲ့ ရီလေး စိတ်ပူနေမယ်ဆိုတာသိလို့ မနက်မိုးလင်းလင်းချင်း သူတို့ကိုခွင့်တောင်းပြီး အမြန်ပြန်လာခဲ့ပါတယ်"

"ခုတော့ စိတ်အေးပါပြီ ဆရာ။ ဩော် ... ဆရာ၊ မစ္စကလော်ဒီယာလည်း ဆရာ ပြန်မရောက်လို့ အိမ်မှာညအိပ်ပေးရှာပါတယ်"

"ဟင် ... ဟုတ်လား၊ ကလော်ဒီယာ့ကို ကျေးဇူးတင်လိုက်တာကွယ်"

"ဆရာ ပြန်မရောက်လို့ ညရှစ်နာရီလောက်မှာ သူ့ကိုဖုန်းဆက်ခေါ်တော့ လာရှာပါတယ် ဆရာ။ အဆောင် မပြန်တော့ဘဲ ဒီမှာပဲ အိပ်ပေးပါတယ်"

မစ္စကလော်ဒီယာဆိုသူမှာ အိမ်ဖော်အဖြစ် ငှားရမ်းထားသော စကော့လူမျိုး အမျိုးသမီးကြီး ဖြစ်ပါသည်။ ဤနိုင်ငံ၏ထုံးစံအတိုင်း နေ့ပိုင်းတွင်သာ ရုံးချိန်အတိုင်း အိမ်ဖော်အဖြစ် လာရောက်ဆောင်ရွက်ခြင်း ဖြစ်သည်။ တာဝန်ချိန်ပြီးသည်နှင့် ကိုယ့်အိမ်ကိုယ် ပြန်ပါသည်။ မစ္စကလော်ဒီယာက ကျွန်တော်ပြန်မရောက်၍ ညအိပ်စောင့်ပေးခြင်းမှာ အတော်ပင် စိတ်ထားကောင်း၍ဖြစ်သည်။ ဤအရပ်၌ ဒါမျိုးထုံးစံမရှိပါ။ အပျိုကြီးတစ်ဦးဖြစ်၍လည်း ညအိပ် အကူအညီ ပေးနိုင်ခြင်း ဖြစ်ပါမည်။

ကျွန်တော်သည် အိမ်ထဲသို့အရောက်တွင် မစ္စကလော်ဒီယာအား ကျေးဇူးတင်စကား လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေ၏။ ဘောနပ်စ်အဖြစ်လည်း ငွေအနည်းအကျဉ်း ပေးလိုက်လေသည်။

မစ္စကလော်ဒီယာကြောင့် အိမ်တွင်အဆင်ပြေနေသည့်အတွက် စိတ်အေးသွားရပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ရုံးချိန်နှင့်ပတ်သက်၍မူ ပြဿနာ မဖြစ်လိုက်ပါ။

ပုံမှန်အားဖြင့် တစ်မြို့တစ်ရွာသို့ ခရီးထွက်တာဝန်ထမ်းဆောင်လျှင် နောက်တစ်နေ့တွင် နေ့လယ် ၁၂ နာရီမှ ဂျူတီဝင်ရပါသည်။ ထိုအခါမှ ယမန်နေ့က ဆောင်ရွက်ခဲ့သောကိစ္စကို ရီပို့တင်ရပါသည်။

ကျွန်တော်သည် မနေ့က ကိုးလ်ဘရွတ်မြို့မှ မိလျံနာသူဌေးကြီးကို ဆေးသွားစစ်ပေးခြင်းအတွက် ဆေးအစီရင်ခံစာ Medical Report ကို ယနေ့ ၁၂ နာရီ ဆေးရုံရောက်ချိန် ဂျူတီဝင်မှ တင်ပြရပါမည်။

ယနေ့ဂျူတီဝင်ချိန်အမီ ပြန်ရောက်လာသည်မို့ ရုံးချိန်အတွက် ပြဿနာ မဖြစ်ခဲ့ချေ။ လူအနည်းငယ်ပင်ပန်းသွားတာပဲ ရှိသည်။

ထို့ကြောင့် ကိုးလ်ဘရွတ်မှ အပြန်လမ်းတွင် ကျွန်တော် ၁၂ နာရီကြာ ပျောက်ဆုံးသွားခြင်းအကြောင်းကို မည်သူမှ မရိပ်မိခဲ့ကြပါတော့ချေ။

●

www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ ဂြိုဟ်သားများ ကျွန်တော့်ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းအား ကျွန်တော် မေ့မပစ်နိုင်တော့ချေ။ ပထမအကြိမ်က အမှတ်မထင်ဇဝေဇဝါ ရှိခဲ့သော်လည်း၊ ဒုတိယအကြိမ်တွင်မူ ဂြိုဟ်သားများ ကျွန်တော့်အားတစ်နေရာသို့ ခေါ်ဆောင်သွားခြင်းမှာ ထင်ရှားနေ၍ မေ့မရတော့ခြင်းဖြစ်သည်။

သို့ရာတွင် သူတို့သည် ကျွန်တော့်အား ဘယ်နေရာခေါ်သွား၍ ဘာလုပ်ခဲ့သည်ကိုမူ စဉ်းစားလို့ မရပါချေ။

သူတို့ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူသည် ကျွန်တော့်အား အင်္ဂလိပ်ဘာသာဖြင့် စကားပြောခဲ့သည်ကိုလည်း မှတ်မိနေပါသည်။ ကျွန်တော့်ကို ဒေါက်တာမျိုးနောင်ဟု နာမည်တပ်ခေါ်လိုက်သည်ကိုလည်း သတိရမိသည်။

ကျွန်တော်သည် ပန်းကန်ပြားပျံ၊ ဂြိုဟ်သားတို့နှင့်ပတ်သက်၍ ဥပေက္ခာပြုမထားနိုင်တော့ပါ။ သူတို့သည် ကျွန်တော့်အား နောက်တစ်ကြိမ် မနှောင့်ဘူးလို့ မပြောနိုင်ပါ။ ဤလမ်းတစ်လျှောက် ကျွန်တော် သွားလာနေသမျှကာလပတ်လုံး သူတို့အလိုရှိသည့်အချိန်တွင် ကျွန်တော့်အား ဖမ်းဆီးချုပ်နှောင်နိုင်လိမ့်မည် ထင်သည်။

သူတို့သည် ကျွန်တော်တို့လူသားများထက် သိပ္ပံပညာတွင် အဆမတန် ပိုမိုအဆင့်မြင့်သူများ ဖြစ်သည်မှာ သေချာလှပါသည်။

ကျွန်တော်သည် ပန်းကန်ပြားပျံနှင့် ပတ်သက်၍ စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်၏ အတွေ့အကြုံကိုပြောပြ၍ စုံစမ်းရမည်လား။ ပန်းကန်ပြားပျံအကြောင်း သီးခြားဆွေးနွေးမေးမြန်းရမည်လား စဉ်းစားရပါသေးသည်။

www.burmeseclassic.com



ကျွန်တော့် အတွေ့အကြုံကိုပြောပြပါက ယုံလျှင်ကိစ္စမရှိ၊ မယုံလျှင် ကျွန်တော့်ကို 'လူကြောင်' လို့ သတ်မှတ်ခံရမှာ စိုးရသေး၏။

ကျွန်တော်သည် အမျိုးမျိုး စဉ်းစားဆင်ခြင်ကာ နောက်ဆုံး၌ ဒေါက်တာ တင်မ်ရော့ခ် Dr. Tim Rock ဆိုသည့် ကျွန်တော်နှင့်အတူ တာဝန်ထမ်းဆောင် နေသည့် ဆရာဝန်ကြီးထံ စုံစမ်းရပါတော့သည်။

ဒေါက်တာတင်မ်ရော့ခ်မှာ အသက် ၆၀ နီးပါးရှိ၍ ပို့စ်မောက်မြို့၌ အစဉ်အမြဲ နေထိုင်ခဲ့သူ ဖြစ်ပါသည်။ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ဖြစ်၍ ကျွန်တော်က ပန်းကန်ပြားပျံ ဖြစ်ရပ်များအကြောင်း ကြားဖူးပါသလားဟု တီးခေါက်ကြည့်မိ သည်။

"ဒေါက်တာမျိုးက ပန်းကန်ပြားပျံကို ဘာကြောင့် စိတ်ဝင်စားရတာလဲ၊ တွေ့ဖူးကြုံဖူးလို့လား"

"အင်း ... အဲ ... ဟိုနေ့က ကိုးလ်ဘာရွတ်က အပြန် ကောင်းကင် ပေါ်မှာ ပြားပြားဝိုင်းဝိုင်းယာဉ်ပျံကြီးတစ်စင်း မြင်လိုက်လို့ပါ။ ပန်းကန်ပြားပျံ ဆိုတာများ ဖြစ်နေမလားလို့"

ကျွန်တော်က မှသားမပါ လက်ာမချော ဖြေလိုက်လေသည်။

"အလို ... ဟုတ်လား။ ပန်းကန်ပြားပျံသတင်းတွေ မကြားရတာ ကြာပါကော၊ ၁၉၆၀ တစ်ဝိုက်ကတော့ ပန်းကန်ပြားပျံတွေ တော်တော် ခေတ် စားခဲ့သေးတယ် ဒေါက်တာမျိုး"

"ဗျာ ... ခေတ်စားခဲ့တယ်၊ ဟုတ်လား"

"ဟုတ်တယ် ... အဲဒီကာလက ကျုပ်တို့ကမ္ဘာပေါ်ကို ပန်းကန် ပြားပျံတွေ တော်တော်လာကြတယ်။ ဟိုနေရာမှာ တွေ့တယ်ကြားလိုက်၊ ဒီနေရာ မှာ တွေ့တယ်ကြားလိုက်နဲ့ သတင်းတွေမှ ပွနေတာပဲဗျို့"

"ကျွန်တော်က အရှေ့နိုင်ငံမှာနေတဲ့သူမို့လား မသိဘူး။ ပန်းကန်ပြားပျံ ကို ကျွန်တော်တို့အရှေ့တိုင်းမှာ မျက်ဝါးထင်ထင် တွေ့တယ်ဆိုတာမျိုး မကြားခဲ့ ဖူးဘူးဗျ။ ပန်းကန်ပြားပျံတွေက ကျွန်တော်တို့ ကမ္ဘာ့အရှေ့ခြမ်းကိုတော့ မလာ ဘူး ထင်ပါရဲ့"

"ဒီမှာတော့ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က သတင်းစာတွေထဲမှာ ပန်းကန်ပြားပျံသတင်းတွေ ပလူကိုပျံနေတာပဲ။ ပန်းကန်ပြားပျံ ဓာတ်ပုံတွေအောင် သတင်းစာထဲပါလာသေးတယ်"

"ဟုတ်လား ... ဒေါက်တာရော၊ ပန်းကန်ပြားပျံကို မျက်ဝါးထင်ထင် မြင်ဖူးပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာတော့ မမြင်ခဲ့ဖူးဘူးဗျို့။ လက်တွေ့ကြုံရတဲ့လူတွေရဲ့ အပြော တွေကို စာစောင်တွေထဲဖတ်ရတာပဲ"

"ဟောဒီပို့စ်မောက်မြို့ဝန်းကျင်ကိုရော ပန်းကန်ပြားပျံတွေ ရောက်လာ ကြသလား ဒေါက်တာ"

"ရောက်ပြီလားဗျာ၊ အဖြစ်အပျက်တစ်ခုကဖြင့် ...းလေးတကျော်ခဲ့ ဗျို့။ လင်မယားနှစ်ယောက်ကို ဂြိုဟ်သားတွေက ပန်းကန်ပြားပျံပေါ်အထိ ဖမ်း ခေါ်သွားကြတာလေ"

"ဗျာ ... ပန်းကန်ပြားပျံပေါ်အထိ ခေါ်သွားတယ်"

"ဟုတ်ပ ... အဲဒီလင်မယားဟာ ဟောဒီပို့စ်မောက်မြို့မှာနေသူတွေ ပေါ့။ အခုထိတောင် ရှိနိုင်ပါသေးတယ်။ အဲဒီတုန်းကများ သူတို့ လင်မယားသတင်း ဟာ သတင်းစာမျက်နှာဖုံးမှာ စာလုံးမည်းကြီးတွေနဲ့ ပါခဲ့တာပေါ့"

"ဂြိုဟ်သားတွေက ပန်းကန်ပြားပျံပေါ်အထိ ဖမ်းခေါ်သွားပြီး ဘာလုပ် တာတဲ့လဲ"

"ဒေါက်တာမျိုး စိတ်ဝင်စားလို့လား။ စိတ်ဝင်စားရင် အဲဒီအကြောင်း ဆောင်းပါးရေးထားတဲ့ စာအုပ် ကျုပ်ဆီမှာ ရှိပါတယ်"

"ဟာ ... ဒါဆို ဖတ်ပါရစေဗျာ၊ ရှာဖို့မခဲယဉ်းဘူးဆိုရင် ခဏ လောက်ငှားပါ ဒေါက်တာ"

"ပြန်ရှာဖို့ လွယ်ပါတယ်၊ ကျုပ်က ကျုပ်စာအုပ်စင်မှာ စာအုပ်တွေကို သူ့ဘာသာရပ်အလိုက် ခွဲထားတယ်လေ။ အက္ခရာစဉ်နဲ့ ကက်တလောက် လုပ်ထားတာ၊ ရှာဖို့မခက်ပါဘူး။ ဒေါက်တာမျိုး ဖတ်ချင်ရင်ယူခဲ့ပါ့မယ်"

ဒေါက်တာတင်မိုးရှော်နှင့် စကားစပ်မိလိုက်သည်မှာ ကျွန်တော့်အတွက် အကျိုးရှိသွားခဲ့ပါသည်။

ဒေါက်တာတင်မိုးကလည်း ကတိတည်စွာပင် နောက်တစ်နေ့၌ ပန်းကန် ပြားပျံ ဖြစ်ရပ်ဆန်းအကြောင်း ရေးထားသည့် စာအုပ်ကို ယူလာခဲ့ပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာတင်မ်ပေးသည့် စာအုပ်အမည်မှာ **'ပန်းကန်ပြားပျံ အဓမ္မခေါ်ဆောင်မှုများ' 'UFO Abductions'** ဟူ၍ဖြစ်ပြီး **Dr. Scott Rogo** ရေးသားပြုစုသည့်စာအုပ် ဖြစ်သည်။

စာအုပ်၌ ပန်းကန်ပြားပျံနှင့် တွေ့ဆုံခဲ့သည့် လူပုဂ္ဂိုလ်များအကြောင်းကို ကာယကံရှင်များနှင့် တွေ့ဆုံကာ အထောက်အထား အစုံအလင်ဖြင့် ရေးသားထားသည်ကို တွေ့ရလေသည်။ ပန်းကန်ပြားပျံများကို မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများ၊ ပန်းကန်ပြားပျံနှင့် ကိုယ်တွေ့ကြုံခဲ့ရသူတို့၏ ဓာတ်ပုံများကိုလည်း ဖော်ပြထားပေသည်။

ဒေါက်တာတင်မ်ရှောခ်ပြောသည့် ပို့စ်မောက်မြို့မှ လင်မယားတို့ဖြစ်ရပ်ကို **'ပျောက်ဆုံးနေသော ကြားကာလခရီး'** ဟု စိတ်ဝင်စားဖွယ် ခေါင်းစဉ်တပ်၍ ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြထားလေသည်။

ထိုစုံတွဲ၏အမည်များမှာ **မစ္စတာဘာနေဟီးလ်** နှင့် **မစ္စက် ဘက်တီဟီးလ်** ဟူ၍ဖြစ်လေသည်။ ၎င်းတို့၏ဓာတ်ပုံကိုလည်း စာအုပ်ထဲ၌ ဖော်ပြထားသည်။ ကျွန်တော်သည် ထိုဓာတ်ပုံများကို မိတ္တူကူးယူကာ ဤမှတ်တမ်းနှင့်အတူ ဖိုင်တွဲသိမ်းဆည်းထားခဲ့ပါသည်။

မစ္စတာဘာနေဟီးလ်သည် နီဂရိုးအမျိုးသားတစ်ယောက်ဖြစ်ပြီး ပန်းကန်ပြားပျံဖြစ်ရပ်နှင့် ကြုံဆုံစဉ်က အသက် ၃၉ နှစ်အရွယ် ဖြစ်သည်။ သူသည် ဝက်ဆာချူးဆက်ပြည်နယ်၊ ဘော့စတွန်မြို့ စာတိုက်မှ စာရေးတစ်ယောက် ဖြစ်သည်။ ဇနီးဖြစ်သူဘက်တီဟီးလ်မှာ အသက် ၄၁ နှစ်ရှိပြီး ပို့စ်မောက်မြို့ ကလေးသူငယ်စောင့်ရှောက်ရေးဌာနတွင် အမှုထမ်းနေသူတစ်ဦး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖိုးမောင်နှံသည် ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပန်းကန်ပြားပျံအဖြစ်ဆန်းနှင့် ကြုံခဲ့ရခြင်း ဖြစ်လေသည်။

ဘာနေဟီးလ်နှင့် ဘက်တီဟီးလ်တို့လင်မယား ကြုံခဲ့ရပုံများမှာ ကျွန်တော်တို့ ပထမအခေါက်ပန်းကန်ပြားပျံနှင့် တွေ့ဆုံရပုံနှင့် အတော်ပင် ဆင်တူနေပေသည်။

သူတို့လင်မယား၏ဖြစ်ရပ်ဆန်းကို အကျဉ်းချုံး၍ ဆောင်းပါးထဲမှ ကူးယူဖော်ပြအပ်ပါသည်။

သူတို့လင်မယားသည် အထက်ဖော်ပြပါနေ့ရက်တွင် နိုင်ရာဂရာ ရေတံခွန်ကြီးဆီသို့ အပန်းဖြေခရီးထွက်ရာမှ ပြန်လာကြခြင်းဖြစ်သည်။ သူတို့၏ ကိုယ်ပိုင်ကားဖြစ်သော ၁၉၅၇ ခုနှစ်ထုတ် ချက်ပလက်ဘဲလ်အဲယားကားလေးနှင့် ခရီးထွက်လာကြခြင်း ဖြစ်သည်။ ကားထဲ၌ သူတို့၏အချစ်တော် ခွေးကလေး တစ်ကောင်လည်း ပါလာလေသည်။ ကိုယ်ထည်နှင့် နားရွက်ရှည်ပြီး အရပ်ပုသည့် ဒက်ချ်ရှုန်း ခေါ် ဂျာမန်ခွေးလေး ဖြစ်သည်။ ခွေးလေးအမည်ကို ဒယ်လ်ဆီဟု မှည့်ခေါ်ထားလေသည်။ (မှတ်တမ်းတင်ဓာတ်ပုံထဲ၌ ဘာနေဟီးလ်လင်မယားနှင့်အတူ ခွေးကလေးဒယ်လ်ဆီကိုပါ တွေ့မြင်နိုင်ပါသည်။)

●

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၁ ခုနှစ်က ပန်းကန်ပြားပျံမှ ပြန်ပေးဆွဲခံရသူများ -
ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် ဘာနေဟီးလ်၊
ဘက်တီဟီးလ် ဇနီးမောင်နှံနှင့် ၎င်းတို့၏ခွေးကလေး

ဘာနေလင်မယားဖြစ်ရပ်နှင့် ကျွန်တော်တို့ဖြစ်ရပ်တွင် နိုင်ရာဂရာရေ တံခွန်မှ အပြန်ခရီးချင်းတူညီနေပြီး အချိန်ကာလမှာလည်း စက်တင်ဘာလအတွင်း မှာပင် ဖြစ်သည်ကို သတိပြုမိပါသည်။

ဆက်လက်ဖော်ပြထားချက်အရ ပန်းကန်ပြားပျံကို ကြုံဆုံရာနေရာမှာ လည်း နိုင်ငံတော်သစ်တောကြိုးဝိုင်းအတွင်းမှာပင် ဖြစ်နေသည်ကို တွေ့ရလေ သည်။

သူတို့ကားလေးသည် နိုင်ငံတော်သစ်တောကြိုးဝိုင်းအတွင်းသို့ ရောက် ရှိလာခဲ့ကြသည်။ တစ်နေရာ၌ ကောင်းကင်ပေါ်တွင် အလွန်ထွန်းလင်းတောက်ပ ပြီး လျှင်မြန်စွာ ရွေ့လျားနေသည့်အရာတစ်ခုကိုမြင်လိုက်ရာ ကားကိုလမ်းဘေး ထိုးရပ်ပြီး ဆင်းကြည့်ကြလေ၏။

တဖြည်းဖြည်းနှင့် ထိုထူးဆန်းသောအရာသည် သူတို့ကားဆီသို့ ချဉ်း ကပ်လာသည်ကို သတိပြုမိကြသည်။ အနီးကပ်တွေ့ရပါမှ အလွန်ကြီးမားသော ယာဉ်ပျံကြီးတစ်စင်းဖြစ်နေပြီး စက်သံ လုံးဝမကြားရသည်ကို တွေ့ရလေသည်။

www.burmeseclassic.com



ကြည့်နေစဉ်မှာပင် ယာဉ်ပျံခါးသားတစ်ဖက်တစ်ချက်စီမှ အနီရောင်မီးရှူးမျာ လင်းလာခဲ့သည်။ မစွတာဘာနေသည် လမ်းလယ်ခေါင်၌ မတ်တတ်ရပ်လျက် ယာဉ်ပျံကိုမော်ကြည့်နေခြင်းဖြစ်သည်။ ယာဉ်ထဲတွင် လှုပ်ရှားပြေးလွှားနေသော သဏ္ဍာန်များကို မြင်နေရ၏။ တစ်စုံတစ်ခုလုပ်ဆောင်ရန် ပြင်ဆင်နေကြပုံရလေသည်။

ဘက်တီသည် ကားထဲ၌ ကျန်နေခဲ့၏။ ဘာနေကိုကားထဲ၌ မတွေ့ရသည့်အတွက် ဘက်တီက ရှာကြည့်ရာ ဘာနေသည် မှောင်ကြီးမည်းကြီးထဲ၌ ကွင်းပြင်ထဲသို့ပြေးသွားသည်ကို မြင်လိုက်ရလေသည်။

"ဘာနေ ... ဘာနေ၊ ပြန်လာခဲ့"

ဘက်တီဟီးလ်က ခင်ပွန်းဖြစ်သူကို အော်ခေါ်လိုက်လေ၏။

ဘာနေ ပြန်လှည့်မလာသောကြောင့် ဘက်တီသည် ကားထဲမှထွက်ကာ ကွင်းပြင်ထဲသို့လိုက်သွားလေသည်။ ဘာနေသည် သစ်ပင်ကြီးတစ်ပင်အောက်၌ ယာဉ်ပျံကြီးအား မှန်ပြောင်းဖြင့် မမှိတ်မသုန် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေ၏။

ထိုစဉ် ဘာနေဟီးလ်၏အမြင်၌ ယာဉ်ပေါ်မှ သူ့ကိုကြည့်နေသော ဗြိုဟ်သားတစ်ဦးကို မြင်လိုက်ရလေသည်။ ထိုသူ၏မျက်လုံးအစုံကို ဘာနေ၏ တစ်သက်နှင့် တစ်ကိုယ်မမြင်ခဲ့ဖူးချေ။ ဘာနေသည် မှန်ပြောင်းကို မျက်လုံးမှခွာကာ ငယ်သံပါအောင်အော်ရင်း ဘက်တီရှိရာသို့ ပြန်ပြေးခဲ့လေသည်။

ထို့နောက် ကားထဲသို့ ပြန်ဝင်ကာ ကားကို အမြန်ဆုံးမောင်းနှင်ပြေးခဲ့လေသည်။ ဘာနေက မိမိတို့နောက်သို့ ယာဉ်ပျံကြီး ပါလာခြင်းရှိမရှိ ဘက်တီကို ကြည့်ခိုင်းလိုက်သည်။ ဘက်တီက ကောင်းကင်ပေါ် လှမ်းကြည့်လိုက်ရာ ဘာမှမမြင်ရချေ။

ထိုစဉ် ကားထဲ၌ တီ-တီ-တီဟု သံရှည်ဆွဲ၍ မြည်ဟည်းလာသံများကို လင်မယားနှစ်ယောက်စလုံး ကြားလိုက်ရ၏။

"ဘက်တီ ခုကြားနေရတဲ့အသံဟာ ဘာသံပါလိမ့်"

"ကျွန်မလည်း ဒါကိုပဲ စဉ်းစားနေတာ၊ ဘာမှန်းလဲ မသိဘူး"

ထိုအချိန်၌ သူတို့နှစ်ဦးလုံး ငိုက်မြည်းလာကြလေသည်။ သူတို့၏ သိမှုဆိုင်ရာမှတ်ဉာဏ်များ ထုံထိုင်းသွားခဲ့ရလေသည်။

အချိန်မည်မျှကြာကြာ သိစိတ်များကင်းကွာသွားသည်ကို မှတ်မပြောနိုင်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



တီ–တီ–တီ အသံများကို ကြားလျက်သားနှင့်ပင် သူတို့အသိစိတ်များမှ ပြန်လည်ကြည်လင်နိုးထလာခဲ့လေသည်။ ကားမှာလည်း ဘာနေက မောင်းနေလျက်သား အနေအထားအတိုင်းပင် ရှိနေသည်။

သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ခရီးနှင်နေကြပြီး မည်သည့်နေရာရောက်နေကြမှန်း မသိသေးချေ။

မကြာခင် လမ်းမှတ်တိုင်သင်္ကေတတစ်ခုကို ဘက်တီက လှမ်းမြင်လိုက်လေသည်။ ထိုသင်္ကေတအရ အက်ရှလန်မြို့နယ်နိမိတ်အတွင်း ရောက်နေကြပြီကို သိလိုက်ရလေသည်။

တီတီမြည်သံကို စတင်ကြားရသည်မှာ အင်ဒီးယန်းဟက်ဒေသ၏ တောင်ဘက် ၃၅ မိုင် ကွာဝေးသောနေရာတွင် ဖြစ်သည်။

သူတို့ သတိရလာသည်တွင် ရောက်ရှိနေသည့် အက်ရှလန်မြို့နှင့် ဆိုလျှင် ၃၅ မိုင် ကွာဝေးပေသည်။

ဟီးလ်လင်မယားသည် ထို ၃၅ မိုင်အတွင်း သူတို့ဘာတွေဖြစ်ခဲ့သည်။ ကားကို ဘယ်လိုမောင်းလာခဲ့သည်ဆိုသည်များကို မမှတ်မိတော့ချေ။ ဘယ်လိုမှ ပြန်စဉ်းစားလို့မရတော့ပါ။

ပို့စမောက်မြို့မှ အိမ်ကိုပြန်ရောက်၍ နာရီကြည့်လိုက်သည့်အခါ လင်မယားနှစ်ယောက်စလုံးလက်မှ လက်ပတ်နာရီများ စက်ရပ်နေသည်ကို တွေ့ရလေ၏။ စားပွဲတင်နာရီကို ကြည့်လိုက်ရာ နံနက် ၅ နာရီဖြစ်ကြောင်း သိလိုက်ရ၏။

ဘာနေနှင့် ဘက်တီတို့သည် ၃၅ မိုင်ရှည်လျားပြီး တစ်နာရီမျှ ကြာမြင့်သော ခရီးစဉ်အတွင်းမှ အဖြစ်အပျက်များကို ဘယ်လိုပဲ ပြန်စဉ်းစား စဉ်းစား အသိအာရုံထဲ၌ ပြန်လည်မှတ်မိမလာတော့ပါပေ။

●

www.burmeseclassic.com

www.burmeseclassic.com

ယင်းအဖြစ်အပျက်များ ကြုံဆုံရပြီးနောက် အထူးတလည် စိတ်လှုပ်ရှားနေရသူမှာ ဘက်တီဟီးလ်ပင် ဖြစ်သည်။ သူမသည် လင်သားဖြစ်သူ ဘာနေဟီးလ်ထက်ပို၍ ထိုဖြစ်ရပ်အပေါ်တွင်၊ စိတ်ဝင်စားနေမိသည်။

ဘက်တီသည် သူတို့အတွေ့အကြုံကို ဖော်ထုတ်ရန် ပညာရှင်အမျိုးမျိုးဌာနအဖွဲ့အစည်းအမျိုးမျိုးနှင့် ဆက်သွယ်ခဲ့သော်လည်း မထူးခြားခဲ့ချေ။ တစ်ကြိမ်တွင် စိတ္တဇရောဂါကုဆရာဝန်တစ်ဦးက သူတို့လင်မယားကိုစစ်ဆေးကာ လင်မယားနှစ်ယောက်စလုံး ရူးနေသည်ဟုပင် မှတ်ချက်ချခံခဲ့ရသေး၏။

၁၉၆၃ ခုနှစ် ဒီဇင်ဘာလရောက်ခါမှပင် စိတ်ရောဂါနှင့် ဦးနှောက်နှင့် အာရုံကြောရောဂါကုဆရာဝန်ကြီး ဘင်ဂျမင်ဆိုင်မွန်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့တော့သည်။ ၎င်းတို့နှင့် ရင်းနှီးသော ဆရာဝန် ဒေါက်တာဒန်ကင်စတီဖင်ဆိုသူ ညွှန်ကြားစီစဉ်ပေးခဲ့ခြင်း ဖြစ်လေ၏။

ဒေါက်တာဘင်ဂျမင်ဆိုင်မွန်နှင့် တွေ့ဆုံရခြင်းသည် ဘာနေတို့အဖို့ ဆရာမှန်၊ သမားမှန်နှင့် တွေ့ဆုံရခြင်းပင် ဖြစ်တော့သည်။

ဒေါက်တာဆိုင်မွန်၏ဆေးခန်းမှာ ဘော်စတွန်မြို့ ဘေးစတိတ်လမ်း၌ ဖွင့်လှစ်ထား၏။ ၁၉၆၃ ခုနှစ် ဒီဇင်ဘာပထမပတ်တွင် ဒေါက်တာဆိုင်မွန်က ဟီးလ်လင်မယားအား လက်ခံတွေ့ဆုံရန် တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့လေသည်။ ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ၎င်း၏ဆေးခန်း၌ တွေ့ဆုံရန် ချိန်းဆိုခဲ့ခြင်းဖြစ်သည်။

ဘာနေတို့ ဆေးခန်းသို့ရောက်သွားသည်တွင် ဒေါက်တာ ဆိုင်မွန်က ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များ၊ ကိုယ်ရေးပြဿနာ နောက်ကြောင်းများနှင့်

www.burmeseclassic.com



ပန်းကန်ပြားပျံအတွေ့အကြုံများကို သေချာမေးမြန်း မှတ်သားခဲ့လေသည်။

ဒေါက်တာဆိုင်မွန်၏သဘောထားမှာ ပန်းကန်ပြားပျံဖြစ်ရပ်သည် ဒုတိယဖြစ်ပြီး မိမိလူနာ၏ စိတ်ကျန်းမာရေးအခြေအနေသာလျှင် ပဓာန ဖြစ်လေသည်။ ဒေါက်တာဆိုင်မွန်၏ဝါဒမှာ မိမိလူနာများ၏ စိတ္တဇဝေဒနာ (သို့မဟုတ်) ပြဿနာ ဒုက္ခများ ပျောက်ကင်းချမ်းသာရေးပင် ဖြစ်သည်။

ပန်းကန်ပြားပျံနှင့်ပတ်သက်၍ ဒေါက်တာဆိုင်မွန်၏ အယူအဆမှာ ကြားနေဝါဒသာ ဖြစ်သည်။ ဘာနေတို့အား စိတ်ညှို့စစ်ဆေးခြင်း လက်ခံဆောင်ရွက်ပေးခြင်းမှာလည်း ၎င်းတို့၏မေ့လျော့ရောဂါကို ဖယ်ရှားပြုလျက် သူတို့၏စိတ်ဓာတ်ကျမှုကို ကုသပေးရန်သာ အဓိက ဖြစ်ပေသည်။

ဒေါက်တာဆိုင်မွန်သည် ဘာနေနှင့် ဘက်တီဇနီးမောင်နှံအား တစ်ဦးစီ သီးခြားအစမ်းသဘောဖြင့် သုံးကြိမ်စီ စိတ်ညှို့စစ်ဆေးကြည့်ခဲ့သည်။

စစ်ဆေးမှုမပြုမီ ရှေးဦးစိတ်ညှို့ညွှန်ခြင်း Posthypnostic Suggestions များပြုလုပ်ခဲ့၏။ ကျေနပ်လောက်မှပင် ဖိုင်နယ်စစ်ဆေးခြင်း ပြုလုပ်ခဲ့လေသည်။

ဒေါက်တာဆိုင်မွန်၏ အဓိကအစီအစဉ်အရ ဘာနေအား ပထမဦးဆုံး စိတ်ညှို့နောက်ကြောင်း ဖော်ထုတ်ခြင်းပြုလုပ်ပြီး ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်ညဆီသို့ ပြန်လည်အမှတ်ရစေခဲ့သည်။ ဘာနေဟီးလ်နှုတ်မှ ပြောသော စကားများကိုလည်း တိတ်ရီကော်ဒါဖြင့် စနစ်တကျ ဖမ်းယူမှတ်တမ်းတင်ထားခဲ့လေသည်။

မကြာမီ ဘာနေမှာ စိတ်ညှို့စည်းအတွင်းသို့ ကျရောက်သွားခဲ့လေသည်။ ဒေါက်တာဆိုင်မွန်လည်း ဘာနေအား ကျေနပ်လောက်အောင် မိန်းမောသွားမှ စတင်၍ စိတ်ညှို့စစ်ဆေးခြင်းကဏ္ဍကို စတင်ပြုလုပ်လေတော့သည်။

"ခင်ဗျား အိပ်မောကျသွားပြီ၊ သိပ်ကိုအိပ်မောကျသွားပြီ၊ အိပ်မောကျနေပြီ၊ ခုအချိန်ကစပြီး ခင်ဗျားဘာကိုမဆို မှတ်မိသတိရလိမ့်မယ်၊ ခင်ဗျား သိသမျှ ကျုပ်ကို ပြောပြမယ် မဟုတ်လား"

"ဟုတ်ကဲ့"

●

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဘာနေနှင့် ဘက်တီအား သီးခြားစီ တစ်ပတ်တစ်ကြိမ်ကျ စိတ်ညှို့နောက်ကြောင်း ထုတ်ဖော်စစ်ဆေးပေးခဲ့ပါသည်။ သူတို့နှစ်ဦးအား ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှစ၍ စစ်ဆေးခဲ့ရာ ၁၉၆၄ ခုနှစ် ဇွန်လ ၂၇ ရက်အထိ စုစုပေါင်း ၆ လကြာခဲ့ပေသည်။

ဘာနေနှင့် ဘက်တီတို့အား စိတ်ညှို့ထုတ်ဖော်ခြင်းအားဖြင့် ရရှိလာသော အချက်အလက်များကို ဆက်စပ်လိုက်သည့်အခါ 'ပျောက်ဆုံးနေသော ကြားကာလ'အတွင်း ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များသည် အောက်ပါအတိုင်း ရုပ်လုံးပေါ် ထင်ရှားလာရလေတော့သတည်း။

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ည ၁၁း၀၅ နာရီအချိန်တွင် ဘာနေနှင့်ဘက်တီသည် ကိုယ်ပိုင်ကားလေးဖြင့် ထွက်ခွာလာခဲ့ရာ အင်ဒီးယန်းဟက်ကြားသို့ ရောက်ရှိလာခဲ့လေသည်။ ရုတ်တရက် သူတို့ရှေ့မလှမ်းမကမ်းလမ်းမပေါ်တွင် လူတစ်စုသည် မတ်တတ်ရပ်၍ စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရ၏။

ကားကိုရပ်လိုက်သည့်အခါ စောစောကတွေ့ခဲ့သော ပန်းကန်ပြားပျံပေါ်မှ ဂြိုဟ်သားများ ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုသူများက ကားဆီသို့ ရောက်လာကာ ကားတံခါးကိုဆွဲဖွင့်၍ သူတို့လင်မယားအား တစ်ဖက်လျှင် နှစ်ယောက်စီ ညှပ်၍ ခေါ်သွားကြလေသည်။

ဘာနေသည် တစ်ချိန်လုံးမျက်စိများပိတ်၍ အိပ်ရင်းလမ်းလျှောက်နေသူသဖွယ် ဖြစ်နေ၏။ ဘက်တီကမူ စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်၍ တစ်ချိန်လုံး

www.burmeseclassic.com



သတိရနေခဲ့ပါသည်။ သူတို့ကို ခေါ်ဆောင်သွားသော ဂြိုဟ်သားများမှာ အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြ၏။

ဘက်တီ သိခဲ့ရသည်မှာ သူတို့အား ထင်ရှူးပင်များကြားတွင် ရပ်တန့်ထားသည့် ပန်းကန်ပြားပျံကြီးဆီသို့ ခေါ်ဆောင်သွားကြောင်းပင်ဖြစ်သည်။

ဘက်တီသည် ဘာနေအတွက် စိတ်ပူပြီး နောက်မှတကွတ်ကွတ် လှမ်း၍ သတိပေးနေခဲ့သည်။

"မကြောက်ပါနဲ့ဗျာ။ ဘာမှကြောက်စရာ မဟုတ်ပါဘူး။ ခင်ဗျားတို့ကို စမ်းသပ်စစ်ဆေးစရာကိစ္စလေးရှိလို့ ခုလိုခေါ်လာခဲ့တာပါ။ ကျွန်တော်တို့သိလိုတဲ့ စမ်းသပ်မှုပြီးတာနဲ့ ခင်ဗျားတို့ကားဆီ ပြန်ပို့ပေးမှာပါ"

ဂြိုဟ်သားက အင်္ဂလိပ်ဘာသာစကားဖြင့် ထိုသို့ ပြောပြအားပေးခဲ့သည်။

သို့နှင့် အာကာသယာဉ်ကြီးဆီ ရောက်လာခဲ့ကြသည်။ ယာဉ်ပေါ်သို့ လှေကားကလေးမှ တက်ခဲ့ကြ၏။

ယာဉ်အတွင်း ရောက်သည့်အခါ ဘာနေအားအခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားကြလေသည်။

"ရှင်တို့ ဘာနေ့ကို ဘယ်ခေါ်သွားကြမလို့လဲ၊ ပြန်ခေါ်ခဲ့ပါ။ ကျွန်မနဲ့ အတူတူထားပါ"

"ကျွန်တော်တို့မှာ ကိရိယာတန်ဆာပလာ မလုံလောက်လို့ တစ်ယောက်စီခွဲပြီး စမ်းသပ်စစ်ဆေးတာပါဗျာ။ ဘာမှမဖြစ်စေရပါဘူး။ မကြောက်ပါနဲ့။ သူပြီးရင် ခင်ဗျားအလှည့်လာပါလိမ့်မယ်"

လမ်းမှစကားပြောခဲ့သည့်သူကပင် ရှင်းပြပါသည်။

အခန်းထောင့်ရှိ ခွေးခြေလေးတစ်လုံးပေါ်၌ ဘက်တီအား ထိုင်နိုင်းထားခဲ့သည်။

ထို့နောက် ဂြိုဟ်သားတို့သည် ဘာနေအား ခွဲစိတ်ခုံကဲ့သို့ စားပွဲပေါ်တွင် လဲလျောင်းစေပြီး ဆရာဝန်ဖြစ်ပုံရသော ဂြိုဟ်သားက ဇီဝဗေဒဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ စတင်ပြုလုပ်လေသည်။

အလားတူစွာပင် ဘက်တီ့အားလည်း အခြားတစ်ခန်းတစ်ခုသို့ ခေါ်သွားကာ စမ်းသပ်ခဲ့လေ၏။

သူမအား သွားစိုက်ခုံကဲ့သို့ ခုံတစ်ခုပေါ် ထိုင်နိုင်းကာ မျက်နှာ၊ မျက်စိ၊ သွား၊ လည်ချောင်း စသည်တို့ကို မီးအလင်းရောင်ဖြင့် ထိုး၍စမ်းသပ်လေသည်။ ထို့နောက် ကိရိယာတစ်ခုကိုယူလာကာ ဘက်တီ၏ခြေသည်းများ



www.burmeseclassic.com

www.burmeseclassic.com



အသားအရေများကို စမ်းသပ်ပြန်သည်။ ထို့နောက် စာအိတ်ဖောက်သည့် ကိရိယာကဲ့သို့ အရာလေးဖြင့် ဘက်တီ၏အသားများကိုခြစ်၍ နမူနာယူကြပြန်သည်။ အသားနမူနာကို စက္ကူကဲ့သို့ အရာဖြင့်ပတ်ပြီး ဗီရိုထဲထည့်သိမ်းသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ဂြိုဟ်သားများသည် ဘက်တီ၏နားထဲမှ နားဖာချေးများကို ကော်ယူပြန်သည်။ ဗီရိုထဲ ထည့်သိမ်းပြန်သည်။

ထို့နောက်တွင် ဘက်တီ၏ဆံပင်အနည်းငယ်ကို ဖြတ်ခြင်း၊ လက်သည်းအနည်းငယ်ကို လှီးဖြတ်ခြင်းများ ပြုလုပ်၍ ဗီရိုထဲ ထည့်သိမ်းပြန်လေ၏။

ဘက်တီက ဘာနေဘာယ်မှာလဲဟုမေးရာ စမ်းသပ်မှုမပြီးသေးကြောင်း ပြောလေသည်။

ဘက်တီသည် ဘာနေ့အား စောင့်ဆိုင်းရင်း ခေါင်းဆောင်ဖြစ်သူနှင့် စကားစမြည်ပြောနေလေသည်။ ဘက်တီက သူတို့ ဤယာဉ်ကြီးပေါ်ရောက်ခဲ့သည်ကို အခြားသူများအား ပြန်ပြောပြလျှင် ယုံကြမည်မဟုတ်ကြောင်း၊ ထို့ကြောင့် သက်သေပြစရာ အထောက်အထားအဖြစ် ယာဉ်ပေါ်မှ ပစ္စည်းတစ်ခုခု ပေးပါဟု တောင်းလိုက်လေသည်။

ခေါင်းဆောင်က ရယ်မောပြီး ဘာလိုချင်ပါသလဲ ဟု ပြန်မေးလေသည်။ ဘက်တီက ယာဉ်ပေါ်မှပစ္စည်းများကို မျက်လုံးကစားကြည့်ရာ စာအုပ်ထူကြီးတစ်အုပ်ကို တွေ့ရလေသည်။ စာအုပ်ကြီးကို လက်ဆောင်ပေးရန် တောင်းဆိုလိုက်လေ၏။

ခေါင်းဆောင်က စာအုပ်ကြီးကိုယူ၍ သူမ လက်ထဲထည့်လိုက်ရာ ဘက်တီသည် စာအုပ်ကို လက်မှမချတော့ချေ။

ထို့နောက် ဘက်တီသည် မိန်းမသားပီပီ မေးမြန်းစပ်စုလေတော့၏။

ရှင်တို့ ဘယ်ဒေသက လာခဲ့တာလဲ ဟုမေးမြန်းရာ ခေါင်းဆောင်က မေးခွန်းကို ပြန်မဖြေဘဲ 'စကြဝဠာအကြောင်းကို နားလည်ပါသလား' ဟု ပြန်မေးလေသည်။ ဘက်တီက ရယ်မော၍သာ နေခဲ့သည်။

ဘက်တီက ခေါင်းဆောင်ဖြစ်သူတစ်ဦးသာ အင်္ဂလိပ်ဘာသာဖြင့် စကားပြောသည်ကို သတိပြုမိခဲ့ပြီး အခြားသူများမှာ သူမကို စကားမပြောကြချေ။ သူတို့အချင်းချင်း ပြောသည့်စကားများကို ကြားသော်လည်း ဘက်တီ နားမလည်ချေ။ ကြည့်ရသည်မှာ ခေါင်းဆောင်တစ်ယောက်သာ လူသားများနှင့် စကားပြောနိုင်ရန် လေ့လာထားပုံရပေ၏။

ခဏအကြာတွင် ဘာနေအား စစ်ဆေးသည့် အခန်းထဲမှပြန်ခေါ်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတိအတိုင်း ကားဆီသို့လိုက်ပို့ရန် ယာဉ်ပေါ်မှဆင်းခဲ့ကြလေ၏။ ဘက်တီသည် လက်ဆောင်ရသော စာအုပ်ကြီးကို လက်မှာပိုက်ထားလေ၏။

ထိုစဉ် ဂြိုဟ်သားများအချင်းချင်း ဘာပြောကြသည်မသိ၊ ပွစိ ပွစိဖြင့် အခြေအတင်ပြောနေကြသည်ကို တွေ့ရလေသည်။

ထို့နောက် ခေါင်းဆောင်က ဘက်တီ့လက်ထဲမှ စာအုပ်ကြီးကို ပြန်ယူလိုက်လေတော့သည်။

"စိတ်မကောင်းပါဘူး။ ကျွန်တော်က လက်ဆောင်ပေးချင်ပေမဲ့ ကျန်တဲ့သူများက ခွင့်မပြုပါဘူး"

ခေါင်းဆောင်က ယခုအဖြစ်အပျက်များကို သတိမရစေရန် သဲလွန်စရစေမည့် (သို့မဟုတ်) အမှတ်ရရှိစေမည့်ပစ္စည်းကို မပေးလိုခြင်းဖြစ်ကြောင်း ဆက်ပြောပြလေသည်။

ဘက်တီက ကက်ကက်လန်အောင် ရန်တွေ့လေတော့၏။

"ရှင်တို့စာအုပ်ပြန်ယူလို့ ကျွန်မ မမှတ်မိဘူး ထင်သလား။ အားလုံးကို ဘယ်တော့မှ မမေ့ဘူးဆိုတာ မှတ်ထားလိုက်ပါ။ ရှင်တို့ ကျွန်မကို သတိမေ့လျော့ အမှတ်မရအောင် မလုပ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

"ဟုတ်ပါလိမ့်မယ်။ ခင်ဗျား မှတ်မိပေမဲ့ ဘာနေက ဘယ်တော့မှ မမှတ်မိဘူး။ အဲဒီတော့ ခင်ဗျားတို့အချင်းချင်း၊ တစ်ယောက်ကတစ်မျိုးပြော၊ တစ်ယောက်ကတစ်မျိုးပြောနဲ့၊ တစ်ယောက်တစ်ပေါက် ရှုပ်ထွေးကုန်ကြလိမ့်မယ်။ ပြီးတော့လည်း စောင့်ကြည့်ကြသေးတာပေါ့ဗျာ။ ခင်ဗျား မှတ်မိမလား၊ မေ့မလား ဆိုတာ"

ဂြိုဟ်သားများက ကတိအတိုင်း ကားဆီသို့ ပြန်လိုက်ပို့ခဲ့ကြပါသည်။

ဂြိုဟ်သားများ ထွက်ခွာအသွားတွင် ဘာနေ သတိရလာလေ၏။

ဘက်တီက ကားတံခါးကိုဖွင့်ပြီး ဘာနေအား ပန်းကန်ပြားပျံကြီး ပျံသွားပုံကို ကြည့်ရန်ခေါ်ခဲ့၏။ ဘာနေမှာ အိပ်ချင်မူးတူးနှင့် ရီဝေနေဆဲဖြစ်သည်။

ပန်းကန်ပြားပျံကြီးမှာ အလင်းရောင်များ တောက်ပစွာ ထွက်ပေါ်လာခဲ့ပြီး တဖြည်းဖြည်း လိမ္မော်ရောင်ဘောလုံးကြီးလိုဖြစ်ကာ ကောင်းကင်တွင် ပျောက်ကွယ်သွားလေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတော်သည် ဟီးလ်လင်မယား၏ အတွေ့အကြုံအား ဖတ်ရှုပြီး နောက် သက်ပြင်းကို ချလိုက်မိလေတော့သည်။

ကျွန်တော့်အား နှစ်ကြိမ်တိုင်တိုင် ဖမ်းဆီးခေါ်ဆောင်သွားသော ဂြိုဟ်သားများမှာ ဟီးလ်လင်မယားအား ခေါ်ဆောင်သွားသည့် ဂြိုဟ်သားများနှင့် အတူတူပင်လော၊ ဆောင်းပါးထဲ၌ ဂြိုဟ်သားပုံသဏ္ဌာန်များကို ဖော်ပြမထားခဲ့ပေ။

ကျွန်တော် တွေ့ခဲ့သည့် ဂြိုဟ်သားများမှာ ကိုယ်လုံးတစ်ဖြောင့်တည်း ရှိသော ဖြောင်လုံးချောသတ္တဝါများ ဖြစ်ပါသည်။

ဟီးလ်တို့လင်မယားအတွေ့အကြုံနှင့် ကျွန်တော်တို့အတွေ့အကြုံမှာလည်း ၂၁ နှစ်တိတိ ကွာခြားနေပါသည်။

ဘာနေနှင့် ဘက်တီလင်မယားမှာ ထိုစဉ်က ပို့စ်မောက်မြို့တွင် နေထိုင်သူများမို့ ယခုတိုင် ဤမြို့၌ပင် ရှိနိုင်ပါသေးသည်။ စုံစမ်း၍ဆက်သွယ်လျှင် ရနိုင်ပါသေး၏။

ကျွန်တော်သည် ဘာနေတို့လင်မယားနှင့် ဆက်သွယ်ရမလား။ ၎င်းတို့ကို စစ်ဆေးခဲ့သည့် ဒေါက်တာဘင်ဂျမင်ဆိုင်မွန်ကိုပင် တွေ့ဆုံရမလား စဉ်းစားရလေသည်။ ဘာနေတို့နှင့် တွေ့ဆုံပါက သူတို့သည် ကျွန်တော့်အား ဒေါက်တာဆိုင်မွန်ဆီ သွားရောက်ရန်သာ အကြံပေးကြပေလိမ့်မည်။

ကျွန်တော့်အား တိုက်ရိုက်ကူညီနိုင်မည့် စိတ်ညှို့ဆရာဝန် ဒေါက်တာဆိုင်မွန်နှင့် တွေ့ဆုံခြင်းသည်သာ ပိုမိုထိရောက်ကြောင်း ဆုံးဖြတ်မိပါ၏။

www.burmeseclassic.com

တစ်ခုစဉ်းစားရန်ရှိသည်မှာ ဆောင်းပါးထဲ၌ ဒေါက်တာ ဘင်ဂျမင်ဆိုင်မွန်၏ အသက်အရွယ်ကို ဖော်ပြမထားခဲ့ပေ။ ဆောင်းပါးထဲမှအဖြစ်များမှာ အနှစ် ၂၀ ကျော်ကြာပြီဖြစ်ရာ ဒေါက်တာဆိုင်မွန်သည် ယခုအချိန်တွင် သက်ရှိထင်ရှားမှ ရှိပါဦးမည်လား။

ဒေါက်တာဆိုင်မွန်မှာ ဆောင်းပါးအရ ဘော်စတွန်မြို့၊ ဘားစတိတ်လမ်း၌ ဆေးခန်းဖွင့်လှစ်ထားသည်ဟု ဆိုပေသည်။ ဘော်စတွန်မြို့မှာ ပို့စ်မောက်မြို့နှင့် အယ်မိုင်မျှသာ ဝေးသောကြောင့် သွားရောက်စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။ ဘော်စတွန်မြို့တွင်တော့ ဒေါက်တာဘင်ဂျမင်ဆိုင်မွန်ဆိုသော ထင်ရှားသည့် ဆရာဝန်တစ်ယောက်ကို စုံစမ်းရန် ခဲယဉ်းလိမ့်မည် မဟုတ်ပေ။

သို့နှင့် ကျွန်တော်သည် ဂျူတီအားလပ်သော ရက်တစ်ရက်၌ ဘော်စတွန်မြို့သို့ ထွက်ခဲ့လေသည်။

ဘော်စတွန်မြို့တွင် ဒေါက်တာဆိုင်မွန်အား စုံစမ်းရာ မခဲယဉ်းလှဘဲ အလွယ်တကူပင် တွေ့ခဲ့ရပါသည်။

ဒေါက်တာဆိုင်မွန်သည် အသက် ၇၀ အရွယ်ရှိနေပြီဖြစ်ကာ ဆေးခန်းဖွင့်တော့ဘဲ လုပ်ငန်းမှအနားယူနေပေပြီ။

ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ကာ လာရင်းအကြောင်းကို ပြောပြရလေသည်။ ကျွန်တော်၏ ပန်းကန်ပြားပျံ အတွေ့အကြုံနှစ်ခုကိုလည်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အနေနဲ့ အလုပ်က အနားယူခဲ့တာ ၅ နှစ်ရှိပါပြီ ဒေါက်တာ ဒါပေမဲ့ ဒေါက်တာကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်နေလို့ ကျွန်တော် ကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဒါပေမဲ့ ဒေါက်တာ့ကို စိတ်ညို့နောက်ကြောင်းပြန် ထုတ်ဖော်ဖို့နေရာမှာ ကျုပ်အတွက် လက်ထောက်နှစ်ယောက် လိုအပ်ပါတယ်။ ကျုပ်ရဲ့လက်ထောက်တွေကလည်း သေတဲ့လူသေ၊ တခြား ပြောင်းတဲ့သူ ပြောင်းကုန်ကြပြီ။ ဒီတော့ လက်ထောက်အကူ ၂ ယောက်ကို ငှားဖို့ ကုန်ကျစရိတ်ကိုတော့ ဒေါက်တာပဲ ကျခံရလိမ့်မယ်"

"ရပါတယ် ခင်ဗျာ။ ကုန်ကျစရိတ်အဝဝကို ကျွန်တော် ကျခံပါ့မယ်"

သို့ဖြင့် ဒေါက်တာဆိုင်မွန်နှင့် ညှိနှိုင်းအဆင်ပြေခဲ့ကာ ရက်ချိန်း သတ်မှတ်ခဲ့ကြပါသည်။

ကျွန်တော် ဆေးရုံမှ အားလပ်သည့်ရက်နှင့် ညှိ၍ ချိန်းဆိုခဲ့ရာ ပထမအကြိမ်စမ်းသပ်မှုကို အောက်တိုဘာလ ၃ ရက်နေ့တွင် စတင်ရန် သတ်မှတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား စိတ်ညို့နောက်ကြောင်းပြန် ဖော်ထုတ်ပုံ စနစ်မှာ ဘာနေတို့အကြောင်းဆောင်းပါးတွင် ဖော်ပြထားသည့်ပုံစံအတိုင်းပင် ဖြစ်ပါသည်။

စိတ်ညို့ခံရ၍ ကျွန်တော်မိန်းမောနေစဉ် ပြောသောစကားများကို ကက်ဆက်ဖြင့် အသံဖမ်းမှတ်တမ်းတင်ထားပါသည်။ လက်ထောက်တစ်ဦးကလည်း စာဖြင့် ရေးမှတ်ထားပါသည်။ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် စိတ်ညို့စစ်ဆေးခြင်းကို စတင်ခဲ့သည်။

ဒေါက်တာဆိုင်မွန်က ကျွန်တော့်စိတ်ကို ညို့ယူ၍ စိတ်ညို့စည်းအတွင်း ကျရောက်စေပြီးနောက် ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်ဆီသို့ ပြန်ရောက်စေခဲ့ပါသည်။

ယင်းကဲ့သို့စစ်ဆေးခဲ့ရာ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် တစ်ကြိမ်၊ ၁၀ ရက်တွင် တစ်ကြိမ်၊ ၁၇ ရက်တွင် တစ်ကြိမ် ၃ ကြိမ် စစ်ဆေးပြီးနောက် ကျွန်တော်တို့လင်မယားကြုံခဲ့ရသော ဖြစ်ရပ်မှန်ကို ရှင်းလင်းစွာ သိခဲ့ရလေတော့သည်။

ဒေါက်တာဆိုင်မွန်က ကျွန်တော့်ကို စိတ်ညို့ရာတွင် သာမန်လူများထက် လွယ်ကူကြောင်း၊ ထိုသို့ဖြစ်သည်မှာ ကျွန်တော်ကိုယ်တိုင် ဆရာဝန်တစ်ဦးဖြစ်နေ၍ ဆေးကုသမှုလုပ်ငန်းတွင် မသိစိတ်မှပါဝင် ကူညီပေးနေ၍ ဖြစ်ကြောင်း ပြောပြပါသည်။ သူကပင် ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ပြောပါသေးသည်။

ကျွန်တော့်အား တစ်ပတ်လျှင်တစ်ကြိမ်ဖြင့် ၃ ပတ် ၃ ကြိမ် စိတ်ညို့စစ်ဆေးအပြီးတွင် ကျွန်တော် ဖြေကြားသည့် အဖြေများကို ပေါင်းစပ်စုစည်းလိုက်သည့်အခါ အောက်ပါဖြစ်စဉ်ကြီးသည် ရုပ်လုံးကြွပေါ်လွင်လာရလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် တီ ... တီ ဟု သံရှည်ဆွဲမြည်သံများ ကြားသည်တွင် အိပ်ချင်စိတ်များ တားမရအောင် ပေါ်လာလေ၏။

တီ ... တီ အသံကြောင့် အိပ်ပျော်နေသော ကျွန်တော့်ဇနီးမှာ လန့်နိုးလာပြီး "ဆရာ ... ဘာဖြစ်" ဟု မေးလိုက်ရင်းမှ စကားမဆုံးဘဲ ပြန်လည်အိပ်ပျော်သွားလေ၏။ သူမသည် အသံကြောင့် လန့်နိုးလာခြင်းဖြစ်ပြီး ချက်ချင်းပြန်လည်အိပ်ပျော်သွားခြင်း ဖြစ်လေသည်။

ထိုအခိုက် ကျွန်တော့်ကားလေးမှာ တုံ့ခနဲ ရပ်သွားလေ၏။ ကျွန်တော် မောင်းနှင်နေစဉ်မှာပင် အရှိန်မလျော့၊ ဘရိတ်မနင်းဘဲ ညင်သာစွာ တိခနဲ ရပ်သွားခြင်း ဖြစ်လေသည်။

ကျွန်တော်သည် အိပ်ချင်စိတ်ကိုတင်းခံကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်လေသည်။

ထိုအခါ ကျွန်တော့်ကားဆီသို့ ရွေ့လျားလာနေသော အရိပ်သဏ္ဍာန် ၆ ခုကို တွေ့မြင်လိုက်ရလေသည်။ လူရိပ် ၆ ခုဖြစ်ပြီး လျင်မြန်စွာပင် ကားဆီသို့ ရောက်လာလေသည်။

သူတို့သည် ၃ ယောက်စီခွဲကာ ကျွန်တော်ရှိသည့် ဘက်ခြမ်းတွင် ၃ ယောက်၊ မိမိရှိရှိသည့် ဘက်ခြမ်းတွင် ၃ ယောက် ရပ်လိုက်ကြသည်။

ထို့နောက် နှစ်ဖက်စလုံးမှ ကားတံခါးများကို ဆွဲဖွင့်လိုက်ကြလေ၏။

သူတို့သည် ကျွန်တော်တို့နှစ်ယောက်စလုံးကို ဆွဲယူလိုက်ကြရာ နှစ်ယောက်စလုံး ကားအပြင်သို့ အလွယ်တကူ ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား နှစ်ယောက်က လက်မောင်းတစ်ဖက်စီမှ ကိုင်ထားပြီး ကျန်တစ်ယောက်က အမှုအရာဖြင့် ညွှန်ကြားနေဟန်တူပေသည်။ မိမိရီဘက်တွင်လည်း ထိုနည်းအတိုင်း နှစ်ယောက်က ညှပ်ကိုင်ထားကာ တစ်ယောက်ကသောနေ့ ခေါ်ကြည့်နေလေ၏။

ထို့နောက် သူတို့သည် ဘာမှမပြောဘဲ ကျွန်တော်တို့လင်မယားအား သမ်းဘောဲဆီသို့ တွဲခေါ်သွားကြလေ၏။

သူတို့ဆွဲခေါ်သွားရာ နောက်သို့ စိတ်ထဲမှ ငြင်းဆန်နေရင်းကြားမှ အလွယ်တကူ ပါသွားသည်ကို အံ့ဩစွာဖြင့် ကျွန်တော်က လေ့လာကြည့်လိုက်လေသည်။ ထိုအခါ ကျွန်တော်၏ခြေထောက်များသည် မြေကြီးနှင့်မထိဘဲ ကြွနေကာ သူတို့ခေါ်ဆောင်ရာနောက်သို့ အလိုလိုမျောပါသွားခြင်း ဖြစ်ကြောင်း တွေ့ရလေ၏။

သူတို့သည် ကျွန်တော့်အား မြေနှင့်မထိအောင် ချုပ်နှောင်ထား၍ မဟုတ်။ သူတို့ကိုယ်တိုင်သည်လည်း ခြေထောက်များ မြေမှကြွကာ လမ်းလျှောက်စရာမလိုဘဲ ရွေ့လျားနိုင်ကြောင်းကို တွေ့လိုက်ရ၏။

မိမိရီဘက်သို့ လှည့်ကြည့်လိုက်ရာ ထိုနည်းတူစွာပင် လူ ၂ ယောက်က မြေပေါ်တွင် ရှပ်၍လမ်းမလျှောက်ဘဲ ရွေ့လျားနေကာ မိမိရီသည်လည်း သူတို့ ခေါ်ဆောင်သည့်အတိုင်း ရွေ့မျောပါနေသည်ကို တွေ့ရ၏။

မိမိရီက အိပ်ပျော်လျက်ပင်ရှိကာ လူနှစ်ယောက်လက်ထဲ၌ ခေါင်းငိုက်စိုက်ကျနေပေ၏။

"ရီလေး ... ရီလေး၊ မအိပ်နဲ့ ... အိပ်မနေနဲ့လေ"

ကျွန်တော်က စိုးရိမ်စွာ မိမိရီကို လှမ်းအော်သတိပေးလိုက်လေသည်။ မိမိရီက မကြားဘဲ အိပ်ပျော်လျက်ပင် ပါသွားလေသည်။

"မစိုးရိမ်ပါနဲ့၊ သူဘာမှမဖြစ်ပါဘူး"

ကျွန်တော့်ရှေ့မှဦးဆောင်သွားသူက နောက်သို့လှည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။

"ခင်ဗျားတို့ ကျုပ်တို့ကို ဘယ်ခေါ်သွားမလို့လဲ"

"မဝေးပါဘူး။ ခဏလေးပါ။ ပြီးတာနဲ့ ခင်ဗျားတို့ကို ပြန်လွှတ်ပေးပါမယ်"

"ခင်ဗျားတို့ ကျုပ်တို့ကို ဘာလုပ်မလို့လဲ"

ထိုသူက ကျွန်တော့်အမေးကို ပြန်မဖြေတော့ပေ။ နောက်သို့ ဆက်ကြည့်တော့ဘဲ ရှေ့သို့ဆက်ရွေ့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ကောင်းကင်၌ရပ်တန့်ထားသော မီးများ ထိန်ထိန်လင်းနေသည့် ပန်းကန်ပြားပျံကြီးကို မြင်လိုက်ရလေ၏။ ထိုပန်းကန်ပြားပျံကြီးမှာ ထင်းတစ်ချောင်းလုံး ကျွန်တော်တို့နောက်ကို လိုက်လာခဲ့သော ယာဉ်ပျံကြီးပင် ဖြစ်ပါသည်။

ပန်းကန်ပြားပျံကြီးကို သစ်ပင်များ၏ထိပ်ဖျားပေါ်၌ ရပ်တန့်ထားလေသည်။

ထိုနေရာအရောက်တွင် သူတို့အားလုံး မြေပေါ်မှကြွ၍ ပျံတက်သွားကြလေသည်။ ကျွန်တော်နှင့် မိမိရီသည်လည်း လူနှစ်ယောက် ဖမ်းချုပ်ထားသည့်ကြားတွင် သူတို့နှင့်အတူ မိုးပေါ်သို့ ပျံတက်ပါသွားကြလေ၏။

ယာဉ်ပျံကြီးဆီအရောက်တွင် အသင့်ပွင့်နေသော တံခါးပေါက်မှ တစ်ဆင့် ရှေ့မျောဝင်လိုက်ကြလေ၏။

အပေါ်ရောက်မှပင် ယာဉ်ပျံကိုရပ်တန့်ထားခြင်းမှာ သစ်ပင်များကို အားပြု၍ သစ်ပင်များပေါ်၌ မှီတွယ်ရပ်တန့်ထားခြင်းမဟုတ်။ သစ်ပင်ထိပ်ဖျားများနှင့် ကင်းလွတ်ပြီး လေထဲ၌ ရပ်တန့်ထားခြင်းသာဖြစ်ကြောင်း တွေ့ရလေ၏။

ယာဉ်ပျံအတွင်းထဲသို့ရောက်သည်တွင် အလင်းရောင်ကြောင့် ကျွန်တော့် မျက်စိများ ကျိန်းစပ်သွားလေသည်။ မျက်လုံးကို ခေတ္တပိတ်ထားလိုက်ရသည်။

မျက်လုံးများ ပြန်ဖွင့်လိုက်ချိန်တွင် ကျွန်တော်တို့အား ခေါ်ဆောင်လာသူများ၏ အသွင်သဏ္ဌာန်ကို မျက်ဝါးထင်ထင် မြင်လိုက်ရလေ၏။

ကျွန်တော်တို့သည် ယာဉ်ပျံ၏အောက်ထပ်သို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ ယာဉ်ပျံထဲ၌ ကျွန်တော်တို့အား စောင့်ဆိုင်းနေကြသည့်သူ ဆယ်ဦးထက် မနည်းရှိမည်ဟု ယူဆရသည်။ ကျွန်တော်တို့အား ခေါ်ဆောင်လာသူမှာ ၆ ဦးဖြစ်သည်။ ယာဉ်၏အပေါ်ထပ်တွင်လည်း အလားတူလူများ ရှိပေလိမ့်ဦးမည်။

အလင်းရောင်ကြောင့် သူတို့ကို ပီပီပြင်ပြင် မြင်လိုက်မှပင် သူတို့သည် ဂြိုဟ်သားများဖြစ်ကြောင်း ထင်ရှားသွားလေ၏။

အမှောင်ထဲတွင်မြင်ရစဉ် ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းတစ်လုံးပါသောသူများဖြစ်ပြီး အရပ်အမောင်းမှာလည်း ကျွန်တော်တို့နှင့် မတိမ်းမယိမ်း ဖြစ်သောကြောင့် အသွင်သဏ္ဌာန်မကွဲပြားဟု ထင်မိလေသည်။

အလင်းရောင်တွင် မျက်ဝါးထင်ထင်မြင်မှပင် မျက်နှာများမှာ ကျွန်တော်တို့လူသားများနှင့် မတူကြောင်း တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ဦးခေါင်းသည် ဘဲဥပုံသဏ္ဌာန်ဖြစ်၏။ ခေါင်းထက်၌ ပေါက်နေသော ဆံပင်များမှာ လွန်စွာသန်စွမ်းဟန်ရှိပေသည်။ အထက်သို့ မတ်၍ ထောင်နေကြသည်။

အထူးခြားဆုံးမှာ မျက်နှာသွင်ပြင်ဖြစ်ပါ၏။

သူတို့မျက်နှာမှာ ကျွန်တော်တို့လူသားများကဲ့သို့ပင် မျက်လုံး ၂ လုံး၊ နှာရှုပေါက် ၂ ပေါက်(နှာခေါင်းတစ်ခုဟု မဆိုလိုပါ)၊ ပါးစပ်တစ်ပေါက် ရှိကြလေသည်။

သို့သော် ထိုအရာများသည် မျက်နှာပေါ်တွင် ဖုထစ်မနေဘဲ တစ်သားတည်း တစ်ပြင်တည်း ရှိနေကြပေ၏။ မျက်လုံးသည် ရှည်မျောမျော အပေါက်ကလေးအတွင်း၌ရှိနေပြီး မျက်ခမ်းပေါ်၌ မျက်ရစ်မရှိပါ။ မျက်တောင်မွေးလည်း မရှိပါ။ ကျွန်တော်တို့ကဲ့သို့ ဖုထစ်နေသောနှာတံမရှိဘဲ နှာတံနေရာ၌ ပြောင်ချောကြီး ဖြစ်နေသည်။ အသက်ရှုပေါက်ကလေးနှစ်ပေါက်မှာ အရေပြားပေါ်၌ ဝိုင်းစက်စွာ ပေါက်နေပေ၏။ (ထို့ကြောင့် ရှေ့ပိုင်းတွင် အသက်ရှုပေါက်ဟုပြောခဲ့ပြီး နှာခေါင်းဟု မသုံးနှုန်းခဲ့ခြင်း ဖြစ်ပါသည်)။ ပါးစပ်မှာလည်း အလားတူပင် ရှည်မျောမျောအပေါက်တစ်ခုသာ ဖြစ်သည်။ အသားပြင်ကို ဓားဖြင့် လှီးဖောက်ထားသကဲ့သို့ ရှိပေ၏။ နှုတ်ခမ်းသား မပါပေ။

နားရွက်ကိုသတိရ၍ ကျွန်တော်က လှမ်းကြည့်သောအခါ နားရွက်မတွေ့ရဘဲ နားရွက်နေရာတွင် အပေါက်ဝိုင်းဝိုင်းလေးတစ်ခုသာ တွေ့ရပေသည်။

သူတို့၏ဦးခေါင်းပိုင်းပုံသဏ္ဌာန်ကို လွယ်လွယ်ဥပမာပေးရလျှင် စာချောက်ရုပ် ဦးခေါင်းနှင့် တူလှပေ၏။ စာခြောက်ရုပ်ဦးခေါင်းကို အိုးတစ်လုံးပေါ်တွင် မျက်လုံး၊ နှာတံ၊ ပါးစပ်ပေါက်နေရာများ၌ မီးသွေးခဲဖြင့် ရေးခြယ်ထားရသည် မဟုတ်ပါလား။ ပြောင်ချောနေသော အိုးပေါ်တွင် အရာထင်ရုံရေးခြယ်ထားခြင်းသာ ဖြစ်သည်။

ဂြိုဟ်သားများ၏ မျက်လုံး၊ နှာခေါင်းပေါက်၊ ပါးစပ်များသည်လည်း ဘဲဥပုံလုံးချောကြီးပေါ်တွင် အရာထင်ရုံသာ ရှိနေပေ၏။

သူတို့၏ကိုယ်လုံးသည်လည်း ဆလင်ဒါပုံ ထုလုံးရှည်ကြီး ဖြစ်ပေသည်။ ရင်အုပ်၊ တင်ပါး၊ ပခုံးသားစသည့် ဖုထစ်ကြွရှနေရမည့်နေရာများ၌ လူသားတို့ကဲ့သို့ ဖုထစ်မနေပါ။

တစ်ကိုယ်လုံးခြုံ၍ဆိုရလျှင် ဂြိုဟ်သားတို့၏ပုံပန်းသဏ္ဌာန်သည် ပုလင်းတစ်လုံးပေါ်တွင် ဘဲဥခွံ စွပ်ထားသည့်ပုံစံမျိုး ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ယာဉ်အတွင်းပိုင်းရောက်သည်နှင့် ဗြိုဟ်သားတို့၏ပုံသဏ္ဌာန်ကို လေ့လာမှတ်သားလိုက်မိလေသည်။

ကျွန်တော့်အား တွဲခေါ်လာသူနှစ်ဦးသည် ကုလားထိုင်တစ်လုံးပေါ်၌ (ကုလားထိုင်တွင် နောက်မှီမပါ) ထိုင်ခိုင်းလိုက်သည်။

ကျွန်တော်က မိမိရီအား လှမ်းကြည့်လိုက်ရာ မိမိရီသည် အိပ်ပျော်နေဆဲပင်။

"ရီလေး ... ရီလေး"

ကျွန်တော်က အသံကျယ်ကျယ်ဖြင့် ခေါ်လိုက်လေသည်။

မိမိရီသည် လန့်နိုးသွားကာ ကျွန်တော့်ဘက် လှည့်ကြည့်လိုက်လေသည်။ စူးဝါးသော အလင်းရောင်ကြောင့် မျက်စိကျိန်းသွားပုံရသည်။ သူမက မျက်လုံးကို ပြန်မှိတ်လိုက်၏။ ခဏမနေမှ မျက်လုံးကို ပြန်ဖွင့်ကာ ကျွန်တော့်ကို ကြည့်လိုက်လေသည်။

မိမိရီသည် သတိဝင်လာကာ ကျွန်တော့်အား –

"ဆရာ"

ဟု တစ်ချက်လှမ်းခေါ်လိုက်သည်။

သို့သော် ထိုအချိန်လေးသာ မိမိရီ နိုးကြားလာခဲ့ခြင်းဖြစ်သည်။ ချက်ချင်းမှာပင် သူမ ပြန်လည်အိပ်ပျော်သွားလေ၏။ ဗြိုဟ်သားနှစ်ဦးလက်တွင် ခေါင်းငိုက်စိုက် ပြန်ကျသွားသည်။

ကျွန်တော့်ကိုတွဲခေါ်လာသော ဗြိုဟ်သားနှစ်ဦးက ကျွန်တော့်အား ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းထားသော်လည်း မိမိရီကိုမူ ဆက်၍တွဲခေါ်သွားကြလေ၏။

"ခင်ဗျားတို့ သူ့ကို ဘယ်ခေါ်သွားကြမလို့လဲ"

ကျွန်တော်မေးသည်ကို ဘယ်သူမှပြန်မဖြေကြပေ။

ဗြိုဟ်သားနှစ်ဦးက အပေါ်ထပ်နှင့် အောက်ထပ်ဆက်သွယ်ထားသောနေရာသို့ မိမိရီကို ခေါ်သွားကြလေသည်။ သူတို့သည် လမ်းလျှောက်စရာမလိုဘဲ ရှာန်ဖြင့် ရွေ့လျားနိုင်ပါလျက်နှင့် လှေကားတော့ လုပ်ထားကြသားပဲ။

သို့သော် လှေကားသည် အထစ်များဖြင့် မဟုတ်ဘဲ၊ သင်္ဘောပေါ်ကြမ်းစပ်သို့ဆက်သွယ်သည့် ကုန်းဘောင်ကဲ့သို့ ဆင်ခြေလျှောမျှသာဖြစ်သည်။

ဗြိုဟ်သားနှစ်ဦးက ထိုဆင်ခြေလျှောပေါ်မှာ ရှပ်တိုက် ရွေ့လျားကာ မိမိရီကို အပေါ်ထပ်သို့ခေါ်ဆောင်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ခင်ဗျားတို့ သူ့ကို ဒုက္ခမပေးနဲ့နော်။ သူ့မှာ ကိုယ်ဝန်ကြီးနဲ့ဗျ"

"ဪ ... ခင်ဗျားဇနီးမှာ ကိုယ်ဝန်ရှိနေသလား"

ကျွန်တော့်ရှေ့တွင် ဦးဆောင်ခေါ်ငင်လာသည့် ဂြိုဟ်သားက မေးလိုက်ခြင်းဖြစ်သည်။

သူသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်၏။

"မစိုးရိမ်ပါနဲ့၊ အနည်းငယ်လေ့လာပြီးတာနဲ့ ခင်ဗျားတို့ကို ပြန်ပို့ပေးပါမယ်"

သူက အေးဆေးသောလေသံဖြင့် ပြောလိုက်လေသည်။

"ခင်ဗျားနာမည်က ဆရာလား"

"ဗျာ"

သူ့အမေးကြောင့် ကျွန်တော်အံ့သြသွားလေသည်။

"ခင်ဗျားဇနီးက ခင်ဗျားကို ဆရာလို့ခေါ်တာ ကြားလိုက်လို့ပါ။ ခင်ဗျားတို့ ကမ္ဘာသားတွေဟာ လူတိုင်းနာမည်မှည့်ကြတယ် မဟုတ်လား"

သူ့အမေးကြောင့် ကျွန်တော်ရယ်ချင်သွားပြန်သည်။

"ကျွန်တော့်နာမည်မျိုးနောင်ပါ၊ ကျွန်တော့်ဇနီးက ဆရာလို့ခေါ်တာ သူ့ရဲ့ကိုယ်ပိုင်အခေါ်အဝေါ်ပါ"

"ဗျာ ... ကိုယ်ပိုင်အခေါ်အဝေါ်၊ ခင်ဗျားဇနီးနာမည်က ရီလေးနော်"

သူသည် မှတ်ဉာဏ်တော့ အတော်ကောင်းပုံရသည်။ ကျွန်တော်တို့ ဇင်မယား အပြန်အလှန်ခေါ်လိုက်သော အခေါ်အဝေါ်များကို မှတ်မိနေပေ၏။

"ရီလေးဆိုတာလည်း ကျွန်တော့်ဇနီးကို ကျွန်တော်ကခေါ်တဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အခေါ်အဝေါ်ပါ"

ကျွန်တော်က ရယ်ရင်းနှင့် ပြောလိုက်သည်။

သူ နားလည်ပုံမရပေ။ ဂြိုဟ်သား အူကြောင်ကြောင်ဖြစ်နေပုံကို ကြည့်၍ ကျွန်တော်ရယ်ချင်နေကာ လတ်တလော စိုးရိမ်ပူပန်မှုများကိုပင် မေ့သွားလေသည်။

"ကျွန်တော့်ဇနီးနာမည်က မိမိရီပါ၊ ရီလေးဆိုတာ အဖျားဆွတ်ခေါ်တာ"

"အဖျားဆွတ်တယ်"

သူ နားလည်ပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



"မိမိရှိဆိုတဲ့ နာမည်ထဲက ရှိဆိုတဲ့ စာလုံးကိုယူပြီး ကျွန်တော်အား ချစ်စနိုးခေါ်လိုက်တာပါ"

"ချစ်စနိုး"

"ထားပါတော့ဗျာ၊ ကျွန်တော်တို့လူသားတွေမှာ ရင်းနှီးတဲ့ လူအချင်းချင်းကျတော့ နာမည်ရင်း မခေါ်ကြဘူး။ ဒီလိုပဲ ကိုယ့်အချင်းချင်း အသိအမှတ်ပြုထားတဲ့ အခေါ်အဝေါ်နဲ့ ခေါ်ကြတယ်"

သူက နားရှင်းပုံမရသော်လည်း ထိုအကြောင်းကို ဆက်မမေးတော့အေး ကျွန်တော်တို့မြန်မာလူမျိုးများတွင် အသက်အရွယ်လိုက်၍ ဦး၊ ဒေါ်၊ ကို၊ မ မောင် တပ်၍ခေါ်ရကြောင်း ပြောပြလိုက်လျှင် ဂြိုဟ်သား သွက်သွက်လည်သွား နိုင်ပေသည်။

"ခင်ဗျားနာမည်ကရော ဘယ်လိုခေါ်လဲ။ လူသားမတွေနာမည်မှည့်ကြ သလားလို့ ခင်ဗျား မေးခဲ့တယ်နော်။ ခင်ဗျားတို့လည်း နာမည်မှည့်ကြတာပဲ မဟုတ်ဘူးလား"

"ကျွန်တော့်မှာတော့ နာမည်ရှိပါတယ်။ နာမည်မှည့်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဂြိုဟ်သားတိုင်းမှာတော့ နာမည်မရှိပါဘူး။ ကျွန်တော်တို့ဟာ နာမည်မှည့်ဖို့ လိုအပ်တဲ့သူကိုပဲ နာမည်မှည့်ကြပါတယ်"

"ဟင် ... လူတိုင်းမှာ နာမည်မရှိကြဘူးပေါ့"

"ဟုတ်ကဲ့ ... အရေးပါအရာရောက်တဲ့သူ၊ အရေးကြီးပုဂ္ဂိုလ်တွေကို သာ နာမည်မှည့်ပေးထားပါတယ်။ ကျွန်တော့်မှာ နာမည်ရှိပါတယ်။ ဟောဒီယာဉ် ပေါ်မှာ ဂြိုဟ်သား ၂၀ တိတိပါပါတယ်။ ဂြိုဟ်သား ၂၀ ထဲမှာ ၃ ယောက်သာ နာမည် ရှိပါတယ်။ ကျွန်တော်ရယ်၊ ယာဉ်ပျံကို မောင်းနှင်တဲ့ယာဉ်မှူးရယ် ဟောဟိုက ဆရာဝန်ရယ်ပါ"

သူက ဆရာဝန်ဆိုသူအား လက်ညှိုးညွှန်ပြသည်။ ဆရာဝန်သည် သူနှင့်မိတ်ဆက်ပေးသော်လည်း ကျွန်တော့်ကို ခပ်တည်တည် ကြီးကြည့်နေ၏ အသိအမှတ်ပြုသည့် အမူအရာမပြပေ။

"ဒါဖြင့် ခင်ဗျားက အရေးပါ အရာရောက်သူတစ်ယောက်ပေါ့။ ဘယ် လိုအရေးပါတာလဲ"

"ဒီခရီးစဉ်အတွက် ဒီယာဉ်ပျံပေါ်မှာ ကျွန်တော့်ဟာ အရေးပါအရာ ရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ကမ္ဘာကို လာတဲ့ ခရီးစဉ်မှာ ကျွန်တော်က ဦးဆောင်လာခဲ့ရသူမို့ပါ"

"ဒါဖြင့် ခင်ဗျားနာမည်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကမ္ဘာသားတွေရဲ့ ပါးစပ်နဲ့ ခေါ်ရလွယ်အောင် ကျွန်တော့်နာမည်ကို ဒွန်လို့ပဲ မှတ်ထားပါ"

"ဒွန်"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် ဒွန်ပါ"

"ဒီလိုဆို မသိလို့မေးပါရစေဦးဗျာ၊ နာမည်မရှိတဲ့သူတွေကို ခင်ဗျားတို့က စကားပြောချင်ရင် ဘယ်လိုပြောလဲ၊ ဘယ်လိုခေါ်လဲ"

"ကျွန်တော်တို့ဟာ စကားမပြောကြပါဘူး။ ဂြိုဟ်သားတစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်စရာရှိရင် စိတ်နဲ့ပဲ ဆက်သွယ်ကြပါတယ်။ မနောနဲ့ပဲ ပြောကြပါတယ်"

"ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ဂြိုဟ်ပေါ်မှာ အသံကိုအသုံးမပြုကြပါဘူး။ ကျွန်တော်တို့ဟာ အသံထွက်စရာမလိုဘဲ တစ်ယောက်နဲ့တစ်ယောက် စိတ်မနောနဲ့ ပြောဆိုဆက်သွယ်ကြပါတယ်"

"သြော် ... ဒါကြောင့် ခင်ဗျားတစ်ယောက်တည်း စကားပြောပြီး ယာဉ်ကြီးပေါ်မှာ တိတ်ဆိတ်နေတာကိုး။ ဒါဖြင့် ခင်ဗျားကတော့ ကျုပ်တို့ကမ္ဘာသားတွေပြောတဲ့ အင်္ဂလိပ်စကားကို ဘာလို့ပြောတတ်နေတာလဲ"

"လေ့ကျင့်ထားတာပါ၊ အလွန့်အလွန် အပင်ပန်းခံပြီး လေ့ကျင့်ထားခဲ့ပါတယ် မျိုးနောင်"

မည်သို့ဆိုစေ ခရီးစဉ်၏ခေါင်းဆောင်ဆိုသော ဂြိုဟ်သားဒွန်ကို ကျွန်တော် *အထင်ကြီးသွားမိလေသည်။ ဒွန်သည် အတော်ဉာဏ်ကောင်း၍ ထက်မြက်သူတစ်ဦး* ဖြစ်ပေလိမ့်မည်။ သို့ကြောင့်သာ ယာဉ်ကို ခေါင်းဆောင်အဖြစ် အုပ်ချုပ်နေရခြင်း ဖြစ်ပေမည်။

"အသံကိုအသုံးမပြုဘူးဆိုတော့ ခင်ဗျားတို့နားတွေဟာလည်း မကြားဘူးပေါ့"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ကြားရပါတယ်။ အခု မျိုးနောင်နဲ့ ကျွန်တော်နဲ့ပြောနေတဲ့ စကားတွေကို သူတို့အားလုံး ကြားနေကြပါတယ်။ နားသာ မလည်တာပါ"

"စကားပြောစရာ မလိုဘူးဆိုတော့ ခင်ဗျားတို့ပါးစပ်တွေဟာ ဘာမှ အသုံးမဝင်တော့ဘူးပေါ့"

"အစာစားဖို့အတွက် အသုံးဝင်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်သားပဲ၊ ဒါဖြင့် ခင်ဗျားတို့ဟာ ပါးစပ်က အသံထွက် တတ်ကြသလား"

"ထွက်တတ်ပါတယ်။ ဒါပေမဲ့ ဂြိုဟ်သားတွေဟာ အသံငါးမျိုးပဲ ထွက် တတ်ပါတယ်။ အသံကိုအသုံးပြုစရာမလိုလို့ အသံထွက်စရာလည်း မလိုပါဘူး"

"ခင်ဗျားကိုတော့ ချီးကျူးပါတယ်ဒွန်။ အသံငါးမျိုးပဲ ထွက်တတ်တဲ့ ဂြိုဟ်သားတစ်ယောက်က ကမ္ဘာပေါ်က အင်္ဂလိပ်စကားကို သွက်သွက်လက် လက် ပြောနိုင်တာ အံ့ဩစရာပါပဲ"

"အဲဒါကြောင့် အလွန့်အလွန် အပင်ပန်းခံပြီး လေ့ကျင့်ခဲ့ရတယ်လို့ ပြောတာပါ မျိုးနောင်"

"ကွန်ဂရက်ကျူလေးရှင်းပါဗျာ"

"မျိုးနောင် ... ကျွန်တော်တို့ဟာ မျိုးနောင်တို့လင်မယားကို လူသား တွေကိုယ်စား လေ့လာချင်လို့ ဒီယာဉ်ပေါ်ကို ခေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီ ပေါ်ရောက်တော့ မျိုးနောင်ကသာ ကျွန်တော့်ကို မေးခွန်းတွေမေးနေခဲ့ပါတယ်"

"ဟာ ... ဆောရီးဗျာ၊ ခင်ဗျား ဘာသိချင်သလဲ ဒွန်၊ မေးပါ"

"ကျွန်တော်တို့ဟာ လူသားတချို့ကို လေ့လာပြီးပါပြီ။ ကျွန်တော်တို့ ဟာ အလွန်မည်းနက်တဲ့လူတွေနဲ့ အလွန်တရာဖြူဆွတ်တဲ့သူတွေကိုသာ တွေ့ခဲ့ ဖူးပါတယ်။ မျိုးနောင်တို့ လင်မယားအသားအရေဟာ မည်းလည်းမမည်း၊ ဖြူ လည်း မဖြူပါ၊ ဘယ်လိုကြောင့်ပါလဲ"

"ကျွန်တော်တို့ဟာ ကမ္ဘာကြီးရဲ့တစ်ဖက်ခြမ်းက တိုင်းပြည်မှာ မွေးခဲ့သူ တွေ ဖြစ်ပါတယ် ဒွန်။ ကမ္ဘာ့အရှေ့ခြမ်းကလူသားများဟာ လူဝါမျိုးနွယ်များ ဖြစ်ပါတယ်၊ ကျွန်တော်တို့လင်မယားဟာ လူဝါမျိုးတွေဖြစ်နေလို့ ဒွန် အရင်တွေ့ ဖူးတဲ့ လူဖြူလူမည်းတွေနဲ့ မတူရတာပါ"

"ဩော် ... ဩော်၊ ဒါနဲ့ မျိုးနောင်ဟာ ဘာအလုပ်လုပ်ပါသလဲ"

"ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ"

"ဟင် ... ဆေးကုတဲ့ဆရာဝန်လား"

"ဒါပေါ့ဗျ"

ဒွန်သည် ကျွန်တော့်အား ဆရာဝန်တစ်ဦးဖြစ်ကြောင်း သိလိုက်ရ၍ အလွန် အံ့ဩသွားပုံရလေသည်။

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်တို့ဟာ အလျဉ်းသင့်တဲ့ လူကိုပဲ ခေါ်ပြီးလေ့လာခွင့်ရတာပါ။ မထင်မှတ်ဘဲ မျိုးနောင်က ဆရာဝန်ဖြစ်နေတော့ ဝမ်းသာစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒွန်က စောစောက ဆရာဝန်ဟု လက်ညှိုးထိုးပြထားသော ဗြိတ်သားကို လှမ်းကြည့်လိုက်သည်။ မနေ့ာဖြင့် ဆက်သွယ်စကားပြောဆိုပုံရ၏။

ဗြိတ်သားဆရာဝန်သည် ကျွန်တော့်ရှေ့သို့ရောက်လာကာ ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်လေသည်။

"မျိုးနောင်ကို ဆရာဝန်တစ်ယောက်မှန်း သိရလို့ နှုတ်ဆက်တာပါ။ တွေ့ရတာဝမ်းသာပါတယ်တဲ့။ သူ့နာမည်ကို ဗြီ လို့ မှည့်ထားပါတယ် မျိုးနောင်"

"ဒေါက်တာဗြီနဲ့ သိကျွမ်းရတဲ့အတွက် ကျွန်တော်ကလည်း ဝမ်းသာကြောင်း ပြောပေးပါဦး"

ဒွန်က စိတ်ချင်းဆက်သွယ်ပြောလိုက်ရာ ဒေါက်တာဗြီသည် ကျွန်တော့်ကို ဦးညွှတ်၍ပြုံးပြန်လေ၏။

"ကဲ ... ဒေါက်တာမျိုးနောင် စကားပြောလို့ကောင်းပါတယ်။ အချိန်ရှိတုန်း ခင်ဗျားရဲ့ခန္ဓာဗေဒကို စစ်ဆေးကြည့်ပါရစေဦး။ ဒေါက်တာဗြီက စစ်ဆေးပေးပါလိမ့်မယ်"

"လိုလို့လားဗျာ"

"လိုအပ်ပါတယ်၊ ဒေါက်တာမျိုးနောင်တို့လင်မယားကို ဒီယာဉ်ပေါ် ခေါ်ယူရခြင်းရဲ့ ရည်ရွယ်ချက်က ဒါပါပဲ"

"ဒါနဲ့ ခင်ဗျားတို့ ကျွန်တော့်မိန်းမကို အပေါ်ထပ်ခေါ်သွားတာ ကြာလှချည်လားဗျ"

"အပြင်ပန်းလေ့လာရုံလောက်ပါ။ ပြီးပါတော့မယ်၊ နှစ်ယောက်စလုံးကို ဆေးလာပြီးတာနဲ့ ခင်ဗျားကားပေါ်အရောက် ပြန်ပို့ပေးပါ့မယ် ဒေါက်တာမျိုးနောင်"

●

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်သားနှစ်ဦးက ဆေးခန်းရှိရာသို့ တွဲခေါ်သွားကြပြန်၏။ ဆရာဝန်နှင့် ဒွန်တို့လည်း လိုက်ပါလာကြသည်။

ဆေးခန်းထဲရောက်သည့်အခါ ကျွန်တော့်ကို ခုတင်ပေါ် လှဲခိုင်းလိုက်သည်။

ထို့နောက် ဂြိုဟ်သားနှစ်ဦးက ကျွန်တော်၏အဝတ်အစားများကို လျင်မြန်စွာ ဆွဲချွတ်လိုက်ကြလေသည်။ မြန်လွန်း၍ တားဆီးချိန်ပင်မရလိုက်ဘဲ ခဏချင်းမှာ ကျွန်တော်သည် ကိုယ်လုံးတီး ဖြစ်သွားလေ၏။

ကျွန်တော်သည် ဆရာဝန်တစ်ယောက်ဖြစ်၍ လူနာများကို ဤပုံအတိုင်း စမ်းသပ်ဖူးသော်လည်း ကိုယ်တိုင် ကိုယ်လုံးတီးအချွတ်ခံလိုက်ရသည့်အခါ မျက်နှာမထားတတ်အောင် ဖြစ်နေ၏။ သူတို့က ကျွန်တော့်ဆီက သဘောတူညီချက်မယူဘဲ အဝတ်အစားများကို ချွတ်ပစ်လိုက်ကြခြင်းဖြစ်သည်။

ဆရာဝန်သည် ကျွန်တော့်ကိုယ်လုံးအနှံ့ကို ပြားပြားဝိုင်းဝိုင်းကိရိယာလေးဖြင့် လိုက်ထောက်၍စမ်းလေသည်။ ထိုကိရိယာသည် ကျွန်တော်တို့ သုံးသော နားကြပ်၏ ထိပ်ဖူးလေးနှင့်တူသော်လည်း နောက်ဘက်တွင် ကြိုးမပါ၊ နားရွက်မှာတပ်၍နားထောင်ရန်လည်း နားကြပ်မပါပေ။

ထိုအပြားလေးနှင့် အလွတ်လိုက်ထောက်နေခြင်းသာ ဖြစ်သည်။ သူတို့ဆီက စမ်းသပ်ပုံထင်ပါရဲ့။

အပြားလေးဖြင့် တစ်ကိုယ်လုံးအနှံ့ လိုက်စမ်းပြီးသည့်အခါ ဒေါက်တာဗြိသည် ကျွန်တော်၏မတော်ရာနေရာကို လှမ်းကိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... မလုပ်နဲ့"

ကြားပင်ကြားသော်လည်း ကျွန်တော်ပြောသည်ကို ဒေါက်တာဗြိက နားလည်မည် မဟုတ်ပေ။

ဒေါက်တာဗြိသည် ကျွန်တော်၏ကျွားအင်္ကျီကို ပယ်ပယ်နယ်နယ် ကိုင်တွယ်စမ်းသပ်နေလေ၏။ အပြားပိုင်းလေးနှင့်လည်း နေရာအနှံ့ လိုက်တို့နေပြန်လေသည်။

ကျွန်တော်က ရုန်းထမည်ပြင်သည့်အခါ ဂြိုဟ်သားနှစ်ဦးက ကျွန်တော့်ပခုံးနှစ်ဖက်ကို ဖိထားလေသည်။

ဒေါက်တာဗြိသည် ကျွန်တော်၏ဖွေးစေ့နှစ်လုံးကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်ကြည့်ပြန်သည်။ ထို့နောက် အားရပါးရ ဖျစ်ညှစ်လိုက်လေ၏။

"အောင်မယ်လေးဗျ"

ကျွန်တော်သည် အသည်းခိုက်အောင် နာကျင်သွား၍ လွှတ်ခနဲ အော်လိုက်မိသည်။

ထိုအခါမှ ဒေါက်တာဗြိက ကိုင်ထားသောလက်ကို လွှတ်ချလိုက်လေသည်။

ဂြိုဟ်သားတစ်ဦးက ရွှံ့လိုလို ဂျုံလိုလိုအရာများ ယူလာကာ ကျွန်တော်၏ မတော်ရာကို ဖုံးအုပ်ပစ်လိုက်၏။

"ဟော့လူတွေ ဘာလုပ်မလို့လဲ"

ဂြိုဟ်သားသည် ကျွန်တော့်အင်္ဂါတစ်ခုလုံး ဖုံးအုပ်သွားအောင် ဂျုံများဖြင့် မံလိုက်လေ၏။

ကျွန်တော် သိလိုက်ပေပြီ၊ သူတို့သည် ကျွန်တော်၏လိင်အင်္ဂါအား နမူနာပုံစံတူ လုပ်ယူနေခြင်း ဖြစ်ပါသတည်း။

တော်တော်လည်း ပေါက်ပေါက်ရှာရှာလုပ်တဲ့လူတွေပါလား။

ကျွန်တော်သည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ အောက်မှ ထွန့်ထွန့်လူးနေလေသည်။

"ဟော့လူတွေ ... သူများဟာကို ပယ်ပယ်နယ်နယ်လုပ်ချင်တိုင်း လုပ်နေကြတာ၊ ခင်ဗျားတို့မှာ ဒါမျိုးမရှိလို့လား"

ကျွန်တော်အော်နေသော်လည်း ဒေါက်တာဗြိနှင့် သူ့လူများက သူ့တို့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေလျက်သာတည်း။

"သည်းခံပါ ဒေါက်တာမျိုးနောင်၊ သည်းခံပါ။ လိုအပ်လို့ လုပ်ရတာပါ ဦးပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှရပ်ကြည့်နေသောဒွန်က လှမ်းပြောလိုက်သည်။

တော်ပါသေးသည်။ ခန္ဓာဗေဒစစ်ဆေးခြင်းလုပ်ငန်းကြီးမှာ ပြီးဆုံး သွားလေ၏။

ကြိုတ်သားနှစ်ဦးက ကျွန်တော့်ပခုံးကို ဖေးမ,ကာ ထူလိုက်၏။

ကျွန်တော် ထိုင်လျက်အနေအထားဖြစ်သွားသည်တွင် ဒေါက်တာ သည် သစ်သားတုတ်တံလေးတစ်ခုကိုကိုင်ကာ ကျွန်တော့်နောက်ကျော၌ လိုက်လေသည်။

စမ်းသပ်မှုက မပြီးဆုံးသေးပါလား။

ဒေါက်တာငြိမ်က တုတ်တံ၏ထိပ်ဖျားကလေးဖြင့် ကျွန်တော့် လည် အားထောက်လိုက်သည်ကို ကျွန်တော် သိလိုက်၏။

"အားလုံးပြီးပါပြီ၊ အဝတ်အစားတွေ ပြန်ဝတ်ပါတော့ ဒေါက် မျိုးနောင်"

●

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းထဲမှ ကျွန်တော်တို့ပြန်ထွက်အလာတွင် မိမိရီတို့သည်လည်း ဿဉ်အပေါ်ထပ်မှ ဆင်းလာသည်ကို တွေ့ရပေ၏။

၁၇ မိမိရီမှာ နိုးနေလေပြီ။

မိမိရီက ကျွန်တော့်ကို အမြင်တွင် ဂြိုဟ်သားနှစ်ဦးလက်မှ ရုန်းထွက်ကာ ကျွန်တော့်ဆီ ပြေးလာလေ၏။

"ဆရာ ... ဆရာ၊ ဘာတွေဖြစ်နေတာလဲဟင်"

"မစိုးရိမ်ပါနဲ့ ရီလေး၊ ကိုကြီးတို့ ပြန်ရတော့မှာပါ"

"သူတို့က ဘာတွေလဲဟင်"

"ရီလေးကို သူတို့ဘာလုပ်ကြလဲ"

"တစ်ကိုယ်လုံးချွတ်ပြီး စမ်းသပ်တယ် ဆရာ--ဆို ... သိပ်ရှက်စရာကောင်းတာပဲ"

"ဘာမှမဖြစ်ပါဘူး၊ စိတ်အေးအေးထားပါ ရီလေးရယ်"

ကျွန်တော်နှင့် မိမိရီပြောစကားများကို ဒွန်နားထောင်နေသည်။ မြန်မာလိုပြောခြင်းဖြစ်၍ သူ နားလည်မည် မဟုတ်ပေ။

ကျွန်တော်က အချိန်သိရရန် လက်မှနာရီကို ကြည့်လိုက်လေသည်။ နာရီ ရပ်နေသည်ကို တွေ့ရ၏။ ၉ နာရီ ၁၅ မိနစ်စွန်းစွန်းတွင် ရပ်နေခြင်းဖြစ်၏။

"အဲဒါ ဘာလဲ ဒေါက်တာမျိုးနောင်"

ဒွန်က နာရီကို လက်ညှိုးထိုးပြ၍ မေးလေသည်။

"နာရီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသုံးရလဲ"

ကျွန်တော်က အချိန်သိရအောင် သုံးပုံကို ရှင်းပြလိုက်သည်။

"အဲဒီနာရီကို ကျွန်တော့်ကိုလက်ဆောင်ပေးခဲ့ပါ ဒေါက်တာ မျိုးနောင်"

"ဟင်"

ကျွန်တော်က တွေဝေသွားခဲ့သည်။ နာရီမှာ တန်ဖိုးကြီးသော ရိုးလ… နာရီ ဖြစ်နေသောကြောင့်ပင်။ သို့သော် ဒွန်သည် နာရီကိုလိုချင်ပါက အ… ချုတ်ယူထား၍ရသည်။

ကျွန်တော် စဉ်းစားနေသည်ကို ဒွန်က ရိပ်မိပုံရ၏။

"ခင်ဗျားပစ္စည်းကို အလကားမတောင်းပါဘူး။ ကျွန်တော်တို့ လ… ဆောင် ပစ္စည်းချင်း လဲကြတာပေါ့၊ အမှတ်တရပေါ့"

ဒွန်က အခန်းထောင့်သို့သွားကာ စင်တစ်ခုပေါ်တင်ထားသော ပစ္စည်း… များထဲမှ တစ်ခုကို ယူလိုက်လေသည်။ စင်ပေါ်တွင် ရွှယ်တူပုံစံတူ ဖန်တုံး … တုံး၊ ၈ တုံးခန့် တင်ထားသည်ကို တွေ့ရ၏။

ဒွန်က သူယူလာသည့် ဖန်တုံးကို ကျွန်တော့်လက်ထဲ ထည့်လိုက်… သည်။ ကြက်ဥအရွယ်ရှိ၍ မျက်နှာပြင်တွင် အကွက်များသွေးထားသော အ… တစ်တုံး ဖြစ်ပေသည်။

"အဲဒါနဲ့ ခင်ဗျားနာရီနဲ့ အမှတ်တရပစ္စည်းချင်း လဲကြရအောင် ဒေါက်… တာ မျိုးနောင်"

ကျွန်တော်က ငြင်းမနေတော့ဘဲ သူပေးသည့် ဖန်တုံးကို ဂျာကင်အင်္ကျီ၏ ညာဘက်အိတ်ဇစ်ကိုဖွင့်ကာ ထည့်လိုက်သည်။

ကျွန်တော့်နာရီကိုလည်း ချွတ်ပေးလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာမျိုးနောင်။ ကျွန်တော် ဒါကို အမြဲ… ဝတ်ထားပါ့မယ်။ ကဲ … ခင်ဗျားတို့ကို ပြန်ပို့တော့မယ်နော်"

သူက ယာဉ်၏ဦးပိုင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ယာဉ်သည် ရွေ့လျားသွားသည်ကို သတိပြုမိလိုက်၏။ ယာဉ်မှူးကို လှမ်း၍အမိန့်ပေးလိုက်… ပုံ ရသည်။

ယာဉ်ရပ်တန့်အသွားတွင် အောက်ကိုငုံ့ကြည့်လိုက်ရာ ကျွန်တော်တို့ ကားလေး လမ်းဘေး၌ ရပ်တန့်ထားသည်ကို အပေါ်စီးမှ မြင်ရလေသည်။

"ခင်ဗျားတို့ကို ကားထဲအရောက် ကျွန်တော့်လူတွေက ပို့ပေးပါလိမ့်… မယ်။ သွားပေတော့ ဒေါက်တာမျိုးနောင်တို့လင်မယား"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါဦးမယ်၊ ခင်ဗျားတို့နဲ့ ဆုံရတာကို ဘယ်တော့မှမေ့တော့မှာ တ်ပါဘူး ဒွန်"

ဒွန်က ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ သူ ရယ်သည်ကို ဆုံးအကြိမ် မြင်ရခြင်းဖြစ်သည်။ မျက်နှာသေနှင့် ဗြိုဟ်သားများ ရယ်မော ်ကြောင်း သိလိုက်ရခြင်းလည်း ဖြစ်၏။

"ခင်ဗျား မေ့သွားမှာပါ ဒေါက်တာမျိုးနောင်။ ကျွန်တော်တို့နဲ့ တွေ့ဆုံခဲ့ ကြောင်းကို ခင်ဗျားဘယ်တော့မှ သတိရမှာ မဟုတ်တော့ပါဘူး"

"ဘာလို့မေ့ရမှာလဲဗျ။ ဒါလောက် ထူးခြားတဲ့ကိစ္စကို။ ကျွန်တော်က ာထ်ကောင်းတဲ့ လူပါ ဒွန်"

"ကြည့်သေးတာပေါ့ဗျာ၊ ခင်ဗျားအမှတ်ရလို့ မဖြစ်ဘူး။ ဒါတွေ အား မေ့လျော့သွားအောင် ကျွန်တော်တို့က လုပ်လိုက်မှာပါ။ ကဲ ... ကဲ သတော့ ဒေါက်တာမျိုးနောင်၊ ဂွတ်ဘိုင်"

"ဂွတ်ဘိုင် ဒွန်"

ကျွန်တော်တို့နှစ်ဦးအား ဗြိုဟ်သားနှစ်ယောက်စီက တွဲခေါ်၍ ယာဉ် ါတ်မှ ထွက်လိုက်လေသည်။ လေဟာပြင်ထဲအရောက်တွင် ကားဆီသို့ ည်နှိမ့်ဆင်းသွားလေ၏။

•

www.burmeseclassic.com

www.burmeseclassic.com





**ဟီးလ်ဇနီးမောင်နှံနှင့် ဒေါက်တာမျိုးနောင်တို့၏**
**ပန်းကန်ပြားပျံအတွေ့အကြုံများကို**
**စိတ်ညှို့နောက်ကြောင်းပြန်စနစ်ဖြင့် ဖော်ထုတ်ခဲ့သည့်**
**ဒေါက်တာ ဘင်ဂမင်ဆိုင်မွန်**

ဒေါက်တာဆိုင်မွန်၏ စိတ်ညှို့နောက်ကြောင်းပြန်ဖော်ထုတ်မှုအရ ထွက် ပေါ်လာသောအဖြေမှာ အထက်ပါအတိုင်း ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့်လည်း ပန်းကန်ပြားပျံနှင့် ပထမအကြိမ် တွေ့ဆုံ ဖြစ်ရပ်မှာ ရှင်းလင်းသွားလေသည်။

နာရီပျောက်ဆုံးသွားခြင်းနှင့် ဖန်တုံးလေး ကျွန်တော့်အင်္ကျီအိတ်ထဲ ပါလာခြင်းတို့အကြောင်းကိုလည်း ရှင်းလင်းစွာသိလိုက်ရပေ၏။

အိမ်ပြန်အရောက်တွင် မိမိရိုကိုယ်ဝန်ကို စိုးရိမ်စွာ စစ်ဆေးကြည့်မိခြ ကျွန်တော်၏မတော်ရာကို ရေဖြင့် ဆေးကြောသန့်စင်ခြင်း စသည့် လုပ်ဆော မှုများသည်လည်း ပန်းကန်ပြားပျံပေါ်မှ အတွေ့အကြုံများကြောင့် ဖြစ်ပေသည်

ဒွန်တို့ဂြိုဟ်သားများသည် ကျွန်တော်တို့အား ထိုအဖြစ်များကို သ မရအောင် လုပ်ဆောင်လိုက်ကြခြင်း ဖြစ်သည်။

"ဒေါက်တာရဲ့ဖနီးကိုရော စိတ်ညှို့နောက်ကြောင်းပြန်နည်းနဲ့ စစ်ဆေ ကြည့်ချင်သေးလား ဒေါက်တာမျိုးနောင်"

ဒေါက်တာဆိုင်မွန်က မေးမြန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစစ်တော့ပါဘူး။ သူ မေ့လက်စနဲ့ မေ့ပါစေတော့ ဒေါက်တာ။ ပြီးတော့ ကျွန်တော့်ဇနီးဟာ ကလေးမွေးပြီးခါစ သွေးနုသားနုပဲ ရှိပါသေးတယ်။ ကျွန်တော်ကလည်း ခုလိုသိရတာတွေကို သူ့ကိုပြန်ပြောမပြတော့ပါဘူး"

"ကောင်းပြီ၊ ပထမခရီးစဉ်ကတော့ ရှင်းသွားပါပြီ။ ဒုတိယခရီးစဉ်အတွက် ဆက်ပြီးစစ်ဆေးကြတာပေါ့"

●

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဆိုင်မွန်က ကျွန်တော့်အား တစ်လအနားယူစေကာ ဒုတိယ မြောက်စစ်ဆေးခြင်းကို ဒီဇင်ဘာလတွင် စတင်ခဲ့ပါသည်။

ယခုအခေါက်တွင်မူ စိတ်ညို့နောက်ကြောင်းပြန်ဖော်ထုတ်ခြင်းကို ၅ ကြိမ်အထိ ပြုလုပ်ခဲ့ရပေသည်။ ကျွန်တော် မေ့လျော့သည့်ကာလမှာလည်း ၁၂ နာရီပင် ကြာမြင့်ခဲ့ပေရာ နောက်ကြောင်းပြန် ဖော်ထုတ်မှုမှာလည်း ရှည်လျား ခဲ့ရခြင်း ဖြစ်လေသည်။

ဒုတိယခရီးစဉ်အတွက် စိတ်ညို့စစ်ဆေးခြင်းကို ၅ ကြိမ်ပြုလုပ်ခဲ့ရာ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့အထိ ကြာမြင့်ခဲ့လေသည်။

ငါးကြိမ်စစ်ဆေးအပြီး ဖြစ်ရပ်အားလုံးကို သိလိုက်ရချိန်တွင် ကျွန်တော့် အား ဂြိုဟ်သားများ ဒုတိယအကြိမ် ဖမ်းဆီးခေါ်ဆောင်သွားမှုမှာ အလွန်တရာ ထူးခြားဆန်းကြယ်အံ့သြဖွယ်ကောင်းလှ၍ ပထမတစ်ခါကထက် သည်းထိတ်ရင်ဖို ဖွယ်၊ ထိတ်လန့်ချောက်ချားဖွယ်ရှိလှကြောင်း သိလိုက်ရလေသည်။

ဂြိုဟ်သားများသည် ဒုတိယအကြိမ်တွင် ကျွန်တော့်အား သူတို့ နေ ထိုင်ရာ ဂြိုဟ်ပေါ်အထိ ခေါ်ဆောင်သွားခြင်း ဖြစ်သောကြောင့်ပင်တည်း။

●

www.burmeseclassic.com

www.burmeseclassic.com

ကိုးလ်ဘရှုတ်မြို့မှအပြန်ခရီးတွင် ကျွန်တော့်ကားအား ရပ်တန့်စေကာ ဂြိုဟ်သားများ ကားဆီသို့ရောက်ရှိလာသည်တွင် ကျွန်တော်၏မေ့လျော့နေသော အသိများမှာ ပွင့်သွားလေသည်။

သူတို့သည် ရေတံခွန်မှ အပြန်ခရီးစဉ်၌ ကျွန်တော်တို့လင်မယားအား နန်းကန်ပြားပျံပေါ်အထိ ခေါ်ဆောင်သွားခဲ့သည်ကို ခပ်ရေးရေး မှတ်မိလာလေသည်။

အထူးသဖြင့် ခေါင်းဆောင်ဂြိုဟ်သား၏လက်၌ ကျွန်တော် ပျောက်ဆုံးသွားသောနာရီကို မြင်လိုက်ရသည်တွင် အလုံးစုံကို မှတ်မိလိုက်လေတော့၏။

ကျွန်တော်သည် နောက်တစ်ကြိမ် ဖမ်းဆီးခေါ်ယူမည့် သူတို့ အမူအရာများကို မြင်လိုက်သည်နှင့် –

“ခင်ဗျားတို့ သွားကြ ... သွားကြ၊ ကျုပ်ကို ဒုက္ခမပေးနဲ့”

ဟု သွေးရူးသွေးတန်း အော်ဟစ်လိုက်မိလေသည်။

“စိတ်မပူပါနဲ့ မိတ်ဆွေကြီး၊ ခင်ဗျားကို ကျွန်တော်တို့က ဒုက္ခ ပေးမှာမဟုတ်ဘဲ၊ စကားစမြည်ပြောရုံလောက်ပါ။ တစ်ခဏလောက် လိုက်ခဲ့ပေးပါ မိတ်ဆွေကြီး ဒေါက်တာမျိုးနောင်”

ခေါင်းဆောင်ဂြိုဟ်သားဒွန်က ပြောလိုက်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

ယာဥ်ပေါ်အရောက်တွင် ယာဥ်သည် ရပ်တန့်မနေဘဲ တစ်နေရာ ဦးတည်ရွေ့လျားနေသည်ကို သတိပြုမိလေသည်။ ပထမအကြိမ်ကနှင့် ခြားနာ သည့်အတွက် ကျွန်တော်က ဒွန့်ကို မေးလိုက်သည်၊

"ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ ဒွန်"

"ကျွန်တော်တို့ ဂြိုဟ်ပေါ်ကို အလည်ခေါ်သွားမလို့ပါ"

"ဗျာ ... ဘယ်လိုဖြစ်မှာလဲ ဒွန်၊ အချိန်တွေ အရမ်းကြာသွားမှာပေါ့"

"မကြာစေရပါဘူး။ ခင်ဗျား အိမ်ပြန်နောက်ကျုံလောက်ပါပဲ ဒေါက်တာ မျိုးနောင်"

"ခင်ဗျားတို့ဂြိုဟ်က ဘယ်လောက်ဝေးသလဲ ဒွန်"

"ဒီကနေ အလင်းနှစ် ၂၀ ဝေးပါတယ်"

"ဗျာ ... အလင်းနှစ် ၂၀"

ဒွန်က အကွာအဝေးကို မိုင်၊ ကီလိုမီတာများဖြင့် မပြောဘဲ အလင်း နှစ်ဖြင့် ပြောလိုက်သည်။ ကျွန်တော် နားလည်ထားသမျှ အလင်းနှစ်ဆိုသည်မှာ အလင်းရောင်၏ တစ်နှစ်အတွင်းရောက်နိုင်သည့် အကွာအဝေးကို ခေါ်ပါသည်။ အလင်းသည် တစ်စက္ကန့်လျှင် ကီလိုသုံးသောင်းခန့်ဖြင့် အလျင်အမြန် ပြေးလွှား သွားပါသည်။ ကျွန်တော်တို့သည် ကီလိုသုံးသောင်းအကွာအဝေးမှ ဖွင့်လိုက်သော မီးလုံးတစ်လုံး၏အလင်းကို တစ်စက္ကန့်အတွင်း ချက်ချင်း မြင်နိုင်ပါသည်။ ကီလို ၆ သောင်းအကွာမှဆိုလျှင် ၂ စက္ကန့်ကြာမှ မြင်နိုင်ပါလိမ့်မည်။

အလွန့်အလွန်ဝေးကွာသော အရပ်များမှ လွှတ်လိုက်သည့် အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်များကို ကျွန်တော်တို့ ချက်ချင်းမမြင်ရနိုင်ပါ။ ကြယ်တစ်လုံးသည် ကျွန်တော်တို့ကမ္ဘာနှင့် အလင်းနှစ်တစ်နှစ် ဝေးကွာသည်ဆိုပါစို့။ ထိုကြယ်မှ အလင်းရောင်ကို ယခုကျွန်တော်တို့ မြင်နေရခြင်းမှာ လွန်ခဲ့သော တစ်နှစ်က လွှတ်လိုက်သော အလင်းရောင်ပင်ဖြစ်ပါသည်။ ထိုကြယ်သည် ယခုပင် ကြေမွပျက်သုဉ်းသွားသည်ဆိုပါစို့။ ကျွန်တော်တို့ကမ္ဘာမှ အမြင်တွင် ကြယ်၏ အလင်းရောင်ကို မြင်နေရဦးမည်သာ ဖြစ်သည်။ ကြယ်ကြီးရှိစဉ်က ပို့လွှတ်ထားသော အလင်းများသည် ကျွန်တော်တို့ကမ္ဘာသို့ ရောက်ရန် တစ်နှစ်ကြာသည့်အတွက် ကြယ်ပျက်သုဉ်းသွားသည့်တိုင် မြင်နေရခြင်း ဖြစ်ပါသည်။ ကြယ်ကြေမွပျက်သုဉ်းပြီး တစ်နှစ်ကြာချိန်မှသာ ကြယ်မှအလင်းရောင်သည် ကျွန်တော်တို့ အမြင်မှ ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ရူပဗေဒဘာသာရပ်တွင် အလင်းအကြောင်းသင်စဉ်က ထိုကဲ့သို့ ဖတ်သား ဖူးပါသည်။

ဒွန်က သူတို့ဂြိုဟ်သည် အလင်းနှစ် ၂၀ ဝေးသည်ဟုဆိုပေရာ သူတို့ဂြိုဟ်မှ အလင်းရောင်ကို ကျွန်တော်တို့ကမ္ဘာမှမြင်ရရန် နှစ်ပေါင်း ၂၀ ကြာသော အကွာအဝေးဖြစ်ပါ၏။

ထိုမျှဝေးသောဂြိုဟ်ကို ကျွန်တော့်အား ခေါ်သွားမည်ဆိုသည်မှာ ဖြစ်နိုင်ပါမည်လား။ အလင်း၏အလျင်အတိုင်း သွားလျှင်ပင် နှစ်ပေါင်း ၂၀ ကြာပေမည်။ အလင်း၏အလျင်ထက် လျင်မြန်စွာ ရွေ့လျားနိုင်သော ယာဉ်ရှိသည်ဟု ကျွန်တော် မကြားဖူးပါ။

“အလင်းနှစ် ၂၀ ဝေးတဲ့နေရာကိုရောက်ဖို့ ကျွန်တော့်သက်တမ်းတစ်ခုလုံး ကုန်သွားပါလိမ့်မယ် ဒွန်”

ဒွန်က ရယ်လေသည်။

‘ဒေါက်တာမျိုးနောင်က ကျွန်တော်တို့ကို သိပ်အထင်သေးတာကိုး။ ကျွန်တော်တို့ဟာ ခင်ဗျားတို့ကမ္ဘာကို နာရီပိုင်းအတွင်း ခေါက်တုံ့ခေါက်ပြန် သွားလာနေတဲ့သူတွေပါ”

“မဖြစ်နိုင်ဘူး”

ကျွန်တော်က ယာဉ်၏မှန်ပြတင်းမှတစ်ဆင့် အပြင်လောကကို လှမ်းကြည့်လိုက်လေသည်။ စထွက်လာစဉ်က တိမ်တိုက်များ၊ မြူခိုးများကို မြင်ရသေးသော်လည်း ယခုအခါ ဘာမှမမြင်ရတော့ပေ။ ဟာလာဟင်းလင်း လေဟာနယ်ကြီးထဲတွင် ပြင်ပမှ နှိုင်းယှဉ်စရာအရာမရှိပါ၍ ယာဉ်သည် ရွေ့နေသည်ဟု မထင်ရဘဲ တန့်နေသည့်သဖွယ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီယာဉ်ဟာ ဘယ်နှုန်းနဲ့ ရွေ့လျားနေတာလဲ ဒွန်"

"အဲဒီကိုပြောရင် ဒေါက်တာမျိုးနောင် နားလည်မှာ မဟုတ်ပါ။ ကျွန်တော်လည်း ရှင်းလင်းအောင် ပြောမပြတတ်ပါ။ ခပ်လွယ်လွယ် မှတ်ထားဖို့က ကျွန်တော်တို့ ဂြိုဟ်ပေါ်ကိုရောက်ဖို့ ခင်ဗျားတို့ကမ္ဘာက အချိန်နာရီအရ သုံးနာရီ ကြာပါတယ်"

"၃ နာရီ အလင်းနှစ် ၂၀ ဝေးတဲ့ခရီးကို ၃ နာရီပဲ ကြာတယ်"

ကျွန်တော်က မယုံသင်္ကာ ရေရွတ်လိုက်မိလေသည်။

"ဘာပဲဖြစ်ဖြစ် အသွားအပြန် တော်တော်ကြာမှာပဲ ဒွန်။ ကျွန်တော့်အိမ်က ကျွန်တော့်ကို မျှော်နေတော့မှာပဲ။ ပြီးတော့ ကျွန်တော့်ကား လမ်းဘေးမှာ ဒီအတိုင်း ရပ်ထားခဲ့တာ။ အခိုးခံရရင်တော့ ဒုက္ခပါပဲဗျာ"

"ဟားအတွက် စိတ်မပူပါနဲ့။ ခင်ဗျားကားကို လုံလုံခြုံခြုံ သိမ်းထားပေးခဲ့ပါတယ်။ ခင်ဗျား စိတ်ချလက်ချဖြစ်သွားအောင် ကျွန်တော် ပြပါ့မယ်"

ဒွန်က ထိုင်ရာမှထကာ စင်ပေါ်မှပစ္စည်းတစ်ခုကို သွားယူလိုက်သည်။ ထိုပစ္စည်းမှာ ယခင်အခေါက်က နာရီနှင့် လဲလှယ်လိုက်သည့် ဖန်တုံးလိုမျိုး ဖန်တုံးလေးပင် ဖြစ်သည်။ ဒွန်သည် ယခင်အခေါက်က ကျွန်တော့်အား ထိုစင်ပေါ်မှပင် ဖန်တုံးကိုယူပေးရာ ထိုစဉ်က ဖန်တုံး ရ တုံးခန့် မြင်ခဲ့ရသည် ထင်သည်။ ယခုစင်ပေါ်တွင် ဖန်တုံး ၄ တုံးသာ ရှိတော့၏။

ဒွန်က ဖန်တုံးတစ်ခုကို ယူလာရင်း ကျွန်တော် ထိုင်နေသည့် ခုံရှေ့စားပွဲပေါ်တွင် ချလိုက်လေသည်။

"ဟောဒီ အကွက်ကလေးထဲကို ကြည့်လိုက်ပါ ဒေါက်တာမျိုးနောင်"

"ဟင်"

ဖန်တုံးမျက်နှာပြင်၌ ဆန္ဒင်းမကင်းပုံအကွက်ကလေးများ သွေးထားသော ဖန်တုံးအနှံ့ အကွက်ငယ်ကလေးများ ပွနေ၏။ ဒွန်က အကွက်တစ်ခုကို လက်ထောက်ပြရင်း ကျွန်တော့်အား ကြည့်ခိုင်းလေသည်။

"အကွက်နားကို မျက်နှာကပ်ပြီး ကြည့်လိုက်ပါ ဒေါက်တာမျိုးနောင် ခင်ဗျားကားကို မြင်ရပါလိမ့်မယ်"

ကျွန်တော်က သူပြောသလို ကိုယ်ကိုကိုင်းကာ အကွက်ကလေးထဲသို့ လိုက်ကြည့်နေလိုက်သည်။

ပထမသော် ဘာမှမမြင်ရသေး။

ခဏအကြာတွင် မြင်ကွင်းသည် တဖြည်းဖြည်း သဲကွဲလာကာ ကျွန်တော်၏အပြာရောင်ကားလေးကို မြင်လိုက်ရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကားလေးသည် လမ်းမပေါ်မှာ မဟုတ်တော့။ အလွန်မြင့်မားသော သစ်ပင်ကြီးများ၏ထိပ်ဖျားတွင် ရောက်နေသည်။ ကျွန်တော်မြင်ရပုံမှာ ကောင်းကင်ပေါ်မှ ဆီး၍မြင်ရပုံဖြစ်သည်။ ကားလေးသည် သစ်တောကြီးပိုင်းအတွင်းမှ တစ်ပင်နှင့်တစ်ပင် ပူးကပ်နေသည့် သစ်ပင်ကြီးများ၏ ထိပ်ဖျားပေါ်ရောက်နေပုံကို အပေါ်စီးမှ မြင်နေရခြင်းဖြစ်ပါသည်။

"ဘယ်လိုဖြစ်သွားတာလဲ။ အဲဒါ တကယ်ပဲလား ဒွန်"

"တကယ်ပေါ့။ ခင်ဗျားယာဉ်ပေါ်ရောက်တာနဲ့ ခင်ဗျားကားလေးကို ကလိုက်ခတ်နဲ့ ဆွဲမ,ပြီး သစ်ပင်အမြင့်ကြီးပေါ် တင်ပေးထားခဲ့တာပဲ။ အဲဒီလို လုပ်လိုက်တော့ ခင်ဗျားကားကို ဘယ်သူမှမတွေ့နိုင်တော့ဘူး။ ခင်ဗျား ပျောက်နေမှန်းလည်း မသိကြတော့ဘူး။ ကားကို အဓိုးခံရမယ့်အန္တရာယ်ကလည်း ကာကွယ်ပြီးသား ဖြစ်သွားတာပေါ့"

"ခင်ဗျားတို့ တော်တော်တတ်နိုင်တဲ့ လူတွေပဲဗျာ"

"ခင်ဗျားအိမ်မှာ ခင်ဗျားဇနီးနဲ့ သားလေး ဘယ်လိုနေကြမလဲဆိုတာပါ ကြည့်ချင်သေးလား"

"ဗျာ ... ကြည့်လို့ရသေးလား"

"ရတာပေါ့ဗျာ၊ ကျွန်တော်ပြပါ့မယ်"

ဒွန်က ဖန်တုံးပေါ်မှ အကွက်လေးများကို ရှာဖွေကြည့်နေသည်။

"ကျွန်တော့် မိန်းမမွေးတဲ့ကလေးဟာ သားလေးဆိုတာကို ခင်ဗျား သိနေတယ်နော်"

"သိတာပေါ့။ ကျွန်တော်တို့ဟာ ဟောဒီဖန်တုံးလေးကို အသုံးပြုပြီး ခင်ဗျား အိမ်ကိုမြင်နိုင်တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအိမ်မှာလည်း ဒီလိုဖန်တုံးတစ်တုံး ရှိနေလို့ပေါ့။ ဟော ... ဟောဒီမှာဗျ။ ဟောဒီ အကွက်ကို ကြည့်။ အိမ်ထဲက ရှုခင်းတွေကို မြင်ရလိမ့်မယ်"

ဒွန်က အကွက်တစ်ကွက်ကိုထောက်ပြရင်း ကြည့်ခိုင်းလေသည်။ ကျွန်တော်က စားပွဲပေါ်မှ ဖန်တုံးကို လှမ်းယူရန် လက်ကမ်းလိုက်ရာ -

"အဲဒီလို လက်ထဲမှာ ယူကြည့်လို့ မရဘူး ဒေါက်တာမျိုးနောင်။ ပြင်ညီစားပွဲပေါ်မှာ ငြိမ်အောင်ချထားပြီးမှ မြင်ရပါတယ်။ စောစောကလိုပဲ အကွက်နားကို မျက်နှာကပ်၊ အကွက်နဲ့မျက်နှာကို တစ်ပြေးတည်း နေအောင်ထားပြီး ကြည့်ပါ"

ဒွန်က ဖန်တုံးကြည့်နည်းကိုပါ ကျွန်တော့်ကို သင်ပေးလေသည်။

ကျွန်တော်က သူပြသောအကွက်ထဲသို့ စိုက်ကြည့်လိုက်ရာ -



www.burmeseclassic.com

www.burmeseclassic.com



သားကလေးကိုတွေ့ချိရင်း အိမ်ရှေ့သို့ မျှော်ကြည့်နေသော မိမိရိုက် လည်းကောင်း၊ အနီးတွင်ရပ်နေသော အိမ်ဖော်မကြီး မစ္စကလော်ဒီယာကိုလည်း ကောင်း တွေ့လိုက်ရလေသည်။

ကျွန်တော်က နာရီကိုကြည့်လိုက်ရာ ကိုးနာရီထိုးလေပြီ။ ပုံမှန်အတိုင်း ဆိုလျှင် ကျွန်တော်အိမ်ပြန်ရောက်ရမည့်အချိန် ဖြစ်သည်။ မိမိရိုသည် ကျွန်တော် မရောက်သေး၍ မျှော်နေပုံကို ဖန်တုံးထဲမှ မြင်နေရ၏။

ကျွန်တော် အံ့ဩမိသည်မှာ အိမ်ဖော်အဖြစ် အချိန်ပိုင်း ငှားရမ်းထား သော စကော့အမျိုးသမီးကြီး မစ္စကလော်ဒီယာကို အိမ်ထဲ၌ တွေ့နေရခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် မစ္စကလော်ဒီယာကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိသာ အချိန်ပိုင်းဖြင့် ငှားရမ်းထားခြင်း ဖြစ်သည်။ ညနေ ၆ နာရီ ထိုးသည်နှင့် မစ္စကလော်ဒီယာက သူ့အိမ်သူ ပြန်ပါသည်။ ယခု ကိုးနာရီထိုး သည်ထိ မစ္စကလော်ဒီယာ မပြန်သေးခြင်းမှာ ဆန်းနေသည်။

အိမ်ပြန်ရောက်လျှင် ထိုအကြောင်းကို မေးကြည့်ရန် တေးထားလိုက် သည်။

"စိတ်ကျေနပ်ရဲ့လား"

"နေပါဦး ဒွန်၊ ခင်ဗျားက လက်ဆောင်ပစ္စည်းချင်း လဲမယ်ဆိုပြီး ကျွန်တော့်နာရီနဲ့ လဲလိုက်တဲ့ပစ္စည်းဟာလည်း ဒီလိုဖန်တုံးမျိုးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်တော့်အိမ်မှာ ရောက်နေတဲ့ ဖန်တုံးဟာလည်း ဒီလို ကြည့်လို့ရတယ်ပေါ့"

"ဒေါက်တာမျိုးနောင် ကြည့်နည်းသိရင် ကြည့်လို့ရပါတယ်။ အခု သိသွားပြီမဲ့၊ ကြည့်လို့ရပါတယ်"

"ခင်ဗျားက ကျွန်တော့်ကို စုံစမ်းထောက်လှမ်းလို့ရအောင် တစ်ခါ လှည့်နဲ့ ဒီပစ္စည်းမျိုး ကျွန်တော့်ကို ပေးလိုက်တာပေါ့လေ"

"မှန်ပါတယ်။ ဒါပေမဲ့ ဒေါက်တာမျိုးနောင်၊ ခင်ဗျားအိမ်မှာ ဖန်တုံးတစ် တုံး ရှိမနေရင်လည်း ခင်ဗျားလှုပ်ရှားမှုတွေကို ကျွန်တော်တို့ ကြည့်လို့ရပါတယ်။ ခင်ဗျားအိမ်မှာ ဖန်တုံးရှိနေတော့ ပိုပြီး လွယ်ကူတာပဲ ရှိပါတယ်။ ဒီဖန်တုံးအကြောင်း ခင်ဗျားကို ကျွန်တော်ရှင်းပြပါ့မယ်"

ဒွန်က ဆက်သွယ်ရေးကိရိယာဖန်တုံးအကြောင်းကို ကျွန်တော့်အား ရှင်းပြခဲ့လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

"ဖန်တုံး ... အဲ ... ဖန်တုံးဆိုတာ ခင်ဗျားသုံးသလို သုံးလိုက်တာ အကယ်တော့ ဒါဟာ ခင်ဗျားတို့ကမ္ဘာပေါ်က ဖန်သားနဲ့မတူပါဘူး။ ကျွန် တို့ ဂြိုဟ်ပေါ်က ဓာတ်သတ္တုတစ်မျိုးပါ။ အဲ... လွယ်လွယ်ကူကူ ဖန်တုံး ခေါ်လိုက်ပါတော့မယ်လေ။

"ဒီဖန်တုံးပေါ်မှာ အကွက်ပေါင်း ၁၀၈ ကွက်ပါပါတယ်။ အကွက်ပေါင်း ကွက်ပါသလို အကွက်တိုင်းကနေလည်း နေရာတစ်ခုစီကို ဆက်သွယ်ကြည့် ရပါတယ်။ အခုနက ခင်ဗျားကားကို ကြည့်ခဲ့သလို ခင်ဗျားအိမ်တွင်းက အနေကို ကြည့်ခဲ့သလိုမျိုးပေါ့။

"အဲ ... ဖန်တုံးရှိတဲ့ နေရာအချင်းချင်း ဆက်သွယ်မယ်ဆိုရင်တော့ မှတ်ထားတဲ့ အကွက်အချင်းချင်းကနေ ဆက်သွယ်လို့ရပါတယ်။ ဥပမာ များဆီမှာရှိတဲ့ဖန်တုံးက အကွက်နံပါတ် ၁၀၀ ကိုကြည့်ရင် ကျွန်တော့်ကို ရမယ်လို့ သတ်မှတ်ထားတယ်ဆိုပါစို့။ ကျွန်တော့်ဘက်မှာရှိတဲ့ ဖန်တုံးမှာ အကွက်နံပါတ် ၁၀၀ ကနေကြည့်ရင် ခင်ဗျားကို မြင်ရနိုင်ပါတယ်။ တို့ ကမ္ဘာက တယ်လီဖုန်းဆက်သွယ်ရေးလိုပေါ့။ ခင်ဗျားက အကွက် ကိုကြည့်ရင် ကျွန်တော့်ကို မြင်ရမယ်။ ကျွန်တော်ကလည်း အကွက်နံပါတ် ကိုကြည့်ရင် ခင်ဗျားကို မြင်ရမယ်။ တစ်ပြိုင်တည်း တစ်ယောက်နဲ့တစ် ကြည့်ပြီး ဆက်သွယ်လို့ရပါတယ်။ ဒါကို Two Way Communication သွား ဆက်သွယ်ရေးလို့ ခေါ်ပါတယ်။

www.burmeseclassic.com



"နှစ်လမ်းသွားဆက်သွယ်ရေးဖြစ်ဖို့အတွက် နှစ်ဘက်စလုံးမှာ ဖန်တ… ရှိနေဖို့ လိုပါတယ်။ ဒီလိုဆိုလိုက်တော့ ကိုယ်ဆက်သွယ်ချင်ကြည့်ချင်တဲ့နေ… မှာ ဖန်တုံးတစ်ခုရှိနေရမယ်လို့ ထင်စရာဖြစ်နေမယ်။ ဖန်တုံး မရှိတဲ့ နေရာတွေ… လည်း ကြည့်လို့ရတာပါပဲ။ စောစောက ခင်ဗျားကားကို ကြည့်ခဲ့သလိုမျိုး… ကားကိုရုက်ထားခဲ့တဲ့နေရာမှာ ဖန်တုံးတစ်ခု ရှိမနေဘူးလေ။ ဒါပေမဲ့ ဖန်တုံးပေါ်… အကွက်ကလေးတွေထဲမှာ လိုက်ရှာပြီး ကြည့်လို့ရပါတယ်။ ဒီလိုတစ်ဖက်သတ် ကြည့်ရှုတာကိုတော့ One Way Communication တစ်လမ်းသွား ဆက်သွ… ရေးလို့ ခေါ်ပါတယ်။

"ကျွန်တော်တို့ဟာ ဖန်တုံးတစ်တုံးပေါ်မှာ အကွက်ပေါင်း ၁၀၈ ကွ… ပုံဖော်ထားသလို ဖန်တုံးအရွေအတွက်ကိုလည်း ၁၀၈ တုံးတိတိ ပြုလုပ်ထ… ပါတယ် ဒေါက်တာမျိုးနောင်။ ခင်ဗျားတို့ကမ္ဘာပေါ်မှာ ဒီလိုဖန်တုံးမျိုး ၃ … ရောက်ရှိနေပါပြီ။ ခင်ဗျားအိမ်မှာ တစ်ခု၊ နောက် ၂ ခုကိုလည်း ကမ္ဘာပေါ်… လူသားတွေကိုပဲ ခင်ဗျားကို လက်ဆောင်ပေးသလိုမျိုး ပေးခဲ့တာပါ။

"ကျန်တဲ့ ဖန်တုံးတွေကတော့ ယောဒီအာကာသယာဉ်ပေါ်မှာ တချို့… ကျန်တာတွေက ကျွန်တော်တို့ ဂြိုဟ်ပေါ်မှာပါ။ ဂြိုဟ်ပေါ်က သက်ဆိုင်… ပညာရှင်တွေဟာ ဖန်တုံးတစ်ခုစီ လက်ဝယ်ရှိကြပြီး ကမ္ဘာပေါ်က ဖန်တုံး ၃ … ကနေတစ်ဆင့် ကမ္ဘာကြီးကို စုံစမ်းထောက်လှမ်းလေ့လာခြင်းတွေ လုပ်ကြ… တယ်"

●

www.burmeseclassic.com

www.burmeseclassic.com

“ဒါဖြင့် ခင်ဗျားတို့ဆီက တစ်ယောက်မဟုတ်တစ်ယောက်ဟာ ကျွန်တော့်အိမ်က ဖန်တုံးကတစ်ဆင့် ကျွန်တော့်လှုပ်ရှားပုံတွေကို မြင်နေသိနေရမှာပေါ့”

“ဟုတ်ပါတယ် ဒေါက်တာမျိုးနောင်”

“ခင်ဗျားတို့ရဲ့သိပ္ပံနည်းပညာတွေ သိပ်မြင့်မားတာကိုတော့ ချီးကျူးပါတယ် ဒွန်။ ဒါပေမဲ့ ဘာလို့ ဒါတွေလုပ်နေရတာလဲ။ ကျုပ်တို့ကမ္ဘာကို ခင်ဗျားတို့ဘာလို့ ဒါလောက် စိတ်ဝင်စားနေရတာလဲ။ ကျွန်တော့်ကိုရော ဘာလို့ အခုလိုဖမ်းခေါ်လာရတာလဲဗျာ”

“ဖမ်းတယ်ဆိုတဲ့ အသုံးအနှုန်းကို မသုံးပါနဲ့ ဒေါက်တာမျိုးနောင်။ ခင်ဗျားတို့လူသားတွေဟာ သက်ရှိသတ္တဝါအနေနဲ့ ပေါ်ထွန်းလာတာ မကြာသေးပါဘူး။ နှစ်ကာလအားဖြင့် နှစ်သန်းပေါင်း ၄၀ လောက်ပဲရှိပါသေးတယ်။ သက်တမ်းအားဖြင့် သိပ်နုပါသေးတယ်။ ကျွန်တော်တို့ဂြိုဟ်အပါအဝင် သက်ရှိတွေရှင်သန်နိုင်တဲ့ အခြားဂြိုဟ်များဟာဆိုရင် သက်တမ်းအားဖြင့် ခင်ဗျားတို့ကမ္ဘာထက်အဆတစ်ရာမက ရှိနေပါပြီ”

“ဟုတ်ပြီလေ၊ ကျွန်တော်တို့လူသားတွေက သက်ရှိအဖြစ် ပေါ်ထွန်းလာတာ နောက်ကျခဲ့တယ်ပေါ့။ ဒါအမှန်တရားဆိုရင် ဒီစကားအတွက် ကျွန်တော်စိတ်ဆိုးစရာ မရှိပါဘူး”

“ခင်ဗျားတို့ဟာ သက်ရှိအဖြစ် ပေါ်လာတာ နောက်ကျတာနဲ့အမျှခင်ဗျားတို့ရဲ့ အသိဉာဏ်ပညာ ဦးနှောက်ဖွံ့ဖြိုးမှုဟာလည်း နိမ့်နေပါသေးတယ်”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ ကြည့်လေ၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကမ္ဘာအပြင် တခြားသော ဂြိုဟ်များမှာ သက်ရှိတွေရှိတယ်ဆိုတာ မသိကြသေးဘူး မဟုတ်လား။ ကျွန်တော်တို့လို ပြင်ပက ဂြိုဟ်သားတွေ လာရောက်ဆက်သွယ်တာကိုပဲ တအံ့တဩ ဖြစ်နေကြတာ မဟုတ်လား။ ခင်ဗျားတို့ကိုယ်တိုင် တခြားသက်ရှိဂြိုဟ်တွေဆီ သွားလာဆက်သွယ်ဖို့နေနေသာသာ စကြဝဠာထဲက တခြားဂြိုဟ်တွေမှာ အသိ ဉာဏ်မြင့်မားတဲ့ သက်ရှိသတ္တဝါတွေရှိတယ်ဆိုတာတောင် လက်ခံဖို့ အသင့်မဖြစ် သေးတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါဟာ ခင်ဗျားတို့ရဲ့ ဦးနှောက်ဉာဏ် အဆင့်အတန်း နိမ့်ပါးသေးလို့ပဲ ဒေါက်တာမျိုးနောင်"

"ထားပါတော့၊ ကျွန်တော်တို့ဟာ လူအဖြစ်ပေါ်ထွန်းလာတာ နောက် ကျလို့ အသိဉာဏ်ဖွံ့ဖြိုးမှုလည်း နောက်ကျနေရတယ်။ သိပ္ပံပညာမှာလည်း နောက်ကျနေရတယ်လို့။ ဒါပေမဲ့ သက်တမ်းရင့်လာတာနဲ့အမျှ ခင်ဗျားတို့ရဲ့ အဆင့်အတန်းမျိုးရှိတဲ့ လူသားတွေဖြစ်လာမှာ မဟုတ်လားဗျာ။ တစ်ချိန်မှာ ကျွန်တော်တို့ဟာလည်း တိုးတက်လာမှာပေါ့"

"သမားရိုးကျ တွေးရင်တော့ ဟုတ်တာပေါ့ ဒေါက်တာမျိုးနောင်။ ကမ္ဘာကြီးဟာ သက်တမ်းရှည်ပြီး လူတွေဟာလည်း သူ့အထိုက်အလျောက် ရင့်ကျက်တိုးတက်လာခဲ့မယ်ဆိုရင် ဒီကိစ္စထဲမှာ ကျွန်တော်တို့ ပါဝင်စွက်ဖက် စရာ မလိုပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ကမ္ဘာကြီးဟာ ဒီအတိုင်းဆိုရင် နောက်နှစ် ပေါင်း ၅၀၀၀ အကြာမှာ ပျက်စီးသွားတော့မယ် ဒေါက်တာမျိုးနောင်"

"နှစ်ပေါင်းငါးထောင်'

"ဟုတ်တယ်၊ နှစ်ပေါင်း ၅၀၀၀ ဆိုတာ တကယ်တော့ ဘာမှမကြာ ပါဘူး။ ခင်ဗျားတို့ကမ္ဘာရဲ့သက်တမ်းနဲ့ တွက်ကြည့်ရင်တောင် မျက်စိတစ်မှိတ် လောက်ပဲ ရှိတော့တာလေးပါ" သူ

"ကျွန်တော်တို့ကမ္ဘာဟာ နောက်နှစ်ပေါင်း ၅၀၀၀ ကြာရင် ပျက်စီး မယ်ဆိုတာကို ခင်ဗျားတို့ ဘယ်လိုသိပါသလဲ ဗွန်"

"ကျွန်တော်တို့ဆီက ပညာရှင်တွေရဲ့တွက်ချက်မှုအရ သိရပါတယ် ဒေါက်တာမျိုးနောင်။ ခင်ဗျားယုံအောင် သက်သေပြပါ့မယ်။ ခင်ဗျားတို့ဆီမှာ ဓာတ်ပုံတို့၊ ရုပ်မြင်သံကြားတို့၊ ရုပ်ရှင်တို့ ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါတွေဟာ မှတ်တမ်းတင်တဲ့ ကိရိယာတွေ ဖြစ်တယ်။ အမှန် တကယ်ရှိတဲ့ အရာတွေ၊ ဖြစ်ရပ်တွေကို မှတ်တမ်းတင်ပြီး ရိုက်ကူးထားလို့ရတယ် ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မဖြစ်သေးတဲ့အရာ၊ အနာဂတ်မှာ ဖြစ်မယ့်အရာတွေကိုရော မိုက်ကူးသို့ ရနိုင်ပါသလား"

"ဘယ်ရမလဲဗျ၊ ဖြစ်မှမဖြစ်သေးတာကို"

"ကျွန်တော်တို့ဆီမှာတော့ အနာဂတ်မှာဖြစ်ရပ်တွေကို ကြိုတင်ရိုက်ကူးသို့ရတဲ့ ကင်မရာမျိုးရှိပါတယ် ဒေါက်တာမျိုးနောင်"

ကျွန်တော်သည် ဒွန်၏စကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေသည်။ မဖြစ်နိုင်မှန်းသိ၍ မယုံခြင်းကတစ်မျိုး၊ သူတို့၏သိပ္ပံနည်းပညာများကို အထင်ကြီးမိ၍ ယုံရကောင်းနိုးနိုးနှင့်တစ်မျိုး ဒွိဟ ဖြစ်နေမိပေ၏။

ဒွန်က သက်သေပြမည်ဆို၍ စောင့်ကြည့်နေမိလေသည်။

ဒွန်သည် နံရံရှိဗီရိုထဲမှ ပစ္စည်းတစ်မျိုးကို ထုတ်ယူလိုက်လေသည်။ ထိုပစ္စည်းကလေး၏တစ်ဘက်၌ မှန်ပြောင်းကဲ့သို့ အရာလေးတစ်ခုပါလေ၏။

ဒွန်က ပစ္စည်းလေးကို စားပွဲပေါ်တင်၍ မှန်ပြောင်းလေးကို နံရံဘက်သို့ချိန်လိုက်သည်။

"နံရံပေါ်ကို ကြည့်ပါ ဒေါက်တာမျိုးနောင်"

ဒွန်က ပစ္စည်းပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နံရံပေါ်၌ ရုပ်ရှင်မြင်ကွင်းတစ်ခုပေါ်လာလေ၏။

"အဲဒါဟာ ခင်ဗျားတို့ကမ္ဘာကြီးပဲ မဟုတ်လား။ ကမ္ဘာကြီးရဲ့ လက်ရှိအနေအထားအတိုင်းပါပဲ ဒေါက်တာမျိုးနောင်"

ကျွန်တော်တို့ကမ္ဘာကြီးကို အဝေးမှ လှမ်းမြင်ရသည့် မြင်ကွင်းသည် နံရံပေါ်၌ ထင်နေသည်။

"နောင်နှစ်ပေါင်းငါးထောင်မှာ ဖြစ်ပေါ်လာမယ့် ကမ္ဘာကြီးရဲ့အခြေအနေက ဟောဒီလိုပါ ဒေါက်တာမျိုးနောင်"

ဒွန်က နောက်ထပ်ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။

မြင်ကွင်းတွင် ကမ္ဘာတစ်ခုလုံး အခိုးအငွေ့များ ဖုံးလွှမ်းနေသည်။ ထို့နောက် နေရာတချို့မှ မှိုပွင့်သဏ္ဌာန်မီးခိုးလုံးကြီးများ တရစပ် ထွက်ပေါ်လာသည်။ ခဏချင်းပင် ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောက်နေပါလာလေသည်။

"နှစ်ပေါင်းငါးထောင့်တစ်ရာအကြာမှာရှိမယ့် အခြေအနေကို ကြည့်ပါဦး ဒေါက်တာမျိုးနောင်"

ခလုတ်တစ်ခုကို ထပ်နှိပ်လိုက်ရာ –



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးရှိခဲ့သည့်နေရာ၌ ဖုန်မှုန့်များ၊ မြူခိုးများပျံ့လွင့်ကာ ဝေမှိုင်းနေ သည်ကိုတွေ့ရလေသည်။ နှစ်ပေါင်း ၅၀၀၀ ကာလ၌ ကမ္ဘာကြီး မီးဟုန်းဟုန်း တောက်လောင်ပြီးနောက်ပိုင်း အခိုးအငွေ့ မြူခိုးပြာမှုန်များသည် နှစ်ပေါင်းတစ်ရာ ကြာသည်ထိ လွင့်ပျံ့နေသေးသည့်သဏ္ဌာန် ဖြစ်သည်။

"နှစ်ပေါင်း ၅၅၀၀ အကြာမှာတော့ ဒီလိုတွေ့ရပါလိမ့်မယ်"

မြင်ကွင်းထဲ၌ ကမ္ဘာကြီးရှိခဲ့သည့်နေရာတွင် ဘာမှရှိမနေပါတော့ ပကတိရှင်းလင်းကာ ဟင်းလင်းပြင်ကြီး ဖြစ်နေလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို ပျက်စီးသွားတော့ရော ဘာတတ်နိုင်မှာလဲ ဒွန်။ ကံဇာတ်ရားပဲ ဆို။ ဒီအချိန်မှာ ကျွန်တော်တို့လည်း ရှိတော့မှာ မဟုတ်ပါဘူး"

"ဒီလိုလက်လွှတ်စပယ်ပြောလို့ ဘယ်ရမလဲ ဒေါက်တာမျိုးနောင်။ ကျွန်တော်တို့လို ခင်ဗျားတို့ကမ္ဘာနဲ့ မပတ်သက်တဲ့ သီးခြားကမ္ဘာက ဂြိုဟ်သား တွေကတောင် ကမ္ဘာကြီးပျက်စီးမယ့်အရေးကို စိုးရိမ်နေရသေးရင် ကမ္ဘာသားလူ တစ်ယောက်ဖြစ်တဲ့ ခင်ဗျားဟာလည်း စိုးရိမ်ရမှာပေါ့"

"ကမ္ဘာကြီး ပျက်စီးသွားမယ့်အရေးကို ကျွန်တော်က ဘာတတ်နိုင်မှာမို့ လဲဗျာ။ ခင်ဗျားတို့တွက်ချက်မှုအရလည်း ကမ္ဘာဟာ နောက်နှစ်ပေါင်း ၅၀၀၀ အကြာမှာ မဖြစ်မနေ ပျက်စီးတော့မှာဆို"

"ဒါက ဘာမှမပြုပြင် မဟာန့်တားဘဲထားရင် ဖြစ်ပေါ်လာမယ့် နိမိတ် ပဲ ဒေါက်တာမျိုးနောင်။ ကျွန်တော်တို့မှာ ကမ္ဘာကြီး အဲဒီလို ပျက်စီးမသွားအောင် သဘောတွယ်ကုသရမယ့်နည်းလမ်းတွေ၊ ကယ်တင်နိုင်တဲ့နည်းဗျူဟာတွေ ရှိပါတယ်"

"ဩော် ... ဟုတ်လား"

"အဓိကကတော့ ခင်ဗျားတို့လူသားတွေရဲ့ ဦးနှောက်ဉာဏ်ရည် အဆင့် အတန်းကို မြှင့်ပေးဖို့နဲ့ ခင်ဗျားတို့ရဲ့သက်တမ်းကို တိုးမြှင့်ပေးဖို့ပါပဲ"

"ဟင်"

"ဒေါက်တာမျိုးနောင်၊ အနာဂတ်ရုပ်ရှင်မြင်ကွင်းထဲမှာ ခင်ဗျား မြင်ခဲ့ရတဲ့ ကမ္ဘာကြီး ပျက်စီးသွားရပုံဟာ တခြားသူတွေကြောင့် မဟုတ်ဘူး။ ကမ္ဘာပေါ်မှာ ရှိတဲ့ ခင်ဗျားတို့လူသားတွေရဲ့ပယောဂကြောင့်ပါပဲ။ တစ်ချိန်မှာ ဒီလို ဖြစ်မလာ

www.burmeseclassic.com

www.burmeseclassic.com



အောင် လူသားတွေရဲ့စိတ်ဓာတ်ကို မြှုပြင်မြှင့်တင်ထားဖို့ လိုတယ်။ တကယ်လို့သာ လူသားတွေရဲ့ဦးနှောက်အရည်အသွေးနဲ့ လူ့သက်တမ်းကို တိုးမြှင့်ပေးနိုင်ခဲ့ရင် ကမ္ဘာကြီးပျက်စီးသွားမယ့် အန္တရာယ်က ကာကွယ်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ဆီမှာ လူတွေရဲ့အရည်အသွေးကို တိုးမြှင့်ပေးနိုင်တဲ့ နည်းပညာတွေရှိနေပါတယ်"

"ခင်ဗျားတို့ဂြိုဟ်နဲ့ ကျုပ်တို့ကမ္ဘာဟာ အဝေးကြီးပါ။ ကျုပ်တို့ကမ္ဘာပျက်စီးမယ့်ကိစ္စကို ခင်ဗျားတို့ ဘာကြောင့် စိတ်ပူပန်နေရသလဲ ဒွန်"

"ကျွန်တော်တို့ဟာ နေစကြဝဠာတစ်ခုထဲမှာ နေထိုင်ကြတဲ့ စကြဝဠာသားတွေပါ။ စကြာဝဠာသားချင်း ရိုင်းပင်းဖို့လိုပါတယ်။ သက်ရှိတွေ နေထိုင်နိုင်တဲ့ဂြိုဟ်တစ်ခုဖြစ်ပေါ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ လူတွေ စနစ်တကျ ပေါ်ထွန်းပြီး ယဉ်ကျေးမှုတွေ၊ ဘာသာရေးတွေ၊ စာပေတွေ၊ သိပ္ပံနည်းပညာတွေ ထွန်းကားပြီးဖြစ်တဲ့ ခင်ဗျားတို့ ကမ္ဘာကြီး ပျက်စီးသွားမယ့် အရေးကို ကျုပ်တို့ ဘယ်လက်ပိုက်ကြည့်နေနိုင်ပါ့မလဲဗျာ"

"ဒီလိုဆိုတော့ ခင်ဗျားတို့ဟာ စိတ်ထားကောင်းတဲ့ဂြိုဟ်သားတွေပဲ ဒွန်"

"မှန်ပါတယ်၊ ကျွန်တော်တို့ဟာ ခင်ဗျားတို့ရန်သူတွေ မဟုတ်ပါဘူး မိတ်ဆွေတွေပါ။ ချစ်သူတွေပါ ဒေါက်တာမျိုးနောင်"

"ကျုပ်တို့ကမ္ဘာကြီး ပျက်စီးမယ့်အရေးကို ဘယ်လိုနည်းနဲ့များ ကာကွယ်ပေးမှာလဲဗျာ"

"ကျွန်တော်တို့က စီမံကိန်းကြီးတစ်ခု ရေးဆွဲထားပါတယ်။ အင်မတန်မှ ကြီးကျယ်တဲ့ မဟာစီမံကိန်းကြီးပါ။ 'ကမ္ဘာဂြိုဟ် ရေရှည်တည်တံ့ရေး စီမံကိန်း' လို့ နာမည်ပေးထားပါတယ်"

"ဒီစီမံကိန်းကို ဘယ်လိုများ အကောင်အထည်ဖော်မှာလဲဗျ"

"ကျွန်တော် ပြောခဲ့သလို"

ထိုစဉ်အခိုက် ယာဉ်၏မျက်နှာကြက်မှ အဝါရောင်မီးလုံးများက လင်းချည်မှိတ်ချည် လင်းလက်သွားလေသည်။ တစ်စုံတစ်ခုကို သတိပေးလိုက်သကဲ့သို့ဖြစ်ကာ ဒွန်၏ပြောလက်စစကားမှာ ရပ်သွားလေသည်။

ဒွန်သည် ပြင်ပသို့ ကဲကြည့်လိုက်သည်။

"စကားပြောလို့ ကောင်းနေလိုက်တာ၊ ကျွန်တော်တို့ ဂြိုဟ်ကို ရောက်ပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နာရီကိုကြည့်လိုက်ရာ ဒွန်ပြောထားသည့်အတိုင်း ၃ နာရီတိတိ ကြာမြင့်သည်ကို တွေ့ရလေသည်။

"ဂြိုဟ်ပေါ်ကို ကျွန်တော် ဆင်းရမှာလားဒွန်"

"မဆင်းပါနဲ့၊ ဆင်းစရာမလိုသေးပါဘူး။ ဂြိုဟ်ရဲ့ဆွဲငင်အားချင်းက တူတော့ ခင်ဗျားသွားရလာရတာ အခက်အခဲ ဖြစ်နေပါ့မယ်။ ကျုပ်တို့ ဂြိုဟ်ပေါ်က ကြည့်ရှုလေ့လာစရာတွေကို ယာဉ်ပေါ်ကနေပဲ ပြပါ့မယ်။ ဒါမှ အစုံအလင် သည်း မြင်ရ၊ မြန်လည်းမြန်မှာပေါ့ ဒေါက်တာမျိုးနောင်"

"ကောင်းပါလေ့ဗျာ၊ ကျွန်တော်လည်း ကမ္ဘာပေါ်က ကျွန်တော့်အိမ်ကို မြန်ချင်လှပါပြီ။ အိမ်ကမိသားစုက ကျွန်တော့်ကို မျှော်လှရော့မယ်ဗျ"

"ဒေါက်တာမျိုးနောင် ... ဒေါက်တာမျိုးနောင်၊ အဲဒီလိုအတွေးလေးတွေ ကိုတော့ ခင်ဗျား ဖယ်ရှားပုံ့လိုသေးတယ်ဗျို့"

●

www.burmeseclassic.com

www.burmeseclassic.com

"လာဗျ၊ ဟောဒီနေရာကနေ ကြည့်ရအောင်။ ဒီကကြည့်ရင် ဂြိုဟ် တစ်ခုလုံး မြင်ကွင်းတွေကို မြင်ရတယ်"

ဒွန်က ပြတင်းပေါက်တစ်နေရာတွင် ရပ်ရင်း ကျွန်တော့်အား လှမ်းခေါ် လိုက်သည်။ ထိုနေရာသည် ကမ္ဘာပေါ်၌ ပန်းကန်ပြားပျံကြီးကို စမြင်ရစဉ်က ကျွန်တော်တို့ကားလေးကို ဒွန် ရပ်ကြည့်နေသည့်နေရာပင် ဖြစ်သည်။

ကျွန်တော်က ပြတင်းပေါက်ဘေးတွင် ဒွန်နှင့်ယှဉ်တွဲ၍ ရပ်လိုက်သည်။

ယာဉ်သည် ဂြိုဟ်နှင့် အလွန်နီးကပ်လာချေပြီ။ ဒွန်တို့ဂြိုဟ်ကြီး၏ အပေါ်စီးမှ မြင်နေရပေသည်။

ဂြိုဟ်၏အသွင်သဏ္ဍာန်ကို ကြည့်၍ ကျွန်တော် အံ့ဩသွားရလေသည်။ ဂြိုဟ်မှာ ကျွန်တော်တို့ကမ္ဘာကဲ့သို့ တိတိကျကျလုံးဝန်းနေသော ပုံသဏ္ဍာန် မဟုတ်။ ဂြိုဟ်၏အပေါ်ထိပ်သည် ခွက်ဝင်နေလေသည်။ ထိပ်ပိုင်းတွင် ခွက်ဝင်နေ သော ချိုင့်ဝှမ်းကြီးမှာ ဂြိုဟ်တစ်ခုလုံး၏ ငါးပုံတစ်ပုံခန့် ရှိပေသည်။

"ခင်ဗျားတို့ဂြိုဟ်က ဂြိုဟ်ပဲ့ကြီးပဲ"

"ဟုတ်ပါတယ်၊ ဂြိုဟ်ရဲ့ထိပ်ပိုင်းဟာ အတွင်းကိုခွက်ဝင်နေပါတယ်။ အဲဒါ တခြားကြောင့် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းကုဋေပေါင်းများစွာ ကနေကပဲ့ကြွေလာတဲ့ အပိုင်းအစတစ်ခုဟာ ကျွန်တော်တို့ဂြိုဟ်ကို အရှိန်ပြင်းစွာ ဝင်တိုက်ခဲ့မိပါတယ်။ အဲဒီကတည်းက ဂြိုဟ်ရဲ့ထိပ်ပိုင်းဟာ ခွက်ဝင်သွားတယ် လို့ ဆိုပါတယ်"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



"ဝင်တိုက်တဲ့ နေအစိုင်အခဲထဲမှာ သက်ရှိတွေဖြစ်ပေါ်စေတဲ့ ကကောင် ...ည်းတွေ၊ ပဋိဇီဝပစ္စည်းတွေ ပါလာတယ်လို့ ဆိုပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ဂြိုဟ်သားတွေ ပေါ်ပေါက်လာတာပါ။ ဒါက ကျွန်တော်တို့ဆီက သိပ္ပံပညာရှင်များ၊ မနုဿဗေဒပညာရှင်များရဲ့ အဆိုပါ"

"ဟုတ်နိုင်လောက်ပါတယ်"

"ကျွန်တော်တို့ ဂြိုဟ်ကို အဝေးကနေ ကြည့်လိုက်စမ်းပါ ဒေါက်တာ ...နောင်။ ဒီဂြိုဟ်နဲ့တူတဲ့ အမှတ်အသားတစ်ခုခုများ ခင်ဗျား မမြင်ဖူးဘူးလား"

"အမှတ်အသား၊ ဂြိုဟ်နဲ့တူတဲ့ အမှတ်အသား၊ ဟုတ်လား"

ကျွန်တော်က အထက်ဘက်တွင် ခွက်ဝင်နေသော ဂြိုဟ်လုံးလုံးကြီးကို ကြည့်ကာ တွေးတောနေမိလေသည်။ ကျွန်တော့် စိတ်ထဲတွင် တစ်စုံတစ်ရာကို သိရှိခံစားနေရပေ၏။

"ကျွန်တော်တို့ဟာ ခင်ဗျားတို့ကမ္ဘာက လူသားတွေကို လေ့လာခဲ့တာ ...ပေါင်း ၁၀၀ ကျော်ခဲ့ပါပြီ။ လူတစ်ရာကျော်ကို ဗဟာဒီယာဥ်ပျံပေါ် ခေါ်ပြီးလေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ လေ့လာပြီးသမျှ လူတိုင်းရဲ့ကုပ်ပိုးမှာ ကျွန်တော်တို့ ဂြိုဟ်အမှတ်အသားလေးကို တံဆိပ်ရိုက်သလို ရိုက်ပေးလိုက်လေ့ရှိပါတယ်"

"ဩော် ... ဒါကြောင့်ကိုး'

ဒွန်နဲ့စကားကြောင့် ကျွန်တော်တို့မိသားစုသုံးယောက်တွင် ထင်ပေါ်နေသည့် 'ဗထက်ခြိုက်'ပုံအမှတ်အသားလေးကိစ္စမှာ ရှင်းသွားလေသည်။

"ဂြိုဟ်တံဆိပ်ဟာ အမှတ်အသားတစ်ခု ဖြစ်ရုံမကပါဘူး။ တံဆိပ်ရိုက်ခံရပြီးလူသားများကို ကျွန်တော်တို့ဂြိုဟ်ကနေ အချိန်မရွေး ဆက်သွယ်ကြည့်နိုင်တဲ့ ဆက်သွယ်ရေးအမှတ်တံဆိပ်တစ်ခုလည်း ဖြစ်ပါတယ်"

ပထမအကြိမ် ယာဥ်ပျံပေါ်ရောက်စဉ်က စမ်းသပ်စစ်ဆေးမှုများအပြီးတွင် ဒေါက်တာပြိုက တုတ်တံရှည်လေးတစ်ခု၏ထိပ်ဖြင့် ကျွန်တော့်လည်ကုပ်ကို ထောက်လိုက်သည်ကို အမှတ်ရမိလေသည်။ တံဆိပ်ရိုက်လိုက်ခြင်းပါကလား။

"ကျွန်တော်နဲ့ ကျွန်တော့်ဇနီးကို တံဆိပ်ရိုက်ပေးလိုက်တာကတော့ ...ပါတယ်။ အဲဒီတုန်းက ကျွန်တော့်သားလေးဟာ မမွေးသေးပါဘူး။ ကျွန်တော့် ဇနီးဗိုက်ထဲမှာ ၃ လသားအရွယ်သန္ဓေသားအဖြစ်နဲ့သာ ရှိပါသေးတယ်။ သန္ဓေသားကို ခင်ဗျားတို့ ဘယ်လိုတံဆိပ်ရိုက်လိုက်တာလဲဗျာ"

"ဟဲ ... ဟဲ ... ဟဲ"

ဒွန်က ပြန်မဖြေဘဲ ရယ်နေလေသည်။

"ခင်ဗျားတို့ဂြိုဟ်နာမည်ကို ဘယ်လိုခေါ်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"+ − "

"တင်"

"+ − လို့ခေါ်ပါတယ်"

"ခင်ဗျားအသံထွက်ပြတာကို နားမရှင်းလှဘူး ဒွန်"

"ဒါမဆန်းပါဘူး၊ တကယ်တော့ ကျွန်တော်တို့ဂြိုဟ်သားတွေဟာ အသံထွက်ပြီး စကားပြောကြတဲ့သူတွေမှ မဟုတ်ဘဲ။ ဂြိုဟ်နာမည်ကိုလည်း ဘယ်တုန်းကမှ အသံထွက်မရေရွတ်မိကြဘူး။ ကျွန်တော် ပြောလိုက်တဲ့အသံ ထွက်ဟာ ခင်ဗျားတို့ဘာသာစကားနဲ့ မတူတော့ နားမလည်နိုင်ဖြစ်နေမှာပေါ့"

"ဒါဆိုလည်း ထားပါတော့။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ခေါ် မှတ်သားပါတော့မယ်"

ဒွန်တို့ဂြိုဟ်အမည်မှာ အမှတ်ရခက်လှ၍ ကျွန်တော် ပြန်ပြောမပြတတ် ရေးမပြတတ်ပါ။ ထို့ကြောင့် မြန်မာအက္ခရာ ဗထက်ခြိုက်နှင့် တူသည့်အတွက် 'ဗထက်ခြိုက်ဂြိုဟ်'ဟုပဲ ဆက်လက်သုံးစွဲသွားပါမည်။

"ဂြိုဟ်ကိုလေ့လာတဲ့နေရာမှာ ချိုင့်ဝှမ်းနေရာကနေစပြီး လေ့လာကြ တာပေါ့။ ခင်ဗျားမြင်သာအောင် ယာဉ်ကိုခပ်နိမ့်နိမ့် ပျံသန်းပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာပျံနှင့်တိုက်မိ၍ ခွက်ဝင်နေသောချိုင့်ဝှမ်းကြီးမှာ ကျယ်ပြောလှသည်။ ချိုင့်ဝှမ်းထဲ၌ သစ်တောများပေါက်ရောက်နေပြီး ရေအိုင်ကြီးများကိုလည်း မြင်ရလေသည်။

"ချိုင့်ဝှမ်းကြီးထဲမှာ မနေကြဘူးလား"

"မနေပါဘူး၊ ရွံ့နွံထူထပ်လို့ပါ။ ကျွန်တော်တို့လူဦးရေနဲ့ ကျွန်တော်တို့ ဂြိုဟ်ဟာ ချောင်ချောင်ချိချိ နေသာပါတယ်"

"ခင်ဗျားတို့ဂြိုဟ်က ဘယ်လောက်ကြီးသလဲ"

"ဂြိုဟ်အရွယ်အစားဟာ ခင်ဗျားတို့ကမ္ဘာနဲ့ အတူတူပါပဲ။ နေကို သည့်ပတ်တဲ့နေရာမှာလည်း ၂၄ နာရီတစ်ကြိမ် လည်ပတ်ပါတယ်။ ကမ္ဘာဂြိုဟ်နဲ့ ကျွန်တော်တို့ဂြိုဟ်ဟာ ရာသီဥတု၊ သဘောသဘာဝချင်းလည်း တော်တော်တူ ကြပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ဂြိုဟ်သားများဟာ ခင်ဗျားတို့ကမ္ဘာ သားတွေကို ရိုင်းပင်းကူညီချင်ကြတာပါ"

"ဂြိုဟ်ပေါ်မှာ လူဦးရေကော ဘယ်လောက်ရှိပါသလဲ"

"သန်းတစ်ထောင်ပဲရှိပါတယ်။ ခင်ဗျားတို့ကမ္ဘာထက် လူဦးရေ နည်းပါ တယ်"

ယာဉ်သည် ချိုင့်ဝှမ်းကြီးကို ကျော်လွန်လာလေသည်။ ယာဉ်ကို မြေပြင် မှ ကိုက် ၅၀၀ အကွာအဝေးလောက်မှ ပျံသန်းနေ၍ ဂြိုဟ်ပေါ်မှ ရှုခင်းများကို ထင်ထင်ရှားရှား မြင်တွေ့နေရလေသည်။

ချိုင့်ဝှမ်းကိုကျော်သောအခါ သစ်တောကြီးတစ်ခုကို ဖြတ်ခဲ့ပြန်လာခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေနေတဲ့နေရာ မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"

မကြာမီ သစ်တောအုပ်မှာ တဖြည်းဖြည်း ပါးသွားပြီး အဆောက်အအုံအချို့ကိုမြင်ရလေသည်။ အဆောက်အအုံများ၏အမိုးကို တစ်ဖက်စောင်း၍ ပြုလုပ်ထားကြလေ၏။

"ဒါကတော့ မြို့ကလေးတစ်မြို့ပါ"

အောက်ဘက်၌ ဂြိုဟ်သားတချို့ တစ်နေရာမှတစ်နေရာ သွားလာနေကြသည်ကို တွေ့ရသည်။ ဒွန်ကဲ့သို့ပင် လမ်းလျှောက်စရာမလိုဘဲ မြေပြင်နှင့် ရှပ်တိုက်ရွေ့လျားသွားကြခြင်း ဖြစ်သည်။

"ခင်ဗျားတို့က လမ်းလျှောက်စရာမလိုဘဲ သွားနိုင်တယ်ဆိုတော့ စီးစရာ ယာဉ်တွေ ဘာတွေ မလိုဘူးပေါ့"

"လိုပါတယ်၊ အမြန်ရောက်ချင်တဲ့အခါသုံးဖို့ မော်တော်ကားတွေ ရှိပါတယ်။ ဒါက တောမြို့ကလေးမို့ပါ"

တောမြို့ကလေးကိုလွန်လာသောအခါ အတန်ကြီးမားသော မြစ်ကြီးတစ်ခုကို မြင်ရလေသည်။ မြစ်ကိုဖြတ်၍ တံတားတော်တော်များများ ဆောက်လုပ်ထားသည်ကို တွေ့ရ၏။

မြစ်ကြီးကိုလွန်လာသော် ခပ်စိပ်စိပ် အဆောက်အအုံများ မြင်လာရလေသည်။ ဂြိုဟ်သားတော်တော်များများ သွားလာလှုပ်ရှားနေသည်ကိုလည်း မြင်ရ၏။ ထူးခြားသည်မှာ ဂြိုဟ်သားတို့သည် ကျွန်တော်တို့ယာဉ် ခပ်နိမ့်နိမ့် ပျံသန်းသွားသည်ကို မြင်ကြသော်လည်း မော်မကြည့်ကြခြင်းဖြစ်သည်။ ယာဉ်ဖြတ်သန်းသွားခြင်းသည် သူတို့အတွက် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ဟန်တူသည်။

"ဒါကတော့ မြို့ကြီးတစ်မြို့ရဲ့အစွန်အဖျားဒေသပါ။ ကျွန်တော်တို့ဟာ စက်ရုံအလုပ်ရုံတွေကို မြို့အစွန်အဖျားမှာ ထားကြပါတယ်"

မြို့အတွင်းပိုင်းသို့ရောက်လာသည့်အခါ ဒွန်ပြောသော မော်တော်ကားများကို တွေ့ရလေသည်။ ထူးဆန်းသည်မှာ ကား၌ ဘီးများမပါဘဲ မြေပေါ်တွင် တစ်ပေခန့်အကွာမှ ရှပ်တိုက်ရွေ့လျားနေကြခြင်း ဖြစ်လေသည်။ လူတွေ လမ်းလျှောက်စရာမလိုသလို ကားတွေမှာလည်း ဘီးတပ်စရာမလိုဘဲ ရွေ့လျားနိုင်ပုံ ပေ၏။

"ခင်ဗျားတို့ လမ်းလျှောက်စရာမလိုဘဲ ရှာန်ကြွသလိုသွားနိုင်တာဟာ လေ့ကျင့်ထားလို့လား ဒွန်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ မွေးရာပါပါ။ ကျွန်တော်တို့ဂြိုဟ်သားများရဲ့ ဇီဝဗေဒ ...တည်မှုအတိုင်းပါပဲ"

"ခင်ဗျားတို့မှာ ခြေထောက်တွေတော့ ပါနေသားပဲ၊ လမ်းလျှောက်လို့ ...ာ မရဘူးလား"

"လမ်းလျှောက်မယ်ဆို လျှောက်လို့ရပါတယ်။ လမ်းလျှောက်ခြင်းကို ...ညောင်းအညာဖြေတဲ့နေရာနဲ့ အားကစားလုပ်တဲ့နေရာမှာပဲ သုံးပါတယ် ...ါက်တာမျိုးနောင်"

"အဆန်းပဲ"

တစ်နေရာအရောက်တွင် စက်ရုံဟုထင်ရသောအဆောက်အအုံဝင်းကြီး ...သို့ ဝင်သွားကြသောဂြိုဟ်သားမြောက်မြားစွာကို တွေ့ရလေ၏။

"ဒီအချိန်က ဂြိုဟ်ရဲ့ ဒီဘက်ခြမ်းမှာ မနက်ပိုင်းလေ၊ အလုပ်ဝင်ချိန်ပေါ့။ ...က်ရုံကြီးဟာ အစားအသောက်ထုတ်လုပ်တဲ့ စက်ရုံပါ။ အလုပ်သမားတွေ ...လုပ်လာဆင်းကြတာပါ ဒေါက်တာမျိုးနောင်"

"အစားအသောက်ထုတ်လုပ်တဲ့စက်ရုံ ဟုတ်လား။ ခင်ဗျားတို့ ဘာတွေ ...ကြလဲ ဗွန်"

"အသီးအရွက်တွေပဲ စားကြပါတယ်။ ဒီအတိုင်း မစားပါဘူး။ ဟင်း ...ည်အမျိုးမျိုးဖြစ်အောင် ပြုပြင်ဖန်တီးပြီးမှ စားကြပါတယ်"

"အသားငါးရော မစားဘူးလားဗျ"

"ကျွန်တော်တို့ဂြိုဟ်ပေါ်မှာ တိရစ္ဆာန်များ မရှိပါ။ တိရစ္ဆာန်သာမက ...ဘူး ကျေးငှက်များ၊ ပိုးမွှားများလည်း မရှိကြပါဘူး"

"အဆန်းပဲ ... ခင်ဗျားတို့ဂြိုဟ်သားတွေချည်းပဲပေါ့။ တိရစ္ဆာန်တွေ ...မွှားတွေ မရှိတော့ ရောဂါကင်းတာပေါ့ဗျာ"

"မှန်ပါတယ်"

ထို့နောက် အတော်ပင်ကြီးမားသော ခြံဝင်းကျယ်ကြီးတစ်ခုကို လှမ်းမြင် ...က်ရလေသည်။ အတွင်း၌ ယခု ကျွန်တော် စီးနင်းလာသော ပန်းကန်ပြားပုံ ...င် သဏ္ဌာန်တူသည့်ယာဉ်များ အရွယ်အစား အမျိုးမျိုးဖြင့် တွေ့ရလေသည်။ ...လုံးမှာ ဆောက်လက်စများ ဖြစ်လေသည်။ အလုပ်သမားများစွာကိုလည်း ...င်တွေ့ရလေ၏။

"ဒါ တခြားဂြိုဟ်တွေအထိ သွားနိုင်တဲ့ယာဉ်ပုံတွေ ထုတ်လုပ်တဲ့ ...က်ရုံပါ။ ကျွန်တော်တို့ တခြားမြို့တစ်မြို့ကို သွားကြပါစို့။ ပင်လယ်ပြင်တစ်ခုကို ...ဖြတ်သန်းသွားရပါလိမ့်မယ် ဒေါက်တာမျိုးနောင်။ ဆက်ပြီး လေ့လာကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ပင်လယ်ပြင်ကို အတော်ကြာ ဖြတ်သန်းလာ ရလေသည်။ ပင်လယ်ထဲ၌ သင်္ဘောများကို တွေ့ရပါသည်။ ဗထက်မြို့က်ဂြိုဟ်ထုံးစံအတိုင်း သင်္ဘောများသည်လည်း ရေပြင်နှင့် တစ်ပေခန့်ခွာ၍ ရုပ်တိုက် ရွေ့လျားသောယာဉ်များ ဖြစ်နေလေသည်။

"ပင်လယ်ထဲမှာရော ငါးတွေ မရှိဘူးလား ဒွန်"

"မရှိပါဘူး၊ ဘာသက်ရှိသတ္တဝါမှ မရှိပါဘူး"

"ဒီသင်္ဘောတွေ ဘာလုပ်ကြတာလဲ"

"ကုန်စည်တွေ တစ်နေရာက တစ်နေရာ ပို့ဆောင်တယ်။ ဂြိုဟ်သား တွေ စီးနင်းကြတယ်လေ"

သို့နှင့် အချိန်အတန်ကြာတွင် ပင်လယ်ကမ်းစပ်တစ်ဖက်သို့ ရောက် ရှိကာ ကမ်းစပ်မှ မြို့ကြီးကို တွေ့လိုက်ရလေသည်။

"ဒါဟာ ကျုပ်တို့ဂြိုဟ်ရဲ့ မြို့တော်ကြီးပါ။ ဒီမြို့ကြီးမှာ ဘာသာရပ် အမျိုးမျိုး သင်ကြားပေးတဲ့ကျောင်းတွေ၊ တက္ကသိုလ်တွေရှိတယ်။ သင်တန်း အမျိုးမျိုး ပို့ချပေးတဲ့ Training Centre တွေ ရှိပါတယ်"

ဒွန်က အချိန်အတော်ယူ၍ မြို့တော်ကြီးကို လိုက်ပြခဲ့လေသည်။ မြို့တော်ကြီးဖြစ်သည့်အားလျော်စွာ အဆောက်အအုံများ မြင့်မား၍ သပ်ရပ်လှ ကြသည်။ လမ်းမများမှာ ဖြူးဖြောင့်နေကာ ကျယ်ပြောသည်။ ယာဉ်အသွား အလာ ရှုပ်ထွေးမှုကိုတော့မတွေ့ရပေ။ ဗထက်မြို့က်ဂြိုဟ်သားများမှာ စွမ်းပုံသော ရွေ့လျားနိုင်ကြ၍ သိပ်မဝေးလံသောခရီးများကိုတော့ မိမိဘာသာပင် သွားကြပုံရ ပေသည်။ ခရီးဝေးမှသာ ကားကိုအသုံးပြုကြပုံရ၏။ ထို့ကြောင့် လမ်းမများပေါ်၌ ကားအစီးရေ ခပ်နည်းနည်းသာတွေ့ရပြီး ရုပ်တိုက်ရွေ့လျား သွားလာနေသည့် ဂြိုဟ်သားများကိုသာ လမ်းပေါ်၌ ကြိတ်ကြိတ်တိုး မြင်တွေ့နေရပါသည်။

ဒွန်က ကျွန်တော့်အား ဈေးများ၊ ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ် များ၊ ပျော်ပွဲရွှင်ပွဲကျင်းပရာအဆောက်အအုံများ၊ အားကစားကွင်းများကို လိုက် လံပြသခဲ့သည်။

တစ်နေရာအရောက်တွင် ကျောင်းကဲ့သို့ အဆောက်အအုံဝင်းကြီး တစ်ခုထဲ၌ တန်းစီနေကြသောလူတစ်စုကို တွေ့လိုက်ရသည့်အခါ ကျွန်တော့် မျက်စိကို မယုံနိုင်လောက်အောင် ဖြစ်သွားရလေ၏။

တန်းစီနေသူများမှာ ဗထက်မြို့က်ဂြိုဟ်သားများမဟုတ်ဘဲ ကျွန်တော် ကဲ့သို့ ကမ္ဘာပေါ်မှလူသားများ ဖြစ်နေသောကြောင့်ပင်။

ကျွန်တော်က သေချာအောင် တစ်ဖန် ထပ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ သူတို့သည် ကမ္ဘာပေါ်မှလူသားများ ဖြစ်ပေ၏။ ဗထက်မြို့က်ဂြိုဟ်သားများကဲ့သို့ ကိုယ်လုံးတစ်ခြောင့်တည်း မဟုတ်ဘဲ ဖုထစ်ကြွရှခြင်းများဖြင့် လူသားပုံသဏ္ဍာန်ရှိသော လူသားစစ်စစ်များပင် ဖြစ်လေသည်။

တန်းစီနေသော လူသားများကို ဗထက်မြို့က်ဂြိုဟ်သားကြီးတစ်ဦးက ရှေ့မှရပ်၍ တစ်စုံတစ်ခု ဟောပြောပို့ချနေဟန် ရှိလေသည်။ သူတို့ကို စကားဖြင့် ပြောဆိုရှင်းလင်းနေပုံကို ကြည့်ရုံဖြင့် သူတို့မှာ ဗထက်မြို့က်ဂြိုဟ်သားများ မဟုတ်ကြောင်း သိသာလေပြီ။

ထိုစဉ် သင်ခန်းစာ ပြီးဆုံးသွားဟန်ဖြင့် တန်းဖြုတ်လိုက်လေ၏။ ထိုအခါ ထိုသူများသည် မြေပေါ်မှာလမ်းလျှောက်၍ အနီးရှိ အဆောက်အအုံထဲသို့ ဝင်သွားကြလေသည်။ လမ်းလျှောက်သည်ကို တွေ့သည်နှင့်ပင် သူတို့မှာ လူသားများဖြစ်ကြောင်း ထင်ရှားသွားလေ၏။

အားလုံးသည် အသက် ၂၀ ဝန်းကျင်လူငယ်များ ဖြစ်ကြကာ ယောကျ်ားလေး၊ မိန်းကလေး အစုံအလင် ပါလေသည်။ သူတို့ထဲမှ သုံးလေးယောက်သည် ယာဉ်ပျံကိုမော်ကြည့်လိုက်ရာ ယာဉ်ပျံပေါ်မှ ကျွန်တော့်ကို မြင်တွေ့သွားကြလေ၏။ ကျွန်တော်က လက်ပြလိုက်ရာ သူတို့ကလည်း လက်များဆော့ယမ်းပြကြလေ၏။

"ဒွန် ဟောဟိုမှာ ကျွန်တော်တို့ကမ္ဘာပေါ်က လူတွေပါလား၊ သူတို့ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေကြတာလဲ"

"ကျွန်တော် ခေါ်လာတာပါ။ သူတို့ဟာ ကမ္ဘာမြေ ရေရှည်တည်တံ့ရေး စီမံကိန်း အတွက် ရွေ့ပြောင်းတာဝန်ယူရမယ့် ကေဒါကောင်းတွေပါပဲ။ သူတို့ကို စီမံကိန်းကြီးအတွက် သင်တန်းပို့ချနေတာပါ"

"ခင်ဗျား သူတို့ကို ဖမ်းခေါ်လာတာပေါ့ ဒွန်"

"ဖမ်းဆီးတယ်ဆိုတဲ့စကားကို မသုံးပါနဲ့ ဒေါက်တာမျိုးနောင်။ စီမံကိန်းအတွက် သင့်တော်မယ့်သူတွေကို ရွေးချယ်ပြီး ခေါ်လာရတာပါ။ ဒါဟာလည်း ခင်ဗျားတို့ ကမ္ဘာကြီးနဲ့လူသားတွေအကျိုးအတွက်ဆိုတာ လမ်းမှာပြောခဲ့ပြီးပြီပဲ"

"ဘာပဲဖြစ်ဖြစ် သူတို့ကိုယ်တိုင် စိတ်တူသဘောတူ လိုက်ပါလာတာ မဟုတ်ဘူးဆိုရင်တော့ အဓမ္မ ခေါ်ဆောင်မှုပဲ ဒွန်"

"အပြန်လမ်းခရီးမှာ ဒီအကြောင်းကို ကောင်းကောင်းရှင်းပြပါ့မယ် ဒေါက်တာမျိုးနောင်။ ဒါမှ သူတို့ ဘာကြောင့်လိုအပ်တယ်ဆိုတာ ခင်ဗျားရှင်းသွားပါလိမ့်မယ်။ ခင်ဗျားအနေနဲ့ ဒီကိစ္စအပေါ်မှာ စိတ်ကျေနပ်မှု ရလိမ့်မယ် ဒေါက်တာမျိုးနောင်"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ယာဉ်ပျံကို မြေပြင်မှ အတန်ငယ်အမြင့်သို့ ခွာကာ ဗထော် ဖြိုက်ဂြိုဟ်အား တစ်ပတ်ပြည့်အောင် လိုက်လံပြသခဲ့လေသည်။

ဒွန်က ဂြိုဟ်၏ပထဝီဝင်အနေအထား၊ ရာသီဥတုအခြေအနေများကို ရှင်းပြခဲ့လေသည်။

"ကဲ ... တော်လောက်ပါပြီ။ ပဏာမ လေ့လာမှုအနေနဲ့ လုံလောက် ပါပြီ။ ပြန်ကြပါစို့."

ကျွန်တော်က နာရီကိုကြည့်လိုက်ရာ ၃ နာရီ ၁၅ မိနစ် ရှိလေပြီ ကမ္ဘာပေါ်၌ နံနက်ဝေလီဝေလင်းအချိန် ဖြစ်ပေလိမ့်မည်။

ဒွန်က ကမ္ဘာသို့ပြန်မောင်းရန် ယာဉ်မှူးအား သူတို့၏ သင်္ကေတဖြင့် အချက်ပြလိုက်လေသည်။

"ကျွန်တော်တို့ဟာ ဘယ်လူသားကိုမှ အခုလို ပဏာမ လေ့လာမှု အနေနဲ့ ဂြိုဟ်ပေါ်အထိ ခေါ်မလာဖူးပါဘူး ဒေါက်တာမျိုးနောင်။ ခင်ဗျားဟာ ပထမဆုံးပါ။ ကျွန်တော်တို့ လိုအပ်တဲ့လူတိုင်းကို တစ်ခါတည်း ခေါ်လာလိုက်တာ ပါပဲ"

"ဗျာ ... အခုနက လူငယ်လေးတွေကို ပြောတာလား။ ခေါ်တယ်လို့ ကျွန်တော် ပြောတာပေါ့ ဒွန်။ သဘာဝတူညီချက်မရဘဲ ခေါ်လာပြီး ပြန်ပို့မပေးရင် အဓမ္မခေါ်ဆောင်မှုပဲလို့."

ဒွန်က ခေါင်းကိုခါယမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့မှာမဆို မိမိမျိုးနွယ်ထု တည်တံ့ခိုင်မြဲရေး၊ တိုးတက်ထွန်းကားရေးအတွက် တာဝန်ရှိတာပဲ မဟုတ်လား ဒေါက်တာမျိုးနောင်။ ပရဟိတအတွက် တာဝန်ထမ်းဆောင်တာဟာ မြင့်မြတ်တဲ့ အလုပ်တစ်ခုပါ။ ကျွန်တော်တို့ဟာ ခင်ဗျားတို့ကမ္ဘာသားတွေအကျိုးအတွက် ဘယ်လိုစီမံကိန်းတွေ ရေးဆွဲထားတယ်ဆိုတာ ရှင်းပြပါ့မယ်။ အခုနကပြောတဲ့စကားကို ပြန်ဆက်ကြစို့"

●

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်သည် ကမ္ဘာသို့အပြန်ခရီးကို စတင်နေလေပြီ။ ဗထက်ဖြိ
ဂြိုဟ်ကြီး ကျွန်တော့်မျက်စိအမြင်မှ လျင်မြန်စွာ သေးငယ်သွားခြင်းကို တော
ယာဉ်၏အမြန်နှုန်း သိသိသာသာတက်လာသည်ကို သိသာလေသည်။

ပြင်ပမှ နှိုင်းယှဉ်စရာ အရာဝတ္ထုမရှိတော့သည့်အခါတွင်မူ ယာဉ်
ငြိမ့်ညောင်းလွန်း၍ ရွေ့နေသည်ဟုပင် မထင်ရပြန်တော့ပေ။

"ကမ္ဘာဂြိုဟ်ကြီးပျက်စီးမယ့်ဘေးက ကယ်တင်နိုင်အောင် လူသား
ရဲ့ ဦးနှောက်ဉာဏ်ရည်ကို တိုးမြှင့်ပေးမယ်။ သက်တမ်းကို ပိုရှည်အောင် ဆွဲ
ပေးမယ်လို့ ကျွန်တော် ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ ဘယ်လိုနည်းနဲ့ လုပ်မှာပါလိမ့်"

"ဘာ့ကြောင့် ဒီလိုလုပ်တယ်ဆိုတဲ့ရည်ရွယ်ချက်ကို အရင်ပြောပြ
မယ်။ နောင်နှစ်ပေါင်း ၅၀၀၀ မှာ ခင်ဗျားတို့ကမ္ဘာကြီး ပျက်စီးသွားပုံကို အနာ
ရုပ်ရှင်မြင်ကွင်းမှာ ဒေါက်တာမျိုးနောင် တွေ့ခဲ့ပြီးပါပြီ။ ဒီလိုပျက်စီးသွားမှာ
တခြားကြောင့် မဟုတ်ပါဘူး။ ခင်ဗျားတို့ လူသားတွေကြောင့်ပဲ ဖြစ်ပါတယ်

"ခင်ဗျားတို့လူတွေအချင်းချင်းရဲ့ အာဃာတတွေ၊ ပြိုင်ဆိုင်မှုတွေ
ငြင်းခုန်မှုတွေ၊ မုန်းတီးမှုတွေ၊ မနာလိုမှုတွေ၊ လောဘစားချေမှုတွေကြောင့် အဲဒီအ
မှာ ကမ္ဘာနဲ့အဝှမ်းမှာ စစ်ပွဲကြီးတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ စစ်ပွဲတွေမှာ အ
ဆန်းဆုံးနဲ့ ခေတ်အမီဆုံးဆိုတဲ့ လက်နက်ကိရိယာတွေ သုံးကြရင်းနဲ့ ခင်ဗျား
လူသားတွေကိုယ်တိုင် စတေးခံကြရပြီး အသက်သေဆုံးရမှာပါ။ ကမ္ဘာကြီး
ပျက်သုဉ်းရမှာပါ ဒေါက်တာမျိုးနောင်။



www.burmeseclassic.com

www.burmeseclassic.com



"သို့သော် ဒီလိုဖြစ်မယ်ဆိုတာဟာ လူသားတွေရဲ့စိတ်ဓာတ်ကို ပြောင်းဘဲ လက်ရှိအဆင့်အတိုင်း ထားရှိခဲ့ရင်ဖြစ်လာမယ့် အဖြစ်အပျက်ပါ။ စိတ်ဓာတ်နဲ့ နှလုံးသားခံယူချက်ကို ပြင်ဆင်လိုက်တာနဲ့ အဲဒီလို အဖြစ်ဆိုးကြီးကနေ ရှောင်လွှဲနိုင်ပါတယ်။

"လတ်တလောမှာတင် ခင်ဗျားတို့ဟာ သူ့နိုင်ငံက စနစ်က မကောင်းဘူး ငါ့နိုင်ငံက စနစ်ကမှ ကောင်းတယ်။ ဟိုလူမျိုးရဲ့ခံယူချက်က နိမ့်တယ်၊ ဒီလူမျိုးရဲ့ယုံကြည်ချက်ကမှ မြင့်မြတ်တယ်။ ငါတို့အသားက ဖြူတယ်၊ သူတို့အသားက မည်းတယ် စသဖြင့် လူလူချင်း ပြိုင်ဆိုင်ပလွှားမှုတွေနဲ့ ပဋိပက္ခတွေဖြစ်နေကြတယ် မဟုတ်လား။ ပခုံးနှစ်ဘက်ကြားခေါင်းပေါက်တဲ့လူအချင်းချင်းကို အုပ်စိုးနိုင်ဆိုင် အနိုင်ယူလိုကြတယ်။

"အမှန်တော့ အဲဒီပဋိပက္ခတွေ ဖြစ်လာကြတာဟာ အတ္တကြီးကြလို့ဖြစ်တယ်။ ကိုယ့်အတွေးအမြင် ကိုယ့်ခံယူချက်ကိုသာ အမှန်တရားလို့ ယူဆကြလို့ဖြစ်တယ်။ ဒီလိုအတ္တကြီးတာလည်း တခြားကြောင့် မဟုတ်ဘူး။ စဉ်းစားဆင်ခြင်တဲ့ ဦးနှောက်ရဲ့အဆင့်အတန်းဟာ နိမ့်နေသေးလို့ပဲ။ ဦးနှောက်ဉာဏ်ရည် နိမ့်ပါးနေသမျှကာလပတ်လုံး ပဋိပက္ခတွေဟာ ဖြစ်ပေါ်နေဦးမှာပဲ။ မုန့်လုံးစက္ကူကပ်သလို ခြာခြာလည်နေမှာပဲ။ ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်ဆိုတာမျိုး အဖြေရှာရင် နောက်ဆုံးမှာ ဦးနှောက်အဆင့်နိမ့်လို့ဆိုတာပဲ ပေါ်လာရဦးမှာပဲ ဒေါက်တာမျိုးနောင်။

"ဒီတော့ ကမ္ဘာကြီးပျက်စီးသည်အထိ အန္တရာယ်ကြီးမားလှတဲ့ ပဋိပက္ခတွေ မပေါ်ပေါက်အောင် လူသားတွေရဲ့ဦးနှောက်ဉာဏ်ရည်ကို မြှင့်တင်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာဂြိုဟ် ရေရှည်တည်တံ့ခိုင်မြဲရေးစီမံကိန်းကို အပြည့်အစုံ ရေးဆွဲပြီးပါပြီ။ ဒီစီမံကိန်းရဲ့ပထမအဆင့် အစီအစဉ်အရ လူသားမျိုးနွယ်အသစ်တွေ ဖန်တီးပေးဖို့လိုအပ်ပါတယ်"

●

www.burmeseclassic.com

www.burmeseclassic.com

"ပထမအဆင့် အစီအစဉ်အနေနဲ့ ကျွန်တော်တို့ ရွေးချယ်ထားတဲ့ ကေဒါပေါင်း ၃၀ တိတိရှိပါတယ်။ ယောကျာ်းလေး ၁၅ ယောက်နဲ့ မိန်းကလေး ၁၅ ယောက်ပါ။ ဒေါက်တာမျိုးနောင် မြင်ခဲ့ရတာ သူတို့ထဲက တချို့ပါ။ သူတို့ အားလုံးရဲ့ ဦးနှောက်ကို ကျွန်တော်တို့က ခွဲစိတ်ပြုပြင်ပြီး အဆင့်မြှင့်ပေးမှာ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ကို နှစ်ပေါင်း ၃၀၀ အထိ အသက်ရှည်အောင်လည်း ပြုပြင်ကုသပေးဦးမှာပါ"

"သုံးရာ၊ အသက် ၃၀၀ ရှည်အောင် ဟုတ်လား"

"ဟုတ်ပါတယ်။ သူတို့ကို အသက် ၃၀၀ ရှည်တဲ့ ဦးနှောက်အဆင့် မြင့် လူသားတွေဖြစ်အောင် ဖန်တီးပေးမှာပါ။ ဒါကြောင့်လည်း လူငယ် လူရွယ် ကျန်းမာသန်စွမ်းသူတွေကို ရွေးချယ်ခေါ်ယူထားခြင်း ဖြစ်ပါတယ်။ ပြီးတော့ သူတို့အချင်းချင်း လက်ဆက်ပေါင်းသင်းစေပြီး လူသားမျိုးနွယ်သစ်တွေ ပွားယူမှာ ဖြစ်ပါတယ် ဒေါက်တာမျိုးနောင်။ သူတို့က မွေးဖွားလာတဲ့ကလေးတွေဟာတော့ အလိုအလျောက် ဉာဏ်ရည်မြင့်ပြီးသားဖြစ်ပြီး အသက် ၃၀၀ ရှည်မယ့် ကလေး တွေ ဖြစ်နေပါလိမ့်မယ်။

"ကျွန်တော်တို့ဟာ နောက်ပေါက်ဖွားလာမယ့် ကလေးငယ်များကို ကမ္ဘာအနှံ့မှာ ပြန်လည်ပို့လွှတ်နေရာချထားပေးမှာ ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ မျိုးနွယ်သစ်လူသားအသစ်တွေကို ပုံ့ပွားစေပါမယ်။ ကမ္ဘာပေါ်ရောက်သွားတဲ့ မျိုးနွယ်သစ်လူသားများဟာလည်း မျိုးဆက်သစ်ထပ်ပြီး ပုံ့ပွားကြဦးမှာဖို့သူတို့က ထပ်မံပေါက်ပွားလာမယ့်ကလေးတွေဟာလည်း အသက် ၃၀၀ ရှည်တဲ့ မျိုးနွယ် သစ်လူသားကလေးတွေ ဖြစ်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြီးတော့လည်း ကမ္ဘာပေါ်က ကျန်းမာသန့်စွမ်းတဲ့လူငယ်တွေကို တစ်သုတ်ပြီးတစ်သုတ် ခေါ်ယူပြီး မျိုးနွယ်သစ်လူသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပြုပြင်ကုသပေးသွားပါမယ်။ ဒီလိုနည်းနဲ့ နှစ်ပေါင်း ၂၀၀၀ လောက်ဆက်လိုက်မယ်ဆိုရင် ကမ္ဘာပေါ်မှာ မျိုးနွယ်သစ်လူသားပေါင်းများစွာ ရောက်ရှိပြီး ဖြစ်သွားပါလိမ့်မယ်။ မျိုးနွယ်သစ်လူသားရာခိုင်နှုန်းဟာလည်း ကမ္ဘာသားဦးရေရဲ့ ထက်ဝက်နီးပါး ရှိလာပါလိမ့်မယ် ဒေါက်တာမျိုးနောင်။

"မျိုးနွယ်သစ်များဟာ သာမန်လူသားများထက် ဉာဏ်ရည်ထက်မြက်သာလွန်သူများဖြစ်လို့ လုပ်ငန်းအဖွဲ့အစည်းများ၊ အစိုးရကဏ္ဍများမှာ ဦးစီးခေါင်းဆောင်နေရာတွေကို ရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြုပြင်ဖန်တီးပေးလိုက်မယ့် မျိုးနွယ်သစ်လူသားများဟာ နှလုံးရည်အရာမှာ သိမ်မွေ့နူးညံ့ယဉ်ကြင်သူများဖြစ်လို့ မနာလိုဝန်တိုခြင်း၊ ဒေါသထွက်ခြင်း၊ ငြင်းခုန်ဖြိုက်ခိုက်ခြင်းစတဲ့ စိတ်ဆိုးစိတ်ယုတ်တွေ ကင်းစင်နေမှာဖြစ်ပါတယ်။

"ဒါကြောင့် ပဋိပက္ခတွေလည်း ပေါ်ပေါက်လာမှာ မဟုတ်တော့ပါဘူး။ သူတို့ဟာ လူသားချင်းတစ်ဦးနဲ့တစ်ဦး လူမျိုးစုတစ်ခုနဲ့တစ်ခု ညှိနှိုင်းပေါင်းစပ်ပြီး ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ လူ့ဘောင်ကြီးကို တည်ထောင်သွားကြပါလိမ့်မယ်။ ဒီလိုနည်းနဲ့ နောင်နှစ် ၅၀၀၀ အကြာမှာ ကမ္ဘာကြီးပျက်စီးမယ့် ဘေးအန္တရာယ်ကို ကျော်လွှားရှောင်ရှားသွားနိုင်ပါလိမ့်မယ် ဒေါက်တာမျိုးနောင်"

●

www.burmeseclassic.com

www.burmeseclassic.com

“နားထောင်လို့တော့ သိပ်ကောင်းပါတယ်။ ကြားရတာလည်း အား
စရာ ကောင်းလှပါတယ် ဒွန်။ ဒီအတိုင်းလုပ်နိုင်လိမ့်မယ်လို့လည်း ခင်ဗျားတို့ရဲ့
ပညာကိုအထင်ကြီးလို့ ယုံကြည်မိပါတယ်။ ဒါပေမဲ့ စီမံကိန်းကာလက မရှည်
လျားလွန်းဘူးလား ဒွန်။ နှစ်ပေါင်း ၂၀၀၀ လောက် နှစ်ရှည်ဆွဲပြီး လုပ်နိုင်ပါ့မလား
စီမံကိန်းကို စတင်ခဲ့တဲ့ ဒွန်တို့ကသာ အားကြိုးမာန်တက်ရှိပေမဲ့ ဒွန်တို့ရဲ့ နော
လာနောက်သားတွေက ဒီလောက် စိတ်ရှည်လက်ရှည်ဆက်ပြီး လုပ်ပါ့မလား”

“စီမံကိန်းကာလ ရှည်လျားတာ မှန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့လူသား
များ အမြင်အရသာ အနှစ် ၂၀၀၀ ကို နှစ်ကာလရှည်လျားတယ် ထင်ရတာ
ကျွန်တော်တို့ဂြိုဟ်သားများရဲ့သက်တမ်းဟာ ဘယ်လောက်ရှိတယ်လို့ ထင်သ
ဒေါက်တာမျိုးနောင်”

“ကျွန်တော် မသိပါဘူး”

“ကျွန်တော်တို့ဂြိုဟ်သားများဟာ အနှစ်တစ်ထောင် အသက်ရှည်
ပါတယ် ဒေါက်တာမျိုးနောင်”

“အလိုဗျာ”

“ကျွန်တော်တို့ရဲ့မျိုးဆက် ၂ ဆက်, ၃ ဆက်လောက် ကြိုးစားလု
တာနဲ့ စီမံကိန်းဟာ အောင်မြင်သွားမှာပါ။ နောက်မျိုးဆက်များကိုလည်း တာ
ပေးအပ်ခဲ့မှာပါ။ ကျွန်တော်တို့ဂြိုဟ်သားများရဲ့ အသက်ဖြစ်တည်မှုကိုလည်း ဒေါ
တာမျိုးနောင် သိအောင် ပြောပြထားမှဖြစ်မယ်”

“ဟုတ်ကဲ့ ... ပြောပြပါဦး။ သိချင်ပါတယ်”

www.burmeseclassic.com



"ကျွန်တော်တို့ဂြိုဟ်သားများဟာ အသက်တစ်ထောင် ရှည်ကြပါတယ်။ ဂြိုဟ်သားအားလုံးဟာ အသက် ၁၀၀၀ တိတိ ရှင်သန်ခွင့် ရှိကြပါတယ်။ အသက် ၁၀၀၀ တိတိ ပြည့်တဲ့နေ့မှာ သေလွန်ကြရပါတယ်"

"သက်တမ်းမကုန်ခင် သေတာမျိုး မရှိဘူးလား"

"အပြင်းအထန် ထိခိုက်ဒဏ်ရာရလို့ သက်တမ်းစေ့မနေရဘဲ ကွယ်လွန်ရတာမျိုးတော့ ရှိပါတယ်။ ဒါပေမဲ့ သိပ်ရှားပါးပါတယ်။ အနှစ်ငါးရာလောက်မှာ တစ်ကြိမ်လောက်ပဲ ပေါ်ပေါက်ပါတယ်။ ကျွန်တော်တို့ဂြိုဟ်ဟာ ရာသီဥတုမျှတပြီး ဘီရုစ္ဆာန်တွေ၊ ပိုးမွှားတွေမရှိတဲ့အတွက် ရောဂါဘယဆိုတာလည်း မရှိပါဘူး။ ကြားတောင် မကြားဖူးပါဘူး ဒေါက်တာမျိုးနောင်"

"ဒါဖြင့် ကျွန်တော့်ကို ပြခဲ့တဲ့ ဆေးရုံတွေက ဘာအတွက် ထားတာလဲဗျ"

"ကလေးတွေ မွေးဖွားဖို့နဲ့၊ အသက် ၁၀၀၀ ပြည့်တဲ့နေ့မှာ အဆင်သင့် သေဆုံးဖို့အတွက် ထားတာပါ ဒေါက်တာမျိုးနောင်"

"အဆင်သင့်သေဆုံးဖို့"

"ဟုတ်ပါတယ်၊ ဂြိုဟ်သားတိုင်းဟာ အသက် ၁၀၀၀ တိတိ ပြည့်တဲ့နေ့မှာ မဖြစ်မနေ သေဆုံးရပါတယ်။ ရှောင်လွှဲလို့မရဘဲ သေဆုံးရပါတယ်။ ဂြိုဟ်သားတိုင်းဟာ ကိုယ်သေဆုံးမယ့်နေ့ကို သိထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လောကကြီးမှာ စိတ်အေးချမ်းသာစွာနဲ့ သက်သောင့်သက်သာ ရှိစွာ အဝကြီးနေလာပြီးဖြစ်လို့ သေဖို့ရာကို မပူပန်ကြပါဘူး။ ကျေနပ်စွာနဲ့ပဲ အသက်ကို စွန့်လွှတ်လေ့ရှိကြပါတယ်။ ဆေးရုံများဟာ သေနေ့စေ့တဲ့ဂြိုဟ်သားများ သက်သက်သာသာ၊ အေးအေးချမ်းချမ်း အသက်စွန့်လွှတ်ဖို့ နေရာကောင်းများ ဖြစ်ပါတယ်။ တချို့ အပျော်အပါးကြိုက်သူများဆိုရင် သူတို့ရဲ့သေနေ့ကို ပျော်ပွဲရွှင်ပွဲ အကအခုန်များနဲ့ ကျင်းပကြပါတယ်။ ကခုန်ပျော်မြူးနေပုံများကို ကြည့်ပြီး အသက်ကို စွန့်လွှတ်လေ့ရှိကြပါတယ်။ တချို့က အဲဒီလိုလုပ်ရင် ဘဝကူးကောင်းတယ်လို့ယူဆကြပါတယ်"

"ဆန်းလိုက်တာဗျာ"

"သေပြီးတဲ့သူများကိုလည်း ခင်ဗျားတို့ဆီမှာလို အမှတ်တရ အုတ်ဂူသွင်းတာတို့၊ မြေမြှုပ်သင်္ဂြိုဟ်တာတို့ လုပ်မနေပါဘူး။ ကဗ္ဗည်းကျောက်စာတိုင် စိုက်ထူပြီး လွမ်းဆွတ်နေတာမျိုးလည်း မရှိပါဘူး။ သေတာနဲ့ အက်ဆစ်နဲ့ပေါင်းပြီး အလောင်းကိုဖျောက်ဖျက်ပစ်လိုက်ပါတယ်။ သေသူကိုလည်း မေ့ပစ်လိုက်ကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ကျွန်တော့်ကို ကြည့်ပါ ဒေါက်တာမျိုးနောင်၊ ကျွန်တော့်အသက်ဟာ ဘယ်လောက်ရှိပြီလို့ ထင်ပါသလဲ"

"သက်တမ်းချင်းကမတူညီတော့ ကျွန်တော် မခန့်မှန်းတတ်ပါဘူး ဒွန်"

"ဒေါက်တာမျိုးနောင်သာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဂြိုဟ်သား အချင်းချင်းတောင် တစ်ယောက်နဲ့တစ်ယောက် အသက်အရွယ်ကို ခန့်မှန်းလို့ မရကြပါဘူး ဒေါက်တာမျိုးနောင်။ ကျွန်တော်တို့ဂြိုဟ်ကမ္ဘာမှာ ကလေးနဲ့ လူကြီး ရယ်လို့ လူ ၂ စားပဲရှိပါတယ်။ မွေးခါစကနေ အသက် ၁၀ နှစ်အရွယ်အထိ ကလေးပါ။ အသက် ၁၀ နှစ်ကျော်တာနဲ့ သူဟာ လူလားမြောက်ပြီး လူကြီး ဖြစ်သွားပါတယ်။ လူကြီးဖြစ်တဲ့နေ့ကစပြီး ဒီအရွယ် ဒီပုံစံနဲ့ပဲ သေတဲ့အထိ ရှိ ကြပါတယ်။ ကျွန်တော်တို့မှာ အိုမင်းရင့်ရော်ခြင်းဆိုတာ မရှိပါဘူး။ ဒါ့ကြောင့် အသက် ၁၀ နှစ်ကျော်ပြီး လူကြီးဘဝရောက်နေတဲ့သူတိုင်းဟာ တစ်ပုံစံတည်း ဖြစ်နေပါတယ်။ ဂြိုဟ်သားအချင်းချင်းတောင် အသက်အရွယ်ကို မမှန်းသတတ် ပါဘူး"

"ဩော်"

"ကျွန်တော့်အသက်ဟာ ၇၀၀ ရှိပါပြီ ဒေါက်တာမျိုးနောင်။ ပထမ ခရီးစဉ်တုန်းက ခင်ဗျားကို စစ်ဆေးခဲ့တဲ့ ဒေါက်တာဗြိုကို ခင်ဗျား မှတ်မိဦးမယ် ထင်ပါတယ်"

"မှတ်မိပါတယ် ဒွန်"

"ဒေါက်တာဗြိုအသက်ဟာ ၄၀ ပဲရှိပါသေးတယ်။ ကဲ ... ဒေါက်တာ ဗြိုနဲ့ ကျွန်တော့်မှာ အသက်ချင်းရာနဲ့ချီပြီး ကွာခြားပေမဲ့ အပေါ်ယံသွင်ပြင်မှာ ဘာများခြားနားပါသလဲ"

"ဘာမှမခြားနားပါ၊ အသက်ကိုသာ မပြောရင် ရွယ်တူတန်းတူလို့ပဲ ထင်ရပါတယ်။ ခင်ဗျားတို့ဟာ ဒီဂြိုဟ်သားအဖြစ်နဲ့ ရှင်သန်ခွင့်ရတာ သိပ်တော် ကောင်းပါတယ် ဒွန်"

"နောက်ပြီး ခင်ဗျား သတိထားမိသလား မသိဘူး။ ကျွန်တော်တို့မှာ ခင်ဗျားတို့လို ခြေသည်းလက်သည်းတွေ မပါဘူးဗျ"

"ဟုတ်ပါရဲ့ဗျာ၊ ဒွန်ပြောမှ ကျွန်တော် ကြည့်မိပါတယ်"

"ခြေသည်းလက်သည်းမရှိတော့ ခြေသည်းလက်သည်းညှပ်ရတဲ့ တာဝန်ကင်းတာပေါ့ဗျာ။ ကျွန်တော်တို့ရဲ့ဆံပင်ဟာလည်း အရှည်မြင်ရတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်မထက် ပိုမရှည်တော့ပါဘူး။ ဂြိုဟ်သားအားလုံး ယောကျ်ား မိန်းမ ဒီအတိုင်းပါပဲ။ ဒီတော့လည်း ဆံပင်ကိုညှပ်စရာ, ကောက်စရာ, ဖွံ့သွင်းစရာ မလိုတော့ တာဝန်တစ်ခု အေးပြန်တာပေါ့”

“ ကျွန်တော် တွေးမိတာတစ်ခုတော့ရှိတယ် ဒွန်။ ခင်ဗျားတို့ မျက်စိ မှုန်ရင် မျက်မှန်ဘယ်လိုတပ်မလဲဟင်။ မျက်မှန်ချိတ်စရာ နားရွက်လည်း မရှိ၊ နှာခေါင်းလည်း မရှိတော့ မျက်မှန်တပ်ရမခက်ဘူးလား။ ခင်ဗျားတို့တပ်တဲ့ မျက်မှန်က ဘယ်လိုပုံစံမျိုးလဲဗျ”

“ကျွန်တော်တို့ဂြိုဟ်မှာ ရောဂါဘယကင်းရှင်းတော့ မျက်စိလည်း မှုန်ပါဘူး ဒေါက်တာမျိုးနောင်။ မျက်မှန်လည်း မလိုတော့ဘူးပေါ့။ မျက်မှန်ဆိုတာ ဘာမှန်းတောင် မသိပါဘူး။ တစ်ခါက ယာဉ်ပေါ်ကို ခေါ်စစ်ခဲ့တဲ့လူတစ်ယောက် က မျက်မှန်တပ်ထားလို့ ကျွန်တော်တို့ အံ့ဩခဲ့ရတယ်။ သူပြောပြမှ မျက်စိ မှုန်ခြင်းဆိုတာ ရှိကြောင်းသိရတော့တယ်။ ကျွန်တော်လည်း သူ့မျက်မှန်ကို ခင်ဗျားနာရီနဲ့ လဲသလို ဖန်တုံးလေးနဲ့ လဲခဲ့သေးတယ်ဗျ”

“ခင်ဗျားတို့ဂြိုဟ်သားတွေ ခန္ဓာကိုယ်ဝန်ဆောင်မှုအတွက် တာဝန်နည်း တာပေါ့လေ။ နှုတ်ခမ်းမရှိတော့ မိန်းမတွေနှုတ်ခမ်းနီဆိုးစရာ မလိုဘူး။ ယောကျ်ား တွေလည်း နှုတ်ခမ်းမွေးမပေါက်တော့ ရိတ်စရာ မလိုဘူး။ မျက်ရစ် မရှိ၊ မျက်ခုံး မွေးမရှိတော့ အလှဆင်စရာလည်း မလိုတော့ဘူးပေါ့။ အေးချမ်းလိုက်တာဗျာ၊ အော ... နားရွက်မရှိတော့ နားကပ်တို့, နားဆွဲတို့တပ်စရာလည်း မလိုတော့ ပြန်ဘူး၊ အေးရော့ဗျာ”

“ဟုတ်ကဲ့ ... ကျွန်တော်တို့ရဲ့ မျိုးဆက်ပြန့်ပွားပုံကိုလည်း ပြောပြပါ ဦးဦး’

“မျိုးဆက်ပြန့်ပွားပုံ၊ ကျွန်တော် စိတ်ဝင်စားပါတယ်။ ပြောပြပါဦး”

“ကျွန်တော်တို့ဆီက ဂြိုဟ်သူမိန်းမတစ်ယောက်ဟာ တစ်သက်မှာ တစ်ကြိမ်ပဲ ကလေးမွေးဖွားကြပါတယ် ဒေါက်တာမျိုးနောင်”

“ဟင် ... တစ်ကြိမ်တည်း။ တစ်ကြိမ်တည်းပဲ မွေးခွင့်ပေးတယ်လို့ ဆိုလိုချင်တာလား”

“မဟုတ်ပါဘူး။ မွေးခွင့်ပေးတာ မဟုတ်ပါဘူး။ သားဆက်ခြားတဲ့ နည်းစနစ်လည်း ကျွန်တော်တို့ဆီမှာ မရှိပါဘူး။ ကျွန်တော်တို့ရဲ့ မျိုးဗီဇသဘော သဘာဝအရ မိန်းမတစ်ယောက်ဟာ တစ်သက်လုံးမှာ တစ်ကြိမ်ပဲ ကလေး မွေးနိုင်တာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ဂြိုဟ်မှာ ခင်ဗျားတို့ကမ္ဘာ ထက်စာရင် လူဦးရေနည်းပါးနေရခြင်း ဖြစ်ပါတယ် ဒေါက်တာမျိုးနောင်”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ပြုပြင်ဖန်တီးပေးမယ့် လူသားအသစ်မိန်းကလေးများက ကော၊ ကလေးတစ်ယောက်ပဲ မွေးဖွားပေးနိုင်မှာလား ဒွန်"

"မဟုတ်ပါဘူး။ ကျွန်တော်တို့က သူတို့ရဲ့သက်တမ်းနဲ့ ဦးနှောက်ကို သာ ပြုပြင်ပေးမှာဖြစ်လို့ လူသားများရဲ့သဘာဝအတိုင်း တစ်ကြိမ်မက မွေးဖွား နိုင်မှာပါ။ ဒါမှလည်း ကျွန်တော်တို့စီမံကိန်း အောင်မြင်မှာလေ"

"သူတို့ဟာ ခင်ဗျားတို့ ပြုပြင်စီရင်ပြီးတဲ့သူတွေ ဖြစ်သွားလို့ ခင်ဗျား တို့လိုပဲ အိုမင်းရင့်ရော်ခြင်းက ကင်းသူတွေ၊ ရောဂါဘယကင်းသူတွေ ဖြစ်သွား နိုင်မလား"

"ဒီဂြိုဟ်ပေါ်မှာပဲ ဆက်လက်နေထိုင်သွားမယ်ဆိုရင်တော့ သူတို့ဟာ မအိုမင်းနိုင်ပါဘူး။ ရောဂါဘယလည်း မကပ်ငြိနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က သူတို့ကို အမြဲပာမ်း ဒီဂြိုဟ်ပေါ်မှာမထားပါဘူး။ မျိုးဆက်ပြန့်ပွားဖို့အတွက် ကမ္ဘာပေါ်ကို ပြန်လွှတ်မှာပါ။ ကမ္ဘာကို ပြန်ရောက်ရင်တော့ ဟိုက ရာသီဥတု အခြေအနေ၊ အစားအသောက်၊ ပိုးမွှား စတာတွေကြောင့် သာမန်လူလို ရောဂါ လည်း ဝင်နိုင်မယ်။ အိုမင်းရင့်ရော်ခြင်းလည်း ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။ ဒီကိစ္စကတော့ လက်တွေ့မှ သိနိုင်မှာမို့ ကျွန်တော်တို့လည်း အတတ်မပြောနိုင် ပါဘူး ဒေါက်တာ မျိုးနောင်"

"ကြားရတာတွေကတော့ အဆန်းတကြယ်ချည်းပါပဲ ဒွန်"

"တကယ်တော့ မဆန်းပါဘူး ဒေါက်တာမျိုးနောင်။ ဒေါက်တာမျိုးနောင် က ကမ္ဘာပေါ်ကဖြစ်စဉ်တွေ၊ သဘောသဘာဝတွေနဲ့ နှိုင်းပြီး ကျွန်တော်တို့ဂြိုဟ် ရဲ့ ဓလေ့ထုံးစံတွေကို ဆန်းတယ်လို့ထင်နေတာပါ။ ကျွန်တော်တို့ဘက်က ကြည့်ရင်လည်း ဒေါက်တာမျိုးနောင်တို့ ကမ္ဘာဟာ ဆန်းကြယ်နေတာပါပဲ"

"ဟုတ်ပါတယ်လေ"

"အမှန်က ဂြိုဟ်တစ်ခုချင်းစီရဲ့ သဘောသဘာဝအတိုင်း ဖြစ်တည် နေကြတာပါ"

"သူ့သဘောသဘာဝအတိုင်းဖြစ်နေတဲ့ စကြဝဠာလောကကြီးထဲမှာ ကျွန်တော်တို့ကမ္ဘာကြီး ပျက်စီးသွားမှာဟာလည်း သဘာဝတရားတစ်ခုပဲ မဟုတ် လားဗျာ။ ဒွန်တို့ဂြိုဟ်သားတွေက ဘာလို့ကယ်တင်ချင်ရတာလဲ"

"စကြဝဠာသားအချင်းချင်း ဖြစ်နေလို့ပေါ့။ ဂြိုဟ်တိုင်းမှာ သက်ရှိဉာဏ် တွေ မရှိကြပါဘူး။ ကမ္ဘာလို အသိဉာဏ်ရှိတဲ့ သက်ရှိလူသားတွေရှိတဲ့ဂြိုဟ်တစ် လုံးပျက်စီးသွားမှာ နှမြောလို့ပါ။ ပြီးတော့ ကုသနိုင်မယ့်နည်းလမ်း ကယ်တင်နိုင် မယ့်နည်းလမ်းတွေ ကျွန်တော်တို့မှာ ရှိနေလို့ပါ ဒေါက်တာမျိုးနောင်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ဟာ ဒီစီမံကိန်းကြီးကို အကောင်အထည် ဖော်နိုင်ဖို့ အတွက် ကမ္ဘာမြေပေါ်ကို အခေါက်ခေါက်အခါခါ ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ လူသားများကိုလည်း ယာဉ်ပေါ်ခေါ်ဆောင်ပြီး လေ့လာစစ်ဆေးခဲ့ပါတယ်။လူပေါင်း ၁၀၀ ကျော်ကို လေ့လာခဲ့ပြီးပါပြီ။ ဒေါက်တာမျိုးနောင်တို့ လင်မယားဟာ ကျွန်တော်တို့ယာဉ်ရဲ့ ၃၆ ယောက်မြောက်နဲ့ ၃၇ ယောက်မြောက် လေ့လာခွင့်ရတဲ့ လူသားများ ဖြစ်ပါတယ်။

"ဂြိုဟ်ပေါ်ကို ရောက်ရှိနေတဲ့ လူသား လူငယ်လူရွယ်များဟာလည်း လေ့လာစစ်ဆေးပြီးမှ သင့်တော်သူများဖြစ်လို့ ရွေးချယ်ခေါ်ယူထားခြင်း ဖြစ်ပါတယ် ဒေါက်တာမျိုးနောင်။ သူတို့ကိုတော့ တစ်ကြိမ် တွေ့ဆုံပြီးတာနဲ့ သင့်လျော်တယ်လို့ သတ်မှတ်ပြီး ဂြိုဟ်ပေါ်ကို တစ်ပါတည်း ခေါ်ဆောင်သွားခြင်းဖြစ်ပါတယ်။

"ဒေါက်တာမျိုးနောင်ကိုတော့ ပညာရှင်တစ်ယောက်အနေနဲ့ ခေါ်ယူဖို့ ကျွန်တော်တို့က ရွေးချယ်ထားပါတယ် ဒေါက်တာမျိုးနောင်'

"ဗျာ ... ကျွန်တော့်ကို ရွေးချယ်ထားတယ် ဟုတ်လား"

"ဟုတ်ပါတယ်။ လူသားများအတွက် စီမံကိန်းမှာ လူသားပညာရှင်များ ပါဝင်ဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် လူသားဆရာဝန်တစ်ယောက် လိုအပ်ပါတယ် ဒေါက်တာမျိုးနောင်။ လူငယ်လူရွယ်များရဲ့ ဦးနှောက်နဲ့ ခန္ဓာကိုယ်ကို ခွဲစိတ်ကုသရမှာမို့ လူ့ရဲ့ခန္ဓာဗေဒကို နားလည်တဲ့ ဆရာဝန်တစ်ယောက် လည်းလိုသေး လိုအပ်ပါတယ်။ အဲဒီနေရာအတွက် ကျွန်တော်တို့က ဒေါက်တာ မျိုးနောင်ကို ရွေးချယ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဗျာ။ ကျွန်တော့်ကို ခင်ဗျားတို့ဂြိုဟ်ပေါ် မခေါ်လိုက်ပါနဲ့ ဒွန်။ ကျွန်တော့်မှာ မိသားစုရှိပါသေးတယ်။ ကျွန်တော့် သားလေးဟာ လသား အရွယ်ပဲ ရှိပါသေးတယ်ဗျာ"

"အဲဒီလို စိတ်ခံစားမှုတွေဟာ သိပ်ပြီးကျဉ်းမြောင်းပါတယ် ဒေါက်တာ မျိုးနောင်။ အတ္တကို ဖယ်စမ်းပါ။ ခင်ဗျားလုပ်ဆောင်ရမယ့် လုပ်ငန်းဟာ ခင်ဗျားတို့ ကမ္ဘာကြီး ရေရှည်တည်တံ့ဖို့နဲ့ ခင်ဗျားတို့လူသားတွေရဲ့ဘဝ သာယာဝပြောဖို့ပါ။ ဒီလိုမြင့်မြတ်ခမ်းနားတဲ့ စီမံကိန်းကြီးအတွက် မိသားစုသံယောဇဉ်ကိုလည်း ဖြတ် ရမှာပဲ ဒေါက်တာမျိုးနောင်"

"မဖြစ်ပါဘူး။ ကျွန်တော့်ဇနီးဟာ နိုင်ငံခြားသူတစ်ယောက်ပါ။ ကျွန် တော့်ကို အားကိုးပြီး နေရရှာတာပါ။ ကျွန်တော်မရှိရင် သူ မျက်စိသူငယ် နား သူငယ်နဲ့ ကျန်ခဲ့ရှာမှာဗျ"

"အမြင်ကျယ်စမ်းပါ ဒေါက်တာမျိုးနောင်ရယ်။ ကျွန်တော်တို့ဂြိုဟ်ပေါ် မှာ ခင်ဗျားကိုယ်တိုင်လည်း အသက် ၃၀၀ ပြည့်သည်ထိ နေနိုင်မှာပါ။ ခင်ဗျား အသက်ရှည်မယ်။ ခင်ဗျားဟာ လက်ရှိအရွယ်ထက်လည်း ပိုပြီးအိုမင်းမှာ မဟုတ် တော့ဘူး။ ဒီအရွယ်အတိုင်းပဲ နုပျိုကျန်းမာစွာနဲ့ သေသည်ထိ နေသွားရမှာပါ။ ပြီးတော့ ကျွန်တော်တို့ဆီက နည်းပညာတွေကိုလည်း ခင်ဗျား ရဦးမယ်လေ"

"ဟင့်အင်း။ ဒါတွေကို ကျုပ်မမက်မောဘူးဗျာ"

"ဒေါက်တာမျိုးနောင်၊ ကျွန်တော်တို့ဟာ ခင်ဗျားကို စကားကမ်းလှမ်း နေတာ မဟုတ်ပါဘူး။ ဖိတ်ခေါ်နေတာ မဟုတ်ပါဘူး။ ခင်ဗျားကို ကျွန်တော်တို့က ရွေးချယ်ထားတာပါ။ ရွေးချယ်ထားပြီးသားပါ။ မကြာခင်အချိန်မှာ ကျွန်တော်တို့ ခင်ဗျားကို လာခေါ်ပါ့မယ် ဒေါက်တာမျိုးနောင်"

"ဒွန်"

"ဟော ... ခင်ဗျားတို့ကမ္ဘာကို ပြန်ရောက်လာပြီ"

ဒွန် ပြောသောကြောင့် ပြင်ပသို့လှမ်းကြည့်လိုက်ရာ ကမ္ဘာပေါ်သို့ ပြန်လည်ရောက်ရှိနေကြောင်း တွေ့ရလေ၏။ ယာဉ်သည် သစ်တောကြီးဝိုင်း၏ အပေါ်တည့်တည့်တွင် ရပ်တန့်ထားပေပြီ။

ယာဉ်မှူးက စက်ခန်းထဲမှ စီစဉ်လိုက်ဟန်တူ၏။ သစ်ပင်များပေါ်မှ ကျွန်တော့်ကားလေးမှာ သံလိုက်ဓာတ်ကြောင့် ကြွတက်လာပြီး လမ်းမပေါ်သို့ ညင်သာစွာပင် ကျရောက်သွားလေ၏။

အချိန်မှာ နံနက်ခင်း ၆ နာရီ ၁၅ မိနစ်ရှိပေပြီ။ အမှန်ပင် ဖြစ်ရပ်စဉ်သည် ၁၂ နာရီတိတိ ကြာခဲ့ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်၌မူ အေးမြသောရာသီဥတုကြောင့် နှင်းများဖွေးနေအောင် ကျနေပြီး ယာဉ်အသွားအလာ ရှင်းလျက်ပင်ရှိပေ၏။

"လမ်းခွဲကြဦးစို့ ဒေါက်တာမျိုးနောင်။ မကြာခင် ကျွန်တော်တို့ ပြန်ပြီး ဆုံဆည်းကြသေးတာပေါ့ဗျာ။ ကျွန်တော့်ငှာတွေက ခင်ဗျားကို ကားပေါ်ရောက်တဲ့ အထိ လိုက်ပို့ပါလိမ့်မယ်။ ဩော် . . . ဒေါက်တာမျိုးနောင်၊ ဒီခရီးစဉ်ကိုလည်း ခင်ဗျားပြန်ပြီး သတိရမှာ မဟုတ်ဘူးဗျ။ မေ့နေဦးမှာပဲ၊ ကဲ . . . မကြာခင် ပြန်ဆည်ဆုံဆည်းကြတာပေါ့ဗျာ၊ ဂွတ်ဘိုင်"

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား ဂြိုဟ်သားများ ဒုတိယအကြိမ် ဖမ်းဆီးခေါ်ဆော
သွားသည့် အတွေ့အကြုံများမှာ အထက်ပါအတိုင်းပင် ဖြစ်ပါတော့သည်။

ကျွန်တော်သည် စိတ်ညို့နောက်ကြောင်းပြန်စနစ်ဖြင့် မဖော်ထု
က ဂြိုဟ်သားများက ခေတ္တခဏသာမန်မျှသာ ခေါ်ဆောင်ခဲ့သည်ဟု ထင်ခဲ့
၏။ ထိုအထင်အတိုင်း ရှိနေလျှင်ဖြင့် ကျွန်တော့်မှာ စိတ်သက်သာရာ
ပေသေးသည်။

စိတ်ညို့နောက်ကြောင်းပြန်စနစ်ဖြင့် မေ့လျော့နေသော ကာလမျ
ပြန်လည်ဖော်ထုတ်ပုံဖော်လိုက်သည့်အခါ ဒွန်တို့ ဗထက်မြိုက်ဂြိုဟ်သာ
သည် ကျွန်တော့်အား သူတို့၏ဂြိုဟ်ပေါ်သို့ ရာသက်ပန်ခေါ်ထားတော့မည်
သိလိုက်ရပေ၏။

ကျွန်တော်သည် ထိုအဖြစ်များကို အိပ်မက်သာဖြစ်လိုက်ချင်တော့
ထင်ယောင်ထင်မှား ကြုံရသောအဖြစ်များသာ ဖြစ်လိုက်ချင်ပါတော့သည်။

ခက်သည်က ပန်းကန်ပြားပျံဖြစ်ရပ်နှင့် ကြုံခဲ့ရကြောင်း အထော
အထားအဖြစ် ကျွန်တော်တို့မိသားစု၏ လည်ကုပ်ပေါ်၌ အနီရောင်ဗထက်မြို
အမှတ်အသားများ ယခုတိုင် ထင်ထင်ရှားရှား ရှိနေခြင်းပင်။

ထို့ပြင် ကျွန်တော့်နာရီနှင့် လဲခဲ့သော ဖန်တုံးကြီး။

ထိုဖန်တုံးကို စာကြည့်စားပွဲပေါ်တွင် အမှတ်မထင် တင်ထာ
ယခုမူ ဗထက်မြိုက်ဂြိုဟ်နှင့် ဆက်သွယ်နိုင်သော ကိရိယာတစ်ခုအဖြစ် သိရ

ကျွန်တော်က ဖန်တုံးကိုလေ့လာကြည့်ရာ ဖန်တုံးပေါ်ရှိအကွက်
တွင် ဗထက်မြိုက်ဂြိုဟ်ပေါ်မှ ရှုခင်းများ မြင်တွေ့နေရပေသည်။ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တုံးကို ကျွန်တော်လှေ့လာနေစဉ် ဒွန်၏မျက်နှာကြီးသည် ဖန်တုံးအကွက်တစ်ခု အတွင်းပေါ်လာလေ၏။ တစ်ဖက်မှ ဒွန်ကလည်း ဖန်တုံးဖြင့် ကမ္ဘာပေါ်ကို ကြည့် နေချိန် ဖြစ်ပုံရသည်။ ၂ လမ်းသွားဆက်သွယ်ရေးသဘော ပေါ်လွင်သွားသော ကြောင့်လည်း ကျွန်တော့်ကိုမြင်သွားလေ၏။ သူက မျဉ်းဖြောင့်ကဲ့သို့ တစ်ပြေး ညီဖြစ်နေသော သူ့နှုတ်ခမ်းကြီးကို ပစောက်ပုံဖြစ်သည်ထိ ပြုံးရယ်ပြလိုက်လေ သည်။ ကျွန်တော်သည် ကြောက်လန့်ကာ ယောင်ယမ်းပြီး ဖန်တုံးကို လက်ဖြင့် အုပ်ထားလိုက်မိလေသည်။

သူတို့ ကျွန်တော့်ကို ဘယ်တော့ လာခေါ်မှာပါလိမ့်။

ကျွန်တော့်အဖြစ်မှာ ကိုယ့်ကမ္ဘာပေါ်မှာ နေထိုင်ရင်းကပင် အခြားဂြိုဟ်မှ ဂြိုဟ်သားများ လာရောက်ဖမ်းဆီးမှာကို ကြောက်လန့်နေရသည့်အဖြစ်ပင်။ ပုန်း ရှောင်နေလို့လည်း ရမည်မဟုတ်ပါ။ မည်သည့်အာဏာပိုင်ကိုမှလည်း တိုင်ကြား လို့ရသည့်အဖြစ် မဟုတ်ပါ။

ကျွန်တော်သည် ကျွန်တော့်ဇနီးမိမိရီကိုလည်း ဤအကြောင်းများ ပြော မပြခဲ့ပါ။ ပြောလည်း မပြောရက်ပါ။

ယခုဆိုလျှင် ကျွန်တော့်သားလေးဖိုးသကြံန်သည်ပင် အသက်တစ်နှစ် ပြည့်၍ တီတီတာတာ စကားပြောတတ်နေပေပြီ။ အဖေ အမေကို လွန်စွာသိသော ဉာဏ်မြက်သည့် ကလေးငယ်တစ်ဦး ဖြစ်ပါ၏။

ကျွန်တော်၏ချစ်ဇနီးကိုရော၊ သားကလေးကိုပါ ခွဲခွာ၍ ဘယ်မှမသွား ချင်ပါ။ မသွားလိုပါ။

ဤမှတ်တမ်းအား ရေးသားရခြင်းအကြောင်းမှာ အကယ်၍ ကျွန်တော် ပျောက်ဆုံးသွားပါက အဖြစ်မှန်ကို သိနိုင်စေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

ဖြစ်ရပ်အမှန်ကို ဘော်စတွန်မြို့မှ ဒေါက်တာဘင်ဂျမင်ဆိုင်မွန်နှင့် ၎င်း၏ ဇာတ်ထောက်နှစ်ယောက်လည်း သိကြပါသည်။

ကျွန်တော့်အား စိတ်ညို့နောက် ကြောင်းပြန်ဖော်ထုတ်မှုဖြစ်စဉ်နှင့် ပတ်သက်သည့် ဒေါက်တာဆိုင်မွန် ပေးအပ်ထားသော ၎င်း၏ စစ်ဆေးတွေ့ရှိချက် အထောက်အထားများကို ဤမှတ်တမ်းနှင့်အတူ ပူးတွဲချုပ်လုပ်ခဲ့ပါသည်။

ကျွန်တော်၏အနာဂတ်ကား မည်သို့ဖြစ်လာဦးမည် မသေချာပါချေ။

ဒေါက်တာမျိုးနောင်
ပို့စ်မောက်မြို့
နယူးဟမ်ရှိုင်းယားပြည်နယ်
အမေရိကန်ပြည်ထောင်စု



www.burmeseclassic.com

www.burmeseclassic.com

# စတုတ္ထပိုင်း

www.burmeseclassic.com

www.burmeseclassic.com

1

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် ထူးဆန်းအံ့သြဖွယ် အကြောင်းအရာများနှင့် ပြည့်နှက်နေသည့် ဒေါက်တာမျိုးနောင်၏ မှတ်တမ်းကြီးကို ဖတ်ရှုခဲ့ရာ ည ၂ နာရီထိုးမှပင် ပြီးစီးလေတော့၏။

မှတ်တမ်း၏နောက်တွင် ဒေါက်တာဘင်ဂျမင်ဆိုင်မွန်၏ ကိုယ်ပိုင်စာရေးစက္ကူဖြင့် မှတ်တမ်းတင်ထားပြီး ဒေါက်တာဆိုင်မွန်ကိုယ်တိုင် လက်မှတ်ထိုးထားသော စစ်ဆေးချက်မှတ်တမ်းများကို တွေ့ရပါသည်။

ကျွန်ုပ်သည် ဖန်တုံးအကြောင်းကို ကြားသိစဉ်က ဤမျှနက်နဲမည်ဟု ထင်မထားခဲ့ပေ။ ဒေါက်တာမျိုးနောင်၏မှတ်တမ်းကိုဖတ်ရမှပင် အခြားဂြိုဟ်တစ်ခုနှင့် ပတ်သက်နေသည့် အလွန်လျှို့ဝှက်နက်နဲသော ဖြစ်ရပ်ကြီးတစ်ခုဖြစ်ကြောင်း သိလိုက်ရလေတော့၏။

ကျွန်ုပ်သည် နောက်တစ်နေ့မနက်မှာပင် ဦးမျိုးမောင်အား ဆက်သွယ်လိုက်လေသည်။

တယ်လီဖုန်းဆက်၍ ကျွန်ုပ်လာရောက်မည့်အကြောင်း။ ဖိုးသကြွန်နှင့်လည်း တွေ့ဆုံလိုကြောင်း ကြိုတင်၍ပြောထားလိုက်သည်။

သို့နှင့် ထိုနေ့ နေ့လယ်ခင်းမှာပင် ဦးမျိုးမောင်အိမ်သို့ သွားရောက်ခဲ့သလေ၏။

ဦးမျိုးမောင်အိမ်၌ ဖိုးသကြွန်ပါ စောင့်ဆိုင်းနေသည်ကို အသင့်တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာဗျို့ ဒေါက်တာ။ ဘယ့်နှယ်လဲ၊ ညီလေးရဲ့မှတ်တမ်းကြီးကို ဖတ်ပြီး ပလား"

"ဖတ်ပြီးပါပြီ ဦးမျိုးမောင်။ စိတ်ဝင်စားလွန်းလို့ တစ်ထိုင်တည်း ဖတ် လိုက်တာ ညက ၂ နာရီတောင် ထိုးသွားပါတယ်"

"မှတ်တမ်းထဲကအကြောင်းအရာတွေကိုရော ယုံရဲ့လားဗျ"

"ယုံပြီလားဗျာ၊ ဒေါက်တာမျိုးနောင်က စစ်ဆေးချက်အထောက် အထားတွေပါ ထားခဲ့တာပဲ။ ကျွန်တော် ယုံကြည်ပါတယ် ဦးမျိုးမောင်"

"ဒါကြောင့်လည်း တကယ့်ဖြစ်ရပ်တွေဟာ စိတ်ကူးယဉ်ထက် ဆန်း ကြယ်တယ်လို့ ပြောကြတာပဲ ဒေါက်တာရေ"

"ဟုတ်ပါတယ် ဦးမျိုးမောင်"

"ဩော် ... ဒေါက်တာ၊ ကျွန်တော့်တူလေး ဝင်းမင်းနောင် ရဲ့ ဖိုးသကြန်ဆိုတာ သူပါပဲ"

ဦးမျိုးမောင်က အနီးတွင်ရပ်နေသည့် ဖိုးသကြန်နှင့် ကျွန်ုပ်အား မိတ် ဆက်ပေးလိုက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

ဖိုးသကြန်က ကိုယ်ကိုကိုင်းညွတ်ရင်း ရိုကျိုးစွာ ပြောလိုက်လေ၏။ လှပချောမောရှ် ယောကျ်ားပီသသော လူငယ်လေးတစ်ဦးပင်။

"အန်ကယ်လည်း ဝမ်းသာပါတယ်ကွယ်"

ကျွန်ုပ်က လက်ကိုကမ်းပေးရင်း လက်ဆွဲနှုတ်ဆက်လိုက်ကြလေ သည်။

"သူ့ကို စိတ်သက်သာရာရအောင် ဒေါက်တာပဲ နှစ်သိမ့်ဆွေးနွေး လုပ်ပေးပါဗျာ"

"စိတ်ချပါ၊ ကျွန်တော် ကူညီပါ့မယ်။ ကဲ... ဖိုးသကြန်လည်း ထိုင် ပါဦးကွာ။ အန်ကယ်တို့ မင်းအဖေရဲ့မှတ်တမ်းအကြောင်း ဆွေးနွေးရအောင်"

"ဟုတ်ကဲ့"

"ဦးမျိုးမောင် မနေ့ကပြောပြချက်အရဆိုရင် ဒေါက်တာ မျိုးနောင်ရဲ့ မှတ်တမ်းကို ဖန်တုံးလေး ပျောက်သွားပြီးနောက်မှပဲ ဖတ်ဖြစ်တာပေါ့နော်"

"ဟုတ်ပါတယ်။ ဒီမှတ်တမ်းရှိကြောင်းလည်း ကျွန်တော်တို့က မသိတာကိုး။ ဒီကောင်လေး အိမ်ပေါ်ကစိတ်ဆိုးဆင်းလာမှ သူ့အဖေ့ပစ္စည်းတွေ အကုန်မ,ချလာလို့ တွေ့ပြီး ဖတ်ဖြစ်ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်အန်ကယ်။ ဒက်ဒီ့မှတ်တမ်းကိုသာ အရင်ဖတ်ရှင်း
နံ့တုံးလေးကို အသက်နဲ့လဲပြီး သိမ်းထားမိမှာပါ။ ခုလည်း တယုတယကိုင်တွယ်
ပြီး ကိုယ်နဲ့မကွာထားနေတဲ့ကြားက ကံအကြောင်းမလှလို့ ပျောက်သွားရတာပါ
အန်ကယ်။ ဒီအကြောင်းတွေ ဘဘက ပြောပြီးရောပေါ့"

"မနေ့က ပြောပြလို့ သိပြီးပါပြီကွယ်"

"ကျွန်တော်ဟာ ဖန်တုံးလေးထဲမှာ ဒက်ဒီ့ကိုတွေ့ရလို့ ဝမ်းသာနေမိ
တာပါ အန်ကယ်။ အဖြစ်မှန်ကိုမသိရပေမဲ့ ဒက်ဒီ့ကို မြင်နေရတော့ အလွမ်းပြေ
တာပေါ့။ ဒက်ဒီ့မှတ်တမ်းကို ဖတ်လိုက်ရမှ ဖန်တုံးထဲမှာ မြင်ရတဲ့ ဒက်ဒီ့ပုံရိပ်ဟာ
အခြားဂြိုဟ်တစ်ခုမှာ အသက်ရှင်လျက် ရှိသေးတဲ့အတိုင်း မြင်ရတာဆိုတာ
သိလိုက်ရပါတယ်။

"ဒီလိုသိရတဲ့အချိန်ကျမှ ဖန်တုံးက ပျောက်သွားတော့ အခုမှ ကျွန်
တော့်အတွက် ဒက်ဒီ တကယ်သေသွားသလို ခံစားရပါတယ် အန်ကယ်ရယ်"

ဖိုးသကြဲန်စကားကြောင့် ကျွန်ုပ်မှာ များစွာစိတ်မကောင်း ဖြစ်သွားရ
လေ၏။ ဖိုးသကြဲန်သည်လည်း ပြောရင်းမှ အသံများ တုန်ခိုက်နေရှာလေသည်။

"ဖြစ်ရလေကွယ်။ ဒါပေမဲ့ အားမလျှော့ပါနဲ့ ဖိုးသကြဲန်။ ဒီဖန်တုံးကို
ပြန်ရအောင် အန်ကယ်တို့ လိုက်ကြမှာပေါ့ကွယ့်"

"ဘယ်လိုလုပ်ပြန်ရတော့မှာလဲ အန်ကယ်ရယ်။ ဒီအကြောင်း တွေးမိ
တိုင်း မာမီ့ကို စိတ်နာမိတယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ်"

"အန်ကယ် စဉ်းစားကြည့်လေ။ ဒီဖန်တုံးဟာ သူ့ခေါင်းပေါ် တင်ထားရ
တာလည်း မဟုတ်ဘူး။ ပစ္စည်းအဟောင်းရောင်းတဲ့အထဲ ထည့်ရောင်းရအောင်
အဟောင်းအမြင်းလည်း မဟုတ်ဘူး။ ကျွန်တော်စားပွဲပေါ်မှာ တင်ထားခဲ့တာကို
သက်သက်မဲ့ တစ်ပဲခြောက်ပြားနဲ့ ရောင်းစားတယ်ဗျာ"

"သူ့ခမျာလည်း ဒါတွေ မသိရှာလို့ပေါ့ကွယ်။ မိခင်ကြီးကို ဒီလို
မပြောပါနဲ့ ကလေးရယ်။ ဒီပစ္စည်းကို ပြန်ရအောင်ပဲ အန်ကယ်တို့ ကြိုးစားရ
အောင်ပါ"

"ဘယ်လိုပြန်ရတော့မှာလဲဗျာ"

"ဘော်တယ်ကုလားကို ရောင်းလိုက်ပြီဆိုတာ သိရပြီပဲ ဖိုးသကြဲန်
ဘော်တယ်ကုလားကို ရအောင်လိုက်မှာပေါ့ကွယ့်"

"သူက ပြန်ရောင်းလိုက်ပြီဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားပဲကွာ၊ မကြိုးစားသေးဘဲ ဘာလို့အားလျှော့ချင်တာလဲ အန်ကယ်တို့ ဘော်တယ်ကုလားကိုအရင်ရအောင် ရှာမယ်။ ရှာလို့လည်း မခက်လောက်ပါဘူး။ မင်းတို့ရပ်ကွက်ထဲကို လာနေကျ ကုလား မဟုတ်လား"

"ဟုတ်ကဲ့"

"ကုလားဆီမှာ ရှိသေးရင်လည်း ပြန်ဝယ်မယ်။ သူ တခြားနေရာ ပြန်ရောင်းလိုက်ရင်လည်း ဆက်လိုက်မှာပေါ့ကွ။ အန်ကယ်ပါလိုက်ပြီး စုံစမ်းပေးဦးမယ် ဖိုးသကြဲန်"

"ကျေးဇူးတင်ပါတယ် အန်ကယ်။ ဒါပေမဲ့ ကျွန်တော် အိမ်ကို မပြန်ချင်ဘူးဗျာ၊ မာမီနဲ့မတွေ့ချင်ဘူး"

ဖိုးသကြဲန်ကား အတော်ပင် အမှတ်သညာကြီးသည့်လူငယ်လေး ဖြစ်ဟန်တူပေသည်။ မိခင်ကို စိတ်ဆိုးမပြေသေးပေ။

"မင်းအမေ ချောင်းသာက ပြန်မရောက်သေးပါဘူး ဖိုးသကြဲန်၊ ဒီမနက်က ဖုန်းဆက်ကြည့်ပြီးပါပြီ"

ဦးမျိုးမောင်က ဝင်ပြောလိုက်သည်။

"ဖန်တုံးကို ဘော်တယ်ကုလား ရောင်းလိုက်တာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော်ပစ္စည်းတွေ ပြန်မသယ်ခင် တစ်ရက်ကဆိုတော့ ၄ ရက်ရှိပါပြီ"

"၄ ရက်ဆိုတာ ဘာကြာသေးလို့လဲကွယ်။ လိုက်မယ်ဆိုရင် ကွင်းဆက်မိပါသေးတယ်"

"ဒေါက်တာကိုယ်တိုင် ကူညီမယ်ဆိုမှ မင်းက ဘာတွေ ဝေနေသေးလဲ ဖိုးသကြဲန်။ မင်းအိမ်မှာလည်း မင်းအမေ ပြန်မရောက်သေးပါဘူး။ ဒေါက်တာ့ကို အိမ်လိုက်ပို့ပေးလိုက်ပါ။ ဒေါက်တာ စိုးထိုက်လို လူကြီးသူကြီးတစ်ယောက်က ကိုယ်တိုင်လိုက်စုံစမ်းပေးမယ်ဆိုတာ အားနာစရာတောင် ကောင်းလှပြီ"

"အန်ကယ့်ကို ကျေးဇူးတင်ပါတယ်ဘာဘ။ သား အဲဒီအိမ်ကို မသွားချင်လို့ ပြောနေတာပါ။ ဒါပေမဲ့ မာမီ ပြန်မရောက်သေးဘူးဆိုတော့ သွားပါ့မယ်။ လိုက်ပို့ပါ့မယ်"

"အေး ... ဒီလိုမှပေါ့ကွယ်"

●

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြန်တို့အိမ်အရောက်တွင် အိမ်ဖော်အဒေါ်ကြီး ဒေါ်အေးကြည်က ...လာဖွင့်ပေးလေသည်။

"ဖိုးသကြန်ပါလား။ အရီတို့ ပြန်မရောက်ကြသေးဘူးကွယ့်"

"အဲဒါ ထားပါ ဒေါ်ကြီး။ ဒေါ်ကြီးတို့ ကျွန်တော့် ဖန်တုံးလေး ရောင်း ...ထိုက်တဲ့ ဘော်တယ်ကုလား လာသေးလား"

"ကုလားက ၃-၄ ရက်တစ်ခါလောက် အိမ်ရှေ့က အော်အော်သွား ...ဘဲ။ ဖန်တုံးလေး ရောင်းလိုက်ပြီးနောက်ပိုင်း လာတာ မတွေ့မိသေးဘူးကွယ့်"

"ကျွန်တော်တို့ ဧည့်ခန်းက ထိုင်စောင့်နေမယ်။ ဒေါ်ကြီး အိမ်ရှေ့က ...ပြီး ကုလားကို စောင့်နေပေတော့။ ကုလားလာရင် အိမ်ထဲကိုခေါ်လာခဲ့ ...လား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဒေါ်အေးကြည်ကို ခြံဝတွင်ထားခဲ့ကာ ကျွန်ုပ်နှင့် ဖိုးသကြန်က အိမ် ...တွင် ထိုင်စောင့်နေကြသည်။

ကျွန်ုပ်သည် ဖိုးသကြန်အား ဖန်တုံး အတွေ့အကြုံများအကြောင်း ...ပြန်းနေလိုက်သည်။

"ကျွန်တော် နှမြောမိတာက ဒက်ဒီ့ကို အသက်ရှင်နေသေးမှန်း သိရက် ... မြင်ရတော့တာကိုပါ အန်ကယ်"

"အင်း ... ဒီဖန်တုံးနဲ့ပတ်သက်လို့ ဒါ့ထက်နက်နဲတဲ့ကိစ္စတွေ ရှိပါ ...တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ အန်ကယ်"

"ဒေါက်တာမျိုးနောင်ရဲ့ မှတ်တမ်းအရဆိုရင် ဗထက်ခြိုက်ဂြိုဟ်သား ပညာရှင်တွေဟာ တို့ကမ္ဘာကို စေတနာထားပြီး ကယ်တင်ဖို့ ကြိုးစားနေတယ် ဆိုတာကို။ ဒါပေမဲ့ သူတို့စီမံကိန်းက သူတို့ဟာသူတို့ တစ်ဖက်သတ်ရေးဆွဲပြီး သူတို့ဆန္ဒအတိုင်း လုပ်နေတဲ့ စီမံကိန်းကြီး ဖြစ်နေတယ်။ တကယ်ဆိုရင် ကမ္ဘာ ကြီးအကျိုးအတွက် ဆောင်ရွက်ပေးနေတာပဲ။ ကမ္ဘာကပညာရှင်တွေကို တရား ဝင် ဆက်သွယ်ပြီး ညှိနှိုင်းလုပ်ဆောင်သင့်တာပေါ့ကွယ်။ ဖန်တုံးလေးသာ ပြန် ရရင် ဗထက်ခြိုက်ဂြိုဟ်သားတွေနဲ့ ကမ္ဘာက ပညာရှင်တွေ ရင်းနှီးမှုယူပြီး ပူး ပေါင်းလုပ်ဆောင်ဖို့အကြောင်းကို ဖိုးသကြန်ရဲ့အဖေကတစ်ဆင့် ညှိနှိုင်းလို့ရတာ ပေါ့"

"အန်ကယ့် ရည်ရွယ်ချက်က တော်တော်မြင့်ပါတယ်။ အန်ကယ် တွေးတာလည်း မှန်ပါတယ် အန်ကယ်။ အဲဒီလိုသာ ကမ္ဘာနဲ့ ဗထက်ခြိုက်ဂြိုဟ် ညှိနှိုင်းဆက်သွယ်လို့ရခဲ့ရင် ကျွန်တော်လည်း ဒက်ဒီ့ကို ပြန်တွေ့နိုင်တာပေါ့နော်"

"ဒါပေါ့ကွယ့်"

"ဖန်တုံးလေးကို ပြန်ရပါစေဗျာ"

ဖိုးသကြန်က ကလေးတစ်ယောက်သဖွယ် မျက်လုံးစုံမှိတ်လျက် လက် အုပ်ချီကာ ဆုတောင်းနေရှာလေသည်။

"ဪ... ဒါနဲ့ ဖိုးသကြန်လည်ကုပ်က ဗထက်ခြိုက် အမှတ်ကလေး ကို အန်ကယ်ကြည့်ပါရစေကွယ်"

"ကြည့်ပါ အန်ကယ်"

ဖိုးသကြန်က ကျွန်တော့်ရှေ့ကြမ်းပြင်တွင် ကျောခိုင်းထိုင်ရင်း အကျႌ အပေါ် ကြယ်သီးကို၍ ကော်လံကုပ်ပိုးကိုဆွဲချကာ အမှတ်ကလေးကို ပြလေ သည်။

အမှတ်ကလေးက လက်မ၏လက်သည်းခွံခန့်ကြီးမားပြီး ဗထက်ခြိုက် ပီပီပြင်ပြင် ပေါ်လွင်နေသည်ကို တွေ့ရပေ၏။ အရောင်မှာ အနီရောင်ရဲရဲ ဖြစ်လေ သည်။

ဖိုးသကြန်၏အမှတ်ကလေးကို ကြည့်နေစဉ်တွင် အိမ်ဖော်အဒေါ်ကြီး အိမ်ထဲသို့ ဝင်လာလေသည်။ သူ့နောက်တွင်လည်း ကုလားတစ်ယောက်ပါလာ လေ၏။

"ဖိုးသကြန်ရေ... ဖိုးသကြန်၊ ဟောဒီမှာ တွေ့ပြီဟေ့ ဖန်တုံးလေး ယူသွားတာ ဒီကုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကြီး ... ဘာစကားပြောတာလဲ။ ကုလားနော် ခိုးတို့ သုံးစားတယ်။ ဆင်းရဲတယ်နော်၊ သူများပစ္စည်းမခိုးဘူး"

"ဟဲ့ ... ငါကရော နင့်ကို ခိုးတယ်လို့ပြောနေလို့လားဟဲ့"

"အဘွားကြီးက ကုလားကို ဖန်တုံးယူတယ်လို့ဘာလို့ စွပ်စွဲသလဲ"

ဒေါ်အေးကြည်က အကျိုးအကြောင်းရှင်းမပြဘဲ ကုလားကို ဆွဲခေါ်လာခဲ့သည်။ နားလည်မှုလွဲမှားကာ သူတို့ချင်း ရှုပ်ယှက်ခတ်နေကြလေပြီ။

'တော်စမ်းပါဗျာ၊ ခင်ဗျားတို့ကလဲ စကားကိုရှင်းအောင် မပြောဘဲကိုး။ ဒီလိုဗျ ကုလားရဲ့"

"ကျွန်တော့်နာမည် မူတူးပါ အာ့ကိုလေး"

"အဲ ... ကိုမူတူး။ ခင်ဗျားလွန်ခဲ့တဲ့ ၄ ရက်က ဒီအိမ်က ပစ္စည်းအဟောင်းတွေ ဝယ်သွားတယ် မဟုတ်လား"

"အင်း ... အဲ ... ဟုတ်ပါတယ် အာ့ကိုလေး။ ဒီအဘွားကြီး ကုလားကိုခေါ်ပြီး ရောင်းပါတယ်။ ကုလားတန်ရာ တန်ဖိုး ပေးခဲ့ပါတယ်။ ကုလား ခိုးပါဘူး အာ့ကိုလေး"

"ခင်ဗျားကို ခိုးတယ်လို့ မစွပ်စွဲပါဘူး။ အဲဒီနေ့က ရောင်းလိုက်တဲ့အထဲမှာ အရေးကြီးတဲ့ ပစ္စည်းတစ်ခု ပါသွားလို့ဗျ။ အဲဒါကို ပြန်လိုချင်တယ်"

"ဒုက္ခပဲ အာ့ကိုလေး၊ ကုလားက ရလာတဲ့ပစ္စည်းတွေ သူ့နေရာနဲ့သူ ပြန်သွင်းပြီးပြီ အာ့ကိုလေး၊ အာ့ကိုလေးပစ္စည်းက ဘာလဲ"

"ခုနပြောတဲ့ ဖန်တုံးလေးလေ"

"ဖန်တုံး"

"ပြန်စဉ်းစားပါဦး ကိုမူတူး။ ဖန်တုံးက အပေါ်မှာအကွက်ကလေးတွေ ဖော်ထားတယ်။ လက်သီးဆုပ်လောက် နီးနီးရှိတယ်"

မူတူးက မျက်လုံးကလယ်ကလယ်ဖြင့် စဉ်းစားနေလေသည်။

"အား ... ကုလားမှတ်မိပြီ၊ စားပွဲတွေပေါ်မှာ တင်တဲ့ဖန်တုံးမျိုး ဟုတ်လား အာ့ကိုလေး"

"အေး ... ဟုတ်တယ်၊ စာရွက်ဖိတဲ့ဖန်တုံးလိုမျိုး"

"အာ့ကိုလေး၊ အဲဒါကို ကုလားရောင်းစားလိုက်ပြီ"

"ဘာ"

ဖိုးသကြိန်က ကျယ်လောင်စွာ အော်လိုက်ရာ ကုလားမူတူး တုန်သွားလေသည်။

"ဒီလိုပါကွယ်၊ အန်ကယ်တို့က အဲဒီဖန်တုံးလေးကို ပြန်လိုချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါက မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးထားတဲ့ ပစ္စည်းကွယ့်။ အသုံး မလိုတော့ဘူးထင်ပြီး ဒီအဒေါ်ကြီးက ရောင်းလိုက်မိတာပါ။ မောင်မှုတူး ဘယ် နေရာမှာ ဒါလေးကိုရောင်းခဲ့လဲ။ အဲဒီနေရာကိုလိုက်ပြီး အန်ကယ်တို့ ပြန်ဝယ်ပါ့ မယ်ကွယ်"

ကျွန်ုပ်က ကြားဝင်ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့ အန်ကယ်ကြီး။ ဖန်တုံးလေးကို ကုလား ကြူရီယိုဆိုင်ကို ပြန်ရောင်းလိုက်ပါတယ်"

"ကြူရီယိုဆိုင်"

"ဟုတ်ကဲ့ ... ရှေးရှေးတုန်းက ပစ္စည်းတွေရောင်းတဲ့ဆိုင်ပါ"

"ရှေးဟောင်းပစ္စည်းအရောင်းဆိုင်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ အန်ကယ်ကြီး။ ထူးဆန်းတဲ့ ပစ္စည်းတွေ ဆို ကုလားက ကျူလယာဆိုင် သွားသွင်းပါတယ်။ သူတို့ကလည်း မှာထားလို့ပါ။ ဈေးကောင်းလည်း ပေးပါတယ် အန်ကယ်ကြီး"

"အန်ကယ်တို့ ပြန်ဝယ်ပါ့မယ်။ မှုတူးက ဘယ်လောက်နဲ့ ရောင်းလိုက် တာလဲ"

"၂၀၀ နဲ့ပါ"

"အမယ် ... ငါ့ဆီက ဝယ်သွားတော့ ၅၀ တည်းပေးသွားတာ ကုလား တော်တော်လည်တယ်"

"ကဲပါလေ ... အဲဒီဆိုင်ဘယ်နားမှာဆိုတာသာ အန်ကယ်တို့ကို လိုက်ပြပါကွယ်"

"ရွှေတိဂုံဘုရားနားမှာပါ အန်ကယ်ကြီး။ သောင်းဒီပါရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးလို့ ဆိုင်းဘုတ်တပ်ထားပါတယ်"

"ကဲ ... ကုလား။ အဲဒီဆိုင်ကို ခင်ဗျားကိုယ်တိုင် လိုက်ပို့ပေတော့ လာ ... သွားမယ်"

"ဟာ ... အဘ့ကိုလေး ... မလုပ်ပါနဲ့။ ကုလားနော် ... အခုမှ အိမ်ကထွက်လာတယ်။ ဘာအလုပ်မှ မဖြစ်သေးဘူး။ ကုလားအရပ်ထဲ လည်ဦး မယ် အဘ့ကိုလေး"

"လုပ်မနေနဲ့ဗျာ။ ခင်ဗျား တစ်နေ့ဘယ်လောက်ရလဲ။ ကျုပ်ပေးမယ် လာ ... ကားပေါ်တက်"

"အဘ့ကိုလေး ... ကုလားပစ္စည်းတွေ ရှိပါသေးတယ်။ ဘယ်မှာထား ခဲ့ရမလဲ။ အဘ့ကိုလေး ကားပေါ် ဒါတွေတင်ရမှာ အားနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မှုတူးက အပေါက်ဝမှခြင်းတောင်းနှစ်လုံးနှင့် ဆိုင်းထမ်းကိုပြ၍ ပြော သည်။

"တော်တော်လျှာရှည်တဲ့ ကုလားပါလား။ ဒီမှာပဲ ထားခဲ့ပေါ့။ ကျွန်တို့ ခင်များကို ဒီအိမ်အထိ ပြန်ခေါ်လာပေးမှာ။ မုန့်ဖိုးလည်း ပေးဦးမယ်။ ကြာ ယ် ... တက်ဗျာ"

ဖိုးသကြဲန်က စိတ်မြန်လက်မြန်နှင့် ကားတခါးကိုဆွဲဖွင့်ပြီး မှုတူးကို တင်လိုက်ရာ ကုလားပိန်လေးသည် ကားနောက်ခန်းထဲသို့ ကုပ်ကုပ်လေး တ်သွားလေ၏။

"အန်ကယ် ... တက်ပါအန်ကယ်။ ကျွန်တော်တို့ ရှေးဟောင်းပစ္စည်း ကို လိုက်ကြတာပေါ့"

●

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းပစ္စည်းဆိုင်မှာ ရွှေတိဂုံဘုရားအနီး ရွှေဂုံတိုင်ထဲ၌ ဖြစ်သော
သည်။

လမ်းကြားလေးထဲသို့ အတန်ငယ်ဝင်ရပြီး လမ်းထိပ်၌ 'သောင်းဒီပါ
ရှေးဟောင်းပစ္စည်းအရောင်းဆိုင်သို့' ဟု လမ်းညွှန် ဆိုင်းဘုတ်ကလေး ထောင်
ထား၏။

ဆိုင်မှာ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်၊ သားသားနားနား မရှိသော
ဆိုင်အပြင်အဆင်ထက် 'သောင်းဒီပါ' ဆိုသော ဆိုင်းဘုတ်ကြီးက ကြီးမားစွာ
ခံ့ထည်လွန်းနေသည်။

ကျွန်ုပ်တို့သုံးယောက် ဆိုင်ထဲသို့ဝင်ခဲ့ရာ ဆိုင်ရှေ့၌ မည်သူမှရှိမနေပေ။

"အန်တီ ... အန်တီ"

မှုတူးက အတွင်းဘက်သို့ အော်ခေါ်လိုက်သည်။

ဆိုင်ထဲ၌ပစ္စည်းမျိုးစုံဖြင့် ရှုပ်ယှက်ခတ်နေ၏။ ရှေးဟောင်းပစ္စည်းဆိုင်
ဖြစ်သည့် အားလျော်စွာ ပစ္စည်းများမှာ အရောင်မှိန်ပြယ်နေလေသည်။ ဒီကြား
မီးထွန်းမထား၍ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေပေ၏။

မှန်ရှိုးကေ့စ်လေးထဲ၌ တိုလီမုတ်စပစ္စည်းမျိုးစုံကို စနစ်တကျ
ပြီးစလွယ်ထည့်ထားသည်ကို တွေ့ရသည်။ နံရံတွင်တော့ ကျွဲချိုများ
များ၊ ဒေါင်းတောင်များ ကပ်ထား၏။ တယောအဟောင်း၊ မယ်ဒလင်အဟောင်း၊
ဘာဂျာအဟောင်း၊ ဒုံမင်းအဟောင်းများကို တွဲလောင်းဆွဲထားသည်လည်း


www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ စားပွဲရှည်ကြီးတစ်လုံးပေါ်၌ အိုးခွက်ပန်းကန်အပဲ့များ တန်းစီတင်ထား ပြီး ခုနှစ်သက္ကရာဇ်များ၊ အသုံးပြုခဲ့သည့်ခေတ်ကာလများကို စာတန်းရေးကပ် ထားသည်ကို တွေ့ရ၏။

တစ်နေရာ၌ မှန်ပုံးလေးထဲတွင် သီးသန့်ထည့်ထားသည့် ကြွေပန်းကန် များတစ်ချပ်ကိုမြင်သဖြင့် အနီးကပ်သွားကြည့်ရာ 'မင်းတုန်းမင်းတြားကြီး ပွဲတော် တည်ခဲ့သည့် ပန်းကန်ပြား' ဟု စာတန်းရေးကပ်ထားသည်ကိုတွေ့၍ ကျွန်ုပ်မှာ အံ့အားသင့်သွားရ၏။

"အန်တီ ... အန်တီ"

အတွင်းမှလူတစ်ယောက်မှ ထွက်မလာ၍ မှတူးက ထပ်၍ခေါ်လိုက်ပြန် သည်။

ထိုစဉ် ကျွန်ုပ် ကြည့်နေသောမှန်ပုံးလေးနောက်မှာ နီရဲရဲ ထူပိန်းပိန်း မျက်နှာကြီးတစ်ခုထွက်လာရာ၊ ကျွန်ုပ်မှာ လန့်ဖျပ်၍ပင် သွားမိလေသည်။ လူ တစ်ကိုယ်လုံးထွက်လာမှပင် အရွယ်နှင့် မလိုက်အောင် မိတ်ကပ်များလိမ်းခြယ် ထားသည့် မိန်းမကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေ၏။ မိန်းမကြီးမှာ ချက်ခုံးမွေးများအားလုံးရိတ်၍ မူလမျက်ခုံးအထက်တွင် မျက်ခုံးအတုကိုခဲဖြင့် ဆွဲထားလေသည်။

ထိုမိန်းမကြီးက ကျွန်ုပ်အား ရယ်ပြလိုက်ရာ ကျွန်ုပ်မှာ အတော်ပင် အော်ဂလီဆန်သွားရလေ၏။

"ဩော် ... ညည်းသည်တွေကို။ ဒီက အစ်ကိုကြီးက သမိုင်းသုတေသီ တစ်ယောက် မှတ်တယ်။ ကြည့်ပါရှင် ... ကြည့်ပါ။ ကျွန်မ ဆိုင်မှာ ခေတ် အဆက်ဆက်က သမိုင်းဝင်ပစ္စည်းတွေ အများကြီး ရှိပါတယ်။ ဟိုတလောလေး တပဲ ဘုရင့်နောင်မင်းတြားကြီးစီးခဲ့တဲ့ ဖိနပ်တစ်ဖက် ရလိုက်သေးတယ်ရှင့်။ တစ်စုံလုံးတော့ မရလိုက်ဘူး။ ပုဂံခေတ်ပစ္စည်းတွေဆိုလည်း ... "

"အန်တီ ... အန်တီ"

"ဟဲ့ ... ကုလား၊ အသာနေစမ်း။ ဒီမှာ ညည်းသည်တွေကို အရင် ပြလိုက်ဦးမယ်"

မိန်းမကြီးက မှတူးနှင့်ကျွန်ုပ်တို့ အတူလာသည်ကိုမသိဘဲ မှတူးအား ခေါက်လိုက်သည်။

"ရတနာပုံခေတ်နန်းတွင်းသုံးပစ္စည်းတွေလည်း ကျွန်မဆီမှာ ရှိပါတယ်။ အနွယ်တော်တွေဆီက ရထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... အန်တီ ... ဘာတွေပြောနေတာလဲ။ ဒီလူတွေက ကုလားခေါ်လာတဲ့လူတွေ အန်တီ။ သူတို့က ကုလား ဟိုတစ်ပတ်က သွင်းခဲ့တဲ့ ဖန်တုံးလေး ပြန်လိုချင်လို့တဲ့"

"ဟင်"

ထိုအခါမှ ဆိုင်ရှင်မိန်းမကြီး ရေလည်သွားလေသည်။

"ဘာ ... ဖန်တုံး၊ ဟုတ်လား"

ဖိုးသကြွန်က ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ် အန်တီ၊ အဲဒီဖန်တုံးဟာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးနေပါတယ်။ ပြန်ရမှဖြစ်မှာပါ။ အိမ်ကလူတွေက နားမလည်လို့ ရောင်းလိုက်တာပါ အန်တီ။ ဘယ်လောက် ပေးရပေးရ အန်တီ့ဆီက ကျွန်တော် ပြန်ဝယ်ပါ့မယ်"

"အဲဒီဖန်တုံးလေးက ရောင်းလိုက်ရပြီကွယ့်"

"ဗျာ ... ဒုက္ခပါပဲဗျာ၊ ဘယ်သူ့ကို ရောင်းလိုက်တာလဲ အန်တီ။ ဝယ်သွားတဲ့လူကို မှတ်မိလား"

မိန်းမကြီးက စဉ်းစားသလိုလုပ်ရင်း ... ခဏကြာမှ –

"အေး ... ဝယ်သွားတာတော့ တောသားကြီးနှစ်ယောက်ပဲကွယ့်။ မှတ်မှတ်ရရ ... ဟိုရှိုးကေ့စ်လေးထဲ ထည့်ထားလိုက်တယ်။ နောက်တစ်နေ့ပဲ တောသားကြီးနှစ်ယောက်လာ ဝယ်သွားတာ"

"အဲဒီတောသားကြီးတွေက ဘယ်ကလဲဟင်။ ဒုက္ခပါပဲဗျာ။ လိုက်လို့ရ ပါဦးမလား။ ကျွန်တော့်အတွက် သိပ်အရေးကြီးလို့ပါ အန်တီ"

"ပုံကြည့်ရတာတော့ တောက ဘုရားဖူးလာရင်း ဒီနားက ဘုန်းကြီး ကျောင်းတစ်ကျောင်းကျောင်းမှာ တည်းတဲ့ပုံတွေပါပဲ။ သူတို့ကြည့်ရတာ ရှေး ဟောင်းပစ္စည်းတွေ ဘာတွေလည်း နားလည်ပုံ မရပါဘူးကွယ်။ ဆိုင်ကို မျက်စိ လည်ရောက်လာပြီး ဖန်တုံးလေး လှတာနဲ့ ဝယ်သွားတာပါ"

"ဘယ်လောက်နဲ့ ရောင်းလိုက်လဲ အန်တီရယ်။ ကျွန်တော် ဈေးပိုပေး ပြီး ပြန်ဝယ်ပါ့မယ်။ သူတို့အတွက် အသုံးဝင်မှာ မဟုတ်ပါဘူး။ ကျွန်တော့်အတွက် က သိပ်အရေးကြီးလို့ပါ"

"ဟုတ်လား"

မိန်းမကြီးမျက်နှာမှာ အရောင်တလက်လက် တောက်သွားလေ၏။

"ကြုံလို့ဝင်လာတဲ့ခရီးသည်တွေဆိုတော့ လိုက်ရတော့ခက်သားပဲ။ အင်း ... ဒါပေမဲ့ အန်တီ ရအောင်စုံစမ်းပေးပါ့မယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါ အန်တီရယ်၊ အန်တို့ ကျေးဇူးမမေ့ပါဘူး"

ကျွန်ုပ်မှာ မနေသာ၍ကြားဝင်ရလေပြီ။ ဖိုးသက်ကြန်က အသျှေကြီးတယ် ပြောလေ မိန်းမကြီးက ဈေးကိုင်လေ ဖြစ်လာပေတော့မည်။ တစ်စက်သားကို ဝယ်ရာတွင် 'တောသားတွေ' ဟု ချိုးချိုးနှိမ်နှိမ် အပြောကိုလည်း ကျွန်ုပ် သဘောမကျမိချေ။

"နေပါဦးဗျ၊ သူတို့ကိုတောသားတွေလို့ ခင်ဗျားဘာလို့ ပြောနိုင်တာ လဲ"

"အမယ်လေး အစ်ကိုကြီးရယ်၊ ကြည့်တာနဲ့အသိသာကြီးဟာကို။ အစ်ယောက်က တဘက်ကြီးကို ခေါင်းပေါင်းထားသေးတယ်။ ဟော... ဖန်တုံး ကို ဝယ်သွားတဲ့တောသားက မျက်စိတစ်ဖက် လပ်နေတာတောင် ကျွန်မ မှတ်မိသေးတယ်"

"သူတို့က ဖန်တုံးလေးကို ဘယ်လိုသဘောနဲ့ ဝယ်သွားတယ်လို့ ခင်ဗျား ထင်သလဲ။ ကျွန်တော်ဆိုလိုတာက ဒီပစ္စည်းကို လိုက်ရှာပြီး တွေ့လို့ အားရဝမ်းသာ ဝယ်သွားတာလား။ ကြုံကြိုက်လို့ ဝယ်သွားတာမျိုးလား။ ဝယ် တော့ရော ဈေးဆစ်သေးလား။ ပြောတဲ့အတိုင်း ဝယ်သွားတာလား"

"အစ်ကိုကြီးရယ် ... သူတို့ကြည့်ရတာ ပစ္စည်းနားလည်လို့ ဝယ်တာ မျိုး မဟုတ်ပါဘူး။ တောသားဆိုတာမျိုးက ပြောင်ပြောင်လက်လက် အရောင် အသွေး တောက်တောက်ပပမျိုးကို သဘောကျကြတာ မဟုတ်လား။ စီးကရက် ဘူးက ငွေရောင်စက္ကူတောင် ဘုရားစင်မှာ ကပ်ကြတဲ့ဟာမျိုးတွေပဲ။ ဒီဖန်တုံးလေး ကိုလည်း ပြောင်ပြောင်လက်လက်နဲ့ အကွက်ကလေးတွေဖော်ထားပြီး တိုးလျှို ပေါက် မြင်ရတာကို သဘောကျလို့ ဝယ်တာမျိုးပါ။ ကျွန်မ ထင်တယ်၊ သူတို့ လေးကို ဘုရားစင်ပေါ်မှာပဲ တင်ထားမှာပဲ"

"ခင်ဗျား ဘယ်လောက်နဲ့ရောင်းလိုက်တာလဲ"

"၅၀၀ ထဲပါရှင်"

မှတ်ပုံထဲမှ ၂၀၀ နှင့်ဝယ်ထားပြီး ၅၀၀ နှင့် ပြန်ရောင်းလိုက်ခြင်း ဖြစ် သည်။

"သူတို့ဈေးဆစ်သေးလား"

"အဲ ... ကျွန်မက ၇၀၀ ပြောတာရှင့်။ ဈေးဆစ်လို့ ၅၀၀ နဲ့ ပေးလိုက်တာပါ"

"ဒါဆို ကျွန်တော်က ၅၀၀၀ ပေးပြီး ပြန်ဝယ်ပါ့မယ် အန်တီ။ ကျွန် တော့ကို ပြန်ရအောင် လုပ်ပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြဲန်က ဖန်တုံးကိုပြန်ရလိုဇောဖြင့် ဝင်ပြောလိုက်၏။ ဖိုးသကြဲန်မှာ ဖန်တုံးလေးကို ပြန်ရလိုဇောသာကပ်နေ၏။

"အဲဒီတောသားကြီးတွေကို ရအောင်ရှာပေးပါဗျာ။ ရှာလို့ကော ရနိုင်ပါဦးမလားဟင်"

"အန်တီကြိုးစားပါ့မယ်။ သူတို့ကြည့်ရတာ အညာသားကြီးတွေကွယ့်။ ဒီတော့ အညာဘက်က အဆက်ရှိတဲ့ ဘုန်းကြီးကျောင်းတွေကို တစ်ကျောင်းဝင် တစ်ကျောင်းထွက် စုံစမ်းရမှာပဲ။ အချိန်တော့ ပေးရမှာပေါ့လေ"

"လုပ်ပါအန်တီ၊ စုံစမ်းပေးပါဦး"

"အင်း ... ခက်တာက အန်တီ့မှာ တခြားအလုပ်ကိစ္စလေးတွေ ရှိနေသေးတယ်ကွယ့်။ ဒီလုပ်ငန်းတစ်ခုနဲ့ မလောက်ငတော့ တခြားအလုပ်လေးတွေလည်း လုပ်ရသေးတယ်လေ။ ပွဲစားအလုပ်ပါ။ အင်းလျားလမ်းက သူဌေးတစ်ယောက်က စိန်လည်တံ့လိုချင်တယ်ဆိုတာနဲ့ သူကြိုက်တဲ့ပုံစံအတိုင်း လုပ်ပြီး သားကို ရောင်းမယ့်လူကလည်း ရှိနေတယ်လေ။ အဲဒါ လိုက်စပ်ပေးရဦးမယ်"

"အဲဒါထားလိုက်ပါ အန်တီရယ်၊ ကျွန်တော့်ကိစ္စ လိုက်ပေးပါဗျာ။ အန်တီ့ကို လမ်းစရိတ် ၃၀၀၀ ပေးခဲ့ပါ့မယ်။ ပစ္စည်းပြန်ရရင်လည်း ကျေးဇူးဆပ်ပါ့မယ် အန်တီ"

ဖိုးသကြဲန်က သူ့အိတ်ထဲမှ ၁၀၀၀ တန်သုံးရွက်ကို ထုတ်ပေးလိုက်၏။ မိန်းမကြီးက ငွေစက္ကူများကို လျင်မြန်စွာပင် လက်နှစ်ဖက်ဖြင့် ပိုင်ပိုင်နိုင်နိုင် လှမ်းယူလိုက်လေသည်။

"ခင်ဗျား ကတိပေးထားပြီးရင်တော့ ဖြစ်မြောက်အောင် လုပ်ပေးမယ်နော်"

"စိတ်ချပါ အစ်ကိုကြီး၊ စိတ်ချပါ"

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မနာမည်က ဟောဒီဆိုင်နာမည်နဲ့ အတူတူပါပဲရှင်၊ သောင်းဒီပါတဲ့"

"ကဲ ... ဒေါ်သောင်းဒီပါ၊ ခင်ဗျား ကတိအတိုင်း ဒီနေ့ပဲ လိုက်စုံစမ်းလိုက်ပါ။ ကျွန်တော်တို့ မနက်ဖြန် ပြန်လာခဲ့မယ်"

●

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့၌ ကျွန်ုပ်သည် ဒေါက်တာမျိုးနောင်၏ မှတ်တမ်းကြီးကို
ရန် ဦးမျိုးမောင်အိမ်သို့ ထွက်လာခဲ့လေသည်။

ဦးမျိုးမောင်နေထိုင်ရာ ရွှေတောင်ကြားလမ်းသို့ အသွားတွင် ရွှေဂုံတိုင်
မ်းကြုံနေ၍ သောင်းဒီပါ ဆိုင်သို့ဝင်ခဲ့လေ၏။

ကျွန်ုပ်ရောက်သွားချိန်တွင် ဒေါ်သောင်းဒီပါသည် ဖြီးလိမ်းပြင်ဆင်ပြီး
ဆိုင်ထဲ၌ထိုင်လျက် စီးကရက်ကိုဟန်ပါပါ သောက်နေသည်ကို တွေ့ရလေ

"ဟော ... အစ်ကိုကြီးပါလား၊ လာပါရှင့် ... ထိုင်ပါ"

"မနေ့ကစုံစမ်းတာ အဆင်ပြေရဲ့လား ဒေါ်သောင်းဒီပါ"

"စုံစမ်းလို့တော့ ရခဲ့ပါတယ်ရှင်။ အဲဒီလူတွေက မလှိုင်ဘက်ကတဲ့ရှင့်။
မြို့နယ်ထဲက ရွာတစ်ရွာကလို့ ပြောပါတယ်"

"သေချာလို့လားဗျာ"

"ကျွန်မက ဘုန်းကြီးကျောင်းတွေ တစ်ကျောင်းဝင်တစ်ကျောင်းထွက်
စုံစမ်းတာလေ။ အညာကဘုန်းကြီးတစ်ပါး ကျောင်းထိုင်တဲ့ကျောင်းမှာ
င်းရခဲ့တာပါ။ မလှိုင်ကလာတဲ့ ဘုရားဖူးအဖွဲ့ထဲမှာ မျက်စိတစ်ဖက်လပ်တဲ့
တစ်ယောက် ပါတယ်တဲ့။ သူပဲဖြစ်မှာပါရှင်။ မျက်စိတစ်ဖက်လပ်တဲ့လူ
လည်း ခပ်ရှားရှား မဟုတ်လား"

"ဒါဖြင့် ဖန်တုံးလေးကို ခင်ဗျား ပြန်ရခဲ့ပြီပေါ့"

"မရခဲ့ပါဘူးရှင် ... တစ်ဖက်လပ်ကြီးနဲ့လည်း မတွေ့ခဲ့ပါဘူး သူတို့
ထုံး ကျိုက်ထီးရိုးကို ဆက်သွားကြတယ်တဲ့။ ဒါနဲ့ ကျွန်မက သူတို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာဦးမလားမေးတော့။ ရန်ကုန်ထိပြန်လာဖို့က မသေချာဘူးတဲ့။ ပဲခူးဘုရား ဘက်က လှည့်ပြီး အညာတန်း ပြန်ချင်ပြန်ကြမှာတဲ့။ ဒါနဲ့ ကျွန်မလည်း အ အောင် ဒီနေ့ပဲ ကျိုက်ထီးရိုးကို လိုက်မလို့ပါ"

"ဪ ... ဪ ... ဒီလိုဖြင့် ဒေါ်သောင်းဒီပါကို ကျေ တင်ပါတယ်ဗျာ"

"အို ... ဒီလိုပဲ ကူညီရမှာပေါ့ရှင်။ ကျွန်မက တစ်ဖက်သား သိပ်ကူညီချင်တာပါ။ ဪ ... ဒါနဲ့ ဟိုသူငယ်လေးတောင် ခုမနက် လာ သေးတယ်။ ခုလေးတင်ပဲ ပြန်သွားတာ။ အစ်ကိုကြီးနဲ့ အဝင်အထွက်ပဲ"

"ဟင်"

"မောင်ဝင်းမင်းနောင် ဆိုတဲ့သူငယ်လေးလေ၊ သူက ဝင်ဒါမီ ထဲနေတာဆိုတော့ ခရီးလည်းမဝေးတာနဲ့ သိချင်လို့လာမေးတာတဲ့။ အစ်ကိုကြီး ပြောသလိုပဲ ပြောပြလိုက်ပါတယ်"

"ဪ ... ဖိုးသကြန်က ဒီကိုရောက်တောင်သွားပြီကိုး"

"သူ့ကို ပြောလိုက်ပါအစ်ကိုကြီး။ စိတ်ချပါလို့၊ ကျွန်မ ဒီနေ့ခ ကျိုက်ထီးရိုးကို လိုက်သွားတော့မှာပါလို့"

"ဟုတ်ကဲ့ပါဗျာ ... ဟုတ်ကဲ့ပါ"

●

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးသကြဲန်က ဝီရိယကောင်းလိုက်တာဟေ့။ မနက်စောစောကတည်းက ဒေါ်သောင်းဒီပါဆီ ရောက်ခဲ့ပြီဆို"

ကျွန်ုပ်က ဦးမျိုးမောင် အိမ်ရောက်သည်နှင့် ဖိုးသကြဲန်ကို ပြောလိုက်သည်။

"ဟင် ... အန်ကယ် ဘယ်လိုသိလဲ။ ကျွန်တော်အကျိုးအကြောင်း သိချင်လို့ သွားမေးလိုက်တာပါ"

"အန်ကယ်လည်း လမ်းကြုံလို့ တစ်ခါတည်း ဝင်ခဲ့တာလေ"

"သူ့ ကျိုက်ထီးရိုးကို လိုက်ပေးမယ့်အကြောင်း ပြောလိုက်တယ် ဟုတ်လား"

"အေး ... မင်းကိုလည်း စိတ်ချပါဆိုပြီး ထပ်မှာလိုက်သေးတယ်"

"ကျွန်တော်လည်း သူ့ကို လမ်းစရိတ် ၅၀၀၀ ထုပ်ပေးခဲ့ပါသေးတယ် အန်ကယ်"

"ဟေ"

ဖိုးသကြဲန် လမ်းစရိတ် ၅၀၀၀ ထုတ်ပေးသည့်အကြောင်းအား ဒေါ်သောင်းဒီပါက ကျွန်ုပ်ကို ပြောမပြခဲ့ပေ။ အမှန်ဆို ပြောပြဖို့သင့်ပေ၏။

"ကြည့်စမ်း။ မင်းငွေ ၅၀၀၀ ပေးခဲ့တာ အန်ကယ့်ကို မပြောဘူး။ ဒီမိန်းမဟာ သိပ်တော့ မဟန်လှဘူးကွယ့်"

"ဘာတွေဖြစ်ကြသလဲ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင်ရှိနေသည့် ဦးမျိုးမောင်က မေးလိုက်၍ ကျွန်ုပ်က ဒေါ်သောင်းဒီပါနှင့် ပတ်သက်သော မနေ့ကအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒေါ်သောင်းဒီပါဆိုတဲ့ မိန်းမကြီးကို ကြည့်ရတာ သိပ်အကဲမရ ဦးမျိုးမောင်ရာ။ အလိုဘောဘကြီးတဲ့ပုံပဲ"

"အင်း ... ဘာပဲဖြစ်ဖြစ် သူ့ပဲ အားကိုးရတော့မှာကိုး။ ပစ္စည်း ဝယ်သွားတဲ့လူကို မြင်ဖူးလိုက်တဲ့လူက သူပဲရှိတော့ သူ လိုက်ပေးမှဖြစ်မှာပဲ ငွေကုန်တာ အရေးမကြီးပါဘူး။ ပစ္စည်းပြန်ရရင် ကုန်ရကျိုးနပ်တယ်ပြောရမှာ"

"ကျွန်တော့် စိတ်ထင်က ဒီလိုမဟုတ်ဘူး ဦးမျိုးမောင်။ ပစ္စည်း မရောင်းရသေးဘူး။ သူ့ဆိုင်ပေါ်လည်း မတင်ရသေးဘူး။ အဲဒီတုန်းမှာ ကျွန် တော်တို့က ရောက်သွားတယ်။ ဖိုးသကြန်က ဖန်တုံးကို သိပ်ပြီး ပြန်လိုချင် တာသိတော့ ... ရောင်းလိုက်ပါပြီလို့ ညာပြောလိုက်တာဖြစ်မယ်။ သူ ကျွန် တော်တို့ဆီက တဖြည်းဖြည်း ညှင်းပြီး ငွေညှစ်ချင်လို့ဗျ။ သူကြိုက်ဈေး ပစ္စည်းကို ထုတ်ပေးလိမ့်မယ် ထင်တယ်"

ကျွန်ုပ်က ကျွန်ုပ်စိတ်ထင်ကို ပြောပြလိုက်သည်။

"မျက်စိတစ်ဖက်လပ် တောသားကြီးဆိုတာလည်း သူ့လုပ်ဇာတ် ဖြစ်မှာပဲ။ ကျိုက်ထီးရိုး လိုက်မယ်ဆိုတာလည်း မဟုတ်လောက်ဘူး။ တစ်နေ ရာမှာ ရှောင်နေမယ် ထင်တယ်"

"ဒုက္ခပဲဗျာ၊ ဒီလိုတော့ မလုပ်သင့်ပါဘူး"

"တကယ်တော့ ဒီလိုလုပ်တာဆိုရင်လည်း တစ်မျိုးတော့ ကောင်း တယ် အန်ကယ်"

"ဟေ ... ဘာဖြစ်လို့လဲ"

"အန်ကယ် ထင်တဲ့အတိုင်းမှန်ခဲ့ရင် ပစ္စည်းဟာ သူ့လက်ထဲမှာ ရှိ တာ သေချာလို့ပေါ့။ တောင်းစမ်းပါစေ။ ကျွန်တော့်အနေနဲ့က ဒါလေးကို ထား မှ မဖြတ်နိုင်တာကိုး။ သူတောင်းသလောက် ပေးလိုက်ပါမယ်"

"တစ်ဦးနဲ့တစ်ဦး သင့်တင့်မျှတစွာ လုပ်တာဟာ အကောင်းဆုံး ကွယ်။ တစ်ဖက်က သိပ်လိုအပ်နေမှန်းသိလို့ ရသမျှညှစ်ယူတာမျိုးက သော တရားမဲ့ပါတယ်။ အေးလေ ... လူအမျိုးမျိုး စိတ်အထွေထွေကိုး"

"ဥစ္စာရင်းမှန်ရင် ပြန်ရရမှာပေါ့ ငါ့သားရယ်"

ဦးမျိုးမောင်က ဝင်၍နှစ်သိမ့်လိုက်လေသည်။

"ဒါနဲ့ ဦးမျိုးမောင်၊ ကျွန်တော် ဒေါ်မိမိရီနဲ့ တွေ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အန်ကယ်က မာမီနဲ့ဘာလို့တွေ့ချင်ရတာလဲဗျာ"

"ဒေါက်တာမျိုးနောင် ပျောက်သွားပုံကို ဆွေးနွေးချင်လို့ပါ။ သူ့ဇာတ်က အမြင်ကို သိချင်လို့ပါ ဖိုးသကြန်"

"မိမိရီ ချောင်းသာက ပြန်ရောက်နေပါပြီ ဒေါက်တာ"

"ဟုတ်ကဲ့ ... ကျွန်တော် တွေ့ဆုံရင် လက်ခံပါ့မလား"

"ညီလေးအကြောင်း မေးမယ်ဆိုရင်တော့ သူ့ယောကျ်ား ရှေ့မှာ မကောင်းဘူးလေ။ ဒီလိုလုပ်ပါ၊ မိမိရီရဲ့ရွှေဆိုင်လိပ်စာ ကျွန်တော် ပေးလိုက်ပါ့မယ်။ မိမိရီကိုလည်း ဒေါက်တာ လာတွေ့မယ့်အကြောင်း ကြိုပြောထားလိုက်မယ်။ ဒေါက်တာ သူ့ရွှေဆိုင်မှာ သွားတွေ့လိုက်ပေါ့"

"ဟုတ်ကဲ့"

ထို့နောက် ကျွန်ုပ်တို့သည် ဒေါက်တာမျိုးနောင်၏ မှတ်တမ်းကြီး အကြောင်းကို ဆက်လက်ဆွေးနွေးနေကြလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဒေါ်မိမိရီနှင့်ဆက်သွယ်ခဲ့ရာ ဒေါ်မိမိရီက သူ့ဆိုင်တွင် လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့ပေ၏။

သို့နှင့် တစ်နေ့တွင် ရွှေဘုံသာလမ်း၌ ဖွင့်လှစ်ထားသော ဒေါ်မိမိရီ၏ ရွှေဆိုင်သို့ ကျွန်ုပ်သွားရောက်ခဲ့ပေသည်။

"ဒေါက်တာစိုးထိုက်လားရှင်၊ ကြွပါ ဆရာကြီး"

ဈေးအရောင်းအဝယ်ကိစ္စများကြားမှ သူမက အတွင်းသီးသန့်ခန်းလေးထဲသို့ခေါ်ကာ ကျွန်ုပ်အား ဧည့်ခံခဲ့ပေသည်။

မိမိရီကား အသက် ၄၀ ကျော်အရွယ်ဖြစ်သော်လည်း လှပဆဲပင်တည်း။ ဖိုးသကြွန်အဖို့ မိခင်ကို သဝန်တိုမည်ဆိုလည်း တိုလောက်ပေသည်။ သူ လူပျို၏မိခင်မှာ အရွယ်တင်လှပနေဆဲဖြစ်ရာ နောက်အိမ်ထောင်ပြုသည် အပေါ် ရှက်ရွာပေလိမ့်မည်။

"ဦးလေးမျိုးမောင်က ပြောပါတယ်။ ဆရာကြီးက သားလေး ဖိုးသကြွန်ကို စိတ်သက်သာရာရအောင် နှစ်သိမ့်ဆွေးနွေးမှု လုပ်ပေးနေတယ်တဲ့။ ဒီအတွက် ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဦးမျိုးမောင်က ကျွန်ုပ်နှင့် ဖိုးသကြွန် ပတ်သက်မှုကို တစ်မျိုး တစ်လှည့်ပြောထားခြင်း ဖြစ်ပေသည်။ ဖန်တဲ့ကိစ္စ၊ အခြားဂြိုဟ်တစ်ခုနှင့် ပတ်သက်နေသည့်ကိစ္စများကို ဒေါ်မိမိရီ မသိပေရာ ဦးမျိုးမောင် စကားမှာ သင့်လျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဖိုးသကြိန်ရဲ့စိတ်ကို လမ်းမှန်ရောက်အောင် ထည့်ပေးနေပါတယ် ဒေါ်မိမိရီ။ ဒီအတွက် ဒေါ်မိမိရီရဲ့ သဘောထားကိုလည်း သိချင်လို့ လာခဲ့တာပါ"

"ဆရာကြီးရယ် ... ကျွန်မက မိခင်တစ်ယောက်ပဲ၊ ကျွန်မ သားလေးကို ချစ်ပါတယ်။ ကျွန်မမှာ သားသမီးဆိုလို့ သူတစ်ယောက်ပဲ ရှိပါတယ်။ နောက်လည်း ရစရာအကြောင်း မရှိပါဘူး။ ကျွန်မ နောက်အိမ်ထောင်ပြုတဲ့ အပေါ်မှာ သူစိတ်ထိခိုက်နေတယ်ရှင့်။ ဒါကို ကျွန်မ ကိုယ်ချင်းစာတတ်ပါတယ်။ ဒါပေမဲ့ သူနဲ့ကျွန်မဟာ ညှိနှိုင်းလို့မရဘူး ဖြစ်နေတယ်"

"သွေးပူတုန်းမို့ပါ၊ သူ တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်"

"ဒီလိုပဲမျှော်လင့်ရတာပဲ။ ကျွန်မအနေနဲ့တော့ သူ့ကို အိမ်ထောင်ပြုစေချင်ပြီ။ စေ့စပ်ထားပြီးသား မိန်းကလေးလည်း ရှိနေလို့ပါ"

"မြစန္ဒီကို ကျွန်တော်တွေ့ပြီးပါပြီ။ လိမ္မာယဉ်ကျေးတဲ့ မိန်းကလေး တစ်ယောက်ပါ"

"သူ့ကိုယ်တိုင် အိမ်ထောင်ရက်သားကျသွားရင်တော့ သူ ကျွန်မကို နားလည်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မ အပေါ်မှာ နားမလည်ဘူး ဆိုရင်တောင် အိမ်ထောင်နဲ့သားမယားနဲ့ဆိုတော့ စိတ်တည်ငြိမ်သွားမယ် ထင်ပါတယ်။ ဒီတော့ သူ့ကို အိမ်ထောင်ပြုဖို့လည်း တိုက်တွန်းပေးပါဦး ဆရာကြီး"

"ဟုတ်ကဲ့ပါ။ ဒါနဲ့ ဒေါ်မိမိရီ ... ဖိုးသကြိန် ဖခင်ကြီးကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်မိမိရီကို နည်းနည်းပါးပါး မေးမြန်းပါရစေလား"

"အို ... ဆရာနဲ့ပတ်သက်လို့"

"ဟုတ်ကဲ့ ... မေးခွင့်ပြုနိုင်မလား ခင်ဗျာ"

"ရပါတယ် ဆရာကြီးရယ် ... ကျွန်မက အံ့သြသွားလို့ပါ။ ဆရာခဲ ... ကျွန်မက ဖိုးသကြိန်အဖေကို ဆရာလို့ပဲ ခေါ်ပါတယ်။ ဆရာနဲ့ ဆရာကြီးဟာ သိကျွမ်းဖူးသူတွေလားရှင့်"

"မသိခဲ့ဖူးပါဘူး ဒေါ်မိမိရီ၊ ကျောင်းတုန်းကလည်း ဒေါက်တာမျိုးနောင် အငြိမ်းစားယူပြီးချိန်မှ ကျွန်တော် ဆေးကျောင်းရောက်တာပါ။ ဒေါ်မိမိရီတို့ အမေရိကားမှာရှိနေတဲ့ ၁၉၈၂–၈၃ လောက်ကလည်း ကျွန်တော် အင်္ဂလန်ကို ပညာတော်သင်ရောက်နေခဲ့ပါတယ်"

"ဆရာ့အကြောင်း မေးစရာရှိတာမေးပါ ဆရာကြီး။ သားလေးနဲ့များ ပတ်သက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဖခင်က သူ ငယ်ငယ်လေးကတည်းက ကွယ်လွန်သွားတာ မဟုတ်လား။ ဖိုးသကြိန်စိတ်ထဲမှာ ဖခင်ကိုတမ်းတတဲ့ စိတ်၊ ဖခင်နေရာမှာ တခြားလူဝင်လာမှာကို လက်မခံနိုင်တဲ့စိတ်တွေများ ရှိနေမလား။ ဆန်းစစ်ကြည့်ချင်လို့ပါ"

"ဆရာ ဆိုးတော့ ဖိုးသကြိန်အသက်က တစ်နှစ်ခွဲပဲ ရှိပါသေးတယ်။ သူ့အဖေကို သူကောင်းကောင်းမှတ်မိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာကြီး ပြောသလို အဖေကို တမ်းတတဲ့ကလေးတစ်ယောက် ဖြစ်တာတော့ အမှန်ပဲရှင့်။ သူ့အဖေပါတဲ့ ဓာတ်ပုံတွေကို စုဆောင်းထားတယ်။ သူ့အဖေပစ္စည်းပစ္စယတွေကိုလည်း သိမ်းထားတယ်။ တယုတယ ရှိပါတယ် ဆရာကြီး"

"ဒေါက်တာမျိုးနောင်ဟာ ကွယ်လွန်သွားတယ်ဆိုပေမဲ့ အမှန်တကယ်တော့ ပျောက်ဆုံးသွားခဲ့တာလို့ သိရပါတယ် ဒေါ်မိမိရီ။ ဒေါက်တာ မျိုးနောင်ရဲ့ အလောင်းကိုလည်း မတွေ့ခဲ့ဘူးလို့ ဦးမျိုးမောင်က ပြောပြပါတယ်။ အဲဒါတွေကြောင့် ဖိုးသကြိန်အနေနဲ့ သူ့အဖေသေတယ်လို့ လက်မခံနိုင်တာလား။ သူ့အဖေ တစ်နေရာက ပြန်ပေါ်လာမယ်လို့များ မသိစိတ်က မျှော်လင့်နေသလား မဆိုနိုင်ဘူး။ ဒါမျိုးက ဖြစ်တတ်လေ့ရှိပါတယ်"

"ကျွန်မကိုတော့ အဲဒီလိုမျိုး မပြောဖူးပါဘူး ဆရာကြီး။ သူ့အဖေအကြောင်းကိုတော့ မကြာခဏ မေးတတ်ပါတယ်"

"ဒေါက်တာမျိုးနောင် ပျောက်ဆုံးသွားပုံအကြောင်းကို မှတ်မိသလောက် ပြောပြပါလား ဒေါ်မိမိရီ"

ဒေါ်မိမိရီ၏မျက်ဝန်းများက မှိုင်းညို့သွားလေသည်။

"ဆရာ ပျောက်သွားတဲ့နေ့က ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ပါ ဆရာကြီး။ အဲဒီနေ့က ဆရာဟာ တာဝန်အရ အက်ရှလန်ဆိုတဲ့ မြို့ကိုသွားရင်း ပြန်မလာတော့တာပါပဲ။ အက်ရှလန်မြို့ဟာ ကျွန်မတို့နေခဲ့တဲ့ ပို့စ်မောက်မြို့နဲ့ သိပ်မဝေးလှပါဘူး။ ဆရာ ပျောက်ဆုံးသွားတာကို ကျွန်မထက် အရင် ဆေးရုံက သိခဲ့ပါတယ်ဆရာကြီး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ကို ဆေးရုံက သူတို့ရဲ့အမြဲတမ်းဖောက်သည်လူနာတစ်ယောက်ကို ပုံမှန် ဆေးစစ်ပေးဖို့ လွှတ်လိုက်တာပါ။ လူနာက သူ့ဆီ ဆရာရောက်ချိန်လွန်တဲ့အထိ ရောက်မလာတော့ ဆေးရုံကို ဖုန်းဆက်မေးတယ်လေ။ အဲဒီမှာတင် လမ်းခရီးမှာ ဆရာ ပျောက်ဆုံးသွားကြောင်း သိရတာပါ။

"ဆေးရုံက တာဝန်ရှိသူတွေက ချက်ချင်းပဲ စုံစမ်းစစ်ဆေးခဲ့ပါတယ်။ ကျွန်မကိုလည်း အကြောင်းကြားပေးတယ်။ သက်ဆိုင်ရာ ဒေသဌာနပိုင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ည်း တိုင်ကြားပြီး ဆရာ့ကိုပိုက်စိပ်တိုက်ရှာကြပါတယ်။ အဲဒီမှာ ဆရာ စီးသွားတဲ့ကားလေးကို သစ်တောထဲက တစ်နေရာမှာတွေ့ရတာပါပဲ။ လူကိုတော့ မတွေ့ရပါဘူး။ ထူးဆန်းတာက ကားလေးဟာ ကားမောင်းဝင်လို့ရတဲ့ နေရာမျိုးကျမဟုတ်တဲ့ နေရာမှာ ရောက်နေတာပါပဲ။ ကားလေးဟာ သစ်ပင်ချုံနွယ် ထူထပ်တဲ့ ရှုံ့နွံတောရဲ့ အလယ်တည့်တည့်မှာ ရောက်နေပါတယ်။ ဒီကားလေး ဒီလိုနေရာကို ဘယ်လိုရောက်နေတယ်ဆိုတာ ဘယ်သူမှမတွေးတတ်နိုင်ပါဘူး ဆရာကြီး။ ကားမှာ အပျက်အစီး အပွန်းအပဲ့တစ်ခုမှ မရှိပါဘူး''

ဒေါက်တာမျိုးနောင်မှတ်တမ်းကို ဖတ်ထားရသော ကျွန်ုပ်အဖို့မှာမူ ဆက်မြိုက်ဂြိုဟ်မှ ဂြိုဟ်သားများလက်ချက်ဖြစ်ကြောင်း သိလိုက်ပါပြီ။

''ရဲတွေက ပြန်ပေးဆွဲမှုအနေနဲ့ ယူဆပြီးတွက်ချက်ကြည့်ကြပါတယ်။ ပြန်ပေးဆွဲခံရရင်လည်း ဆရာ့ကို ခေါ်သွားသူတွေဟာ ကားနဲ့ပဲ ခေါ်သွားနိုင်တယ်။ ဒီသစ်ပိုင်းမှာ ရဟတ်ယာဉ် ဆင်းသက်လောက်တဲ့နေရာမှ မရှိတာကိုး။ ကားနဲ့ ခေါ်သွားခံရရင် ဆရာ ပျောက်ဆုံးချိန်အရ မိုင် ၂၀၀ ပတ်ဝန်းကျင်လောက်မှာပဲ ရှိမယ် ယူဆပြီး မိုင် ၂၀၀ အတွင်းက မြို့တွေအကုန်လုံးကို အကြောင်းကြား လမ်းကြောင်းတွေပိတ်ပြီး ရှာကြပါသေးတယ်။ မတွေ့ခဲ့ရပါဘူး။

''တစ်ပတ်လောက်ကြာတဲ့အထိ အခြေအနေဟာ မထူးခြားခဲ့ပါဘူး ဆရာကြီး။ ပြန်ပေးဆွဲမှုမှန်ရင်လည်း ငွေမတောင်းစာဟာ ကျွန်မဆီကို ဖြစ်ဖြစ်၊ ဆေးရုံကိုဖြစ်ဖြစ် ရောက်လာရမယ်လေ။ တကယ်တော့ ရဲတွေကသာ ထင်ကြေးနဲ့ တွက်ချက်နေကြတာပါ။ ကျွန်မတို့ဟာ ဟိုနိုင်ငံမှာ ကြွယ်ဝချမ်းသာသူတွေမှ မဟုတ်ဘဲ။ ပြန်ပေးဆွဲခံရစရာ အကြောင်း မရှိပါဘူး။

''ဒီလိုနဲ့ ဆရာအကြောင်းကို ဘာသတင်းအစအနမှ မရခဲ့တော့ပါဘူး ဆရာကြီး။ အလောင်းကိုလည်း ရှာမတွေ့ပါဘူး။ ထူးဆန်းစွာ ပျောက်ဆုံးမှုနဲ့ သေဆုံးမှုလို့ သတ်မှတ်ခဲ့ကြပါတယ်။ တစ်လလောက်ကြာတော့ ဆေးရုံက တာဝန်ရှိသူတွေက မြန်မာသံရုံးကို အကြောင်းကြားပေးပါတယ်။ သံရုံးက စီစဉ်မှုနဲ့ ကျွန်မလည်း သားကိုပိုက်ပြီး အမေရိကားက ပြန်လာခဲ့ရတာပါပဲ ဆရာကြီးရယ်''

''ဒေါက်တာမျိုးနောင် မပျောက်ဆုံးခင်ကရော၊ ထူးခြားတဲ့ အမူအရာ တွေများ သူ့မှာ တွေ့ခဲ့သလား ဒေါ်မိမိရီ''

''ဆရာဟာ မိသားစုကို သိပ်ခင်တွယ်ပါတယ်။ အလုပ်အားချိန်ဆို အိမ်မှာပဲနေတတ်ပြီး သားလေးကို ချော့မြှူနေလေ့ရှိပါတယ်။ သားကိုလည်း သိပ်ချစ်ပါတယ်။ မပျောက်ဆုံးခင် သုံးလေးလလောက်ကတော့ သားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရယ်မောမော ချော့မြှူနေရင်းက တစ်ချက်တစ်ချက် မှိုင်မှိုင်သွားတာ
သတိပြုမိတယ်ရှင့်။ ဒါလည်း ဆရာပျောက်ဆုံးသွားပြီးမှ ကျွန်မ ပြန်စဉ်း
တာပါ"

"ဒေါက်တာမျိုးနောင်ဟာ သူ့သဘောနဲ့သူ တစ်နေရာရာ ထွက်
တယ်လို့ကော မယူဆဘူးလား ဒေါ်မိမိရီ"

"မဖြစ်နိုင်ပါဘူးရှင်၊ ဆရာဟာ ကျွန်မအပေါ်မှာလည်း မေတ္တာ
ပါဘူး။ သိပ်ကြင်နာတဲ့လူပါ။ သားလေးကိုလည်း သိပ်ချစ်ရှာတာပါ။ မိသား
ပစ်ပြီး တစ်နေရာမှာဇာတ်မြှုပ်နေမယ့် လူမျိုး မဟုတ်ပါဘူး ဆရာကြီး။ ပုန်းရှောင်
ရအောင်လည်း သူ့ဘာ ပြစ်မှုမှ မကျူးလွန်ခဲ့ပါဘူး။ သူ့အလုပ်လုပ်တဲ့ ဆေး
နာမည်ကောင်းရတဲ့ ဆရာဝန်တစ်ယောက်ပါ"

"ဟုတ်ကဲ့ ဒေါ်မိမိရီ ... ဒေါ်မိမိရီအနေနဲ့ရော၊ ဒေါက်တာ မျိုး
တကယ်သေဆုံးသွားတယ်လို့ လက်ခံပါသလား"

"ဖြစ်ခါစကတော့ ဆရာသေတယ်ဆိုတာကို ယုံကြည်လို့ မရခဲ့
ဆရာကြီး။ အလောင်းကို မတွေ့ရတော့လည်း မယုံနိုင်ဘူးပေါ့။ ခုတော့ ဆ
ဟာ လူ့လောကမှာ မရှိတော့ဘူးဆိုတာ ကျွန်မစိတ် တုံးတုံးချလိုက်ပါပြီ ဆရာ
ရယ်။ နှစ်ကာလတွေလည်း ကြာခဲ့ပြီ မဟုတ်လားရှင်"

ဒေါ်မိမိရီသည် နောက်ကြောင်းများကို ပြောပြရင်း မျက်ရည်
ရစ်ဝိုင်းလာလေ၏။ သူမက မျက်ရည်များကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်
သည်။

"ဆောရီး ဒေါ်မိမိရီ၊ ကျွန်တော့်မေးခွန်းတွေကြောင့် ဒေါ်မိမိရီ စိတ်
ခိုက်သွားတဲ့အတွက် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး ဆရာကြီး"

"ဖိုးသကြန်အတွက်တော့ စိတ်ချပါ။ သူ့စိတ်တွေ ပုံမှန်ဖြစ်အော
ကျွန်တော်တတ်နိုင်သမျှ ဖျောင်းဖျပေးပါ့မယ်။ ကဲ ... ဒေါ်မိမိရီ ဆိုင်အတွ
အချိန်တွေလည်း လင့်ကုန်ပြီ။ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဖိုးသကြန်ကို မြစန္ဒီလေးနဲ့ လက်ထပ်
ကိစ္စကိုလည်း တိုက်တွန်းပေးပါဦး ဆရာကြီး"

"စိတ်ချပါဗျာ"

•

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သောင်းဒီပါ ကျိုက်ထီးရိုး လိုက်သွားမည်ဆိုသည့်ရက်မှ ၃ ရက်မြောက်နေ့တွင် ကျွန်ုပ်သည် ဖိုးသကြဲန်ကို ဝင်ခေါ်ကာ သောင်းဒီပါ ဆိုင်သို့ သွားရောက်ခဲ့လေ၏။

ဒေါ်သောင်းဒီပါကို အဆင်သင့်ပင် တွေ့ရလေသည်။

"ကျိုက်ထီးရိုးကို လိုက်ဖြစ်သလား ဒေါ်သောင်းဒီပါ"

"လိုက်ဖြစ်ပါတယ် အစ်ကိုကြီး။ ဒါပေမဲ့ ကျွန်မ ရောက်တော့ သူတို့မရှိတော့ဘူးရှင့်။ ဘယ်လိုမှ ရှာမရဘူး။ ရန်ကုန် ပြန်ရောက်ပြီး ဘုန်းကြီးကျောင်း သွားမေးတော့လည်း ရန်ကုန် ပြန်မဝင်ဘူးတဲ့၊ ကြည့်ရတာ ပဲခူး ဘုရားကြီးဘက်က လှည့်ပြန်ပြီ ထင်ပါရဲ့ရှင်"

"ခက်တာပဲဗျာ"

"စိတ်မပူပါနဲ့ရှင်၊ ကျွန်မ မလှိုင်အထိ လိုက်ပေးပါ့မယ်။ တစ်ဖက်လစ်ကြီး နေတဲ့ရွာကို ဘယ်လိုသွားရတယ်ဆိုတာ ဆရာတော်ကြီးကို သေချာမေးပြီးချပြီ"

ဒေါ်သောင်းဒီပါက လမ်းစရိတ်ရရန် အကြံအဖန် လုပ်ပြန်လေပြီ။

ကျွန်ုပ်က ဖိုးသကြဲန်ကို ဘာမှဝင်မပြောရန် မျက်နှာရိပ်ပျက်သွားတဲ့ ပြလိုက်သည်။

ဖိုးသကြဲန်ဘက်မှ ပျာပျာသလဲ အမူအရာပြမလာ၍ ဒေါ်သောင်းဒီပါသည် ဖိုးသကြဲန်ဘက်လှည့်၍ တိုင်တည်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချနော် ကလေး၊ အန်တီ ကြိုးစားပေးပါ့မယ်။ လောလော တော့ စစ်သူကြီးမဟာဗန္ဓုလ ကိုင်ခဲ့တဲ့ ဓားတစ်လက်ရနိုင်တယ်လို့ သတင်း လို့ အန်တီ ခနဖြူဘက်သွားရဦးမယ်ကွယ့်။ ခနဖြူခရီးစဉ်ပြီးရင် အညာဘက် လိုက်ပေးပါ့မယ်ကွယ်"

ဖိုးသကြွန်ဆီမှ လမ်းစရိတ်ထွက်လာအောင် ဈေးကိုင်လိုက်ခြင်း ဖြစ်သည်။

"ဒီမှာ ဒေါ်သောင်းဒီပါ၊ ခင်ဗျားဟာခင်ဗျား ခနဖြူလိုက်ရှာ ဗန္ဓုလသချိုင်းပဲ ပြန်ဖော်ဖော်၊ ကျုပ်တို့နဲ့မဆိုင်ဘူး။ အညာလိုက်ဖို့လည်း စရိတ် မထောက်ပံ့နိုင်တော့ဘူးဗျာ။ အပြတ်ပဲပြောခဲ့မယ်။ ကျုပ်တို့ပစ္စည်း အ အမှန်ကို ပြန်ရရင် သိန်းဂဏန်း ပေးမယ်ဗျာ"

"ရှင် ... သိန်းဂဏန်း။ ဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျားဟာခင်ဗျား ဘယ်အထိလိုက်လိုက်၊ ဖန်တုံ ဘယ်လောက်နဲ့ပဲ ပြန်ဝယ်ရဝယ်ရ၊ ကျုပ်တို့လက်ထဲ ရောက်တာနဲ့ တစ်သိ ပေးမယ်။ ဒီတော့ တစ်သိန်းဆိုတဲ့ငွေလိုချင်ရင် ကိုယ့်ဘာသာကြိုးစားပေ ဟောဒီမှာ ကျုပ်လိပ်စာကတ်ပြား၊ ပစ္စည်းပြန်ရရင် ကျုပ်နဲ့ဆက်သွယ်လိုက် အဲ ... ပစ္စည်းကတော့ အစစ်အမှန် ဖြစ်ရမှာနော်။ ကျုပ်တို့ဖန်တုံးကို တို့ မှတ်မိတယ်။ အတုလုပ်လို့မရဘူး။ ကဲ ... ဖိုးသကြွန်ရေ၊ အန်ကယ် ပြန်ကြစို့"

ကျွန်ုပ်တို့ လှည့်ထွက်လာသည့်အခါ ဒေါ်သောင်းဒီပါ၏ ဟင် သက်ပြင်းချသံကြီးကို ကြားလိုက်ရလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ် လမ်းစရိတ်မပေးရင် ဒီအဘွားကြီးက ပစ္စည်းပြန်ရအောင် လိုက်ပေးပါ့မလားဗျာ"

ဖိုးသကြဲန်က စိုးရိမ်မှုနှင့် မေးလိုက်လေ၏။

"စိတ်ချနေပါ ဖိုးသကြဲန်၊ တစ်သိန်းဆိုတဲ့ငွေကို မင်းအဘွားကြီး မက်မောပါတယ်။ မြစ်ဆုံမိုရ်တောင်ဟိုဘက်ခြမ်းမှာဆိုရင်တောင် လိုက်ယူပေးမယ့် မိန်းမကြီးပါ။ လမ်းစရိတ်သာ ထုတ်ပေးနေရင် ဆုံးမှာမဟုတ်တော့ဘူး။ ပစ္စည်းရရင် သူ့ကို တစ်သိန်းပေးပါ့မယ်ဆိုတော့ ရှင်းရော မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်"

"အန်ကယ့်စိတ်ထင်အတိုင်း ပစ္စည်း သူ့ဆီမှာရှိနေတယ်ဆိုရင်လည်း ချက်ချင်းထွက်လာအောင် ငွေနဲ့မျှားလိုက်တာကွယ့်။ တကယ်လို့ ပစ္စည်းကို သူဝှက်ထားတာဆိုရင် နက်ဖြန်သဘက်ပဲ ဒီမိန်းမကြီး အိမ်လိုက်လာပါလိမ့်မယ်ကွယ်၊ စိတ်မပူပါနဲ့"

●

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်ုပ်မျှော်လင့်သကဲ့သို့ ဒေါ်သောင်းဒီပါဖက်မှ တော်တော်နှင့် ဆက်သွယ်မလာခဲ့ပါပေ။ ပစ္စည်းကိုတကယ် ရောင်းလိုက်လို့ ပြန်ရအောင် လိုက်နေသလားမသိ၊

ထိုအတောအတွင်းတွင် ကျွန်ုပ်သည် ဦးမျိုးမောင်ထံသို့ သွားကာ ဗထက်ခြိုက်ဂြိုဟ်ကိစ္စကို မကြာခဏ ဆွေးနွေးဖြစ်လေသည်။

ဒေါက်တာမျိုးနောင်၏မှတ်တမ်းအရ ဗထက်ခြိုက်ဂြိုဟ်သားများ၏ 'ကမ္ဘာဂြိုဟ်ရေရှည်တည်တံ့ခိုင်မြဲရေးစီမံကိန်း'မှာ စတင်နေပြီဖြစ်သည်။ အနှစ် ၂၀ ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်ရာ သူတို့၏အစီအစဉ်အရ အသက် ၃၀၀ ရှည်၍ ဉာဏ်ရည်မြင့်သော မျိုးနွယ်သစ်လူသားကလေးငယ်များကို ကမ္ဘာမြေပေါ်တွင် လာရောက်ချထားပြီးလေပြီလား။ အရေအတွက်မည်မျှအထိ ပို့လွှတ်ခဲ့ပြီးပြီလဲ။ ထိုကလေးများသည် မည်သည့်နေရာဒေသများ၌ အသက်ရှင်သန်နေကြပါသနည်း။

ဗထက်ခြိုက်ဂြိုဟ်သားတို့သည် နောက်ထပ်လည်း ကျန်းမာသန်စွမ်းသော လူရွယ်ယောက်ျားလေး၊ မိန်းကလေးများကို သူတို့ ဂြိုဟ်ပေါ်သို့ ခေါ်ဆောင်နေမည်မှာ သေချာပါသည်။ ကမ္ဘာပေါ်မှ လူငယ်အရေအတွက် ဘယ်လောက်များ ဗထက်ခြိုက်ဂြိုဟ်ပေါ်သို့ ရောက်ရှိနေပြီလဲ မသိနိုင်။

သူတို့သည် ပြုပြင်စီရင်ပြီးဖြစ်သည့် လူငယ်လူရွယ်များကိုလည်း ကမ္ဘာပေါ်သို့ ပြန်ပို့ပေးမည်ဖြစ်သည်။ သို့သော် ထိုလူငယ်များကို ဗထက်ခြိုက်ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ရောက်ခဲ့ကြောင်းကိုတော့ မမှတ်မိ၊ သတိမရအောင် လုပ်ဆောင်လိုက်ကြမည်မှာလည်း သေချာပါ၏။

ထိုကဲ့သို့ ကမ္ဘာပေါ်ကို ပြန်ပို့လွှတ်ခံရသော လူငယ်များ၏ လည်ကုပ်တွင် ဗထက်ဖြိုက်အမှတ်အသားများ ပါလာမည်မှာလည်း သေချာလှပါသည်။

ကျွန်ုပ်နှင့် ဦးမျိုးမောင်တို့၏သဘောမှာ ဗထက်ဖြိုက်ဂြိုဟ်မှ ထိုစီမံကိန်းကို ကမ္ဘာ့အဆင့်ရှိသည့် အာကာသသိပ္ပံအဖွဲ့တစ်ဖွဲ့အား တင်ပြပြီး ဗထက်ဖြိုက်ဂြိုဟ်နှင့် တရားဝင်ဆက်သွယ်ရန်ပင် ဖြစ်သည်။ သို့သော် ဗထက်ဖြိုက်ဂြိုဟ်နှင့်ဆက်သွယ်ဖို့ တစ်ခုတည်းသော အဓိက ဆက်သွယ်ရေးကိရိယာမှာ ဖန်တုံးလေး ဖြစ်နေသည်။ ဖန်တုံးလေးကို သက်သေမပြနိုင်ဘဲနဲ့တော့ မည်သူကမှ ယုံကြည်ကြမည် မဟုတ်ပါပေ။

●

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သောင်းဒီပါကြီးသည် သုံးလကြာသည့်တိုင် ကျွန်ုပ်တို့အား ဆက်သွယ်မလာခဲ့ပါပေ။ သူမအနေနှင့် ဖန်တုံးကို ပြန်ရဖို့အောင် စွမ်းဆောင်နိုင်ပုံမရပေ။

ကျွန်ုပ်ယူဆသလို သူမ ကိုယ်တိုင် ဝှက်သိမ်းထားခြင်းလည်း ဟုတ်ပုံမရ။ အကယ်၍ သူမထံတွင်သာ ရှိပါက ငွေတစ်သိန်းလိုချင်စောဖြင့် လာရောက်ပေးအပ်ပေလိမ့်မည်။ ငွေတစ်သိန်းထက် ပိုလိုချင်လျှင်လည်း ကြိုက်ဈေးကို ခေါ်ပေလိမ့်မည်။

ရောက်မလာပုံထောက်တော့ ဖန်တုံးနှင့် ဒေါ်သောင်းဒီပါ လမ်းစပြတ်နေ၍သာ ဖြစ်ပေလိမ့်မည်။

သုံးလပြည့်ချိန်၌ အကျိုးအကြောင်းရှင်းလင်းစွာ သိရရန်အတွက် ကျွန်ုပ်တို့ကပင် ဒေါ်သောင်းဒီပါထံသို့ ရောက်ခဲ့ရပြန်လေ၏။

ဒေါ်သောင်းဒီပါသည် အတော်ပင်စိတ်ဓာတ်ကျနေဟန် တူပေသည်။ ယခင်ကလို မိတ်ကပ်ထူထူပင် မလိမ်းခြယ်နိုင်တော့ဘဲ ခပ်ပါးပါးသာ လိမ်းထားသည်ကို တွေ့ရလေသည်။

"ဘယ်နှယ့်လဲ ဒေါ်သောင်းဒီပါ၊ ဖန်တုံးလေးပြန်ရအောင် ခင်ဗျား မကြိုးစားဘူးလား"

"ကြိုးစားပြီလား အစ်ကိုကြီးရယ်၊ ကျွန်မ မလှိုင်ကို လိုက်သွားပါတယ်။ တစ်ဖက်လပ်ကြီးရွာကိုလည်း ရောက်ခဲ့ပါတယ်။ မျက်စိတစ်ဖက်လပ်တဲ့လူလည်း တွေ့ခဲ့တယ်ရှင့်"

"ဟင် ... ဒါဖြင့် ဖန်တုံး ... "



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ပါဦးရှင်၊ ရွာမှာတွေ့ရတဲ့ မျက်စိတစ်ဖက်ယပ်တာ ကျွန်မ ထိုတာ ဖန်တိုးဝယ်သွားတဲ့ တစ်ဖက်လပ် မဟုတ်ဘူးရှင့်။ တခြားတစ်ယောက် ဖြစ်နေတယ်"

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်မက ဘုရားဖူးလာပြီး ဘုန်းကြီးကျောင်းမှာတည်းတဲ့ လူတွေထဲ က မျက်စိတစ်ဖက်လပ်တဲ့လူဆိုပြီး စုံစမ်းခဲ့တာကိုး။ တိုက်တိုက်ဆိုင်ဆိုင် မလှိုင်တာ တို့ဘုရားဖူးအဖွဲ့မှာ မျက်စိတစ်ဖက်လပ်တစ်ယောက်ပါနေတော့ သူလို့ပဲ ထင်မိတာ ပေါ့။ ကျွန်မစုံစမ်းတဲ့အချိန်မှာ သူက ကျိုက်ထီးရိုးသွားနေပြီလေ။ လူကို မမြင်ဘဲ ဖန်တိုးဝယ်တဲ့လူနဲ့ တစ်ယောက်တည်းပဲလို့ တွက်လိုက်တာ"

"ဒုက္ခပါပဲ"

"မလှိုင်က တစ်ဖက်လပ်ကြီးကိုပဲ မဲပြီးလိုက်နေတော့ အချိန်ကုန်တာ ပေါ့။ အဖတ်တင်တာပေါ့ရှင်။ ဟိုရွာရောက်မှ တခြားတစ်ယောက် ဖြစ်နေတယ်။ ကျွန်မမှာ သေချင်စော်ကို နံသွားတာပဲ။ မျက်စိတစ်ဖက်လပ်တဲ့လူဆိုတာ ခပ် များများပါရှင်။ ကျွန်မကျမှ တစ်ဖက်လပ်နှစ်ယောက်နဲ့ တိုက်တိုက်ဆိုင်ဆိုင် လာ တွေ့တာတယ်"

"ကြုံပဲကြုံရတယ်ဗျာ"

"တစ်ဖက်လပ်ချင်း လူမှားလိုက်နေတော့ တကယ့်တစ်ဖက်လပ်အစစ် ကတော့ ခြေရာလည်း မျက်ခြည်ပြတ်သွားတာပေါ့။ ဘယ်လိုစုံစမ်းရမှန်းကို မသိတော့ဘူး။ အဲဒီအကြောင်း အစ်ကိုကြီးတို့ကို မဆက်သွယ်တာပါ။ ကံများတော့ရှင်၊ ပြောကို မပြောချင်တော့ပါဘူး။ ကျွန်မမှာ လမ်းစရိတ်ကုန်တာပဲ အဖတ်တင်သွားတာပေါ့"

"ဒါလည်း မတတ်နိုင်တော့ဘူးဗျာ။ အဲ ... ကံကောင်းထောက်မ,ပြီး ဖန်တိုးဝယ်သွားတဲ့တစ်ဖက်လပ် နောက်တစ်ခေါက် ခင်ဗျားဆိုင် ရောက်လာရင် တော့ ခင်ဗျားအဖတ်မတင်ခဲ့တဲ့ လမ်းစရိတ်တွေပြန်ရကာမိမှာပါ။ ဖန်တိုးလေး ရောင်းရင်သာ ကျွန်တော့်ကို ဆက်သွယ်လိုက်ပေတော့ ဒေါ်သောင်းဒီပါရေ"

ကျွန်ုပ် နှုတ်ဆက်ထွက်ခွာလာသည့်အခါ-ဒေါ်သောင်းဒီပါ၏ လေးတွဲ့ သက်ပြင်းချသံကြီးက ကျွန်ုပ်နောက်မှ ထွက်ပေါ်လာလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဖိုးသကြိန်အား နှစ်သိမ့်ရလေတော့၏။

"အကြောင်းဆိုရင် ဖန်တုံးကြီးကို ပြန်ရဦးမှာပေါ့ကွယ်။ တကယ်
ဒီအကြောင်းတွေဟာ နှစ်ပေါင်း ၂၀ တောင် တိမ်မြုပ်နေခဲ့တာ မဟုတ်လား
အချိန်တန်တော့လည်း ဖိုးသကြိန် သိခွင့်ရခဲ့တယ်လေ။ ပြီးတော့ မင်းရဲ့ လည်
က အမှတ်အသားလေး ရှိပါသေးတယ်။ မင်းအဖေရဲ့မှတ်တမ်းအရဆိုရင် ဗထ
မြိုက်ဂြိုဟ်ပေါ်က နေလှမ်းပြီးဆက်သွယ်နိုင်တဲ့ ဆက်သွယ်ရေးကိရိယာ တစ်
ဆိုတယ် မဟုတ်လား။ အကြောင်းသင့်ရင် ဗထက်မြိုက်ဂြိုဟ်နဲ့ တစ်
မဟုတ် တစ်နည်း အဆက်အသွယ်ရဦးမှာပေါ့။ မင်းအဖေဘက်ကလည်း တစ်
တစ်ဖုံ လှုပ်ရှားလာလိမ့်မယ်လို့ တို့များမျှော်လင့်ကြတာပေါ့"

"လည်ကုတ်က အမှတ်အသားဟာ ဆက်သွယ်ရေးကိရိယာ မှန်
သူတို့ဘက်ကသာ တစ်ဖက်သတ် ဆက်သွယ်နိုင်တာလေ။ ဖန်တုံးလေးလို
မြင်အောင်ကြည့်လို့မရပါဘူး အန်ကယ်ရယ်'

"မှန်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ သိပ်စိတ်ကူးယဉ်ဆန်ပါတယ်
သကြိန်။ တကယ်တန်းကျတော့ ဗထက်မြိုက်ဂြိုဟ်ဟာ တို့များကမ္ဘာက
အလင်းနှစ် ၂၀ တောင် ဝေးတဲ့ခရီးပါကွယ်။ တို့ရဲ့သိပ္ပံပညာအဆင့်နဲ့ သ
လှမ်းပြီး မဆက်သွယ်နိုင်သေးဘူး မဟုတ်လား။ ဒီတော့ သူတို့ဂြိုဟ်နဲ့
ပြီး မျှော်တွေးနေတဲ့ကိစ္စဟာ စိတ်ကူးယဉ်ဆန်ပါတယ်ကွယ်"

"ကျွန်တော့်အနေနဲ့ ဒက်ဒီ့ကို ဝအောင်မတွေ့လိုက်ရသေးလို့ မချင့်
ဖြစ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ ပကတိအခြေအနေကို လက်ခံနိုင်ရမယ် နှိုးကြွန်။ ဖြစ်နိုင်ခဲကာတွေကို မျှော်မောမနေပါနဲ့ကွယ်။ ခုဆို မိုးသကြန်တော အရွယ်ရောက်တဲ့ယောကျ်ားလေးတစ်ယောက် ဖြစ်နေပြီကွယ့်။ ညောင်ညင်း ကြီး ကိုယ့်မှာ စေ့စပ်ထားတဲ့မိန်းကလေးလည်း ရှိပြီးသားဆိုတော့ အိမ်ထောင်ပြုဖို့သင့်ပြီကွယ့်"

"ဟုတ်ကဲ့"

"မြစန္ဒီလေးကို မိဘတွေသဘောတူလို့ စေ့စပ်ပေးခဲ့တာဆိုပေမဲ့ မင်းကိုယ်တိုင်လည်း ချစ်တယ်မဟုတ်လား"

"ချစ်ပါတယ်အန်ကယ်။ စုံစံနဲ့ကျွန်တော်နဲ့က သူငယ်ချင်းလည်း သူငယ်ချင်းတွေပါ။ ကျွန်တော်သူ့ကိုပဲ လက်ထပ်မှာပါ"

"လက်ထပ်မယ်ဆိုလည်း အချိန်မဆွဲနဲ့တော့ပေါ့။ တွဲနေတာလည်း ကြာပြီဆိုတော့ မိန်းကလေးဘက်ကိုလည်း ငဲ့ညှာရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီတော့ စန္ဒီလေးကို လက်ထပ်၊ တင့်တင့်တယ်တယ် အလုပ်တစ်ခုလုပ်ပြီး သာယာတဲ့ဘဝကို ထူထောင်ပါတော့သားရယ်"

●

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် တရားပြနားချသည်ပင် ကောင်းလွန်းလှိုလားမသိ။ နောက်သုံး
အကြာတွင် ဖိုးသကြိန်နှင့်မြစန္ဒီတို့မင်္ဂလာပွဲအတွက် ညှိနှိုင်းရန် ကျွန်ုပ်အား ဦးမျိုး
မောင်က ဖိတ်ကြားခဲ့ပေသည်။

အခမ်းအနားကို ဦးမျိုးမောင်အိမ်မှာပင် ပြုလုပ်ခဲ့သည်။ နှစ်ဖက်မိဘများ
နှင့် ဆွေမျိုးရင်းအနည်းငယ်ကိုသာ ဖိတ်ကြားထား ခြင်းဖြစ်၏။ အခမ်းအနား
ဒေါ်မိမိရီကို တစ်ဦးတည်း တွေ့ရပြီး သူ့ခင်ပွန်းကိုဖြိုးကျော်ဆိုသူကိုမူ မမြင်မိချေ
အခမ်းအနားမှာ ဖိုးသကြိန်နှင့် မြစန္ဒီတို့မင်္ဂလာဆောင်အတွက် ရက်
ရွေးကြခြင်း ဖြစ်ပါသည်။

နှစ်ဖက်လူကြီးများ ညှိနှိုင်း၍ ဒီဇင်ဘာ ၁ ရက်ကို မင်္ဂလာရက်အဖြစ်
သတ်မှတ်လိုက်ကြလေသည်။

အခမ်းအနားအပြီးတွင် ဒေါ်မိမိရီက ကျွန်ုပ်ကိုလာ၍ နှုတ်ဆက်ကာ
ကျေးဇူးတင်စကားပြောခဲ့သေး၏။

"ဆရာကြီးကို ကျေးဇူးတင်လိုက်တာရှင်။ သားဟာ အခုဆို ကျွန်မ
အပေါ်မှာ သဘောထား အတော်ပျော့ပျောင်းသွားပါပြီ။ ဒါ ဆရာကြီး ဆုံး
ပဲ့ပြင်ပေးလို့ပါ။ ရှေ့ဆက်ပြီးလည်း ကလေးနှစ်ယောက်စလုံးကို ဆုံးမပဲ့ပြင်ပေးပါ
ဆရာကြီး။ ဆရာကြီး လက်ကို အပ်ပါတယ်ရှင်"

●

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် ဖိုးသကြန်နှင့်မြစန္ဒီတို့၏ မင်္ဂလာပွဲမှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့၌ ဆီဗိုးနားဟိုတယ်တွင် ခမ်းနားစွာ ကျင်းပပြီးစီးခဲ့လေသည်။

သူတို့စုံတွဲမှာ မင်္ဂလာပွဲပြီးသည်နှင့် ဒီဇင်ဘာလ ၅ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ ဟန်းနီးမွန်းခရီးထွက်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ မြစန္ဒီ၏အစ်မအကြီးဆုံး လင်မယားမှာ မလေးရှားနိုင်ငံ၌ ရောက်ရှိနေရာ ဖိုးသကြန်နှင့်မြစန္ဒီတို့အား ဟန်းနီးမွန်းခရီး ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် မင်္ဂလာအခမ်းအနား၌ ပျော်ရွှင်ရယ်မောနေသော ထိုစုံတွဲကိုကြည့်ကာ စိတ်ကြည်နူးချမ်းမြေ့မိပေတော့၏။

ဒေါ်မိမိရီကိုလည်း သူမ၏ခင်ပွန်းနှင့်အတူ ရွှင်ရွှင်လန်းလန်း မြင်တွေ့ခဲ့ရလေသည်။

ဦးမျိုးမောင်လည်း ဘီးတပ်ကုလားထိုင်နှင့်ပင် ဟိုဟယ်မှ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်လာသည်ကိုတွေ့ရ၏။

ကျွန်ုပ်သည် ဖိုးသကြန်နှင့်မြစန္ဒီတို့စုံတွဲအား ကိုယ်စိတ် ချမ်းသာစွာဖြင့် အိုအောင်မင်းအောင်ပေါင်းသင်းရပါစေကြောင်း ဆုတောင်းလိုက်မိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

"အမှန်တော့ ဖိုးသကြန်၏ဇာတ်လမ်းကို မင်္ဂလာဆောင် အခမ်းအနားနှင့် နိဂုံးချုပ်ဇာတ်သိမ်းလိုက်ဖို့ ကောင်းပါသည်။ Happy Ending ခေါ် ပျော်ရွှင်ဖွယ်ဇာတ်ပေါင်းခန်းဖြင့် ဇာတ်သိမ်းသည်ကိုသာ ကျွန်ုပ်ကလည်း လိုလားပါ၏။

သို့ရာတွင် လူတို့၏လောက၌ ဖြစ်ချင်တာလည်းမဖြစ်ရ၊ မဖြစ်ချင်တာလည်းဖြစ်ရဆိုသည့် ဓမ္မတာသဘောကို ကျွန်ုပ်တို့ ဗုဒ္ဓဘုရားက ဟောကြားခဲ့သည် မဟုတ်လော။

ကံတရားကား ဆန်းကြယ်လှပေသည်။ ကံစီမံရာအတိုင်း ဖြစ်လာရသည့် အဖြစ်များကို မြတ်စွာဘုရားမှတစ်ပါး မည်သူမျှကြိုတင် မသိမြင်နိုင်ချေ။

၂၀၀၄ ခုနှစ်၏ နှစ်ကုန်ပိုင်း၌ ကမ္ဘာတစ်ဝန်းလုံး ဖိန့်ဖိန့်တုန်သွားသော သဘာဝကပ်ဆိုးကြီးတစ်ခု ကျရောက်လာမည်ကိုလည်း လူသားအားလုံး ကြိုတင်မတွက်ဆမိခဲ့ပါချေ။

ထိုသဘာဝကပ်ဆိုးကြီးကား 'ဆူနာမီ' အမည်ရှိ ဧရာလှိုင်းကြီး ဖြစ်ပါတော့သည်။ ဆူနာမီလှိုင်းသည် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ပြင်းထန်စွာ တုန်လှုပ်ခဲ့ရာ အာရှတိုက်ရှိ ပင်လယ်ကမ်းရိုးတန်းနိုင်ငံများသည် လှိုင်းဒဏ်ကို အလူးအလဲ ခံခဲ့ရလေသည်။ အဆောက်အအုံများပြိုလဲခြင်း၊ ပင်လယ်တွင်းရှိ ရေယာဉ်များနစ်မြုပ်ခြင်း၊ လူပေါင်းများစွာ အသက်ဆုံးရှုံးခြင်းတို့ ကြုံခဲ့ရလေသည်။

ထိုသို့ အသက်ဆုံးရှုံးခဲ့ရသော လူပေါင်းများစွာထဲ၌ ဖိုးသကြန်လည်း ပါဝင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံက ဖိုးသကြွန်နှင့် မြစ်နီတို့အသစ်စက်စက်စုံတွဲသည် လျှောင် မလှုပ်မီ ၃ ရက်ကပင် မလေးရှားပင်လယ်ကမ်းခြေ၏ အပန်းဖြေဟိုတယ်တစ်ခု၌ တည်းခိုနေခဲ့လေသည်။ ပျားရည်ဆမ်းခရီးထွက်လာသော စုံတွဲကိုမူ ကံကြမ္မာဆိုးက ရိုက်ခတ်ခဲ့ပေသည်။

လျှောင်ပြင်းထန်စွာ လှုပ်ချိန်၌ ဖိုးသကြွန်သည် ဟိုတယ်ပြင်ပသို့ ရောက်နေခဲ့သည်ဟုဆိုသည်။ မြစ်နီမှာမူ ဟိုတယ်ထဲ၌ အနားယူနေခဲ့၏။

လျှောင်လှုပ်ချိန်တွင် သတိပေးညွှန်ကြားမှုများဆွဲခြင်း၊ ကယ်ဆယ်ရေးအဖွဲ့ များမှ အဆောက်အအုံများထဲမှ လူများကို ဆွဲခေါ်ကယ်တင်ပေးခြင်းများ ပြု ခဲ့သည့်အတွက် မြစ်နီမှာမူ အန္တရာယ်ဆိုးမှ လွတ်မြောက်သွားခဲ့ရသည်။

ဖိုးသကြွန်ကိုမူ ထိုအချိန်မှစ၍ ရှာမရတော့ချေ။

ပင်လယ်ထဲ၌လည်း လှိုင်းများက တောင်ရလောက်နီးနီး ထကြွကာ မြေသားများမှာလည်း ရပ်တည်လို့မရအောင် လှုပ်ခါနေချိန်ဖြစ်သည်။

လျှောင်ငြိမ်သွားသည်ထိ ဖိုးသကြွန် ပေါ်မလာတော့။

နောက်ဆုံးတော့ လျှောင်ဒဏ်ကြောင့် အသက်ဆုံးရှုံးရသူ မြောက်မြားစွာ ထဲတွင် ဖိုးသကြွန်လည်း ပါသွားပြီဟု အတည်ပြုလိုက်ရလေတော့သည်။

ထိုအကြောင်းများကို ဦးမျိုးမောင် ဖုန်းဆက်ပြောပြ၍ ကျွန်ုပ် သိလိုက် ရသည့်အခါ ကျွန်ုပ်သည်လည်း လဲပြိုမတတ် စိတ်နှလုံး တုန်လှုပ်ချောက်ချား သွားရလေသတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်အကြာတွင် မြစန္ဒီတစ်ယောက် မလေးရှားမှ ပြန်ရောက်လာပြီ သတင်းကြားသည့်အတွက် ကျွန်ုပ်က သတင်းမေးရန် သွားရောက်ခဲ့လေသည်။

မြစန္ဒီသည် ဒေါ်မိမိရီအိမ်၌ပင် ခေတ္တနေထိုင်နေပေ၏။

ကျွန်ုပ်ရောက်သည်ဆိုလျှင်ပင် ဒေါ်မိမိရီသည် သည်းထန်စွာ ငိုယိုတိုင်တည်လိုက်လေ၏။

"အမယ်လေး ... ဆရာကြီးရယ်၊ ကောင်းကြသေးရဲ့လား။ ကျွန်မသားလေးဖိုးသကြဲန် သတင်းကို ကြားပြီးရောပေါ့။ ကျွန်မတို့ သမီးယောက္ခမမှာ အဖြစ်ဆိုးပုံချင်းက တူလိုက်တာရှင်"

"စိတ်ကိုဖြေပါ ဒေါ်မိမိရီ"

"ဘယ်လိုဖြေလို့ရမှာလဲ ဆရာကြီးရယ်။ ကျွန်မမှာ သူ့အဖေတုန်းကသည်း ဘာမှန်းညာမှန်းမသိ၊ အလောင်းမမြင်ရ ဘာမမြင်ရနဲ့ သေစာရင်းသွင်းလိုက်ရတယ်။ သားလေးကျပြန်တော့ အသေဆိုးနဲ့သေရပြန်တယ်။ သရုဏ်ဂုံတင်ဖို့မှ အလောင်းလေးတောင် မရှိပါလားရှင်။ ကျွန်မလောက် ကံဆိုးတဲ့မိန်းမ ရှိဦးမလား။ ကျွန်မ ဘယ်လိုဖြေရမှာလဲ ဆရာကြီးရဲ့"

ဒေါ်မိမိရီ၏သောကမီးကို ကျွန်ုပ်လည်း မငြိမ်းသတ်တတ်တော့ပါချေ။

ကျွန်ုပ်က မြစန္ဒီဘက်လှည့်၍ သတင်းမေးမြန်းရလေသည်။

မြစန္ဒီက ကျွန်ုပ်ကြားသိပြီး အကြောင်းများကိုပင် ပြန်၍ ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချင်လို့ပါ အန်ကယ်။ မြန်မာပြည်က ထွက်သွားကတည်းက အဝင်းနဲ့သမီးနဲ့ တစ်စက္ကန့်မှမခွဲခဲ့ပါဘူး။ အဲဒီညနေကတော့ အဝင်းက ပင်လယ်ကမ်းစပ်ဘက်လမ်းလျှောက်ထွက်ဦးမယ်ဆိုတာကို သမီးက ခွင့်ပြုလိုက်မိတယ်။ သမီးလည်း အဲဒီတုန်းက ဘာဖြစ်လို့ မှန်းမသိဘူး။ သိပ်အိပ်ချင်နေတယ် အန်ကယ်။ ဒါနဲ့ အဝင်းတစ်ယောက်တည်း ထွက်သွားတာကို မတားမိဘူး။ အတူလိုက်ဖို့လည်း မစဉ်းစားမိဘဲ အိပ်ကျန်ခဲ့မိတာပါ အန်ကယ်"

"သမီးအတွက် ကံဖယ်သွားတာပေါ့ကွယ်"

"သမီးတစ်ခုတော့ စိတ်ဖြေသာပါတယ် အန်ကယ်။ အဲဒီအကြောင်းကို အခုပဲ အန်တီ့ကိုပြောပြနေတာပါ"

"ဘာများလဲကွယ့်"

"အဝင်းဟာ သေသွားပေမဲ့ ကောင်းရာမွန်ရာကို ရောက်သွားပါပြီ"

"ဩော် ... ကောင်းပါလေ့ကွယ်"

ကျွန်ုပ်က မြစန္ဒီတစ်ယောက် ကိုယ့်ကိုကိုယ် နှစ်သိမ့်ကာ သောကဖြင့် ထင်မိထင်ရာ ပြောနေသည်အမှတ်ဖြင့် လိုက်လိုက်လျောလျော ပြန်ပြောလိုက်သည်။

"သေပြီးနောက်ပိုင်းမှ သူ သမီးကိုလာပြီး နှုတ်ဆက်ခဲ့တယ်လေ"

"ဟင်"

"လျှောင်ငြိမ်သွားလို့ ဟိုတယ်ထဲ ပြန်ဝင်ခွင့်ရတော့ သမီးတစ်ယောက်တည်း အခန်းထဲမှာရှိနေတုန်း သူရောက်လာပါတယ်"

"ဖိုးသကြွန်ရဲ့ဝိညာဉ် ရောက်လာတယ်လို့ သမီးဆိုလိုတာလား"

"ဟုတ်ပါတယ် အန်ကယ်။ သူ့ဘေးမှာလည်း သူ့ကို ကောင်းကင်ဘုံ ခေါ်သွားမယ့် သူတော်စင် နှစ်ယောက်ပါလာပါတယ်"

"ဘယ်လိုကွယ့်"

"အဝင်းရဲ့ဝိညာဉ်က သမီးကို လာနှုတ်ဆက်တော့ အဲဒီသူတော်စင် ၂ ပါးက အဝင်းရဲ့လက်မောင်းတစ်ဖက်တစ်ချက်စီကို ကိုင်ပြီး အခန်းထဲဝင်လာတာပါ အန်ကယ်။ သူတို့ဟာ အခန်းထဲ လမ်းလျှောက်ဝင်လာတာ မဟုတ်ပါဘူး။ သူတော်စင် ၂ ပါးက အဝင်းကို လေထဲမှာဆွဲခေါ်လာတာပါ။ ပြီးတော့ ပြတင်းပေါက်ကနေ ပေါ်လာတာပါ အန်ကယ်"

"သူတော်စင် ၂ ပါး၊ သူတော်စင် ၂ ပါးရဲ့ပုံသဏ္ဍာန်တွေကို ပြောပြပါဦး မြစန္ဒီ"

"သူတော်စင်ဆိုပေမဲ့ သမီးတို့ မြင်တွေ့နေကျ ဘုရားစောင်းတန်းက

www.burmeseclassic.com



ပုံတွေထဲကလို မဟုတ်ပါဘူး။ ရိုးရိုးလူလိုပါပဲ။ ပိန်ပိန်ရှည်ရှည် ကိုယ်လုံးတစ် ဖြောင့်တည်းနဲ့ပါ အန်ကယ်''

''သူတို့ကို သူတော်စင်လို့ သမီးဘယ်လိုသိတာလဲ''

''လေထဲကဝဲပျံလာလို့ပေါ့ အန်ကယ်''

''သူတို့ခေါ်လာတဲ့ ဖိုးသကြဲန်ကိုရော ဝိညာဉ်လို့ သမီးက ထင်သလား ဖိုးသကြဲန်ကိုယ်ဟာ အခိုးအငွေ့လိုဖြစ်နေလို့လား။ ကိုယ်လုံးကို တိုးလျှိုးပေါက် ဆောက်မြင်နေရလို့လား သမီး''

''အဲဒီလို မဟုတ်ပါဘူး၊ အဝင်းကို လူတစ်ယောက်အတိုင်းပဲ မြင်ရ တာပါ။ သူတို့က အဝင်း သမီးကိုနှုတ်ဆက်ဖို့သက်သက် လိုက်ပို့တာထင်ပါရဲ့။ ပြတင်းပေါက်နားမှာပဲ လေထဲမှာ ဝဲရင်းရပ်နေကြတယ်။ အဝင်းက သမီးကို စိတ်မကောင်းတဲ့ မျက်နှာနဲ့ကြည့်နေတယ်''

''ဖိုးသကြဲန်က သမီးကို တစ်ခုခုပြောသွားသေးလား''

''မပြောပါဘူး အန်ကယ်။ ခဏပါပဲ၊ သူတော်စင်တွေက အဝင်းကို တွဲခေါ် ထားရင်းက နောက်ဘက်ကို ချာခနဲ လှည့်လိုက်တယ်။ ပြီးတာနဲ့ အဝင်းကို ခေါ်ပြီး မိုးပေါ်ပျံတက်သွားကြပါတယ်''

''မိုးပေါ်ပျံတက်သွားတယ်''

''ဟုတ်ပါတယ်။ သမီးလည်း ပြတင်းပေါက်နားထိ ပြေးကြည့်ခဲ့ပါ တယ်။ မိုးပေါ်ခပ်မြင့်မြင့်ရောက်တော့ မမြင်ရတော့ဘူး။ ညကလည်း မှောင် မိုးကလည်း ရွာထားတော့ မမြင်နိုင်တော့ပါဘူး။ ပျောက်သွားပါတယ်အန်ကယ်''

''ဖြစ်ရလေကွယ်''

ကျွန်ုပ်ကား အဖြစ်အပျက်အလုံးစုံကို နားလည်လိုက်လေပြီ။ ဗထက် မြိုက်ဂြိုဟ်သားများ လက်ချက်ပါတကား။

''အမြင့်ကိုခေါ်သွားခံရတယ်ဆိုတော့ ကောင်းရာမွန်ရာကို ရောက်သွား တယ်လို့ပဲ မှတ်ရမှာပေါ့နော် အန်ကယ်၊ ဟုတ်တယ် မဟုတ်လား။ ကောင်းကင်ဘုံ ကို ရောက်သွားတာပါ။ ကောင်းကင်ဘုံက အခေါ်ခံလိုက်ရတာပါ''

''မှန်ပါတယ် သမီးရယ်။ မှန်ပါတယ်၊ ဖိုးသကြဲန်လေး တစ်ယောက် ကောင်းရာမွန်ရာ ရောက်သွားတာပါကွယ်''

''ဒါလေးတစ်ခုနဲ့ပဲ အဝင်းအတွက် သမီးစိတ်ဖြေရာရပါပြီ အန်ကယ် ရယ်''

●



www.burmeseclassic.com

www.burmeseclassic.com

မြစန္ဒီ၏ ပြောပြချက်များအရ ဖိုးသကြဲန်အား ဗထက်မြိုက်ဂြိုဟ်သား များ ခေါ်ဆောင်သွားခဲ့ကြောင်း ကျွန်ုပ်ရိပ်မိလိုက်ပေပြီ။ ဤအကြောင်းများနှင့် ပတ်သက်၍လည်း အဖြစ်မှန်ကိုသိရှိသူမှာ ဤကမ္ဘာမြေပေါ်တွင် ကျွန်ုပ်နှင့် ဦး မျိုးမောင်နှစ်ဦးတည်းသာ ရှိပေ၏။

မြစန္ဒီအဖို့မှကား ဤအကြောင်းများကို သိမထား၍ ကောင်းကင်ဘုံမှ ခေါ်ဆောင်သွားသည်ဟု ထင်နေရှာခြင်းဖြစ်၏။ သူမ မြင်တွေ့လိုက်ရသော ဖိုး သကြဲန်ကိုလည်း ဝိဉာဉ်ဟု ထင်နေရှာလေသည်။ အမှန်က ဖိုးသကြဲန်သည် အသက်ထင်ရှားနှင့်ပင် မြစန္ဒီကို လာရောက်နှုတ်ဆက်ခြင်း ဖြစ်ပါသတည်း။

ဂြိုဟ်သားများသည် သူတို့၏ယာဉ်ပျံကို တစ်နေရာ၌ ရပ်နားထားခြင်း ဖြစ်လိမ့်မည်။ လျှောင်ပြင်းစွာ လှုပ်ခတ်နေချိန်တွင် ပန်းကန်ပြားပျံကို မည်သူမျှ သတိမထားမိခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်အတွက် တွေးစရာများ ပေါ်လာရလေပြီ။

ဖိုးသကြဲန်သည် ဗထက်မြိုက်ဂြိုဟ်သားများ ခေါ်ဆောင်ရာသို့ စိတ်ပါ လက်ပါလိုက်ပါသွားခြင်းလား၊ မလွှဲသာ၍လိုက်ပါသွားရခြင်းလား။

ဖိုးသကြဲန်ကို ခေါ်ဆောင်သွားခြင်းမှာ ဗထက်မြိုက်ဂြိုဟ်ကို အုပ်ချုပ် နေသည့် သူ့ဖခင်၏ဆန္ဒအရလား၊ လူသားမျိုးနွယ်သစ်ဖန်တီးရန် ကျန်းမာသန် စွမ်းသောလူငယ်တစ်ဦးအဖြစ် ရွေးချယ်ခေါ်ယူသွားခြင်းလား၊ (ဖိုးသကြဲန်သည် သန္ဓေသားဘဝကပင် ဗထက်မြိုက်ဂြိုဟ်၏ စစ်ဆေးတံဆိပ်ရိုက်ခံရပြီးသူ ဖြစ် သည်။)

ဖိုးသကြဲန် ထိုနေရာရောက်နေခြင်းကိုလည်း ဖိုးသကြဲန်၏ လည်ဂုတ်မှ အမှတ်အသားလေးမှတစ်ဆင့် ဂြိုဟ်သားများ သိရှိနေခြင်းလား။

ဆူနာမီငလျှင်ကြီးသည်ပင် ဖိုးသကြဲန်နှံကို ခေါ်ယူရလွယ်အောင် ဆောက် ဩိုက်ဂြိုဟ်သားများက တမင်ဖန်တီးလိုက်ခြင်းပေလား။

ကျွန်ုပ်ကား အတွေးပေါင်းများစွာဖြင့် ချာချာလည်သွားရလေတော့သည်။

●

www.burmeseclassic.com

ယခုအခါတွင် ကျွန်ုပ်သည် မေ့လျော့ဥပေက္ခာပြုထားခဲ့သော ဖန်တုံးလေးကို ပြန်လည်စိတ်ဝင်စားလာမိလေပြီ။

ဖန်တုံးလေးကိုသာရခဲ့လျှင် ကျွန်ုပ်ရင်ထဲမှ ပဟေဠိများကို ဖြေရှင်းနိုင်ပေလိမ့်မည်။ ကျွန်ုပ်သည် ဖန်တုံးကိုပြန်လည်ရရှိခဲ့ပါက ကမ္ဘာ့အဆင့်အတန်းရှိ အာကာသသိပ္ပံအဖွဲ့ကြီးသို့တင်ပြဆက်သွယ်ကာ ဗထက်ခြိုက်ဂြိုဟ်အကြောင်းကို ဖော်ထုတ်၍ ...

ဗထက်ခြိုက်ဂြိုဟ်နှင့် ဆက်သွယ်မှုရယူနိုင်ရန် ကြိုးစားသွားပါမည်။

ဒေါက်တာမျိုးနောင် မှတ်တမ်းတွင် ဖော်ပြချက်အရ ...

ဂြိုဟ်သားကြီးဒွန်သည် ဤကမ္ဘာပေါ်တွင် ဖန်တုံး ၃ တုံး ထားရှိခဲ့ပြီး ဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။

ကျန်ဖန်တုံးနှစ်တုံးမှာ ၎င်းတို့ဂြိုဟ်သားများ ရောက်လေ့ရှိသည့် အနောက်နိုင်ငံ၌ပင် ရှိပေလိမ့်မည်။

သို့သော် ထိုဖန်တုံးလက်ဝယ်ရှိသူများသည် ဖန်တုံးမှာ အလင်းနှစ် ၂၀ ဝေးသည့် ဂြိုဟ်တစ်လုံးနှင့် ဆက်သွယ်နိုင်သည့် ဆက်သွယ်ရေး ကိရိယာတစ်ခုဖြစ်ကြောင်းကို သိချင်မှသိပေလိမ့်မည်။ ဒေါက်တာမျိုးနောင်သာလျှင် ကံအားလျော်စွာ သိခဲ့ရခြင်း ဖြစ်သည်။

ဖိုးသကြွန်လက်ထဲမှ ပျောက်ခဲ့သွားသော ဖန်တုံးမှာမူ သော[illegible]ပါးဆိုင်မှ ဝယ်ယူသွားသူ၏လက်ထဲ၌ ယခုတိုင်ရှိနိုင်ပေသေးသည်။ မြန်မာနိုင်ငံအတွင်း၌ပင် ရှိမည်ဟု ယုံကြည်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သောင်းဒီပါဆိုင်မှ ဖန်တုံးဝယ်သွားသူသည် ဖန်တုံးအား ကျွန်ုပ် ဒေါက်တာစိုးထိုက်ထံ ဆက်သွယ်ပေးပို့ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံ လိုက်ပါသည်။ ကျွန်ုပ်က အထူးတလည် ကျေးဇူးတုန့်ပြန်ပါမည်။

ဤစာအုပ်ကိုဖတ်ရှုရသော မိတ်ဆွေသည်လည်း ...

ကျွန်ုပ်ဖော်ပြခဲ့သည့် အကွက် ၁၀၈ ကွက်ပါသော ဘဲဥပုံ ဖန်တုံးလေး အား တွေ့ရှိခဲ့လျှင်ဖြစ်စေ၊ သတင်းကြားခဲ့လျှင် ဖြစ်စေ ...

ဤစာအုပ်ကို ထုတ်ဝေသော **ဆုပြည့်စုံထွန်းစာပေ၊ အမှတ် ၁၅၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** မှတစ်ဆင့် ...

ကျွန်ုပ် ဒေါက်တာစိုးထိုက်ထံ ဆက်သွယ်အကြောင်း ကြားပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံပန်ကြားလိုက်ရပေသတည်း။

**ဒေါက်တာစိုးထိုက်**
**ဆောင်းလှထင်**
၁၅-၄-၂၀၀၆
၃၀-၄-၂၀၀၆

**ဝန်ခံချက်။**

*ပန်းကန်ပြားပျံနှင့်ပတ်သက်သော အချက်အလက်များနှင့် ဓာတ်ပုံများကို စာရေးဆရာဝင်းနိုင်ဦး(ရေနံ) ဘာသာပြန်သော 'ပန်းကန်ပြားပျံဖြစ်ရပ်ဆန်းများ' စာအုပ်မှ မှီငြမ်းကိုးကားရယူပါသည်။*

**ဆောင်းလှထင်**

www.burmeseclassic.com